www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နန္ဒကျော်သူ

# မရဏကျော့ကွင်း

(ပထမပိုင်း)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၂၅၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး (ရွှတ်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀) ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



# သူရဲကောင်းနှင့် မိန်းမပျို

ည. . . ။

ညသည် မှောင်မိုက်ခြင်း မရှိပါ။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသဖြင့် ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေပါတော့သည်။

လရောင်အောက်၌ အိမ်တိုင်းလိုလိုကလည်း ရောင်စုံမီးများ ထိန်ထိန်ငြီးအောင် ထွန်းညှိထားကြသေးသည် မဟုတ်ပါလား။

တစ်မြို့လုံးက ရှေးရိုးရာပွဲတော်တစ်ခု ဆင်နွှဲကျင်းပနေကြခြင်း ဖြစ်လေသည်။

လမ်းများပေါ်တွင် လူအများ စည်စည်ကားကား သွားလာလှုပ်ရှားနေကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ဦးသည်လည်း ဟိုဟိုသည်သည် ငေးမောကြည့်ရင်း လျှောက်လှမ်းလာလေသည်။

ထိုလူရွယ်မှာ ဤမြို့ကလေးမှမဟုတ်ဘဲ မျက်နှာစိမ်းသည့်တစ်ဦး ဖြစ်လေသည်။

သူ၏အသွင်မှာ သိုင်းသမားတစ်ဦးဖြစ်ကြောင်းလည်း ထင်ရှားပေါ်လွင်နေသည်။

ခရီးသွား သိုင်းသမားတစ်ယောက်ပင်။

လူရွယ် လျှောက်လှမ်းလာရင်း တဖြည်းဖြည်းနှင့် လူရှင်းသောမြို့စွန်မြို့ဖျားသို့ ရောက်ရှိလာခဲ့လေသည်။

ထိုစဉ် . . .

"ရှင်တို့ မတရားမလုပ်နဲ့"

မိန်းကလေးတစ်ယောက်၏ အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရွယ် ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားလေသည်။

အော်ဟစ်သံသည် လမ်းကြားလေးတစ်ခုအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

လမ်းကြားထဲ၌ မိန်းကလေးတစ်ယောက်နှင့် အဘိုးအိုတစ်ယောက်တို့အား လူတစ်စုက နှောက်ယှက်နေကြခြင်း ဖြစ်လေသည်။ လူရွယ် စိတ်ပျက်သွားလေသည်။

"သည်လို အေးချမ်းသာယာနေတဲ့ မြို့ငယ်လေးတစ်မြို့မှာတောင် မကောင်းမှုကျူးလွန်ချင်တဲ့လူတွေ ရှိနေပါသေးလား"



ဟုလည်း ညည်းတွားလိုက်လေသည်။

လူရွယ်ကား သိုင်းလောကတခွင် လှည့်လည်တာ မကောင်းသူပယ် ကောင်းသူကယ်သည့် အဖြူရောင်သိုင်းသမား 'ဝမ်းရှု' ဖြစ်လေသည်။

ဝမ်းရှုသည် လူငယ်လူရွယ် တစ်ဦးဖြစ်သော်လည်း သူ၏ထူးခြားသော သိုင်းပညာကြောင့် လျှမ်းလျှမ်းတောက် ကျော်ကြားနေသူ တစ်ဦးဖြစ်လေသည်။

ဝမ်းရှု ကိုင်ဆောင်သောဓားမှာ အလွန်ထူးခြားသော ဓားတစ်လက်ဖြစ်သည်။

ဓားကို အကောင်းစားသံမဏိဖြင့် ပြုလုပ်ထားပြီး ခါး၌ ခါးပတ်သဖွယ် ပတ်ထား၍ရအောင်ပင် ပျော့ပျောင်းသော ဓားပျော့တစ်လက်လည်း ဖြစ်လေသည်။

ဝမ်းရှု၏ထူးခြားသောဓားနှင့် ဓားသိုင်းတို့ကြောင့် အများက 'သံမဏိဓားပျော့ဝမ်းရှု'ဟု ဘွဲ့ထူးပေးထားကြသည်။

"ကယ်တော်မူကြပါရှင်"

လမ်းကြားလေးထဲမှ မိန်းကလေးသည်လည်း ဝမ်းရှုကို တွေ့မြင်သွားပြီး လှမ်း၍အကူအညီ တောင်းလာလေသည်။

ဝမ်းရှု လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

သက်ပြင်းတစ်ချက်ချပြီး လမ်းကြားလေးအတွင်းသို့ လှမ်းဝင်လိုက်လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနှင့် အဘိုးအိုတို့အား နှောက်ယှက်နေသော လူရမ်းကားများသည်လည်း သိုင်းပညာတတ်မြောက်ထားကြပုံ ရှိလေသည်။

မိန်းကလေး အော်ဟစ်အကူအညီတောင်းနေခြင်းကြောင့် လူရမ်းကားတစ်ယောက် ဒေါသဖြစ်သွားကာ. . .

"ပါးစပ် ပိတ်ထားလိုက်စမ်း"

အော်ငေါက်ရင်း ဓားဖြင့် ခုတ်ချလိုက်လေသည်။

အနီးတွင်ရှိနေသော အဘိုးအို အထိတ်တလန့်ဖြစ်သွားပြီး. . .

"သမီး. . . သတိထား"

သတိပေးရင်း မိန်းကလေးအား တွန်းထုတ်လိုက်လေသည်။

"အွန့်"

မိန်းကလေး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရာ ခုတ်ချလာသောဓားချက်မှ လွတ်မြောက်သွားလေသည်။

သို့သော်. . .

မိန်းကလေးကိုယ်စား ကြားဝင်လိုက်သကဲ့သို့ ဖြစ်သွားသော အဘိုးအို၏ခန္ဓာကိုယ်ပေါ်သို့ ပြင်းထန်သော ဓားချက်ကျရောက်သွားလေတော့သည်။

"ဒုတ်"

"အား"

ဓားချက်ကြောင့် အဘိုးအို၏ တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲသွားကာ မြေပေါ် ဝုန်းခနဲ လဲကျသွားလေတော့သည်။



"ဖေဖေ"

မိန်းကလေး အလန့်တကြား ဖြစ်သွားလေသည်။

အဘိုးအိုအား ပြေး၍ပွေ့ဖက်လိုက်လေသည်။

"နင်လည်း သေပေတော့"

လူရမ်းကားက မိန်းကလေးကိုလည်း ဓားဖြင့်ခုတ်ချလိုက်လေသည်။

"ရပ်လိုက်"

ရုတ်တရက် ဝမ်းရှသည် အနီးသို့ရောက်ရှိသွားပြီး ဓားဖြင့်ခုတ်ချနေသော လူရမ်းကားနှင့် ရင်ဆိုင်လိုက်၏။

လူရမ်းကား၏ လက်ထဲမှဓားကို လုယူပြီး တွန်းထုတ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

"ဝုန်း"

လူရမ်းကားမှာ လူတခြား ဓားတခြားဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"တောက်"

"သေချင်လို့ ဝင်ရှုပ်တာပဲ"

ကျန်လူရမ်းကားများ ဒေါသထွက်သွားကြလေသည်။

ချက်ချင်းပင် ဝမ်းရှအား ဝိုင်းပြီးတိုက်ခိုက်လိုက်ကြလေသည်။

လူရမ်းကားများမှာ ရက်စက်ကြမ်းကြုတ်သော သိုင်းသမားဆိုးများ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ တိုက်ခိုက်မှုမှာ ပြင်းထန်နေသည်။

ရုတ်တရက်ဆိုလျှင် ဝမ်းရှ ဒုက္ခရောက်သွားမည်ဟု ထင်ရလေသည်။

ဝမ်းရှမှာ သိုင်းလောကတခွင် လှည့်လည်ကာ အများအတိုင်းဆောင်ရွက်ရင်း တိုက်ပွဲပေါင်းများစွာ ရင်ဆိုင်ဆင်နွှဲခဲ့သူဖြစ်ပါသည်။

လူရမ်းကားများကို မမှုပါချေ။

ဝမ်းရှ ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်. . .

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာကာ လူရမ်းကားများ ကစဥ့်ကလျား ဖြစ်သွားကြလေတော့သည်။

ဤတွင်. . .

ချီးကျူးသြဘာပေးသော လက်ခုပ်သံများလည်း ထွက်ပေါ်လာလေတော့သည်။

☆ ☆ ☆



လက်ခုပ်သံများ ထွက်ပေါ်လာသည်။

လူတစ်ယောက်သည် ခေါင်မိုးတစ်ခုပေါ်မှနေ၍ ညင်သာပေ့ါပါးစွာ ခုန်ဆင်းလာလေသည်။

ထိုလူမှာ ထိပ်တန်းသိုင်းသမား တစ်ယောက်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ထိုလူ ရောက်ရှိလာသည်နှင့် လူရမ်းကားများ ချက်ချင်းဦးညွှတ်ဂါရဝပြုလိုက်ကြလေသည်။

"အစ်ကိုကြီးမြေခွေးကို ဂါရဝပြုပါတယ်"

ဝမ်းရှ မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားက မြေခွေးဟုတ်လား"

မြေခွေး. . .။

မြေခွေးသည် ဤနယ်တဝိုက်တွင် အလွန်သတင်းကြီးနေသည့် လူဆိုးကြီးတစ်ယောက်ဖြစ်လေသည်။

ရက်စက်ကြမ်းကြုတ်ပြီး မကောင်းမှုမှန်သမျှ အကုန်လုပ်သူဖြစ်သည်။

သိုင်းပညာတော်သကဲ့သို့ တပည့်တပန်းလည်း ပေါများရကား အားလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ရသူဖြစ်ပေတော့သည်။ ထိုလူ(ဝါ) မြေခွေးက. . .

"မင်းက ငါ့နာမည်ကို ကြားဖူးနေတာကိုး"

ဝမ်းရှက. . .

"ကျုပ် သည်နယ်ကိုရောက်လာတာနဲ့ ခင်ဗျားရဲ့နာမည်ကို နားမဆန့်အောင် ကြားခဲ့ရတာပဲ၊ ကောင်းတဲ့သတင်းတော့ဘား

www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါကြောင့် ကျုပ်ဆုံးဖြတ်ခဲ့တယ်"

မြွေခွေးက. . .

"ကျုပ်နဲ့ပတ်သက်ပြီး မင်းဘယ်လို ဆုံးဖြတ်ထားတယ်ဆိုတာ ပြောစမ်းပါဦး"

ဝမ်းရှက. . .

"ခင်ဗျား ရှေ့ဆက်ပြီး မမိုက်မဲနိုင်တော့အောင် ဆုံးမမယ်ဆိုတာပါဗျာ"

"ဟား. . . ဟား. . . ဟား"

မြွေခွေး သဘောကျစွာ ရယ်မောလိုက်လေသည်။

"မင်းက ကျုပ်ကို ဆုံးမ,မယ်ဟုတ်လား၊ အတော်ကို ရယ်စရာကောင်းတာပဲ"

ဝမ်းရှက. . .

"ကျုပ် တကယ်ပြောနေတာဗျ"

မြွေခွေးက. . .

"ကောင်းပြီလေ၊ မင်းဘယ်လို ဆုံးမ,မလဲဆိုတာ ကြည့်သေးတာပေါ့"

ဝမ်းရှ ပြုံးလိုက်သည်။

"ခင်ဗျား အခုပဲ တွေ့ရမှာပါဗျာ"

ပြောပြီး ရှေ့တိုးလိုက်လေသည်။

မြွေခွေးက လက်ဝှေ့ယမ်းပြလိုက်သည်။

လူရမ်းကားများ ချက်ချင်း နောက်ဆုတ်သွားကြလေသည်။



မြွေခွေးက ဝမ်းရှနှင့် ရင်ဆိုင်လိုက်လေသည်။

"ကျုပ်ကို ဆုံးမ,မယ် မဟုတ်လား၊ ကဲ မင်းပဲစပြီးတိုက်ပါ"

"ခင်ဗျား သတိထားပါ"

စကားဆုံးသည်နှင့် ဝမ်းရှက စတင်တိုက်ခိုက်လိုက်လေသည်။

မြွေခေး မှုမထား ပေါ့ပေါ့တန်တန်ပင် ရှိနေလေသည်။

ါလိုက်သော့အခါ မြွေခွေးမျက်လုံးပြူး

ကာ သူ၏မျက်နှာတည့်တည့်သို့ တိုးဝင်လာသည် မဟုတ်။

"ဟင်"

မြွေခွေး ထိတ်လန့်သွားလေသည်။

သတိဝင်လာပြီး ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

သူလှုပ်ရှားမည် ကြံရွယ်ရုံရှိသေးသည် ဝမ်းရှ၏လက်သီးက သူ၏မေးရိုးကို ထိုးချမိလိုက်လေတော့သည်။

"ခွပ်"

"အား"

မြွေခွေး ပက်လက်လန်လဲကျကာ မြေပေါ်၌ မေ့မှုပ်

www.burmeseclassic.com

www.burmeseclassic.com



မယုက်ဖြစ်သွားလေတော့သည်။

"ဟင်"

"ဟာ"

လူရမ်းကားများလည်း ထိတ်လန့်ကြောက်ရွံ့သွားကြလေသည်။

"ပြေး. . . ပြေး"

တစ်ယောက်က အော်ပြောလိုက်သည်နှင့် အားလုံးရှုန်းသုန်းကား ထွက်ပြေးသွားကြလေတော့သည်။

☆ ☆ ☆



လူရမ်းကားများ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ခေါင်းဆောင် မြေခွေးကား မြေပေါ်စန့်စန့်ကြီးလဲကာ မလှုပ်မယှက် ဖြစ်နေ၏။

မိန်းမပျိုလေးလည်း ဖခင်ကြီး၏အလောင်းကို ပွေ့ဖက်ကာ ငိုကြွေးနေသည်။

ဝမ်းရှ စိတ်မကောင်းဖြစ်သွားလေသည်။

"ညီမ. . . သေတဲ့လူက သေသွားပါပြီ၊ စိတ်ထိန်းပါ၊ ညီမအဖေရဲ့အလောင်းကို ကောင်းကောင်းမွန်မွန် မြှုပ်နှံသဂြိုလ်ပေးဖို့လိုသေးတယ် မဟုတ်လား"

မိန်းမပျိုလေးက ဝမ်းရှအား မော့ကြည့်လိုက်သည်။

ဝမ်းရှက. . .

"ညီမတို့အိမ်က ဘယ်မှာလဲ၊ ကျုပ်လိုက်ပို့ပေးပါ့မယ်၊ ညီမရဲ့ဆွေမျိုးသားချင်းတွေနဲ့ တိုင်ပင်ပြီး အသုဘကိစ္စဆောင်ရွက်ရလိမ့်မယ်"

မိန်းမပျိုလေး ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း ကျွန်မတို့က သည်မြို့က မဟုတ်ဘူး"

"ဟင်"

"ကျွန်မမှာ ဆွေမျိုးသားချင်းလည်း မရှိဘူး၊ အဖေတစ်ခုသမီးတစ်ခုဘဝနဲ့ ခြေသလုံးအိမ်တိုင် သွားလာနေကြတဲ့လူတွေပါရှင်"

သူမ၏စကားကြောင့် ဝမ်းရှ ရင်လေးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးက. . .

"အခု ဖေဖေသေဆုံးသွားပြီဆိုတော့ ကျွန်မမှာ အားတိုးစရာမရှိတော့ပါဘူး။ ကျွန်မ. . .

သူမသည် စကားဆုံးအောင် မပြောနိုင်ဘဲ ငိုကြွေးလိုက်လေတော့သည်။

ဝမ်းရှ သက်ပြင်းချလိုက်သည်။

မိန်းမပျိုလေးအား ကူညီမိခဲ့ပြီဖြစ်ရကား ကူညီလက်စနှင့် ဆက်၍ကူညီသွားရတော့မည် ဖြစ်လေသည်။

"ကောင်းပြီလေ၊ ညီမဖေဖေရဲ့ အသုဘကိစ္စကို အရင်ဆုံး ဆောင်ရွက်ကြမယ်၊ ပြီးမှ ညီမအတွက် ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားကြတာပေါ့"

"ဟုတ်ကဲ့၊ အစ်ကိုကြီး ကောင်းမယ်ထင်သလိုသာ စီစဉ်ပေးပါတော့ရှင်"

မိန်းမပျိုလေးက သဘောတူလိုက်လေတော့သည်။

☆ ☆ ☆



## ရန်စ

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်။

မြို့ပြင်သချိုင်းမြေထဲ၌ ဝမ်းရှနှင့် မိန်းမပျိုလေးတို့ရှိနေကြသည်။

မိန်းမပျိုလေး၏ ဖခင်အလောင်းကို ဝမ်းရှကပင် မြေမြှုပ်သင်္ဂြိုလ်ပေးလိုက်လေသည်။

မိန်းမပျိုလေးသည် ဖခင်ကြီး၏မြေပုံအနီးမှ မခွဲနိုင်မခွာရက်ဖြစ်နေရကား ဝမ်းရှလည်း မပြောရက်သဖြင့် လက်ပိုက်ကြည့်နေခဲ့ရလေသည်။

သို့ဖြင့်. . .

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားကာ နံနက်မိုးစင်စင်လင်းသွားခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေး၏ ငိုရှိုက်သံများလည်း တိတ်ဆိတ်ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

သချိုင်းမြေထဲမှ ထွက်သွားရန် အချိန်ကျပြီဟု ဝမ်းရှုနားလည်လိုက်လေသည်။

"အဟမ်း"

ချောင်းတစ်ချက် ဟန့်လိုက်သည်။

မိန်းမပျိုလေးက ခေါင်းမော့ကြည့်လာလေသည်။

ဝမ်းရှုက. . .

"ကျုပ်တို့ သည်နေရာက သွားဖို့ သင့်ပြီ"

မိန်းမပျိုလေးက. . .

"ကျွန်မ ဘယ်ကို သွားရမလဲရှင်"

ဝမ်းရှုက. . .

"ကျုပ်ရဲ့မိတ်ဆွေ တစ်ယောက်ဆီကို သွားမယ်ဆိုရင် သူက မင်းကို လက်ခံစောင့်ရှောက်မှာ သေချာတယ်"

မိန်းမပျိုလေး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"အစ်ကိုကြီးရဲ့မိတ်ဆွေက. . ."

ဝမ်းရှုက. . .

"သီလရှင်ကြီးတစ်ပါးပါ၊ ကျန်းနန်မှာ နေတယ်၊ ဝါးစိမ်းသီလရှင်ဆိုရင် အားလုံးသိကြတယ်၊ သူက ညီမကို လက်ခံ စောင့်ရှောက်ပေးပါလိမ့်မယ်"

မိန်းမပျိုလေးမှာ တစ်ကောင်ကြွက် ဖြစ်နေရကား ဝမ်းရှုစီစဉ်ပေးသည်ကို မငြင်းဘဲ လက်ခံလိုက်လေတော့သည်။



"ကောင်းပါပြီရှင်၊ ကျွန်မသွားပါ့မယ်၊ ကျန်းနန်ကို ကျွန်မ ရောက်ဖူးပါတယ်"

ဝမ်းရှု ဝမ်းသာသွားလေသည်။

"ညီမက ကျန်းနန်ကို ရောက်ဖူးတယ် ဟုတ်လား"

"ဟုတ်ကဲ့၊ ကျန်းနန်နယ်ဟာ ကျွန်မမွေးဖွားရာ ဇာတိမြေပါပဲ၊ ကျွန်မအသက် ဆယ်နှစ်အထိ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေခဲ့ရတာပါ၊ တစ်နေ့ လူဆိုးဓားပြတွေက ကျွန်မတို့အိမ်ကို ဓားပြတိုက်ပြီး တစ်အိမ်သားလုံးကို သတ်သွားတာ ဖေဖေနဲ့ ကျွန်မက အပြင်ရောက်နေလို့ ကံကောင်းပြီး အသက်ချမ်းသာရခဲ့တာပါ၊ အဲသည်အချိန်ကစပြီး ဖေဖေဟာ စိတ်ထိခိုက်လို့ ကျန်းနန်ကို စွန့်ပြီး ခြေသလုံးအိမ်တိုင် သွားနေခဲ့တာ၊ ခုချိန်အထိပါပဲ အစ်ကို"

ဝမ်းရှုက. . .

"မင်းဟာ ကျန်းနန်ဇာတိဆိုတော့ အတော့်ကို အဆင်ပြေသွားတာပေါ့"

သူက ချက်ချင်းပင် စာတစ်စောင်ရေးပြီး ငွေသားအချို့နှင့်အတူ မိန်းမပျိုလေးအား ပေးလိုက်သည်။

"ဒါတွေကို လိုရမယ်ရယူထားပါ၊ ကျုပ်က. . ."

ဝမ်းရှု စကားဆုံးအောင် မပြောလိုက်ရပါ။

အကြောင်းမှာ. . .

သချိုင်းမြေထဲ လှမ်းဝင်လာသူတစ်ယောက်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှကာ. . .

"ညီမ ဟိုဘက်မှာ သွားနေပါ"

မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်ဆီသို့ ညွှန်ပြကာ ပြောလိုက်လေသည်။

မိန်းကလေး ကြောင်အမ်းအမ်း ဖြစ်သွား၏။

"အစ်ကို ဘာဖြစ်. . ."

သူမလည်း သချိုင်းမြေထဲ လှမ်းဝင်လာသူကို မြင်လျှင် စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

အခြေအနေကို နားလည်သွားလေသည်။

သူမ ဘာမှမပြောတော့ဘဲ ဝမ်းရှ ညွှန်ပြသည့် သစ်ပင်ကြီးရှိရာသို့ လှမ်းသွားလိုက်လေတော့သည်။

☆ ☆ ☆

သချိုင်းမြေထဲ လှမ်းဝင်လာသူမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးရှိပြီး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ထိုလူ၏ပုံပန်းသဏ္ဌာန်ကို ကြည့်လိုက်သည်နှင့် လူသတ်ဖို့ ဝန်မလေးသူ ဖြစ်ကြောင်း သိရှိနိုင်လိမ့်မည် ဖြစ်လေသည်။

ထိုလူက ဝမ်းရှနှင့် မလှမ်းမကမ်း၌ခြေလှမ်းရပ်လိုက်လေသည်။

ဝမ်းရှကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး. . .



"မြေခွေးကို တိုက်ခိုက်လိုက်တာ မင်း မဟုတ်လား"

ဟု မေးလာလေသည်။

ဝမ်းရှလည်း ယခုမှ လူရမ်းကားများ၏ခေါင်းဆောင် မြေခွေးအား သတိရလာလေတော့သည်။

သူက မိန်းမပျိုလေးနှင့် သူမဖခင်၏ကိစ္စကို အာရုံရောက်နေသဖြင့် တဒင်္ဂအားဖြင့် မြေခွေးကို မေ့လျော့သွားခဲ့သည် မဟုတ်ပါလား။

မြေခွေး ပြန်လည်သတိရလာပြီး သူ၏အပေါင်းအသင်းမိတ်ဆွေများကို သွားရောက်အကူအညီတောင်းခြင်း ဖြစ်ရပေမည်။ ဝမ်းရှ ပြုံးလိုက်သည်။

"မြေခွေးက ကံကောင်းသွားတာဗျ"

ထိုလူက. . .

"မြေခွေးဟာ ကျုပ်တို့အရိုးဖြူဂိုဏ်းကို သစ္စာခံထားတယ်ဆိုတာ မင်း မသိဘူး ထင်တယ်"

ဝမ်းရှ မျက်မှောင်ကုပ်သွား၏။

"အရိုးဖြူဂိုဏ်း ဟုတ်လား၊ ခင်ဗျားဟာ အရိုးဖြူဂိုဏ်းက လူတစ်ယောက်ပေါ့ ဟုတ်လား"

"မင်းပြောတာ မှန်တယ်"

"ဒါဆို သိပ်ကောင်းတာပေါ့ဗျ"

"ဘာကွ"

"ကျုပ် သည်နယ်ကို လာခဲ့တာ အရိုးဖြူဂိုဏ်းကို ဆုံးမဖို့ ပါပဲဗျာ"

www.burmeseclassic.com



"မင်း. . ."

ထိုလူ မကျေမနပ် ဖြစ်သွားလေသည်။

ခါးမှ ဓားကို ခြမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်ပြီး. . .

"သေဖို့သာ ပြင်ထားပေတော့"

အော်ငေါက်ကာ ခုန်ဝင်တိုက်ခိုက်လာလေတော့သည်။

ဝမ်းရှုကလည်း တွေးတောစဉ်းစားမနေဘဲ ဓားဆွဲထုတ်ကာ ပြန်လည်ရင်ဆိုင် လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိလိုက်သည်နှင့်. .

"ခြွမ်း"

"အား"

ထိုလူ တစ်ချက်အော်ဟစ်ကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

သူ၏ရင်ဝ၌ ဓားဒဏ်ရာတစ်ချက် ရှိနေပြီး သွေးများ စီးကျလာလေသည်။

ဝမ်းရှုကို မယုံနိုင်စွာ ကြည့်ရင်း. . .

"မင်း. . . မင်းက. . ."

တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်သော်လည်း ဆုံးအောင် မပြောနိုင်ဘဲ မြေပေါ် တအိအိ လဲပြိုကျသွားလေတော့သည်။

☆ ☆ ☆



မိန်းမပျိုလေး အထိတ်တလန့် ဖြစ်နေသည်။

ဝမ်းရှုက ဓားကို ပြန်လည်ရှပ်သိမ်းလိုက်ပြီး. . .

"ညီမ ကျန်းနန်ကို ညီမတစ်ယောက်ထဲသွားမှ ဖြစ်တော့မယ်၊ ကျုပ်လိုက်ပို့ပေးနိုင်မှာ မဟုတ်တော့ဘူး"

ဟု ပြောလိုက်သည်။

မိန်းမပျိုလေးက. . .

"အစ်ကိုက အရိုးဖြူဂိုဏ်းနဲ့ ရင်ဆိုင်သွားမယ် ဟုတ်လား"

ဝမ်းရှု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညီမ၊ အရိုးဖြူဂိုဏ်းကို ချေမှုန်းဖို့ ကျုပ်လာခဲ့တာပါ"

"ကျွန်မနားလည်ပါပြီ၊ ကျွန်မကြောင့် အစ်ကို အနှောင့်အယှက် မဖြစ်စေရပါဘူး၊ ကျန်းနန်ကို ကျွန်မဘာသာသွားပါ့မယ်"

မိန်းမပျိုလေးက ဝမ်းရှု စီစဉ်ပေးသည့်အတိုင်း နာခံသွားမည် ဖြစ်လေသည်။

ဝမ်းရှုလည်း ကျေနပ်သွားတော့သည်။

မိန်းမပျိုလေးက. . .

"ကျွန်မနာမည် ယဉ်ယဉ်လို့ ခေါ်ပါတယ်၊ အစ်ကိုကြီးနာမည်ကို မှတ်ထားပါရစေ၊ တစ်နေ့ အစ်ကိုကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်သွားနိုင်အောင် ကျွန်မကြိုးစားပါ့မယ်"

"သည်လောက်လည်း မဟုတ်သေးပါဘူးလေ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် မင်းမှတ်ထားချင်ရင် ပြောပြလိုက်ပါ့မယ်၊ ကျုပ်နာမည်က ဝမ်းရှပါ"

"ကောင်းပါပြီရှင့်"

မိန်းမပျိုလေးယဉ်ယဉ်သည် ဝါးစိမ်းသီလရှင်အတွက် ဝမ်းရှ ပေးလိုက်သော စာကိုယူကာ အလိုက်သိစွာ လစ်းခွဲထွက်သွားခဲ့လေတော့သည်။

☆ ☆ ☆

မိန်းမပျိုလေးယဉ်ယဉ်အတွက် စိတ်ချရပြီဖြစ်ရာ ဝမ်းရှက အရိုးဖြူဂိုဏ်းနှင့် ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်လေသည်။

ဝမ်းရှက သချိုင်းမြေထဲမှ ထွက်လာခဲ့သည်။

မြို့ထဲသို့ ပြန်ရောက်လာသောအခါ လမ်းမပေါ်၌ လူအများ စည်စည်ကားကား သွားလာနေကြပြီ ဖြစ်လေသည်။

ဝမ်းရှက စားသောက်ဆိုင်တစ်ဆိုင်သို့ သွား၍ စားစရာများ မှာကြားစားသောက်ကာ ခပ်အေးအေးပင် နေလိုက်သည်။

အရိုးဖြူဂိုဏ်းက သူ့အား လာရောက်ရှာဖွေလိမ့်မည်ဟု နားလည်ထားသည် မဟုတ်ပါလား။

ဝမ်းရှ၏အတွေး မမှားပါချေ။

မကြာမီ အချိန်အတွင်းမှာပင် သူ့ရှေ့သို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူက. . .



"မင်းသတ္တိရှိရင် ကျုပ်နောက်ကို လိုက်ခဲ့"

ဟု စိန်ခေါ်ပြီး ဆိုင်အပြင်ဘက် ပြန်ထွက်သွားလေသည်။

ဝမ်းရှ ပြုံးလိုက်ပြီး ထိုင်ရာမှထကာ ထိုလူ နောက်သို့ လိုက်သွားလေသည်။

ဆိုင်အပြင်ဘက်၌ မြင်းလှည်းတစ်စီး ရှိနေ၏။

ထိုလူက မြင်းလှည်းတံခါးဖွင့်ပေးပြီး. . .

"မြင်းလှည်းပေါ် တက်ပါဗျာ"

"ကောင်းပြီ"

ဝမ်းရှလည်း မြင်းလှည်းပေါ် တက်လိုက်သည်။

ထိုလူက မြင်းလှည်းမောင်းသူ နေရာသို့ ခုန်တက်ပြီး မြင်းများကို အော်ငေါက်ကာ မောင်းနှင်သွားလေသည်။

ဝမ်းရှ အေးအေးဆေးဆေး လိုက်သွား၏။

ထမင်းတစ်အိုးချက်ခန့် အချိန်ကြာလျှင်. . .

"ဟေး"

အော်ငေါက်သံနှင့်အတူ မြင်းလှည်းရပ်တန့်သွားလေသည်။

"ကျွိ"

မြင်းလှည်းတံခါးလည်း ပွင့်သွားပြီး. . .

"ဆင်းနိုင်ပါပြီဗျာ"

ဝမ်းရှအား ခေါ်ဆောင်လာသူက ဖိတ်ခေါ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှ မြင်းလှည်းပေါ်မှ ဆင်းလိုက်သောအခါ ခြံဝင်းကြီးတစ်ခု ရှိနေပါသည်။

"ကြွပါ"

ထိုလူက ရှေ့မှ ဦးဆောင်ခေါ်သွားရာ ဝမ်းရှလိုက်သွား၏။

အဆောက်အဦးအတွင်းဘက် ဧည့်ခန်းထဲသို့ ရောက်သောအခါ လူတစ်စုက အသင့်စောင့်ကြိုနေကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူစုကား အရိုးဖြူဂိုဏ်းချုပ်နှင့် သူ၏လက်ရုံးတပည့်များ ဖြစ်လေသည်။

အရိုးဖြူဂိုဏ်းဌာနချုပ် ခြံဝင်းသို့ ဝမ်းရှရောက်ရှိလာခြင်း ဖြစ်လေသည်။

အရိုးဖြူဂိုဏ်းချုပ်၏နံဘေး၌ မြေခွေးလည်း ရှိနေသည်ကိုတွေ့ရလေသည်။

အရိုးဖြူဂိုဏ်းချုပ်သည် ဝမ်းရှအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးမှ မြေခွေးကို မေးလိုက်သည်။

"မြေခွေး. . . မင်းပြောတာ သူပဲလား"

မြေခွေး ဦးညွှတ်လိုက်သည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သူပါပဲ"

အရိုးဖြူဂိုဏ်းချုပ်က. . .

"သူ့မှာ ဓားကောင်းတစ်လက်ရှိပြီး သူ့ရဲ့ဓားပညာကလည်း ထူးခြားနေတယ် ဟုတ်လား"



မြေခွေးက. . .

"သူ့ကို မကျေနပ်လို့ မြွေပွေးကိုခေါ်ပြီး သချိုင်းမြေထဲလိုက်သွားခဲ့ပါတယ်၊ မြွေပွေးက သူ့တာဝန်ယူမယ်ဆိုပြီး တစ်ယောက်ထဲသွားခဲ့တာ၊ သူ့ရဲ့ဓားစာ မိသွားတာပါပဲ"

အရိုးဖြူဂိုဏ်းချုပ်က ဝမ်းရှဘက်သို့ ပြန်လှည့်လိုက်၏။

"မောင်ရင်က ဓားပညာမဆိုးဘူး၊ ကျုပ်တို့ အရိုးဖြူဂိုဏ်းတို့လည်း ချေမှုန်းဦးမယ်ဆိုတော့ မောင်ရင်လေးရဲ့ အစွမ်းအစကို စမ်းသပ်ကြည့်ချင်တယ်၊ ဘယ်လိုသဘောရသလဲ"

ဝမ်းရှ ပြုံးလိုက်သည်။

"အရိုးဖြူဂိုဏ်းက လူတွေရဲ့ ဆိုးသွမ်းရက်စက်မှုတွေကြောင့် အားလုံးဟာ သေသင့်သေထိုက်တဲ့လူတွေချည့် ဖြစ်နေပါပြီ၊ ကျုပ်က အစွမ်းပြပြီး ဆုံးမသုတ်သင်ပေးပါ့မယ်ဗျာ"

"ဟား. . . ဟား. . . ဟား"

အရိုးဖြူ ဂိုဏ်းချုပ် ဟားတိုက်ရယ်မောလိုက်လေသည်။

ထိုအချိန်မှာပင်. . .

"ယား"

"သေပေတော့"

အရိုးဖြူဂိုဏ်းချုပ် လက်အောက်မှ ထိပ်တန်းခေါင်းဆောင်များက ညာသံပေးကာ တိုက်ခိုက်လိုက်ကြလေသည်။

"ခွမ်း"

ဝမ်းရှက ဓားဆွဲထုတ်ကာ ဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်များနှင့်အတူ အေးစိမ့်သော

www.burmeseclassic.com

www.burmeseclassic.com



မာဆေါ်အငွေ့အသက်များက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံသွားလေသည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်။

"ဝုန်း. . . ဝုန်း. . . ဝုန်း"

အရိုးဖြူဂိုဏ်းမှ ခေါင်းဆောင်များ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

☆ ☆ ☆

ကျယ်ဝန်းလှသော ခန်းမဆောင်အတွင်း၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အရိုးဖြူဂိုဏ်းချုပ်သည် ပါးစပ်အဟောင်းသားဖြင့် ဝမ်းရှအားငေးကြည့်နေပြီးမှ သတိဝင်လာကာ. . .

"မင်းဟာ သာမန်လူတစ်ယောက် မဟုတ်ဘူး။ မင်းဘယ်သူလဲဆိုတာ ပြောစမ်း"

ဟု မေးလိုက်လေသည်။

ဝမ်းရှ ရယ်မောကာ လက်ထဲမှဓားကို ဝှေ့ယမ်းပြလိုက်လေသည်။



"ကျုပ်ဓားရဲ့အကြောင်းကို သိုင်းလောကတစ်ခုလုံး သိကြတယ်ဗျ"

အရိုးဖြူဂိုဏ်းချုပ်သည် ဝမ်းရှ၏ဓားကို စိုက်ကြည့်လိုက်ပြီး အထိတ်တလန့် အော်ပြောလိုက်သည်။

"သံမဏိဓားပျော့"

ဝမ်းရှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ဒါ. . . ဒါဆို မင်းဟာ သူရဲကောင်းဝမ်းရှပေါ့"

"ခင်ဗျား မှန်ပါတယ်"

"မင်း. . . မင်း"

အရိုးဖြူဂိုဏ်းချုပ်၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

"ဟိတ်. . . ဘာလုပ်နေကြတာလဲ၊ သူ့ကို သတ်ပစ်လိုက်ကြပါတော့လား"

အရိုးဖြူဂိုဏ်းသားများလည်း ကြောက်အားလန့်အားဖြင့် ဝမ်းရှအား ဝိုင်းရံတိုက်ခိုက်ကြတော့သည်။

ဝမ်းရှက ဓားဝှေ့ယမ်းလိုက်လျှင်. . .

"ဝုတ်"

"အား"

"အွန့်"

အရိုးဖြူဂိုဏ်းသား သုံးလေးယောက် လဲကျသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိုးဖြူဂိုဏ်းချုပ်နှင့် မြေခွေးလည်း ထွက်ပြေးဖို့ ကြိုးစားလိုက်ကြလေသည်။

သို့သော်. . .

"ဟား"

ဝမ်းရှ သူတို့ရှေ့သို့ ရောက်ရှိကာ တိုက်ခိုက်လိုက်လျှင် အရိုးဖြူဂိုဏ်းချုပ်နှင့် မြေခွေးတို့ အရုပ်ကြိုးပြတ် လဲကျသွားကြတော့သည်။

ကျန်အရိုးဖြူဂိုဏ်းသားများလည်း ကြောက်လန့်တကြား ထွက်ပြေးသွားကြလေတော့သည်။

များမကြာမီ. . .

သူရဲကောင်းဝမ်းရှက အရိုးဖြူဂိုဏ်းချုပ်အား ချေမှုန်းလိုက်သည့်သတင်းမှာ သိုင်းလောကထဲ ပျံ့နှံ့သွားလေတော့သည်။

☆ ☆ ☆



## ပြိုင်အဆိုင်

ရှင်ကျင့်ဂိုဏ်း. . .။

ရှင်ကျင့်ဂိုဏ်းသည် အောက်လမ်းဂိုဏ်း တစ်ခုဖြစ်သည်။

မိစ္ဆာဒိဋ္ဌိအယူဝါဒရှိပြီး မိန်းကလေးများအား ဖျက်ဆီးနေသော ဂိုဏ်းလည်းဖြစ်သည်။

သိုင်းလောကသားများက ရှင်ကျင့်ဂိုဏ်းအား ချေမှုန်းရန် ကြိုးစားခဲ့ကြသည်။

သို့သော်. . .

ရှင်ကျင့်ဂိုဏ်းဌာနချုပ်မှာ အလွန်လျှို့ဝှက်ထားခြင်းကြောင့် လုံးဝချေမှုန်းဖျက်ဆီး၍မရဘဲ လက်လျှော့ခဲ့ရလေသည်။

တစ်နေ့. . .

သိုင်းသမားတစ်ဦးသည် ရှင်ကျင့်ဂိုဏ်းဌာနချုပ်သို့ ရောက်သွားကာ ဂိုဏ်းချုပ်နှင့် အခြားခေါင်းဆောင်များကို တိုက်ခိုက်ချေမှုန်း သုတ်သင်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ကျင့်ဂိုဏ်း လုံးဝပျောက်စီး ပျောက်ကွယ်သွားရလေတော့သည်။

သိုင်းလောကသားများသည် ရှင်ကျင့်ဂိုဏ်းအား ချေမှုန်းခဲ့သည့် သိုင်းသမားအား ချီးကျူးကြလေသည်။

ထိုသိုင်းသမားမှာ လူငယ်လူရွယ် သိုင်းသမားတစ်ဦးဖြစ်ပြီး 'ဆားမျိုးနွယ်'မှ ဖြစ်သည်။

သူရဲကောင်းသိုင်းသမား၏ အမည်မှာ 'ဆားထင်' ဖြစ်သည်။

ဆားထင်သည် သိုင်းလောက၌ ထင်ရှားသော 'ဆားမျိုးနွယ်' ညီနောင်နှစ်ဦးဖြစ်သော 'ဆားလောက်တ'နှင့် 'ဆားလောက်အော'တို့ 'မြေး' တော်စပ်သူလည်း ဖြစ်လေသည်။

ဆားမျိုးနွယ် ညီနောင်နှစ်ဦးသည် 'ကြယ်ပျံဓားသိုင်း' ဖြင့် အထူးထင်ရှားခဲ့ပြီး မြေးဖြစ်သူ ဆားထင်က အဘိုးနှစ်ယောက်၏ ခြေရာနင်းနိုင်သူဟု ချီးကျူးခံရလေသည်။

သို့ဖြင့်. . .

လူငယ်လူရွယ် သိုင်းသမား 'ဆားထင်'သည် 'သူရဲကောင်းဝမ်းရှ'နှင့် အပြိုင် ထင်ရှားကျော်ကြားလာခဲ့လေတော့သည်။

☆ ☆ ☆



နှင်းများ တဖွဲဖွဲ ကျဆင်းနေ၏။

အေးမြနေသော တောင်ကုန်းလေးတစ်ခုပေါ်ရှိ အိမ်ကလေးရှေ့မှ ကွပ်ပျစ်ပေါ်တွင် အဘိုးအိုနှစ်ယောက် ရေနွေးကြမ်း ထိုင်သောက်နေကြလေသည်။

ထိုအဘိုးအို နှစ်ဦးကား ထင်ရှားကျော်ကြားသည့် 'ဆားညီနောင်' ဖြစ်လေသည်။

ဆားညီနောင်သည် သိုင်းလောက၌ မကောင်းသူပယ် ကောင်းသူကယ် အဖြူရောင်သိုင်းသမားကြီးများ ဖြစ်ကြပြီး သိုင်းလောက အရေးကိစ္စ ထွေထွေထူးထူး မရှိဘဲ အေးချမ်းနေချိန်၌ သူတို့၏ အိမ်ကလေး၌ ပြန်လည်နေထိုင်ကာ အနားယူတတ်ကြလေသည်။

သူတို့ အိမ်ကလေး၌ ပြန်လည်နေထိုင် အနားယူနေချိန်မျိုးတွင် သိုင်းလောကအကြောင်း လုံးဝမစဉ်းစား၊ မပြောဆိုကြဘဲ အေးအေးလူလူ နေထိုင်လေ့ ရှိကြပေသည်။

ယခုလည်း ရေနွေးကြမ်းသောက်ရင်း ဆောင်းနံနက်ခင်း၏ အေးမြပုံကို အရသာခံကာ ပြောဆိုနေကြ၏။

ထိုစဉ်. . .

မြူနှင်းများကြားမှ တောင်ကုန်းပေါ်သို့ တက်လာသည့် လူရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက်ကြရလေသည်။

ဆားညီနောင်မှ အစ်ကိုကြီး ဖြစ်သော ဆားလောက်တာ ထိုလူ ပုံပန်းသဏ္ဍာန်ကို ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေးလေး ဆားထင်းပဲ"

ဟု ပြောလိုက်သည်။

ညီဖြစ်သူ ဆားလောက်အော့က. . .

"သူက သိုင်းလောကထဲ ဆင်းသွားတာ မကြာသေးဘူး၊ ကြီးကျယ်တဲ့ အောင်မြင်မှုတွေ ရနေပြီဆိုတော့ ဝမ်းသာဂုဏ်ယူစရာပဲပေါ့"

ဆားလောက်တက. . .

"အင်း. . . အချိန်တိုအတွင်း အောင်မြင်မှုတွေ ရရှိလာတာ ချီးကျူးစရာကောင်းပေမယ့် ဒါကို ကျေနပ်နှစ်သိမ့်နေလို့ မပြီးသေးဘူး၊ ထူးခြားလှတဲ့ သိုင်းလောကကြီးမှာ အတွေ့အကြုံအများကြီးရှိဖို့ လိုသေးတယ်"

ဟု မှတ်ချက်ချလိုက်လေသည်။

တောင်ကုန်းပေါ်သို့ တက်လာသူမှာ ဆားညီနောင်၏ မြေး ဆားထင်း ဖြစ်လေသည်။

ဆားထင်းသည် ငယ်ရွယ်သူ ဖြစ်သကဲ့သို့ အချိန်တိုအတွင်း အောင်မြင်မှုများ ရရှိလိုက်ခြင်းကြောင့် မာန်မာနတက်လျက် ရှိလေသည်။

ဆားထင်း မာနတက်နေသည်ကို နားလည်ထားသောကြောင့် ဆားလောက်တက သုံးသပ်ပြောဆိုလိုက်ခြင်းလည်း ဖြစ်လေသည်။

ဆားထင်းသည် ဆားညီနောင် အနီးသို့ ရောက်ရှိလာပြီး ဂါရဝပြုလိုက်လေသည်။



"ဘိုးဘိုးတို့ နှစ်ယောက်ကို ဂါရဝပြုပါတယ်၊ ကြယ်ပျံခားသိုင်းက ကြယ်အမွှာခားပျံသိုင်းကို ကျွန်တော်လေ့ကျင့်အောင်မြင်ခဲ့ပါပြီ၊ ဒါကြောင့် မကြာခင် သိုင်းလောကထဲ ဆင်းသွားတော့မယ် အကြောင်းလည်း လာပြောတာပေါ့"

ဆားလောက်အော့က. . .

"အင်း. . . ကြယ်အမွှာခားပျံသိုင်းကို အချိန်တိုအတွင်းမှာ ငါ့မြေး လေ့ကျင့်အောင်မြင်လိမ့်မယ်ဆိုတာ ကျုပ်တို့ မျှော်လင့်ထားပြီးထားပါ"

ဆားလောက်တက. . .

"မင်း လေ့ကျင့်အောင်မြင်ပြီးတာနဲ့ သိုင်းလောကထဲ ဆင်းသွားချင်လိမ့်မယ်ဆိုတာလဲ ငါတို့ မျှော်လင့်ထားပြီးသားပဲ"

ဆားထင်း ပြုံးလိုက်သည်။

"ကျွန်တော်က ကိုယ်တတ်မြောက်ထားတဲ့ ပညာနဲ့အများ အကျိုးဆောင်ရွက်ချင်လို့ သိုင်းလောကထဲ ဆင်းသွားချင်တာပဲ ဘိုးဘိုးတို့ ခွင့်ပြုမယ် ထင်ပါတယ်"

ဆားလောက်တကပင်. . .

"ငါတို့ ခွင့်မပြုလည်း မင်းက တိတ်တိတ်ကလေး ထွက်သွားမှာပဲ မဟုတ်လား၊ ပြောစမ်းပါဦး"

ဆားထင်း ရယ်မောလိုက်လေသည်။

"ဘိုးဘိုးတို့ ခွင့်ပြုမယ်ဆိုတာလည်း ကျွန်တော်သိပြီးသားပါ"

ဆားလောက်တက. . .

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သိုင်းလောက,က အကျယ်ကြီး၊ ထူးခြားတယ်၊ ရှုပ်ထွေးတယ်၊ ဒါကြောင့် သိုင်းပညာ ဘယ်လောက်ပဲရှိရှိ သတိထားနိုင်မှ ဖြစ်မယ်"

ဆားလောက်အော့က. . .

"မာနမကြီးရဘူး၊ ဘဝင်မမြင့်ရဘူး၊ သိုင်းသမားအချင်းချင်း ရိုသေလေးစားမှု ရှိမယ်၊ တစ်ချို့ကိစ္စတွေမှာ ကိုယ်နဲ့ မဆိုင်ရင် ဝင်မရှုပ်ရဘူး"

ဆားထင်း ဦးညွှတ်လိုက်ပြန်သည်။

"ဘိုးဘိုးတို့ရဲ့ ဆုံးမစကားတွေကို ကျွန်တော် တသွေမတိမ်း လိုက်နာမှာပါ၊ ကျွန်တော့်ကို စိတ်ချပါ"

ဆားလောက်တက. . .

"အင်း. . . ဒါဆိုရင်လည်း ငါ့မြေးကို ဘာမှပြောစရာ မရှိတော့ပါဘူး"

သူက လက်ဝှေ့ယမ်းပြလိုက်လျှင် ဆားထင်း ဝမ်းသာအားရ ထွက်ခွာသွားလေတော့သည်။

ဆားညီနောင်သည် မြေးဖြစ်သူအတွက် ဂုဏ်ယူစွာ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

သူတို့သည် ဆားထင်းအား နောက်ထပ် တွေ့မြင်ရတော့မည် မဟုတ်သည်ကိုသာ ကြိုတင်သိနိုင်ခဲ့ကြမည်ဆိုပါလျှင် ယခုကဲ့သို့ ထွက်သွားခွင့်ပြုခဲ့ကြမည် မဟုတ်ချေ။

☆ ☆ ☆



# တစ်ကိုယ်တော်ခရီး

ယဉ်ယဉ်. . .။

ယဉ်ယဉ်သည် ဝမ်းရှနှင့် လမ်းခွဲကာ ကျွန်းနယ်နယ်သို့ ဦးတည်ခရီးနှင်လာခဲ့လေသည်။

ဝမ်းရှပေးလိုက်သော ငွေအသပြာများကို အသုံးပြုကာ တောင်းစွာ ခရီးနှင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

သူမသည် ကျွန်းနန်ဝါးစိမ်းသီလရှင်ထံသို့ အရောက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

သို့သော်. . .

ခရီးထွက်ခဲ့ပြီး ငါးရက်မြောက်သောနေ့တွင် သူမ၏ဘဝအတွက် အပြောင်းအလဲကြီး တစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ယဉ်ယဉ် ခရီးနှင်လာရင်း ရုတ်တရက် မိုးသက်လေပြင်း ကျရောက်လာသဖြင့် တောအုပ်တစ်ခုအတွင်း၌ မိုးဝင်ခိုခဲ့လေသည်။

မိုးက အဆက်မပြတ် ရွာသွန်းနေပြီး အချိန်အတန်ကြာသည့်တိုင်အောင် ရပ်တန့်မသွားချေ။

မိုးကောင်းလှသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဝိုးတဝါးဖြစ်နေသကဲ့သို့ ညနေဆည်းဆာအချိန်လည်း တဖြည်းဖြည်း နီးကပ်လာတော့သည်။

ယဉ်ယဉ် စိုးရိမ်ပူပန်လာလေသည်။

"မိုးချုပ်သွားရင် ဒုက္ခကလိမ့်မယ်"

ယဉ်ယဉ်လည်း မထူးတော့ဟု သဘောပိုက်ကာ တောအုပ်ထဲမှ ထွက်၍ မိုးထဲလေထဲ ခရီးဆက်ခဲ့လေတော့သည်။

မိုးသက်လေပြင်းက တဖြည်းဖြည်း အားပျော့သွား၏။

အလင်းရောင်ကလည်း ပို၍ အားနည်းလာလေသည်။

ယဉ်ယဉ်မှာ တစ်ကိုယ်လုံး မိုးရေများ စိုရွှဲကာ ခိုက်ခိုက်တုန်အောင် ချမ်းနေပါတော့သည်။

လမ်းတစ်လျှောက်၌ လမ်းသွားလမ်းလာများ လုံးဝမတွေ့ရချေ။

ယဉ်ယဉ် အားငယ်လာလေသည်။

"မိုးမချုပ်ခင် နားခိုစရာနေရာ တစ်နေရာရမှ ဖြစ်တော့မယ်"

သူမ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်၍



သွားခဲ့ရာမှ တောင်ကြားလမ်းလေးတစ်ခုသို့ ရောက်ရှိလာသောအခါ ဇရပ်လေးတစ်ဆောင် ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ယဉ်ယဉ် ဝမ်းသာသွားသည်။

တောင်ကြားလမ်းထဲ ဝင်ကာ ဇရပ်လေးဆီသို့ အပြေးသွားလိုက်လေသည်။

ဇရပ်လေးမှာ လုံလုံခြုံခြုံ ရှိနေပါသည်။

"ငါကံကောင်းတယ်"

ယဉ်ယဉ်လည်း ဇရပ်လေးပေါ်သို့ တက်ကာ မိုးခိုလိုက်လေတော့သည်။

☆ ☆ ☆

ယဉ်ယဉ် ဇရပ်ပေါ်သို့ ရောက်ရှိသွားပြီး မရှေးမနှောင်း[illegible] လူနှစ်ယောက် တောင်ကြားထဲ ဝင်ရောက်လာကြလေသည်။

ထိုလူနှစ်ယောက်သည် ဇရပ်လေးဆီသို့ ဦးတည်လာပြီး တက်လာကြသည်။

ဇရပ်ပေါ်၌ ယဉ်ယဉ် အရင် ရောက်ရှိနေသည်ကို တွေ့သောအခါ ထိုလူနှစ်ဦး အံ့ဩသွားကြလေသည်။

"မိန်းကလေး တစ်ယောက်ပါလား"

ဟု ရေရွတ်လိုက်ကြပြီး တစ်ယောက်က လှမ်းမေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးက ဘယ်သူလဲ၊ ဘယ်လိုအကြောင်းကိစ္စနဲ့ သည်နေရာကို ရောက်လာတာလဲ"

ယဉ်ယဉ် ဦးညွှတ်လိုက်သည်။

"ကျွန်မဟာ ခရီးသွားတစ်ယောက်ပါ"

ခရီးသွားရင်း မိုးသက်လေပြင်း ကျရောက်လာသဖြင့် မိုးခိုစရာ နေရာရှာဖွေရင်းမှ လမ်းမှားပြီး ရောက်လာခြင်း ဖြစ်ကြောင်း ရှင်းပြလိုက်လေသည်။

"လက်စသပ်တော့ လမ်းမှားပြီး ရောက်လာတာကိုး။ သည်နေရာဟာ ကြာကြာနေလို့ ကောင်းတဲ့ နေရာတစ်ခု မဟုတ်ဘူးကွဲ့"

"ရှင်"

"သည်တောင်ကြားထဲမှာ လူဆိုးကြီးတစ်ယောက် နေထိုင်တယ်လေ၊ မိန်းကလေး သူနဲ့ မတွေ့သေးတာ ကံကောင်းတာပဲ"

အခြားတစ်ယောက်က. . .

"အခုမှတော့ မထူးပါဘူးလေ၊ ကျုပ်တို့ ရောက်လာပြီပဲ စိတ်ပူစရာ မလိုတော့ပါဘူး"

ယဉ်ယဉ်က. . .

"ဦးတို့က. . ."

ထိုလူနှစ်ယောက်က. . .

"ကျုပ်တို့ဟာ 'ယူနန်သိုင်းငါးဖော်'မှာ ပါဝင်ကြတဲ့ လူတွေပဲ၊ ကျုပ်က 'ဟွေ့စန်း'၊ သူကတော့ 'ကြုံးဟို'၊ ကျုပ်တို့



က သည်တောင်ကြားပိုင်ရှင် 'ပဉ္စလက်ဘီလူး'မ မေချောင်ဖုံးနဲ့ သိုင်းပညာ ယှဉ်ပြိုင်ဖို့ လာခဲ့ကြတာပဲ"

ယဉ်ယဉ် ထိတ်လန့်သွားလေသည်။

"ဒါ. . . ဒါဆို ကျွန်မ ဘယ်လိုလုပ်ရမလဲဟင်"

ဟွေ့စန်းက. . .

"အခုမှ မထူးတော့ပါဘူး မိန်းကလေး၊ ကျုပ်တို့နဲ့ အတူတူနေပါ"

ကြုံးဟိုက. . .

"ခုချိန်မှ ထွက်သွားမယ်ဆိုရင် မတော်တဆ ဟိုဘီလူးမနဲ့တွေ့ရင် ဒုက္ခရောက်သွားမှာ သေချာတယ်"

"ကောင်း. . . ကောင်းပါပြီရှင်"

ယဉ်ယဉ်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် သဘောတူလိုက်လေသည်။

ထိုအချိန်မှာပင်. . .

"ဟူး. . . ဟူး. . . ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူသုံးယောက် ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဟွေ့စန်းနှင့် ကြုံးဟိုတို့ ဝမ်းသာသွားကြလေသည်။

"သူတို့ ရောက်လာကြပြီ"

ရောက်လာသူများမှာ ယောကျ်ားနှစ်ယောက်၊ အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်းသိုင်းငါးဖော်၌ ပါဝင်သူများ ဖြစ်လေသည်။

ယောကျ်ားနှစ်ဦးမှာ ဝါးလွေနှင့် ယို့ရှောင် ဖြစ်ပြီး အမျိုးသမီး၏အမည်မှာ ကျိန်းစုအင်း ဖြစ်လေသည်။

ယွန်းသိုင်းငါးဖော်သည် အဖြူမကျ အနက်မကျသော သိုင်းသမားများ ဖြစ်သည်။

သူတို့၏စိတ်ဓာတ်နှင့် လုပ်ဆောင်ချက်မှာ တစ်ခါတစ်ရံတွင် အဖြူရောင်သိုင်းသမားများကဲ့သို့ ဖြစ်ပြီး တစ်ခါတစ်ရံတွင် အနက်ရောင်သိုင်းသမားများကဲ့သို့ ဖြစ်နေတတ်သည်။

စိတ်နေသဘောထား ထူးခြားသည့် လူထူးဆန်း သိုင်းသမားများ ဖြစ်ကြပေတော့သည်။

ဝါးလွေတို့သည် ယဉ်ယဉ်ကို တွေ့လိုက်ရခြင်းကြောင့် အံ့သြနေကြသည်။

ဟွေ့စန်းက အကျိုးအကြောင်း ရှင်းပြလိုက်ရလေသည်။

ယို့ရှောင်က. . .

"မိန်းကလေး ကံကောင်းတာပဲ"

ဟု ပြောလိုက်သည်။

ယွန်းသိုင်းငါးဖော်၌ တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည့် ကျိန်းစုအင်းက. . .

"မိန်းကလေးကို ကျုပ် တစ်ခုတော့ သတိပေးချင် တယ်"

ယဉ်ယဉ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ပြောပါရှင်"



ကျိန်းစုအင်းက. . .

"ဘီလူးမမေချောင်ဖုံးနဲ့ ဒေါ်ဒေါ်တို့ သိုင်းပညာ ယှဉ်ပြိုင်တဲ့အခါ မိန်းကလေး[illegible] အခွေးကို မြန်မြန် ထွက်ပြေးသွားပေတော့"

"ကောင်းပါပြီရှင်"

ယဉ်ယဉ် သဘောတူလိုက်လေသည်။

သို့သော်. . .

တကယ်တမ်း သူမထွက်ပြေးတိမ်းရှောင်ဖို့ မလွယ်ကူတော့ပါချေ။

နေဝင်မိုးချုပ်သွားပြီ မဟုတ်ပါလား။

မှောင်မှောင်မည်းမည်းနှင့် တောထဲတောင်ထဲ၌ ယဉ်ယဉ်တစ်ယောက်ထဲ မသွားဝံ့ပါတော့ချေ။

ဟွေ့စန်းက. . .

"သည်ညဟာ လပြည့်ညပဲ၊ မိုးသားတိမ်လိပ်တွေ ကင်းစင်သွားရင်တော့ လဝန်းထွက်ပေါ်လာလိမ့်မယ်၊ ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်သွားမှာပဲ"

သူတို့ ကြာကြာမစောင့်လိုက်ရပါချေ။

မကြာမီ ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်လာလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## မားစာခံ

ကောင်းကင်ပေါ်၌ လဝန်း ထွက်ပေါ်လာပြီ ဖြစ်သည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး ကြည်ကြည်လင်လင် ဖြစ်သွားလေသည်။

ဟွေ့စန်းက. . .

"အချိန်ကျပြီ"

ဟု ရေရွတ်လိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် တောရိုင်းတိရိစ္ဆာန်တစ်ကောင် အော်ဟစ်လိုက်သကဲ့သို့ စူးရှသော အသံများ ထွက်ပေါ်လာလေသည်။

ထိုအသံများသည် တခဏအတွင်းမှာပင် ဝေးရာမှ နီးလာပြီး ဇရပ်ရှေ့သို့ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

အနီရောင်ဝတ်ရုံ လွှမ်းခြုံထားသော အမျိုးသမီးတစ်



ဦးဖြစ်လေသည်။

လရောင်အောက်၌ အလွန်ရုပ်ဆိုးအကျည်းတန်လှသူ တစ်ဦး ဖြစ်သည်ကို အတိုင်းသား တွေ့မြင်နေရပါတော့သည်။

ထိုအမျိုးသမီးမှာ အနက်ရောင်သိုင်းလောကတွင် နာမည်ကြီးသည့် ပဥ္စလက်ဘီလူးမ မေချောင်ဖုံး ဖြစ်လေသည်။

မေချောင်ဖုံးနှင့် ယူနန်ငါးဖော်တို့မှာ ယခင်ကပင် ရန်ငြိုးရန်စ ရှိခဲ့ကြလေသည်။

မေချောင်ဖုံး၏ခင်ပွန်းသည်မှာ ခုံတုံဂိုဏ်းမှ သိုင်းသမားတစ်ဦးဖြစ်ပြီး တစ်နေ့တွင် ခုံတုံဂိုဏ်းချုပ်၏ သိုင်းကျမ်းကို ခိုးယူကာ ထွက်ပြေးခဲ့လေသည်။

ထို့နောက် မေချောင်ဖုံးနှင့်အတူ ခုံတုံဂိုဏ်းချုပ်၏ ပဥ္စလက်သိုင်းကျမ်းကို လေ့ကျင့်ခဲ့ပြီး သိုင်းလောက၌ ထင်တိုင်းကဲခဲ့ပေသည်။

ယူနန်သိုင်းငါးဖော်သည် ခုံတုံဂိုဏ်းနှင့် လက်တွဲကာ မေချောင်ဖုံးတို့ ဇနီးမောင်နှံအား လိုက်လံရှာဖွေပြီး တိုက်ခိုက်ခဲ့သည်။

ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားပြီး မေချောင်ဖုံး၏ ခင်ပွန်းသည်မှာ ယူနန်သိုင်းငါးဖော်၏လတ်ချက်ဖြင့် သေဆုံးခဲ့ရလေသည်။

မေချောင်ဖုံးက ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ဤတောင်ကြားအတွင်း၌ ပုန်းအောင်းနေထိုင်ကာ ပဥ္စလက်သိုင်းကျမ်းကို ဆုံးခန်းတိုင်အောင် ဆက်လက်လေ့ကျင့်နေခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူနန်သိုင်းငါးဖော်ကလည်း တောင်ကြားထဲ၌ သူမ ရှိနေကြောင်း သတင်းရသွားပြီး ရောက်လာခဲ့ကြခြင်း ဖြစ်လေသည်။

မေချောင်ဖုံး ရောက်လာသည်နှင့် ယူနန်သိုင်းငါးဖော်က ဧရာဝတီမှ မှိန်းအိပ်လိုက်ကြလေသည်။

အခြေအနေ စောင့်ကြည့်နေသော ယဉ်ယဉ်လည်း အမှောင်ရိပ်ကျနေသောဘက်သို့ ခုန်ဆင်းကာ ပေးရာသို့ တဟုန်ထိုး ထွက်ပြေးသွားလေတော့သည်။

☆ ☆ ☆



ယဉ်ယဉ်က တောင်ကြားထဲမှ ထွက်ပြေးလာခဲ့လေသည်။

မိုးတိတ်သွားပြီ ဖြစ်သလို လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ရှိနေရကား သူမတောင်းစွာ ပြေးထွက်သွားနိုင်ခဲ့လေသည်။

သို့သော် အတန်ကြာ ပြေးသွားမိသည့် တိုင်အောင် အနောက်ဘက် လှည့်ကြည့်လိုက်သောအခါ ဇရပ်တလေးကို တွေ့မြင်နေရမြဲ ဖြစ်လေသည်။

ပြေးရင်းလွှားရင်း ယဉ်ယဉ် ခြေကုန်လက်ပန်းကျလာလေသည်။

"ဘယ်လို ဖြစ်တာလဲ၊ ဘာကြောင့် တောင်ကြားထဲက ထွက်နိုင်အောင် ဖြစ်နေရတာလဲ"

နောက်ဆုံးတွင်. . .

"ဒီလူးမက ဝက်ပါထောင်ချောက်ဆင်ထားတာပဲ ဖြစ်မယ်၊ တောင်ကြားထဲက ငါထွက်နိုင်တော့မှာ မဟုတ်ဘူး"

ယဉ်ယဉ် လက်လျှော့လိုက်လေသည်။

သူမ ခြေလှမ်းရပ်လိုက်သောအခါ ဇရပ်ကလေး အနီး၌ ပြန်လည်ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ဇရပ်ရှေ့၌ မြေကွက်လပ်တစ်ခု ရှိနေသည်။

ထိုမြေကွက်လပ်၌ ယူနန်သိုင်းငါးဖော်နှင့် ဘီလူးမမေချောင်ဖုံးတို့ ရှိနေကြလေသည်။

ယူနန်သိုင်းငါးဖော်က မေချောင်ဖုံးအား ဝိုင်းရံထားလိုက်ကြလေသည်။

မေချောင်ဖုံးသည် ယူနန်သိုင်းငါးဖော်အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

"ရှင်တို့ သေချင်လို့ လာခဲ့ကြတာပဲ၊ ခုံတုံဂိုဏ်းရဲ့ပဥ္စလက်သိုင်းကျမ်းကို ကျွန်မ ဆုံးခန်းတိုင်အောင် လေ့ကျင့်ပြီးပြီဆိုတာ ရှင်တို့ မသိကြသေးဘူးထင်တယ်"

ယူနန်သိုင်းငါးဖော်မှ အကြီးဆုံးဖြစ်သော ဖေ့စန်းလည်း ရယ်မောလိုက်လေသည်။

"ဘီလူးမ. . . မင်းပြောတိုင်း ကျုပ်တို့ယုံကြည်မယ်များမှတ်နေသလား။ ခုံတုံပဥ္စလက်ကျမ်းဟာ သွန်သင်ပြသပေးမယ့်လူမရှိရင် ဆုံးခန်းတိုင်အောင် တတ်မြောက်နိုင်မှာမဟုတ်ဘူးဆိုတာ လူတိုင်းသိတယ်"

ကျိန်းစုအင်းက. . .

"ညည်းက ဆုံးခန်းတိုင်အောင် လေ့ကျင့်တတ်မြောက်ပြီးပြီဆိုရင် ကျုပ်တို့ငါးယောက်ကို နိုင်အောင် ကြိုးစားကြည့်ပေါ့လေ"

မေချောင်ဖုံး ခံပြင်းသွားလေသည်။

"စိတ်ချ၊ သည်ကနေ့ ရှင်တို့ငါးယောက်ရဲ့ အလောင်းတို့



တောင်ကြားထဲမှာ မြှုပ်နှံပြမယ်"

သူမသည် ကျိန်းစုအင်းထံ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

"သူ့ကို ဆုံးမကြမယ်"

ယူနန်သိုင်းငါးဖော်ကလည်း ညာသံပေးကာ မေချောင်ဖုံးအား ဝိုင်းရံရင်ဆိုင်လိုက်ကြလေတော့သည်။

ယဉ်ယဉ်မှာ မျက်လုံးလေး အဝိုင်းသားဖြင့် တိုက်ပွဲကို ငေးမောကြည့်နေမိလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ယူနန်သိုင်းငါးဖော်နှင့် ပဉ္စလက်ဘီလူးမ မေချောင်ဖုံးတို့ ယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြပြီ ဖြစ်လေသည်။

ယူနန်သိုင်းငါးဖော်သည် မေချောင်ဖုံး၏ယောက်ျားကို သုတ်သင်ခဲ့ကြသူများ ဖြစ်သည်။

ယခုလည်း မေချောင်ဖုံးအား သုတ်သင်မပစ်နိုင်မည်ဟု ယုံကြည်ထားကြလေသည်။

ငါးယောက်သား လက်တွဲညီစွာ တိုက်ခိုက်ကြလေသည်။ တစ်ဦးချင်း သိုင်းပညာ မခေကြသကဲ့သို့ ငါးယောက်ပူးပေါင်းလိုက်သောအခါ သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လာလေတော့သည်။

မေချောင်ဖုံးကလည်း မကြောက်မရွံ့ ရင်ဆိုင်နေ၏။

သူမသည် ပဉ္စမလက်သိုင်းကျမ်းကို လေ့ကျင့်ထားသည့် အပြင် ခင်ပွန်းသည်အတွက် ဒေါသတကြီး ဖြစ်နေခြင်းပင်။

သူမ၏သိုင်းကွက်များကလည်း ထူးခြားနေ၏။

မထင်မှတ်သော ရှုထောင့်များမှ တိုက်ကွက်များ ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

ယူနန်ငါးဖော်ပင်လျှင် မေချောင်ဖုံး၏ထူးခြားသော သိုင်းကွက်များကြောင့် အံ့ဩမိကြပြီး ရင်ဆိုင်နိုင်ရန် အစွမ်းကုန် ကြိုးစားနေကြရလေသည်။

အချိန်ကြာလာသည်နှင့်အမျှ တစ်ယောက်ထဲ သမား ဖြစ်သော မေချောင်ဖုံးကပင် အသာစီး ရရှိသွားလေသည်။

"သတိသာထားကြပေတော့"



မေချောင်ဖုံးက ကြိုးဝါရင်း သိုင်းကွက်ပြောင်းလဲ တိုက်ခိုက်လိုက်လေသည်။

သူမ၏လက်ချောင်းကလေးများကို သိမ်းငှက်ခြေသည်း သဏ္ဌာန် ပြုလုပ်ကာ မြေပေါ် ခြေဆောင့်၍ ခန္ဓာကိုယ် လေထဲ ခုတက်ကာ အပေါ်စီးမှ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

လေတိုးသံများ တဟူးဟူး မြည်ကာ ထွက်ပေါ်လာလေသည်။

"သတိထား"

ယူနန်ငါးဖော်က အချင်းချင်း သတိပေးရင်း စုပေါင်းရင်ဆိုင်လိုက်ကြလေသည်။

သူတို့၏လှုပ်ရှားတိုက်ခိုက်မှုကြောင့် လေဝှေ့လှိုင်းများ ဖြစ်ပေါ်လာသကဲ့သို့ ဖုန်များ၊ သဲများ တထောင်းထောင်းထသွားလေသည်။

မြင်ကွင်းတစ်ခုလုံး ရှုပ်ထွေးသွားသဖြင့် ယဉ်ယဉ်က မျက်လုံးပိတ်ထားလိုက်မိလေသည်။

"ဝုန်း. . . ဝုန်း. . . ဝုန်း"

ယဉ်ယဉ်၏နားထဲ၌ ကျယ်လောင်မြည်ဟီးသွားသော အသံများ၊ စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထို့နောက် ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com



တိုက်ခိုက်သံများ၊ ညာသံပေးသံများ၊ လေတိုးသံများ ရပ်ဆိုင်းသွားလေသည်။

ဝန်းကျင်တစ်ခုလုံး ရုတ်ခြည်းငြိမ်သက်သွားခြင်း ဖြစ်လေသည်။

ယဉ်ယဉ် အံ့ဩသွား၏။

"ဘယ်လို ဖြစ်တာပါလိမ့်"

ဟု တွေးပြီး မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

ဇရပ်လေးရှေ့ မြေကွက်လပ်၌ တိုက်ခိုက်နေခဲ့ကြသူများ ရှိနေဆဲ။

သို့သော် အခြေအနေက ပြောင်းလဲနေပြီ ဖြစ်ပါသည်။

ယူနန်ငါးဖော်အနက် တွေစန်း၊ ယို့ရှောင်နှင့်အမျိုးသမီးကိုန်းစုအင်းတို့ မြေပေါ် လဲကျကာ မလှုပ်မယှက်ဖြစ်နေသည်။

ကြံ့ဟို့နှင့်ဝါးလွေတို့နှစ်ယောက်သာလျှင် မားမားမတ်မတ်ရပ်နိုင်တော့သည်။

ထို့အတူ ပဥ္စလက်ဘီလူးမ မေချောင်ဖုံးလည်း မြေပေါ် လဲကျနေသည်။

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ကြံ့ဟို့နှင့်ဝါးလွေတို့ လှုပ်လှုပ်ရှားရှားဖြစ်လာကြပြီး. .

"ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား. . . ဟား"

နှစ်ယောက်သား ဟားတိုက်ရယ်မောလိုက်ကြလေသည်။



သူတို့သည် ဘီလူးမမေချောင်ဖုံး လဲကျသွားအောင် တိုက်ခိုက်နိုင်ခဲ့ကြပြီ မဟုတ်ပါလား။

ကြံ့ဟို့က. . .

"နောက်ဆုံးတော့လည်း ဘီလူးမကို ဆုံးမနိုင်ခဲ့ကြတာပဲလေ"

ဟုပြောရာ ဝါးလွေ ခေါင်းညိတ်ထောက်ခံလိုက်လေသည်။

"ဒါပေါ့ ခုံတုံကိုဏ်းက ပဥ္စလက်ကျမ်းဟာ ကျုပ်တို့လက်ထဲရောက်ပြီပေါ့"

သူတို့သည် သိုင်းကျမ်းကို လိုချင်မက်မောခြင်းကြောင့် မေချောင်ဖုံးအား သဲကြီးမဲကြီး လိုက်လံရှာဖွေကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေပါသည်။

ယဉ်ယဉ် စိတ်ပျက်သွားလေသည်။

"သူတို့ဟာ ကိုယ့်ရဲ့ သွေးသောက်မိတ်ဆွေတွေ သေဆုံးသွားတာတောင် ဘယ်လိုမှ သဘောမထားဘဲ သိုင်းကျမ်းကိုပဲ အမိကထားနေကြပါလား"

ကြံ့ဟို့က. . .

"ကဲ. . . မေချောင်ဖုံးကိုရှင်းပြီး သိုင်းကျမ်းယူလိုက်ကြတာပေါ့"

ဝါးလွေ သဘောတူလိုက်သည်။

"ကောင်းပြီ"

နှစ်ယောက်သား မေချောင်ဖုံးထံ လှမ်းသွားရန် ဟန်ပြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြလေသည်။

မချောင်ဖိုး မြေပေါ်လဲကျနေသော်လည်း သေဆုံးသွားခြင်း မရှိသေးပါချေ။

သူမ ညည်းတွားရင်း လူးလွန့်နေသည်။

"ခြွမ်း"

ဝါးလွှေက ဓားဆွဲထုတ်လိုက်သည်။

"သေပေတော့"

ခုခံနိုင်စွမ်း မရှိတော့သည့် မချောင်ဖိုးအား ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

မချောင်ဖိုးကား သေဆုံးသွားရပေတော့မည်။

ယဉ်ယဉ် လွှတ်ခနဲ အော်ပြောလိုက်သည်။

"လူဆိုးကြီးတစ်ယောက်ထက် ပိုပြီး ဆိုးဝါးတဲ့လူတွေပါလား"

သူမ၏စကားသံကြောင့် ဝါးလွှေ တုန့်ခနဲ ရပ်တန့်သွားလေသည်။ ယဉ်ယဉ်ကို လှည့်ကြည့်ပြီး. . .

"မင်း ဘယ်လို ပြောလိုက်တာလဲ"

ယဉ်ယဉ်က. . .

"ရှင်တို့ သူ့ကိုလူဆိုးကြီးလို့ ပြောခဲ့တယ်၊ အခု သူမြေပေါ်လဲနေပြီ၊ ဆိုးလည်းမဆိုးနိုင်တော့ဘူး၊ ဘယ်သူ့ကိုမှလည်း မတိုက်ခိုက်နိုင်တော့ပါဘူး၊ ခုခံနိုင်စွမ်းမရှိတော့တဲ့ လူတစ်ယောက်ကို သတ်ပစ်မယ်ဆိုရင် ရှင်တို့လည်း လူဆိုးကြီးတွေ ဖြစ်သွားမှာပေါ့ရှင်"



"မင်း. . . မင်း"

ဝါးလွှေ မကျေမနပ် ဖြစ်သွားလေသည်။

ကြုံးဟိုက. . .

"သည်ကောင်မလေးကြောင့် သိုင်းကျမ်း ငါတို့ရသွားတာကို လူတွေသိသွားလိမ့်မယ်၊ သူ့ကိုပါ ရှင်းပစ်လိုက်တာ အကောင်းဆုံးပဲ"

ဟု လှမ်းပြောလေသည်။

ဝါးလွှေက. . .

"ဟုတ်တယ်၊ ကျုပ်တို့ သိုင်းကျမ်းရသွားတာကို သိုင်းလောကသားတွေ သိသွားလို့မဖြစ်ဘူး၊ သူ့ကို နှုတ်ပိတ်ပစ်ရမယ်"

ယဉ်ယဉ် မျက်လုံးပြူးသွားလေသည်။

"ရှင်. . . ရှင်တို့ ယုတ်မာလှချည်လား"

ဝါးလွှေက. . .

"မင်း ပြောချင်တာပြော ကျုပ် ဂရုမစိုက်ဘူး"

အော်ငေါက်ရင်း ဓားဖြင့်ခုတ်ချလိုက်လေသည်။

ယဉ်ယဉ် ကြောက်ရွံ့တာ. . .

"အမယ်လေး"

အော်ဟစ်ရင်း မျက်လုံးမှိတ်ထားလိုက်လေသည်။

သို့သော် ဓားချက်က သူမ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာခြင်း မရှိပါချေ။

ယဉ်ယဉ် အံ့ဩကာ မျက်လုံးဖွင့်ကြည့်လိုက်၏။

ထိုအခါ. . .

www.burmeseclassic.com

www.burmeseclassic.com



ဝါးလွေ မျက်နှာကြီးရှုံ့မဲ့ကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်ကို တွေ့လိုက်ရလေသည်။

ဝါးလွေက ကြူးဟိုဘက်သို့ လှည့်လိုက်သည်။

ထိုအခါမှ ဝါးလွေ၏နောက်ကျော၌ ဓားတစ်လက် စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။

ဝါးလွေအား မည်သူက တိုက်ခိုက်လိုက်ပါသနည်း။

ဝါးလွေ၏ ဒေါသတကြီး အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

"ကြူးဟို. . . ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲ"

ကြူးဟို ပြုံးလိုက်သည်။

"မင်းကို လုပ်ကြံလိုက်တာလေ"

"ခင်ဗျား"

"မင်းမရှိတော့ဘူးဆိုရင် သိုင်းကျမ်းကို ကျုပ်တစ်ယောက်ထဲ ပိုင်ဆိုင်နိုင်မယ် မဟုတ်လား"

ကြူးဟိုသည် သိုင်းကျမ်းအား အပိုင်စီးနိုင်ရန် ဝါးလွေကို အကောက်ကြံလိုက်ခြင်း ဖြစ်ပါတော့သည်။

ယဉ်ယဉ် အကြီးအကျယ် စိတ်ပျက်သွားတော့သည်။

ဝါးလွေက. . .

"ကျုပ်က ခေါင်းငုံ့ခံနေမယ် ထင်သလား"

တဟုန်ထိုးပြေးဝင်သွားကာ ကြူးဟိုအား တိုက်ခိုက်လိုက်လေသည်။

ကြူးဟိုက လုံးဝအမှုမထားဘဲ မလှုပ်မယှက် ရပ်နေ၏။



ဝါးလွေသည် ကြူးဟိုထံသို့ ပြေးသွားရင်း ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားကာ. . .

"ဝုန်း"

မြေပေါ် လဲကျပြီး မလှုပ်မယှက် ဖြစ်သွားတော့သည်။

"ဟား. . . ဟား. . . ဟား"

ကြူးဟို ဟားတိုက်ရယ်မောလိုက်လေသည်။

"ခုတော့ သိုင်းကျမ်းကို ကျုပ်တစ်ယောက်ထဲ ပိုင်ဆိုင်ရပြီမဟုတ်လား"

ယဉ်ယဉ် ခေါင်းခါယမ်းလိုက်သည်။

"ရှင် မှားနေပြီရှင့်"

ကြူးဟို မျက်မှောင်ကုပ်သွား၏။

"ကျုပ်က ဘာမှားမှားနေလို့လဲ"

ယဉ်ယဉ်က. . .

"ရှင့်လက်ထဲကို သိုင်းကျမ်း ရောက်မလာသေးဘဲ ဘယ်လိုလုပ်ပြီး ပိုင်ဆိုင်နိုင်မှာလဲရှင့်"

"ဘာ"

"ရှင်က ခုချိန်အထိ သိုင်းကျမ်းရမယ်မျှား ထင်နေသေးသလား"

"ကျုပ် ဘာကြောင့်မရနိုင်မှာလဲ"

ယဉ်ယဉ်ဘာမှမပြောဘဲ ပြုံးနေလိုက်လေသည်။

ကြူးဟိုသည် ယဉ်ယဉ်၏အပြုံးမှာ ထူးခြားနေကြောင်း သတိပြုမိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်ထဲ မလုံမလဲဖြစ်လာပြီး နောက်လှည့်ကြည့်လိုက်လေသည်။

"ဟင်"

ကြုံးဟို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

အကြောင်းကား မြေပေါ် လဲကျနေသော မချောင်ဖုံးကိုမတွေ့ရတော့ခြင်းကြောင့် ဖြစ်လေသည်။

ကြုံးဟို ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်ပြီး ယဉ်ယဉ်ဘက်သို့ လှည့်လိုက်လေသည်။

"သူ ဘယ်ရောက်သွားပြီလဲ"

ယဉ်ယဉ်က. . .

"ထွက်ပြေးသွားပြီ"

"ဘယ်ကို ပြေးသွားတာလဲ"

"တောင်ကြားထဲကို ဝင်ပြေးသွားတာပေါ့"

"တောက်"

ကြုံးဟို တက်ခေါက်လိုက်သည်။

"ကျုပ်လက်က လွတ်မယ်များ ထင်နေသလား"

ဟုကြုံးဝါးပြီး တောင်ကြားအတွင်းဘက်သို့ ပြေးလွှားသွားလေသည်။

ယဉ်ယဉ်လည်း ချက်ချင်းပင် တောင်ကြားအပြင်ဘက်သို့ ပြေးလွှားသွားလိုက်လေတော့သည်။

☆ ☆ ☆



## မမျှော်လင့်သောကံကြမ္မာ

တောင်ကြားအဝင်လမ်းသည် ဝက်ပါဝိဇ္ဇာဖြင့် တည်ဆောက်ထားသော ဝက်ပါလမ်းဖြစ်သည်။

တောင်ကြားအတွင်းသို့ ဝင်မည်ဆိုလျှင် လမ်းကဖြောင့်မှန်နေမည်ဖြစ်သည်။

သို့သော်. . .

တောင်ကြားထဲရောက်ပြီး ပြန်ထွက်မည်ဆိုလျှင်ကား လွယ်ကူတော့မည် မဟုတ်ပါ။

အလွန်ထူးခြားသော ဝက်ပါဖြင့် တည်ဆောက်ထားသောတောင်ကြားလမ်း ဖြစ်လေသည်။

ယဉ်ယဉ်က ထွက်ပြေးသွားသော်လည်း ဝက်ပါထဲပိတ်မိကာ တောင်ကြားထဲမှ မထွက်နိုင်ဘဲ ဖြစ်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

ယဉ်ယဉ် ညည်းတွားလိုက်လေသည်။

ထိုစဉ်. . .

"ညည်းက ငါ့ကိုခေါ်သွားမယ်ဆိုရင်တော့ တောင်ကြား ထဲကထွက်နိုင်မှာပဲ"

အားပျော့တိုးညှင်းသော စကားသံ တစ်ချက်ထွက်ပေါ် လာလေသည်။

"ဟင်"

ယဉ်ယဉ် ရင်ထိတ်သွားသည်။

စကားသံ ထွက်ပေါ်လာရာသို့ ကြည့်လိုက်ရာ လမ်း ဘေးချုံပုတ်များကြား၌ လူတစ်ယောက်ရှိနေသည်ကိုတွေ့လိုက် ရလေသည်။

"မေချောင်ဖုံး"

ယဉ်ယဉ် အထိတ်တလန့် ဖြစ်သွားလေသည်။

မေချောင်ဖုံးက. . .

"ညည်း ငါ့ကို ခေါ်သွားနိုင်မလား"

"ကျွန်မ. . ."

"ကြုံးဟိုက တောင်ကြားအတွင်းဘက်ကို ဝင်သွားပြီး ငါ့ကိုရှာလို့ မတွေ့ရင် ပြန်ထွက်လာမှာ သေချာတယ်"

ယဉ်ယဉ် စိုးရိမ်ပူပန်သွား၏။ မေချောင်ဖုံးက. . .

"သူပြန်ထွက်လာရင် ညည်းကော ငါပါ လွယ်မှာမဟုတ် ဘူး"



ယဉ်ယဉ်က. . .

"ဒေါ်ဒေါ်က. . .

"ငါဒဏ်ရာရထားတယ်၊ လမ်းမလျှောက်နိုင်တော့ဘူး"

"ကောင်းပါပြီ၊ ကျွန်မ ကူညီပါ့မယ်"

ယဉ်ယဉ်က မေချောင်ဖုံးအနီးသို့ ချဉ်းကပ်သွားလိုက် သည်။

မေချောင်ဖုံးအား ချုံပုတ်များကြားမှ တွဲထုတ်လိုက်ပြီး

"ကျွန်မတို့ သွားကြတာပေါ့"

"အင်း. . . သည်ဘက်ကိုလာ"

မေချောင်ဖုံးက လမ်းပြပေးလေသည်။

သူမ လမ်းမလျှောက်နိုင်သည့်အပြင် ခွန်အားလုံးဝမရှိ တော့သဖြင့် ယဉ်ယဉ် မတတ်သာတော့ဘဲ ကုန်းပိုး၍ခေါ်သွား ရလေသည်။

သို့ဖြင့်. . .

ကြုံးဟို ပြန်ရောက်မလာမီ ဝက်ပါထဲမှ လွတ်မြောက် သော တောင်ကြားအပြင်ဘက်သို့ ရောက်ရှိသွားကြလေတော့ သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါတောင်ကြားနှင့် သုံးမိုင်ခန့်အကွာတွင် မြို့ကလေးတစ်မြို့ ရှိလေသည်။

ကြီးဟိုသည် တောင်ကြားအတွင်းဘက်သို့ ဝင်ရောက်မွှေနှောက်ကာ လိုက်လံရှာဖွေခဲ့သော်လည်း မချောင်ဖိုး၏ အရိပ်အရောင်ကိုပင် မတွေ့ရပါ။

ယဉ်ယဉ်က သူ့အားလှည့်စားခဲ့ခြင်းဖြစ်ကြောင်း ရိပ်မိသွားကာ တောင်ကြားအဝင်လမ်းသို့ ပြန်လာခဲ့လေသည်။

ဇရပ်လေးရှေ့၌ ယဉ်ယဉ်ကိုလည်း မတွေ့ရတော့လျှင် ကြီးဟို ဒေါသထွက်သွားတော့သည်။

"ငါ့ကို လှည့်စားသွားကြတာကိုး။ သိကြသေးတာပေါ့"

တောင်ကြားအပြင်ဘက်သို့ ပြေးထွက်ကာ လိုက်လံရှာဖွေတော့သည်။

အမှန်တော့. . .

ယဉ်ယဉ်နှင့် မချောင်ဖိုးတို့သည် အဝေးသို့ထွက်ပြေးသွားခြင်းမပြုဘဲ တောင်ကြားနှင့် မလှမ်းမကမ်းတစ်နေရာ၌ ပုန်းအောင်းနေခဲ့ကြလေသည်။

ကြီးဟိုက တောင်ကြားထဲမှထွက်ကာ လိုက်လံရှာဖွေနေသည်ကို သူမတို့ တွေ့မြင်ခဲ့လေသည်။

သူတို့ ပုန်းအောင်းရာမှ မထွက်ဘဲနေခဲ့ကြလေသည်။

ကြီးဟိုက အဝေးသို့ထွက်သွားပြီး မကြာမီ ပြန်လည်ရောက်ရှိလာသည်။ တောင်ကြားထဲသို့ ဝင်သွားပြီး မွှေနှောက်ရှာဖွေပြန်သည်။



သို့ဖြင့်. . .

ကြီးဟိုက မကျေမနပ်ဖြင့် ထွက်သွားလိုက် ပြန်ရောက်အသိုက်ဖြင့် ရှာဖွေနေသည်ကို ယဉ်ယဉ်တို့ သုံးရက်လုံးလုံး သည်းခံစောင့်ဆိုင်းနေခဲ့ကြရလေသည်။

နောက်ဆုံး ကြီးဟို လက်လျှော့ကာ ထွက်သွားတော့မှ စိတ်သက်သာရာ ရသွားကြလေသည်။

မချောင်ဖိုးက. . .

"ငါတို့ တောင်ကြားထဲကို ပြန်သွားကြမယ်"

ဟုပြောရာ ယဉ်ယဉ်လည်း သဘောတူလိုက်ရလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားအတွင်းပိုင်း၌ ကျောက်ဂူကြီးတစ်ခု ရှိလေသည်။

ထိုကျောက်ဂူကြီးမှာ မေချောင်ဖုံး၏အိမ်ပင် ဖြစ်လေသည်။

ကြုံးဟိုက သူမတို့အား ရှာဖွေမတွေ့သဖြင့် ဖျက်ဆီးထားရာ ကျောက်ဂူထဲမှ မေချောင်ဖုံး၏ပစ္စည်းများ ပျက်စီးချင်တိုင်း ပျက်စီးနေပါတော့သည်။

မေချောင်ဖုံး ခံပြင်းဒေါသထွက်သွားသော်လည်း ဘာမှမတတ်နိုင်အောင် ဖြစ်နေပါတော့သည်။

သူမသည် ဝှက်ထားသည့်တစ်နေရာမှ ကြေးသေတ္တာလေးတစ်လုံး ထုတ်ယူခိုင်းလေသည်။

ယဉ်ယဉ်က သူမ စေခိုင်းသည့်အတိုင်း တသွေမတိမ်းလုပ်ကိုင်ဆောင်ရွက်ပေးလိုက်၏။

မေချောင်ဖုံးက သေတ္တာလေးထဲမှ ဆေးပုလင်းလေးတစ်လုံးနှင့် စာအုပ်ကလေးတစ်အုပ် ထုတ်ယူလိုက်သည်။

"ဒါ သူတို့ မက်မောနေတဲ့ ခုံတုံဂိုဏ်းရဲ့ ပဥ္စလက်သိုင်းကျမ်းပေါ့၊ ငါတ မအိပ်မနေ ကြိုးစားလေ့ကျင့်ခဲ့ပေမယ့် သိုင်းကျမ်းမှာ ပါဝင်တဲ့ သိုင်းပညာတွေကို ဆုံးခန်းတိုင်အောင် မရခဲ့သေးဘူး"

ယဉ်ယဉ်သည် လူမမာကြီးလုံးလုံး ဖြစ်နေသည့် မေချောင်ဖုံးကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေပါတော့သည်။

မေချောင်ဖုံးက ဆေးပုလင်းလေးကို ပြကာ. . .



"ဒါ အင်မတန် အစွမ်းထက်တဲ့ အသက်ကယ်ဆေးတစ်မျိုးပဲ၊ သည်ဆေးကို သောက်လိုက်ပြီးရင် ငါ့ရဲ့ဝေဒနာတွေ သက်သာပျောက်ကင်းသွားမှာပဲ"

သူမ အသက်ကယ်ဆေးကို ချောချောမောမော သောက်နိုင်အောင် ယဉ်ယဉ် ကူညီဖေးမပေးရလေသည်။

မေချောင်ဖုံးက အသက်ကယ်ဆေး သောက်ပြီး သိုင်းကျမ်းကို ရင်ခွင်ပိုက်ကာ အနားယူရင်း အိပ်ပျော်သွားလေသည်။

ယဉ်ယဉ်လည်း သူမအား ဂရုဏာသက်ကာ အနီးမှနေ၍ လိုလေသေး မရှိအောင် ပြုစုစောင့်ရှောက်နေခဲ့လေသည်။

မေချောင်ဖုံး အိပ်ပျော်ရာမှ နိုးလာသောအခါ ယဉ်ယဉ်က သူမအား မှည့်တစ်ပေါက် မစွန်းအောင် စောင့်ရှောက်နေသည်ကို တွေ့ရလျှင် အံ့ဩသွားလေသည်။

"ညည်း ထွက်မသွားသေးဘူးလား"

ယဉ်ယဉ်က. . .

"ကျွန်မက ဒေါ်ဒေါ်ကို စိတ်မချလို့ ထွက်မသွားသေးတာပါ"

မေချောင်ဖုံးသည် သိုင်းကျမ်းလည်း မပျောက်မပျက်ရှိနေသည်ကို တွေ့ရလျှင် ပိုပြီး အံ့ဩသွားလေသည်။

"ညည်းက သိုင်းကျမ်းကို မမက်မောဘူးလား"

ယဉ်ယဉ် ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်မ မမက်မောပါဘူးရှင်"

မေချောင်ဖုံးက. . .

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ညည်းက ဘယ်သူလဲ"

"ကျွန်မက ယဉ်ယဉ်ပါရှင်"

"ဘယ်လိုလုပ်ပြီး သည်တောင်ကြားကို ရောက်လာတာလဲ ပြောစမ်းပါဦး"

"ကျွန်မအဖြစ်က သည်လိုပါရှင်"

ယဉ်ယဉ်က သူမ အကြောင်းကို အမှန်အတိုင်း ပြောပြလိုက်သည်။ မေချောင်ဖုံး သက်ပြင်းချလိုက်လေသည်။

"ညည်းက ယူနန်သိုင်းသမားတွေနဲ့ ဘာမှ မပတ်သက်ဘဲကိုး"

"ဟုတ်ကဲ့ မပတ်သက်ပါဘူးရှင်"

"ကောင်းပြီ၊ ညည်းက ကျွန်းနန်ကို မသွားနဲ့တော့၊ ငါနဲ့ သည်မှာပဲ နေပါ"

"ရှင်"

"ငါက ညည်းကို စောင့်ရှောက်ထားမယ်၊ သိုင်းပညာ သင်ပေးမယ်၊ နောက်ဆို ညည်းကို ဘယ်သူကမှ မနှောင့်ယှက် မစော်ကားဝံ့စေရဘူး ၊ ဘယ့်နှယ်လဲ"

"ကျွန်မ. . ."

ယဉ်ယဉ် မည်သို့ ပြောရမှန်းမသိ ဖြစ်နေ၏။

မေချောင်ဖုံးက. . .

"ငါက အသက်ကယ်ဆေးသောက်ခဲ့ပြီးပြီ၊ အတွင်းအားထုတ်ပြီး သွေးကြောတွေအတိုင်း လှည့်ပတ်စီးဆင်းစေတဲ့အခါမှာ ငါဟာ. . ."



သူမ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

သူမ၏မျက်နှာတွင် အလွန်ဝမ်းနည်းကြေကွဲသည့် အရိပ်သဏ္ဌာန်များ ပေါ်လွင်လာလေသည်။

ယဉ်ယဉ် ရင်ထိတ်သွား၏။

"ဒေါ်ဒေါ် ဘာများ ဖြစ်လို့လဲဟင်"

မေချောင်ဖုံးက. . .

"ငါ့ရဲ့ အတွင်းကလီစာတစ်ချို့ ပျက်စီးသွားတဲ့အပြင် သိုင်းပညာအသုံးပြုလို့ မရတော့ဘူးဆိုတာ ငါစစ်ဆေးတွေ့လိုက်ရတယ်"

"ရှင်"

"ငါဟာ အသက်ရှင်နေပေမယ့် သေဆုံးတဲ့ လူတစ်ယောက်လို ဖြစ်သွားပြီ၊ ဘာပဲဖြစ်ဖြစ် ငါအသက်ရှင်နေဖို့ အချိန်အင်မတန်နည်းနေပြီ"

ယဉ်ယဉ်က. . .

"မဖြစ်နိုင်တာရှင်၊ သမားတော်တစ်ဦးဦးဆီကို သွားပြီး ဆေးကုသခံယူလိုက်ရင် ဒေါ်ဒေါ် ခံစားနေရတဲ့ ဝေဒနာတွေ သက်သာပျောက်ကင်းသွားမှာပါ"

သူမ အားပေးစကား ပြောလိုက်ရာ မေချောင်ဖုံး မချိပြုံးပြုံးလိုက်လေသည်။

"ငါက သိုင်းလောကထဲမှာ နေလာတာကြာပြီ၊ တိုက်ပွဲပေါင်း အများကြီး တိုက်ခဲ့တယ်၊ ဒဏ်ရာအမျိုးမျိုးရခဲ့တယ်၊ ငါ့အခြေအနေကို ငါအသိဆုံးပါ၊ သည်တစ်ခါ ငါ့ကို ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com



တယ်တင်နိုင်တော့မှာ မဟုတ်ဘူး"

"ဒေါ်ဒေါ်ရယ်"

ယဉ်ယဉ် ညည်းတွားလိုက်လေသည်။

မေချောင်ဖုံးက. . .

"ငါ့တစ်သက်လုံး ငါ့ကို မုန်းတီးတဲ့လူ၊ သတ်ပစ်ချင်တဲ့လူ၊ ဒုက္ခပေးချင်တဲ့လူတွေပဲ တွေ့ခဲ့ရတယ်၊ ငါ့ကို ကြင်နာစိတ်ထားပြီး ဂရုစိုက်တဲ့ လူဆိုလို့ ညည်းတစ်ယောက်ပဲ ရှိသေးတယ်"

ယဉ်ယဉ် ဘာမှမပြောဘဲ နေလိုက်လေသည်။

မေချောင်ဖုံး စကားဆက်လိုက်သည်။

"ငါ့ကို ကြင်နာခဲ့တဲ့ ညည်းကို ငါကလည်း တုန့်ပြန်ရမှာပေါ့လေ၊ ညည်းကို ငါသိုင်းပညာသင်ပေးမယ်"

"ကျွန်မ. . ."

"ငါ့စကား နားထောင်ပါ၊ ကြူးဟိုတ အချိန်မရွေး ပြန်ရောက်လာနိုင်တယ်၊ သူက ညည်းကိုလည်း ချမ်းသာပေးမှာမဟုတ်ဘူး၊ ဒါကြောင့် သူ့ကို ရင်ဆိုင်နိုင်အောင် ညည်း သိုင်းပညာတတ်ထားမှဖြစ်မယ်"

ကြူးဟိုသည် သိုင်းကျမ်းကို ရသည့်တိုင်အောင် လူသိမခံလို့၍ သူမကို နှုတ်ပိတ်သုတ်သင်ပစ်မည် ဖြစ်ကြောင်း ယဉ်ယဉ် နားလည်မိလေသည်။

မေချောင်ဖုံးက. . .

"ငါသေဆုံးသွားပြီးရင် ညည်းက ဝါးစိမ်းသီလရှင်ဆီကို ရောက်အောင်သွားပါ၊ သူဟာ ခုံတုံဂိုဏ်းအပေါ်မှာ ဩဇာ



ညောင်းသူ ဖြစ်တယ်၊ သူ့ကို အကျိုးအကြောင်း ပြောပြပြီး သိုင်းကျမ်းကို မူလပိုင်ရှင် ခုံတုံဂိုဏ်းကို ပြန်ပို့ပေးဖို့ ငါက မေတ္တာရပ်ခံတဲ့အကြောင်း ပြောပြပါ၊ ဝါးစိမ်းသီလရှင်ဟာ သဘောကောင်းပြီး စိတ်ထားမြင့်မြတ်သူတစ်ယောက်ပါ၊ အားလုံး အဆင်ပြေသွားပါလိမ့်မယ်"

ယဉ်ယဉ်လည်း မေချောင်ဖုံးမှာ ကြာကြာနေရတော့မည် မဟုတ်ကြောင်း ရိပ်မိသဖြင့် သူမ စိတ်ချမ်းသာစေရန် သဘောတူလိုက်ရလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



# လွဲမှားသောမာန

ရှုပ်ထွေးပွေလီလှသော သိုင်းလောကသည် ဆားထင်းအတွက်ကား အလွန်ပျော်ရွှင်စရာကောင်းသော လောကတစ်ခု ဖြစ်နေပါတော့သည်။

ဆားမျိုးနွယ် ညီနောင်၏မြေး သူရဲကောင်းလေး 'ဆားထင်း'အဖြစ် အများက လေးလေးစားစား ဆက်ဆံကြသည်။

ရောက်လေရာအရပ်တွင် ခေါ်ပြောနှုတ်ဆက်လိုသူများ၊ ကျွေးမွေးဧည့်ခံလိုသူများချည့်သာ ဖြစ်နေ၏။

ဆားထင်းအဖို့ ဘာလုပ်လုပ် တင့်တယ်နေခဲ့လေတော့သည်။

ဆားထင်းက သိုင်းလောကထဲ ကျင်လည်ရင်း အများအကျိုး ဆောင်ရွက်ခဲ့သည်။



တစ်ဘက်တစ်လမ်းကလည်း 'ဝမ်းရှ' အကြောင်းကို စုံစမ်းခဲ့လေသည်။

သို့ဖြင့်. . .

သူ ဘယ်လောက်ပဲ နာမည်ကြီးလာပါစေ ဝမ်းရှ၏ ခြေအားကို မမှီနိုင်ကြောင်း တဖြည်းဖြည်း သိလာခဲ့ရတော့သည်။

ဝမ်းရှနှင့် ယှဉ်လျှင် သူက ဘေးသို့ ရောက်သွားသည်ချည့် ဖြစ်သည်။

သူ၏ဂုဏ်သတင်း မှေးမှိန်သွားရသည်ချည့် ဖြစ်သည်။

"အားလုံးက ဝမ်းရှမှ ဝမ်းရှ ဖြစ်နေကြပါလား"

ဆားထင်း မကျေနပ်နိုင်အောင် ဖြစ်လာလေသည်။

ဝမ်းရှအား မနာလို မရှုစိမ့် ဖြစ်လာတော့သည်။

"ဝမ်းရှကို စိန်ခေါ်ယှဉ်ပြိုင်ပြီး အနိုင်ယူပြလိုက်ရင် သိုင်းလောကတစ်ခုလုံး အံ့ဩသွားပြီး ငါ့ကို ဦးညွှတ်လာကြမှာပဲ"

ဟူသော စိတ်ရိုင်းများလည်း ဝင်ရောက်လာလေသည်။

ဆားထင်း ထားရှိသည့် မာနတရားမှာ လွဲမှားသော မာနတရား ဖြစ်နေပါတော့သည်။

ထိုလွဲမှားသော မာနက ဆားထင်းအား အိပ်မပျော် စားမဝင် ဖြစ်လာစေခဲ့တော့သည်။

ရင်ထဲ ပူလောင်ပြင်းပျစေခဲ့လေတော့သည်။

သို့သော် ဆားထင်းသည် သူ၏အယူအဆ လွဲမှားနေသည်ကို သတိမပြုမိဘဲ ဝမ်းရှအား စိန်ခေါ်ယှဉ်ပြိုင်နိုင်ဖို့သာ အလေးထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှ၏သတင်းကို စုံစမ်းကာ ဝမ်းရှ နောက်သို့ တကောက်ကောက် လိုက်တော့သည်။

ဆားထင်း၏လွဲမှားသော လုပ်ရပ်များကြောင့် နောက်ပိုင်းတွင် ဝမ်းနည်းကြေကွဲစရာ ဖြစ်ရပ်များ ပေါ်ပေါက်လာခဲ့ရလေတော့သည်။

☆ ☆ ☆

ဝမ်းရှတ ထုံစံအတိုင်း သိုင်းလောကတစ်ခွင် လှည့်လည်ကာ အများအကျိုး ဆောင်ရွက်နေခဲ့လေသည်။

သူက သိုင်းသမားဆိုးများအကြောင်း စုံစမ်းခဲ့သလို သူ၏အကြောင်း လိုက်လံစုံစမ်းနေသူတစ်ဦး ရှိနေသည်ကို နောက်ပိုင်း သိရှိခဲ့လေသည်။

ဆားအဘိုးအို နှစ်ယောက်၏မြေး ဆားထင်းက သူနှင့် သိုင်းပညာ ယှဉ်ပြိုင်ရန် သံကြီးမဲကြီး ဖြစ်နေကြောင်း သိရလျှင် ဝမ်းရှ စိတ်ပျက်သွားလေသည်။

ဆားထင်းနှင့် မတွေ့ရလေအောင် ဝရှိစိုက် ရှောင်ရှားနေလိုက်သည်။

သို့တိုင်. . .

တစ်နေ့တွင် မမျှော်လင့်ဘဲ ဆားထင်းနှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့လိုက်ရလေသောအခါ ဝမ်းရှ အခက်ကြုံခဲ့ရလေတော့သည်။



ဝမ်းရှသည် အလွန်ဆိုးရွားလှသည့် အခြေအနေ တစ်ရပ်နှင့် ကြုံတွေ့ခဲ့ရတော့သည်။

ထို့နောက်. . .

လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သူရဲကောင်း ဝမ်းရှမှာ သိုင်းလောကမှ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့လေတော့သည်။

☆ ☆ ☆

တစ်နေ့. . .

စားသောက်ဆိုင်လေးတစ်ဆိုင်၌ ဖြစ်သည်။

မြို့ခံသိုင်းသမား သုံးယောက် ဝိုင်းဖွဲ့စားသောက်နေကြသည့် ဆိုင်ထဲသို့ ဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက် ဝင်လာလေသည်။

ထိုအချိန်တွင် ဆိုင်ထဲ၌ ဩဇာကြီးသော ပွဲစားကြီးတစ်ဦးလည်း ရောက်ရှိနေရကား ပွဲစားကြီးသည် ဝင်လာသည့် လူရွယ်အား မနှစ်မြို့စွာ ကြည့်လိုက်လေသည်။

ဆင်းရဲနွမ်းပါးသော လူရွယ်က ဆိုင်လုလင်တစ်ယောက်အား. . .

"ကျုပ်ကို အသားလွတ် ပေါက်စီ နှစ်လုံးလောက် ရောင်းပါ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးအပေါ်ဆုံး အသားလွတ်ပေါက်စီကို မှာလိုက်ခြင်း ဖြစ်သည်။

ဆိုင်လုလင်က ယူပေးရန် ဟန်ပြင်စဉ် ပွဲစားကြီးက လှမ်းပြောလိုက်လေသည်။

"ဟေ့. . . မင်းတို့ဆိုင်မှာ လာသမျှလူကို လက်ခံနေမယ်ဆိုရင် နောက်နောင် ကျုပ် ဘယ်တော့မှ မလာတော့ဘူး"

ပွဲစားကြီးမှာ ဤဆိုင်၏ဖောက်သည်တစ်ဦး ဖြစ်ပြီး အသန့်အပြန့်ကြိုက်ကာ အလွန်ဇိဇာကြောင်သူ ဖြစ်ကြောင်း အားလုံးသိထားကြပေသည်။

ဆိုင်လုလင်က ဆိုင်ရှင်ကို ကြည့်လိုက်သောအခါ ဆိုင်ရှင်က မသိမသာ ခေါင်းညိတ်ပြလိုက်လေသည်။

ဆိုင်လုလင်လည်း လူရွှယ်ထံသို့ ပြန်သွားပြီး. . .

"အသားလွတ်ပေါက်စီ မရှိတော့ပါဘူးဗျာ"

ဟု ပြောလိုက်သည်။

လူရွှယ်က. . .

"ဒါဆို ဈေးနည်းနည်းနဲ့ ရနိုင်မယ့် တခြားစားစရာတစ်ခုခု. . ."

"ဝမ်းနည်းပါတယ်ဗျာ၊ သည်ကနေ့ ဘာမှ ရောင်းစရာ မရှိတော့ပါဘူး"

ဆိုင်လုလင်၏စကားကြောင့် လူရွှယ် မတတ်နိုင်တော့ပါချေ။

"ကောင်းပြီလေ၊ ကျုပ်သွားတော့မယ်"



သူက ပွဲစားကြီးအား လုံးဝမကြည့်ဘဲ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

ထိုအဖြစ်အပျက်ကို တွေ့မြင်လိုက်သည့် မြို့ခံသိုင်းသမားသုံးယောက် အချင်းချင်း ကြည့်လိုက်ကြလေသည်။

တစ်ယောက်က. . .

"ပွဲစားကြီးက ဇိဇာကြောင်လွန်းပါတယ်"

ဟု မှတ်ချက်ချလိုက်သည်။

ဒုတိယလူက. . .

"ဟိုလူအတွက် စိတ်မကောင်းစရာဘဲ၊ ဒါထက် ကျုပ်ဘာသူ့ကို တွေ့ဖူးသလိုပဲ"

တတိယလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက ကျုပ်သိတဲ့ လူတစ်ယောက်နဲ့ တူနေသလိုပဲ"

ပထမလူက. . .

"ဘယ်သူလဲဗျ"

"သူရဲကောင်းဝမ်းရှ"

ထိုစကားကြောင့် ကျန်နှစ်ယောက် ဟင်ခနဲ ဟာခနဲ ဖြစ်သွားကြလေသည်။

တတိယလူက. . .

"ဟုတ်တယ်၊ ကျုပ်က သိုင်းလောကထဲမှာသူရဲကောင်းဝမ်းရှကို တွေ့မြင်ခဲ့ဖူးတယ်၊ သူဟာ ပျောက်ဆုံးနေတဲ့ သူရဲကောင်းဝမ်းရှပဲ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုင်ရာမှထကာ ဆိုင်အပြင်ဘက် ပြေးထွက်သွားလေသည်။

ကျန်အဖော်နှစ်ယောက်ကလည်း ဒရောသောပါး ပြေးလိုက်သွားကြလေသည်။

သူတို့၏အပြုအမူကြောင့် ဆိုင်ရှင်၊ ဆိုင်လုလင်နှင့် ဖွဲ့စားကြီးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

သိုင်းသမားသုံးယောက် ဆိုင်အပြင်ဘက် ရောက်ရှိသွားကြပြီး ရှာဖွေကြည့်လိုက်ကြသောအခါ ဆင်းရဲမွဲတေသော လူရွယ်အား မတွေ့ရတော့ပါ။

လူရွယ် ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

လူရွယ်အား ရှာမတွေ့တော့သဖြင့် သိုင်းသမားသုံးယောက် အားမလို အားမရ ဖြစ်သွားကြလေတော့သည်။

☆ ☆ ☆



## မေ့မရတဲ့သူ

ဝက်ပါတောင်ကြား. . .။

ယဉ်ယဉ်သည် ဝက်ပါတောင်ကြားအတွင်း၌ မေချောင်ဖိုးနှင့်အတူ နေထိုင်ခဲ့လေသည်။

မေချောင်ဖိုးက သူမအား သိုင်းပညာသင်ပေးသည်။

သိုင်းလောကမှ သိုင်းဂိုဏ်းများအကြောင်း။

ထူးခြားထက်မြက်သော သိုင်းပညာရပ်များအကြောင်း။

ရှောင်လင်ကျောင်းထိုင်ကဲ့သို့ ဝါရင့်သိုင်းသမားကြီးများအကြောင်း။

သိုင်းလောက ဗဟုသုတများကိုလည်း ပြောပြခဲ့လေသည်။

ယဉ်ယဉ်မှာ မေချောင်ဖိုးနှင့် အချိန်ကြာကြာ နေခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်သော်လည်း နေထိုင်ခဲ့ရသည့် တိုတောင်းသော အချိန်ကာလလေးမှာပင် သိုင်းသမားတစ်ယောက်အဖြစ် ပြောင်းလဲသွားခဲ့တော့သည်။

မေချောင်ဖုံးသည် ပဋ္ဌလက်သိုင်းကျမ်း၌ ပါဝင်ပြီး သူမ လေ့ကျင့်အောင်မြင်ခဲ့သော အကောင်းဆုံး သိုင်းကွက်များအား ယဉ်ယဉ်ကို သင်ကြားပေးခဲ့သည်။

ယဉ်ယဉ်မှာ အချိန်တိုအတွင်း ထိပ်တန်းသိုင်းကွက်များကို သင်ယူတတ်မြောက်ခဲ့ခြင်း ဖြစ်လေသည်။

ခြောက်လ. . .

ခြောက်လဟူသော အချိန် ကုန်ဆုံးသွားပြီးနောက် မေချောင်ဖုံး ကွယ်လွန်သွားခဲ့သည်။

ယဉ်ယဉ်လည်း မေချောင်ဖုံး၏အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသဂြိုဟ်ပြီးလျှင် ဝက်ပါတောင်ကြားထဲမှ ထွက်ခွာလာခဲ့လေတော့သည်။

☆ ☆ ☆



ဝက်ပါတောင်ကြားသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ယဉ်ယဉ်က ဝါးစိမ်းသီလရှင်ထံသို့ သွားရန် ရည်ရွယ်ကာ ခရီးထွက်လာခဲ့လေသည်။

ဝက်ပါတောင်ကြား အပြင်ဘက်သို့ ရောက်ပြီး မကြာမီ

"ရပ်လိုက်"

အော်ငေါက်သံနှင့်အတူ လူတစ်ယောက်က လမ်းပိတ်ဟန့်တားလိုက်လေသည်။

ယဉ်ယဉ်မှာ ဟန့်တားသူကို တွေ့မြင်လိုက်ရလျှင် ရင်ထိတ်သွားလေသည်။

"ဟင် ကြူးဟို"

ဟန့်တားသူကား ယူနန်သိုင်းငါးဖော်မှ နောက်ဆုံး ကျန်ရစ်ခဲ့သော ကြူးဟို ဖြစ်လေသည်။

ကြူးဟို ရယ်မောလိုက်သည်။

"မင်းက ငါ့ကို မှတ်မိသလို ငါကလည်း မင်းကို မှတ်မိပါတယ်လေ၊ ကဲ. . . ပြောစမ်း၊ မေချောင်ဖုံး ဘယ်မှာလဲ"

ယဉ်ယဉ်က. . .

"သူ ကွယ်လွန်သွားပါပြီရှင်"

ကြူးဟိုက. . .

"ဒါဖြင့် သိုင်းကျမ်းကော"

ယဉ်ယဉ်က. . .

"သူ နောင်တရသွားပါပြီ၊ သိုင်းကျမ်းကို ခုတုံ့ဂိုဏ်းကို

www.burmeseclassic.com



ပြန်ပေးဖို့ မှာကြားသွားပါတယ်ရှင်”

ကြုံးဟို့ နှာခေါင်းရှုံ့လိုက်သည်။

“အေး. . . ငါ့ကို မပေးဘူးဆိုရင် မင်းကို သတ်ရလိမ့်မယ်”

ယဉ်ယဉ် လက်မခံပါ။

“ဝမ်းနည်းပါတယ်ရှင်၊ မပေးနိုင်ပါဘူး”

“ကောင်းပြီ”

ကြုံးဟို့ တိုက်ခိုက်လိုက်သောအခါ ယဉ်ယဉ်လည်း ပြန်လည်ခုခံ ရင်ဆိုင်လိုက်လေသည်။

ကြုံးဟို့မှာ ထိပ်တန်းသိုင်းသမားတစ်ဦး ဖြစ်သော်လည်း ယခုအချိန်၌ သူတစ်ဦးတည်း ဖြစ်နေပြီး ယဉ်ယဉ်ကလည်း သိုင်းပညာတတ်မြောက်ထားပြီ ဖြစ်ရကား များမကြာမီ ကြုံးဟို့ အရေးနိမ့်သွားလေတော့သည်။

☆ ☆ ☆



ကျန်းနန်နယ်. . .။

ယဉ်ယဉ်သည် ကြုံးဟို့အား ဆုံးမပြီးနောက် ကျန်းနန်နယ်သို့ ရောက်ရှိသွားလေသည်။

သူမ၏ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာခြင်းကြောင့် ဝမ်းနည်းဝမ်းသာ ဖြစ်ရလေသည်။

သို့တိုင် အရွယ်ရောက်ကြီးပြင်းနေပြီ ဖြစ်ရကား စိတ်ကို ထိန်းချုပ်နိုင်ခဲ့လေသည်။

သူမသည် ဝါးစိမ်းသီလရှင်၏သတင်းကိုလည်း အလွယ်တကူပင် စုံစမ်းသိရှိခဲ့လေသည်။

ဝါးစိမ်းသီလရှင်ထံ အရောက်သွားကာ ဝမ်းရှပေးလိုက်သော စာကိုပြပြီး အကျိုးအကြောင်း ရှင်းပြလိုက်သည်။

တဖန်. . .

မေချောင်ဖုံးနှင့် ခုံတုံကိုဏ်းမှ သိုင်းတျမ်းကိစ္စတို့ကိုလည်း ပြောပြလိုက်လေသည်။

ဝါးစိမ်းသီလရှင်မှာ သဘောမနောကောင်းပြီး စိတ်ထားမြင့်မြတ်သူ ဖြစ်လေသည်။

ထို့ကြောင့်. . .

ယဉ်ယဉ်ကို ဂရုဏာသက်သွားပြီး. . .

“ကျုပ်က သိုင်းလောက,က အနားယူဖို့ ဆုံးဖြတ်ပြီးပြီ၊ ဒါပေမယ့် မိန်းကလေး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဘဝခရီး လျှောက်လှမ်းနိုင်အောင် သိုင်းပညာတစ်ချို့ သင်ပေးလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ယဉ်ယဉ်ကို လက်ခံပြီး သိုင်းပညာသင် ကြားပေးလေသည်။

ဝါးစိမ်းသီလရှင်ထံမှ သိုင်းပညာအချို့ ရရှိလိုက်သဖြင့် ယဉ်ယဉ်လည်း ထိပ်တန်းသိုင်းပညာ ရှိသော မိန်းကလေးတစ် ယောက် ဖြစ်မှန်မသိ ဖြစ်လာခဲ့လေတော့သည်။

☆ ☆ ☆

နွေ. . .။

မိုး. . .။

ဆောင်း. . .။

ရာသီများ ပြောင်းလဲသွားခဲ့လေသည်။

ဝါးစိမ်းသီလရှင်က သူမ၏ဆုံးဖြတ်ချက်အတိုင်း သိုင်း လောကမှ အနားယူသွားခဲ့ပြီဖြစ်သည်။

ယဉ်ယဉ်လည်း သိုင်းပညာ ရရှိခဲ့သည့်အပြင် ပဉ္စလတ် ကျမ်းကို ခုံတုံဂိုဏ်းသို့ ပြန်လည်ပို့ဆောင်ပေးပြီးပြီ ဖြစ်၍ လွတ် လပ်သွားလေသည်။

သူမသည် ကျေးဇူးရှင် သူရဲကောင်းဝမ်းရှအား တစ်နေ့ မျှမေ့မရခဲ့ပါ။

ဝါးစိမ်းသီလရှင်ထံမှ ထွက်လာခဲ့ပြီးနောက် ဝမ်းရှ၏ သတင်းကို စုံစမ်းခဲ့လေသည်။ ဝမ်းရှကား သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။



ထို့ကြောင့်. . .

ယဉ်ယဉ် သတင်းစုံစမ်းခဲ့ရာမှ ဝမ်းရှသည် ဆားအဘိုး အိုနှစ်ဦး၏ မြေးဖြစ်သူ 'ဆားထင်း'ကို သတ်ဖြတ်ကာ ထွက်ပြေး ရှောင်တိမ်းသွားသည်ဟု သိလိုက်ရသဖြင့်. . .

"တစ်ခုခုတော့ မှားနေပြီ၊ အစ်ကိုဝမ်းရှကို လိုက်ရှာပြီး ဘူညီရမယ်"

ဟု ဆုံးဖြတ်လိုက်လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## သံမဏိမားပျော့ပိုင်ရှင်

နေဝင်ဆည်းဆာအချိန် ဖြစ်သည်။

ဝင်လုဆဲ နေရောင်ခြည်၏ အလင်းအား မှိန်ဖျော့ပျောင်းလဲမှုအောက်တွင် ချန်အန်းမြို့ကလေးကို မြင်ရသည်မှာ ကြည်နူးဖွယ် လှပသာယာလျက်ရှိ၏။

ချန်အန်းမြို့သည် အမှန်တကယ် သာယာလှပသော မြို့လေးတစ်မြို့ ဖြစ်သည်။

ကုန်ရောင်းကုန်ဝယ် သွားလာသူများ၏ ခရီးတစ်ထောက် မြို့ကလေးပီပီ မြို့ဝင်လမ်းမတစ်လျှောက်တွင် ကြီးမားထည်ဝါသော စားသောက်ဆိုင်များ၊ တည်းခိုခန်းများတွင်လည်း အရောင်အသွေး စုံလင်သော သူများနှင့် စည်ကားလျက် ရှိနေသည်။



ထိုအချိန်တွင်. . .

မျက်နှာကို ဝါးခမောက် ခပ်ငိုက်ငိုက်ဆောင်းထားသော လူတစ်ယောက်သည် လေးလံသော ခြေလှမ်းများဖြင့် မြို့တွင်းသို့ လှမ်းဝင်လာသည်။

ထိုလူသည် ဟောင်းနွမ်းညစ်ပေလျက် ရှိသော အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

သူ၏အဝတ်အစားများ ညစ်ပေစုတ်ပြတ်နေသဖြင့် လူအများက ရှောင်ရှားသွားလာနေကြသည်။

သို့သော်. . .

တစ်ယောက်သော သူက စိတ်ဝင်စားလျက် ရှိသည်။

ထိုသူ၏အမည်မှာ စာကလေး ဖြစ်လေသည်။

စာကလေးသည် နေရာတကာ စပ်စုတတ်သော လူတစ်ယောက်ဖြစ်လေသည်။

ယခုလည်း ဟောင်းနွမ်းစုတ်ပြတ်နေသည့် အကျီပိုင်ရှင်ကိုကြည့်ပြီး စပ်စုလိုစိတ်များ ဖြစ်ပေါ်လာဟန်တူ၏။

ပိုးသားမီးအိမ်၏အရောင်ဖြင့် ထိန်ထိန်လင်းနေသော စားသောက်ဆိုင်များ၊ တည်းခိုခန်းများကို စောင့်ငဲ့၍မကြည့်ဘဲ ဖြတ်လျှောက်သွားသော ခမောက်ဆောင်းထားသူကို လူအများအမူဆိုက်ကြည့်နေသည်။

ခမောက်ဆောင်းထားသူသည် ခရီးဝေးကို ခြေကျင်ခရီးနှင်ခဲ့သူ ဖြစ်လေသည်။

ထို့ကြောင့် ပင်ပန်းနွမ်းနယ်နေပြီး ဆာလောင်မွတ်

www.burmeseclassic.com

www.burmeseclassic.com



သိပ်လှျက်ရှိသည်။

သူ့အတွက် နားနေအိပ်စက်ရန် နေရာတစ်ခုနှင့် စားသောက်ရန် အစားအသောက် လိုအပ်လျှက်ရှိသည်။

သို့ပါလျှက် စားသောက်ဆိုင်များ၊ တည်းခိုခန်းများကို ဖြတ်ကျော်လာခဲ့ခြင်းမှာ ငွေကြေးမပြည့်စုံသောကြောင့် ဖြစ်သည်။

သူ့တွင်ရှိသော ငွေကြေးမှာ ညံ့ဖျင်းပြီး ဈေးသက်သာသော အရက်နှင့် အစားအစာများကို တစ်နပ်စာစားသောက်လောက်ရုံမျှသာ ကျန်တော့သောကြောင့် ဖြစ်လေသည်။

တဖြည်းဖြည်းနှင့် မြို့တောင်ဘက်မှ ဝင်လာသော ခမောက်ဆောင်းထားသူသည် မြို့မြောက်ဘက်ဆီသို့ ရောက်ရှိလာသည်။

ထိုအခါ. . .

သူ၏ခြေလှမ်းများ ရပ်တန့်သွားလေသည်။

ထိုနေရာတွင် ရှိနေသည်က ဆိုင်နာမည်ပင် မတပ်ထားသော စားသောက်ဆိုင်ကလေး တစ်ဆိုင်ဖြစ်ပေသည်။

နေဝင်သွားပြီဖြစ်သော်လည်း လမထွက်သေးသောကြောင့် မြို့ဝင်လမ်းမကြီးမှာ မှောင်မည်းလျှက်ရှိသည်။

အရက်ဆိုင်ကလေး အတွင်း၌မူ ထွန်းထားသော စက္ကူမီးအိမ်ကြောင့် မှိန်ဖျော့ဖျော့ကလေးသာ လင်းနေ၏။

ခမောက်ဆောင်းထားသူက ထိုအရက်ဆိုင်ကလေးအတွင်းသို့ ဝင်သွားသည်။



မလှမ်းမကမ်းမှ မှောင်ရိပ်ခိုပြီးလိုက်လာသော စာကလေးကလည်း အရက်ဆိုင်ကလေးအတွင်းသို့ လိုက်ဝင်သွားလေသည်။

အရက်ဆိုင်ကလေး အတွင်း၌ အဝတ်အစား ခပ်နွမ်းနွမ်းဖြင့် အလုပ်ကြမ်းသမားများအသွင်ရှိသော လူလေးငါးယောက်သည် အရက်သောက်ရင်း စကားပြောနေကြလေသည်။

အခန်းထောင့် တစ်နေရာတွင်ကား ခမောက်ဆောင်းထားသူက ထိုင်နေလေသည်။

မှာထားသော အစားအသောက်များကို စောင့်ဆိုင်းနေခြင်းဖြစ်ဟန်တူသည်။

မျက်နှာပေါ် တွင် ခပ်ငိုက်ငိုက် ဆောင်းထားသော ဝါးခမောက်က ယခုတိုင် ဆောင်းထားဆဲပင်ဖြစ်၏။

ထိုင်စရာ စားပွဲလွတ်များရှိသော်လည်း စာကလေးက ထိုင်ဘဲ ခမောက်ဆောင်းထားသူထံသို့ လျှောက်သွားလိုက်လေသည်။

စာကလေးက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး

"မိတ်ဆွေ. . . ကျုပ်နာမည် စာကလေးပါ၊ သည်မြို့ကလေးမှာတော့ အပ်ကျတာတောင် ကျုပ်မသိတာ မရှိဘူးလို့ ပြောနိုင်ပါတယ်၊ မိတ်ဆွေလို တစ်နယ်တစ်ကျေးက လာသူတွေအတွက် အကူအညီပေးနိုင်တဲ့ လူတစ်ယောက်ပဲ ဆိုပါတော့၊ ဒါပဲ ပြောပါ မိတ်ဆွေ၊ ကျုပ် ခင်ဗျားကို ဘာအကူအညီပေးရမလဲ"

ဤသည်မှာ စပ်စပ်စုစု လုပ်နိုင်ရန် စာကလေးက အစ

www.burmeseclassic.com

www.burmeseclassic.com



ဖို့းလိုက်ခြင်း ဖြစ်လေသည်။

နွတ်က ဤသို့ပြောနေသော်လည်း သူ၏မျက်လုံးများက ခမောက်ဆောင်းထားသူအား အကဲခတ်ကြည့်နေသည်။

ခမောက်ဆောင်းထားသူက စာကလေးအား မော့၍ပင် မကြည့်ချေ။

"ထိုင်ပါ"

စာကလေးအား ခပ်ပြတ်ပြတ် ဖိတ်ခေါ်လိုက်၏။

ခမောက်ဆောင်းထားသူက ပြုံးလိုက်သည်။

သူသည် မြို့၊ ရွာများစွာကို ဖြတ်သန်းသွားလာခဲ့သူဖြစ်သည်။

စာကလေးကဲ့သို့ ငှတ်အတင်း မိတ်ဖွဲ့ပြီးနောက် အရက်တစ်သောက်၊ အစားတစ်ပ်စားသူများကို တွေ့ကြုံခဲ့ဖူးပြီဖြစ်ပေသည်။

ထိုသို့သော သူများထံမှ သိလိုသည်များကို စုံစမ်းသိရှိနိုင်လေသည်။

ထို့ကြောင့်. . .

စာကလေးအား ဖိတ်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။

စာကလေးက ခမောက်ဆောင်းထားသူနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်လေသည်။

"မိတ်ဆွေ. . . ခင်ဗျားကိုတော့ ကျုပ်နာမည် ပြောပြီးပြီ၊ ခင်ဗျားနာမည်ကိုရော ကျုပ်မသိရဘူးလား၊ ပြီးတော့ ခင်ဗျားဘယ်ကလာပြီး ဘယ်သွားမှာလဲ၊ သည်ည သည်မြို့မှာအိပ်မယ်ဆိုရင်လည်း ဈေးသက်သက်သာသာနဲ့ တည်းခိုလို့ရတဲ့နေရာကို ကျုပ် ပို့ပေးနိုင်ပါတယ်၊ ကျုပ်ဟာ သည်မြို့ကိုရောက်လာတဲ့ မိတ်ဆွေကို အကူအညီပေးချင်လို့မေးတာပါ၊ သည်မြို့က ဘယ်သူ့အကြောင်း မေးချင်သလဲ၊ ဘယ်နေရာအကြောင်းကို သိချင်သလဲ၊ ကျုပ်ပြောပြနိုင်ပါတယ်"



ခမောက်ဆောင်းထားသူက စာကလေး၏အမေးကို ဖြေခဲ့ချေ။

သူ၏အမည်ကိုလည်း မပြောပါချေ။

ဆိုင်လုလင် လာပေးသွားသော အရက်အိုးကိုသာ ဆွဲထုတ်လိုက်ပြီး မြေခွက်နှစ်ခွက်ထဲ ထည့်လိုက်လေသည်။

ထို့နောက်. . .

တစ်ခွက်ကို စာကလေးရှေ့သို့ ချပေးလိုက်လေသည်။

"သောက်ပါ"

"ဟုတ်ကဲ့"

စာကလေးကလည်း ဟန်ဆောင်ငြင်းပယ်ခြင်း မရှိပါချေ။

ခမောက်ဆောင်းထားသူက အရက်ခွက်ကို မော့သောက်လိုက်သည်နှင့် တပြိုင်နက်တည်း သူကလည်း အရက်ခွက်ကိုကိုင်ပြီး မော့သောက်လိုက်လေသည်။

ထိုအချိန်မှစ၍ စကားအလွန်များပြီး တစ်ဘက်သားအကြောင်းကို စပ်စုတတ်သော စာကလေးတစ်ယောက် စကားပြောနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



စပ်လည်း မစပ်စုနိုင်တော့ချေ။

တစ်ခွက်ပြီးတစ်ခွက် ထည့်ပေးနေသော အရက်ကို သောက်လိုက် အမြည်းစားလိုက်နှင့် အလုပ်ရှုပ်နေတော့သည်။

အရက်တစ်အိုး ကုန်သွားသောအခါ နောက်တစ်အိုး ထပ်မှာပြီး သောက်ကြပြန်လေသည်။

ဤသို့ဖြင့်. . .

သုံးအိုးမြောက် အရက်ကိုသောက်ပြီးသောအခါ သူတို့နှစ်ယောက် အရက်သောက်ခြင်းကို ရပ်လိုက်သည်။

"သည်မြို့မှာ ရှေးဟောင်းပစ္စည်းတွေရောင်းတဲ့ ဌာနများ ရှိသလား"

မမျှော်လင့်သော အမေးစကားကို ကြားလိုက်ရသဖြင့် စာကလေး ပြုံးလိုက်လေသည်။

ဤမေးခွန်းကို ဖြေလိုက်ခြင်းဖြင့် သည်မြို့တွင် သူမည်မျှနှံ့စပ်ကျွမ်းကျင်ကြောင်း သိသွားတော့မည် မဟုတ်ပါလား။

"ရှိတယ်ဗျ၊ မြို့အနောက်ဘက်မှာ"

ခမောက်ဆောင်းထားသူက မေးလိုက်သည်။

"သူ့အိမ်ကို ဘယ်လိုသွားရသလဲ"

"မြို့အစပ် လမ်းမကြီးအတိုင်း တောင်ဘက်ကိုလျှောက်သွားရင် မြို့အနောက်ဘက်ကိုသွားတဲ့ လမ်းကြားလေးတစ်ခု တွေ့လိမ့်မယ်၊ အဲသည်လမ်းအတိုင်း ဝင်သွားရင် ဇာမဏီရှေးဟောင်းပစ္စည်းဆိုင်ကို တွေ့ရလိမ့်မယ်"

"ဆိုင်ရှင်က ဘယ်သူလဲ"



စာကလေးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မကျင်း"

"ကျေးဇူးပဲ"

စကားဆုံးလျှင် ခမောက်ဆောင်းထားသူက အရက်နှင့် အမြည်းဖိုး ငွေစကလေးများကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီးနောက် စာကလေးကိုပင် နှုတ်မဆက်တော့ဘဲ ဆိုင်ပြင်သို့ ထွက်သွားလေသည်။

စာကလေးမှာ ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့လေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ. . .။

ခမောက်ဆောင်းထားသူသည် ဖာမဏီဈေးဟော ပစ္စည်း အရောင်းဆိုင်သို့ ရောက်ရှိလာလေသည်။

ခမောက်ဆောင်းထားသူ ရောက်ရှိလာသောအခါ ဈေး ဟောင်းပစ္စည်း အရောင်းဌာနမှာ ပိတ်သွားပြီဖြစ်သည်။

ဆိုင်ပိုင်ရှင် မုကျင်းမှာ အိပ်နေပြီဖြစ်လေသည်။

ခြံဝင်းတစ်ခုလုံးမှာလည်း မှောင်မည်း တိတ်ဆိတ် လေသည်။

"ဦးလေးမုကျင်း. . . ဦးလေးမုကျင်း"

ခမောက်ဆောင်းထားသူက ကျယ်လောင်သောအသံ ဖြင့် နှိုးလိုက်သည်။

မုကျင်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဟန်ရှိ

သုံးလေးကြိမ် ထပ်ခေါ်လိုက်မှ စက္ကူမီးအိမ်တစ်လုံး ကိုင်၍ တံခါးဖွင့်လာသည်။

အိပ်နေစဉ် အနှိုးခံလိုက်ရသဖြင့် မကျေမချမ်း ဖြစ် ပြီး မျက်နှာမှာ သုန်မှုန်နေလေသည်။

သူက ခြံဝင်းအပြင်ဘက်မှာ ရပ်နေသောလူကို လေ မာမာဖြင့် မေးလိုက်လေသည်။

"ဘာကိစ္စလဲ မောင်ရင်"

"ဦးလေးမုကျင်းနဲ့ တွေ့ချင်လို့ပါ"

ထိုလူက. . .

"မုကျင်းဆိုတာ ကျုပ်ပဲ၊ မောင်ရင်က ဘာကိစ္စနဲ့တွေ့ ချင်တာလဲ"



ခမောက်ဆောင်းထားသူ လူရွယ်က လေသံအေးအေး ဖြင့် ပြောလိုက်သည်။

"ပစ္စည်းတစ်ခု ရောင်းချင်လို့ပါ"

မုကျင်း၏မျက်နှာ ပိုမိုခက်ထန်သွားလေသည်။

"သည်မှာ ပစ္စည်းရောင်းတာ ဝယ်တာ မလုပ်ဘူး၊ ကျုပ် အိပ်နေတာကို တမင်သက်သက်လာနှောင့်ယှက်တာပဲ၊ မောင် ရင် အခုထွက်သွားပါ"

ခမောက်ဆောင်းထားသူက ထွက်မသွားပါ။

"ဟူး"

လက်တစ်ဘက်အား ဝှေ့ယမ်းလိုက်ရာ သူ၏လက်ထဲ တွင် နက်မှောင်သော သံမဏိဓားပျော့တစ်ချောင်း ပါလာသည်။

"ကျွန်တော် ရောင်းချင်တာက သည်ပစ္စည်းပါ"

မုကျင်း၏မျက်လုံး အရောင်တဖိတ်ဖိတ် တောက်သွား လေသည်။

ဓားပျော့ကို မြင်လိုက်သည်နှင့် လွန်စွာလက်ရာမြောက် ၍ အဖိုးကြီးလှသော ဓားတစ်လက်ဖြစ်ကြောင်း မုကျင်းနားလည် လိုက်သည်။

ဤဓားမျိုးသည် ဓားပေါင်းတစ်ထောင်တွင် တစ် ချောင်းတွေ့ရခဲသော ဓားမျိုးပင်ဖြစ်လေသည်။

ရှားပါး အဖိုးတန်သော ဓား၊ လှံ၊ လက်နက်များကို စု ဆောင်းလေ့ရှိသည့် မြို့စားကြီးသာ ဤဓားကိုမြင်လျှင် လိုချင်

www.burmeseclassic.com

www.burmeseclassic.com



မက်မောမည်မှာ သေချာလေသည်။

ဤဓားကိုဝယ်ပြီး သူ၏ဆိုင်တွင် မရောင်းဘဲ မြို့စားကြီးကိုသာရောင်းလျှင် အကျိုးအမြတ် မနည်းဟု တွေးလိုက်မိသည်။

သို့သော်. . .

မုကျင်းမှာ ဟန်ဆောင်ကောင်းသူ တစ်ယောက်ဖြစ်လေသည်။

သူ၏ အရောင်တဖိတ်ဖိတ် တောက်ပနေသော မျက်လုံးများ ချက်ချင်းပင် ပြန်မှိန်သွားလေသည်။

သံမဏိဓားပျော့အား စိတ်မဝင်စားဟန်ဖြင့် အကြည့်ကိုလွှဲဖယ်လိုက်လေသည်။

ထို့နောက်. . .

ပျင်းရိလေးတွဲ့သံဖြင့် ပြောလိုက်သည်။

"ကျုပ်ဆိုင်က ပစ္စည်းတွေကလည်း အခု အရောင်းမသွက်ဘူးဖြစ်နေတယ်၊ သည်တော့ ပစ္စည်းထပ်ဝယ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ဒါပေမယ့်. . ."

မုကျင်းက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်လေသည်။

ပြီးနောက် သူ့ရှေ့တွင် ရပ်နေသူအား အကဲခတ်ကြည့်လိုက်လေသည်။

သိုင်းသမားတို့မည်သည် လူသေမှသာ သူတို့၏လက်နက်ကိုစွန့်လွှတ်မြဲဖြစ်သည်။



ယခု. . .

သူ့ရှေ့တွင် ရပ်နေသူမှာ သိုင်းသမားတစ်ယောက်ဖြစ်သည်။

သူသည် အသက်မသေဘဲနှင့် သူကိုင်ဆောင်သော သတ်နက်ကို ရောင်းမည်ဟု ပြောသည်။

မည်သည့်အတွက်ကြောင့် ရောင်းပါသနည်း။

ထိုလူရွယ်က မျက်နှာကို ခမောက်ဖြင့် ဖုံးကွယ်ထားသည်မှာ သူ၏မျက်နှာကို လူမမြင်စေချင်သောကြောင့်ဖြစ်သည်။

မည်သည့်အတွက်ကြောင့် လူမြင်မခံလိုသနည်း။

မည်သို့ဆိုစေ၊

ဤဓားကို ဈေးသက်သက်သာသာဖြင့် ဝယ်နိုင်ရန်လိုချင်သည်ဟု မုကျင်း တွေးလိုက်မိလေသည်။

"ကျုပ်အနေနဲ့ မောင်ရင့်ကို ကူညီတဲ့အနေနဲ့ ဝယ်လိုက်ပါမယ်၊ ကဲ ပြော ကျုပ် ဘယ်လောက်ပေးရမလဲ"

"တစ်သောင်း"

"ဟင်"

ထိုဈေးနှုန်းကို ကြားလိုက်ရသောအခါ မုကျင်း အံ့သြသွားလေသည်။

သူက သည်ထက်မက ဈေးနှုန်းမြင့်လိမ့်မည်ဟု ယူဆသည်။

ဤဓားမှာ ထူးခြားသော ဓားတစ်ချောင်းဖြစ်ပြီး ငွေငါးထောင်းကျော်ခန့် တန်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ယခု . . .

ရောင်းသူက ငွေတစ်သောင်းဟု ပြောနေသဖြင့် အလွန်ချိုသာသော နှုန်းထားပင်ဖြစ်လေသည်။

သို့ရာတွင် မုကျင်းသည် သူ့အတွက် အကျိုးအမြတ်တစ်ခုတည်းကိုသာ ကြည့်တတ်သူဖြစ်သည်။

မြို့စားကြီးထံ သွားရောင်းလျှင် အနည်းဆုံး လေးသောင်းရမည်။

သူ့အတွက် နှစ်သောင်း သုံးသောင်းမြတ်မည်ကို သိလျက်နှင့်ပင် ဈေးဆစ်ချင်စိတ်ရှိနေသည်။

များများသက်သာလေ သူ့အတွက် ပို၍အကျိုးရှိလေမဟုတ်ပါလား။

မုကျင်း ခေါင်းခါယမ်းလိုက်သည်။

"မောင်ရင်ပြောတဲ့ဈေးက များလွန်းတယ်၊ ဓားဟောင်းတစ်လက်ကို ဘယ်သူက ဈေးကြီးပေးပြီး ဝယ်မှာလဲ"

ခမောက်ဆောင်းထားသော လူရွယ်က မျက်မှောင်ကြုတ်သွားသည်။

"ကျွန်တော့်ဓားဟာ သာမန်ဓားတစ်ချောင်း မဟုတ်ဘူးဗျ"

မုကျင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း . . . ထူးဆန်းတဲ့ဓားဟာလည်းဓားပဲ၊ ရိုးရိုးဓားဟာလည်းဓားပဲ၊ သည်ဓားကို လက်နက်ထက်ပိုပြီး အသုံးချလို့ဘယ်ရမလဲ၊ သည်လိုဓားတစ်ချောင်းကို ဘယ်သူက သည်



လောက်ဈေး ပေးချင်ပါ့မလဲ"

မုကျင်းက ရွှန်းရွှန်းဝေအောင် ရှင်းပြနေ၏။

ခမောက်ဆောင်းထားသောလူရွယ်သည် သူ့လက်ထဲတွင်ကိုင်ထားသော ဓားပျော့ကို ငေးစိုက်ကြည့်ရင်း ငြိမ်သက်နေလေသည်။

ဤဓားသည် သူ့အသက်ထက် ပို၍မြတ်နိုးသောဓားဖြစ်သည်။

ဤဓားဖြင့် သိုင်းလောကတွင် သူကျော်ကြားခဲ့၏။

ထိုအချိန်က ငွေတစ်သိန်းပေးလျှင်ပင် ဤဓားကိုရောင်းရန် လုံးဝစိတ်ကူးလိမ့်မည် မဟုတ်ချေ။

ယခုတော့ . . .

မလွှဲသာမရှောင်သာသော အကြောင်းများကြောင့် ဤဓားကို သူစွန့်လွှတ်ရတော့မည်။

"ဟူး"

လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် မုကျင်းအားကြည့်လိုက်သည်။

"ဦးလေးမုကျင်းက ဘယ်လောက်ပေးချင်လို့လဲ"

ဟု မေးလိုက်သည်။

မုကျင်း ဝမ်းသာသွားသည်။

သူပေးလိုသော ဈေးနှုန်းကို သွက်သွက်လက်လက်ပင် ပြောလိုက်သည်။

"ခြောက်ထောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ၏စကားကြောင့် ခမောက်ဆောင်းထားသောလူရွယ် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မုကျင်း သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် မောင်ရင်၊ ကျုပ်အနေနဲ့ သည်လောက်ပဲ ပေးနိုင်တယ်၊ မောင်ရင်ပြောတဲ့ဈေးက မတန်ဘူးလို့ ကျုပ်မပြောပါဘူး၊ ကျုပ်ပေးနိုင်တဲ့ဈေးလို့ပဲ ပြောတာပါ၊ ကျုပ်ပြန်ရောင်းရမယ့်ဈေးနဲ့ တွက်လိုက်ရင် ကျုပ်ပေးတာ မနည်းပါဘူး"

ခမောက်ဆောင်းထားသောလူရွယ် စိတ်ပျက်သွားလေသည်။

မုကျင်းပေးသောဈေးမှာ အလွန်ပင် နည်းလေသည်။

သူ့အတွက် ငွေခြောက်ထောင်မက လိုအပ်နေလေသည်။

မုကျင်းကလည်း ထိုထက်ပို၍ပေးမည့်အသွင် မရှိတော့ပါချေ။

အတွေးများဖြင့် ငြိမ်သက်နေသော ဓားပိုင်ရှင်ကိုကြည့်ပြီး မုကျင်းမှာ စိတ်မရှည်သလို ဖြစ်လာသည်။

"ကဲ. . . မောင်ရင် ရောင်းမှာဖြင့်လည်း ကျုပ်ပြောတဲ့ဈေးနဲ့ရောင်းခဲ့ပါ၊ မရောင်းဘူးဆိုရင်လည်း ပြန်တော့"

ဟု ပြောလိုက်သည်။

ထိုအခါ. . .

လူရွယ် ခေါင်းခါယမ်းလိုက်သည်။



"မဖြစ်နိုင်ပါဘူးဗျာ"

စကားဆုံးလျှင် ဓားကို အင်္ကျီရင်ဘတ်ကြားတွင် ထိုးထည့်လိုက်ပြီး လှည့်ထွက်သွားလေသည်။

မုကျင်းက ချက်ချင်းပင် လှမ်းခေါ်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်. . .

တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် မခေါ်တော့ဘဲ အိမ်အတွင်း လှမ်းဝင်ခဲ့သည်။

သူ မအိပ်ချင်သေးပေ။

အဘယ်ကြောင့်ဆိုသော် ဓားပိုင်ရှင်သည် သူ့ထံ နောက်တစ်ကြိမ်လာမည်ဖြစ်ကြောင်း သိနေသည်။

သူ့ထံ ပြန်မလာဘဲ အခြားသူတစ်ယောက်ယောက်ထံ သွားရောက်ခဲ့လျှင်ကော။

ထိုထူးဆန်းသောဓားမျိုးမှာ ရပ်တကာ ရွာတကာ လှည့်ပြီး အော်ရောင်းရသောပစ္စည်းမျိုး မဟုတ်ချေ။

သူပေးသည့်ဈေးမှာ နည်းသည်မှန်သော်လည်း သူ့ကိုပင် ရောင်းလိမ့်မည် ဖြစ်သည်။

ဓားမှာ ထူးဆန်းသလို ဓားပိုင်ရှင်မှာလည်း အလွန်ပင် ထူးဆန်းလှကြောင်း မုကျင်း နားလည်လိုက်သည်။

ထိုစဉ်. . .

"ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မုကျင်း အတွေးများပြတ်သွားသည်။

သူက စက္ကူမီးအိမ်အား လှမ်းယူကာ အိမ်အတွင်းမှ ထွက်လာခဲ့လေသည်။

ထိုအခါ. . .

သူ၏မြို့ဝင်းအတွင်းသို့ မောင်းနှင်ဝင်ရောက်လာသော အလုံပိတ်မြင်းလှည်း တစ်စီးကို တွေ့လိုက်ရလေသည်။

☆ ☆ ☆



## သံမဏိဓားမင်းသား

အလုံပိတ်မြင်းလှည်းတစ်စီးသည် ရှေးဟောင်းပစ္စည်း အရောင်းဌာနသို့ ရောက်လာသောအခါ မြင်းလှည်းမှာ တံခါးပွင့်သွားလေသည်။

ခန့်ညားထည်ဝါသော လူတစ်ယောက် ဆင်းလာသည်။

ထိုလူမှာ ယန်ယီထင်းဖြစ်သည်။

ယန်ယီထင်းကို အောင်မြင်ထင်ရှားသော အာမခံဌာန တစ်ခု၏ ပိုင်ရှင်အဖြစ် လူသိများသည်။

စင်စစ်. . .

ဤလုပ်ငန်းသည် ယန်ယီထင်းအတွက် ဟန်ပြလုပ်ငန်း တစ်ခုသာ ဖြစ်သည်။

သူ့တွင် အခြားသော စီးပွားရေးလုပ်ငန်းများ ရှိနေသေး သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ အပျော်ဂေဟာများ၊ လောင်းကစားဂေဟာများတို့ကို ထူထောင်ထားသည်။

ထိုလုပ်ငန်းများမှာ အကျိုးအမြတ်ကောင်းကောင်းရသော်လည်း နောက်ကွယ်တွင် မသမာမှုများရောယှက်နေသဖြင့် နိုးသားသော စီးပွားရေးလုပ်ငန်းဟု မြို့သူမြို့သားများက မသတ်မှတ်ကြဘဲ ကဲ့ရဲ့ရှုံ့ချကြလေသည်။

ထို့ကြောင့်. . .

ထိုလုပ်ငန်းများကို သူပိုင်ကြောင်း လူသိမခံဘဲထားခြင်းဖြစ်လေသည်။

ထိုလုပ်ငန်းများ၏ ပိုင်ရှင်ကို ရှမ်းဖုံးဟုသာ လူသိများကြလေသည်။

ရှမ်းဖုံးမှာ ယန်ယိထင်း၏တပည့် တစ်ယောက်ဖြစ်ကြောင်း မသိကြချေ။

တကယ်တမ်း ပိုင်ဆိုင်ပြီး ကြိုးကိုင်ချယ်လှယ်သူမှာ ယန်ယိထင်းဖြစ်ကြောင်း မသိကြချေ။

ဤသို့ဆိုလျှင်. . .

မည်သည့်အတွက်ကြောင့် မုကျင်းက သိရှိနေရပါသနည်း။

စင်စစ်. . .

မုကျင်းမှာလည်း ယန်ယိထင်း၏ ယုံကြည်စိတ်ချရသော တပည့်တစ်ယောက် ဖြစ်လေသည်။

ရှေးဟောင်းပစ္စည်းလုပ်ငန်းကို လူမြင်ကောင်းအောင်



သူက ဟန်ပြကာ အလုပ်လုပ်ကိုင်ခြင်းဖြစ်သည်။

သူ၏အဓိက လုပ်ငန်းမှာမူ ယန်ယိထင်း ခိုင်းစေသမျှ သုတ်ပေးခြင်း ဖြစ်သည်။

ယန်ယိထင်းက မုကျင်းအား ကြည့်လိုက်သည်။

ထို့နောက်. . .

"မုကျင်း. . . ခင်ဗျားဆီကို လူတစ်ယောက်လာပြီး ဒေးရောင်းသွားတယ် မဟုတ်လား"

ဟု မေးလာသည်။

"ဟင်"

မုကျင်း အံ့ဩသွားသည်။

ဤကိစ္စကို မည်သူမျှသိလိမ့်မည်မဟုတ်ဟု သူက ထင်ထား၏။

ယခုတော့. . .

ယန်ယိထင်းက သိနေပြီဖြစ်သည်။

သူ့ဆီ ယန်ယိထင်း ရောက်လာသည်မှာ ဒေးကိုလိုချင်သောကြောင့်လော။

ယန်ယိထင်းကသာ လိုချင်သည်ဆိုလျှင် သူ့အတွက် အကျိုးအမြတ်ရတော့မည် မဟုတ်ချေ။

သို့သော်. . .

ယန်ယိထင်းကို လိမ်ညာဖုံးကွယ်၍ရမည် မဟုတ်ကြောင်း သူသိထားသောကြောင့် အမှန်အတိုင်း ဖြေလိုက်၏။

"ဟုတ်. . . ဟုတ်ပါတယ်ဗျာ"

www.burmeseclassic.com

ယန်ယိထင်းက. . .

"အဲသည်ဓားကို ခင်ဗျား ဝယ်လိုက်ပြီလား"

ဟု မေးလိုက်၏။

မုကျင်း ခေါင်းခါယမ်းလိုက်သည်။

"မဝယ်လိုက်ပါဘူးဗျာ၊ ဈေးက မတရားများနေတာနဲ့ ကျုပ် မဝယ်လိုက်တာပါ၊ ဘာလဲ သခင်ကြီးက အဲသည်ဓားကို လိုချင်နေလို့လား"

မုကျင်း၏စကားကြောင့် ယန်ယိထင်းက ပြုံးလိုက်လေသည်။

ထို့နောက်. . .

သူက တည်ကြည်ပြတ်သားသော လေသံဖြင့် ပြောလိုက်လေသည်။

"ကျုပ်လိုချင်တာ ဓားမဟုတ်ဘူး လူ"

"ဟင်"

မုကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ယန်ယိထင်း ပြုံးလိုက်သည်။

"အံ့ဩသွားသလား၊ မအံ့ဩနဲ့ဦး၊ ကျုပ်ဆက်ပြောတာ ကြားရင် အံ့ဩစရာမကျန်ဘဲ နေဦးမယ်၊ အဲသည်ဓားပိုင်ရှင်ဟာ ဘယ်သူလို့များ မင်းထင်သလဲ"

ဟု မေးလိုက်၏။

မုကျင်း ခေါင်းခါယမ်းလိုက်သည်။

"မျက်နှာခံတောင် မမြင်လိုက်ရတော့ ဘယ်သူဆိုတာ



ကျုပ် ဘယ်သိပါ့မလဲ၊ အဝတ်အစားက စုတ်စုတ်ပြတ်ပြတ်နဲ့ သူ့ပုံက နှစ်ချက် သုံးချက်လောက် အရိုက်ခံရရင် လှုပ်တောင် လှုပ်နိုင်မှာ မဟုတ်ဘူး၊ အဲသည်လိုကောင်မျိုးက သခင်ကြီးအတွက် ဘာလုပ်ပေးနိုင်မှာမို့လဲ"

ဟု ပြောလိုက်သည်။

ယန်ယိထင်း ပြုံးလိုက်သည်။

ပြီးမှ. .

"သိပ်လုပ်ပေးနိုင်တာပေါ့ မုကျင်းရာ၊ သည်တောင်ဟာ ကျုပ်တို့ ပြဿနာကို ကောင်းကောင်း ဖြေရှင်းနိုင်မယ့်လူဗျ"

မုကျင်း မျက်မှောင်ကြုတ်လိုက်သည်။

"သည်လောက်တောင်ပဲလား"

ယန်ယိတင်း ပခုံးတွန့်ပြလိုက်သည်။

"ဟင်း. . . ဟင်း. . . သည်ထက်တောင် ပိုပါသေးတယ်ဗျာ၊ သူဘယ်သူလဲဆိုတာ ခင်ဗျားသိရင် ကျုပ်ကို အခုလို ဆောင် ဆက်ပြီးမေးနေမှာ မဟုတ်တော့ဘူးဗျ"

မုကျင်း မျက်မှောင်ကြုတ်လိုက်သည်။

ထို့နောက်. . .

အတန်ကြာအောင် စဉ်းစားသော်လည်း အဖြေရှာမရသဖြင့် စိတ်ညစ်လာဟန်တူ၏။

သူက ခေါင်းခါယမ်းလိုက်ပြီး. . .

"အေးဗျာ၊ ကျုပ်တော့ ဘယ်လိုမှ စဉ်းစားလို့မရတော့ဘူး ပြောစမ်းပါဦးဗျ၊ သူက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ထိုအခါ. . .

ယန်ယိထင်းက တစ်လုံးချင်း ပြောလိုက်သည်။

"ဝမ်း. . . ရှ"

"ဗျာ"

မုကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ယန်ယိထင်း မဲ့ပြုံးပြုံးကာ. . .

"ဟုတ်တယ်၊ သူဟာ ဝမ်းရှပဲ၊ မျက်နှာကိုမမြင်ရလို့ သူမှန်း မသိတာတော့ ထားပါတော့ဗျာ၊ အနက်ရောင်မြေးပျော့ကို မြင်လျှက်သားနဲ့ ဘယ်သူမှန်းမသိတာတော့ ဆိုးလှပါတယ်"

မုကျင်း ခေါင်းငုံ့ထားလိုက်သည်။

ယန်ယိထင်း အပြစ်တင်မည်ဆိုလည်း အပြစ်တင်စရာ ပင်ဖြစ်လေသည်။

မြေးရှိုးမှာ အနက်ရောင်ဖြစ်ပြီး သံမှာ အပျော့စားဖြစ်သော မြေးပျော့ကို တွေ့မြင်ပါလျှက် လောဘဇောတက်ပြီး သံမဏိမင်းသားဟူသော အမည်ကို မေ့လျော့နေ၏။

အကယ်၍. . .

သံမဏိမြေးပျော့ကို အမှတ်ရခဲ့လျှင် ပိုင်ရှင်ဖြစ်သော သိုင်းလောက၏ ပြိုင်ဘက်ကင်း မြေးမင်းသားကို အမှတ်ရမည်သာဖြစ်သည်။

ထိုမြေးမင်းသား၏အမည်မှာ ဝမ်းရှဖြစ်လေသည်။

မုကျင်း သက်ပြင်းချလိုက်သည်။



"အေးဗျာ၊ သည်တစ်ခါတော့ ကျုပ် တော်တော်ညံ့သွားတယ်၊ သည်မြေးကိုတွေ့လျှက်သားနဲ့ သံမဏိမင်းသားဆိုတဲ့ အမည်ကို သတိမရတာ ကျုပ်ညံ့တာပဲ၊ သံမဏိမြေးပျော့ဆိုတာ သိလိုက်ရရင် သည်မြေးရဲ့ပိုင်ရှင် ဝမ်းရှဆိုတာကို အမှတ်ရမိလိုက်မှာပဲ၊ အခုတော့. ."

သူ စကားဆက်မပြောနိုင်တော့ချေ။

ထိုအခါ. . .

ယန်ယိထင်းက ပြုံးလိုက်သည်။

"အခု ခင်ဗျားသိပြီမော့"

ဟု မေးလိုက်၏။

မုကျင်း ခေါင်းညိတ်လိုက်သည်။

"သိပါပြီ"

ဟု ပြောလိုက်သည်။

မုကျင်း ငိုင်တွေစဉ်းစားနေ၏။

ယန်ယိထင်း၏ လောင်းကစားဝိုင်းများတွင် အများနှင့်တွေအောင် ထူးထူးခြားခြား စီစဉ်ထားသော လောင်းကစားနည်းတစ်မျိုးရှိလေသည်။

၎င်းသည်မှာ သိုင်းသမားများကို ယှဉ်ပြိုင်စေပြီးနောက် ညေသူနိုင်မည်ကို လောင်းစေခြင်းဖြစ်သည်။

မိမိလောင်းသူဘက်မှနိုင်လျှင် လောင်းကြေးငွေကို အလျော်ခံရမည်ဖြစ်သည်။

မိမိလောင်းသောသူရှုံးလျှင် အစားခံရမည်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လောင်းကစားပွဲများကို ပြုလုပ်ပေးနိုင်ရန် သိုင်းသမားများကို ယန်ယိထင်းက မွေးမြူထားလေသည်။

သူမွေးထားသော သိုင်းသမားများကို အချင်းချင်း ယှဉ်ပြိုင်စေလေသည်။

ကြေးနည်းသောသူကို နိုင်စေခြင်းဖြင့် အမြတ်ထုတ်ခြင်းဖြစ်သည်။

ဤနည်းဖြင့် ယန်ယိထင်းက စီးပွားရေးလုပ်နေခြင်း ဖြစ်သည်။

သို့သော်. . .

လွန်ခဲ့သော တစ်လမှစ၍ ထိုအခြေအနေ ပြောင်းသွားလေသည်။

ချန်အန်းမြို့ပေါ်သို့ ကွမ်းကြုံးခက်ဆိုသူ ရောက်လာသောကြောင့်ပင် ဖြစ်သည်။

ကွမ်းကြုံးခက်သည် သူ့ကိုယ်သူ လောင်းကြေးများထပ်ပြီး ယန်ယိထင်း၏ သိုင်းသမားများကို စိန်ခေါ်တိုက်ခိုက်ခဲ့လေသည်။

ယန်ယိထင်း၏ သိုင်းသမားများမှာ ညံ့ဖျင်းသူများ မဟုတ်ကြပါချေ။

သိုင်းပညာ ထက်မြက်ကြသူများ ဖြစ်ကြသည်။

သို့သော်. . .

ကွမ်းကြုံးထက်က သူတို့ထက် ပိုမိုထက်မြက်နေသဖြင့် အားလုံး ရှုံးနိမ့်သွားကြသည်။



ထို့ကြောင့်. . . .

ယန်ယိထင်းသည် ကွမ်းကြုံးခက်ကို ငွေကြေး အများအပြား လျော်လိုက်ရသည်။

သူ၏လောင်းကစားဝိုင်းကိုလည်း ဖျက်သိမ်းရမည့် အခြေအနေသို့ ရောက်သွားသည်။

ဤသည်ကို ယန်ယိထင်းက မကျေနပ်ဘဲ ရှိနေသည်။

သူ့အား အနှောင့်အယှက်ပေးနေသော ကွမ်းကြုံးခက်ကို ရှင်းပစ်လိုသည်။

အမှန်တော့ ကွမ်းကြုံးခက်ကို ရှင်းပစ်ရန်မှာ ယန်ယိထင်းအတွက် ခက်ခဲသောအလုပ် မဟုတ်ပေ။

လူအင်အားနှင့် ဝိုင်းတိုက်လျှင်သော်လည်းကောင်း။ ကြေးစားလူသတ်သမားများ လွှတ်ပြီး လုပ်ကြံလျှင်သော်လည်း ဖြစ်နိုင်၏။

သို့သော်. . .

ဤနည်းကို ယန်ယိထင်း မကြိုက်ပါချေ။

သူက ကွမ်းကြုံးခက်အား နိုင်မည့်သူရှာပြီး ယှဉ်ပြိုင်စေမည်။

ထိုအခါ. . .

နိုင်ပြီးရင်းနိုင်သော ကွမ်းကြုံးခက်ဘက်က လူတွေ ..င်းကြလိမ့်မည်။

ကိုယ့်ကိုကိုယ် အထင်ကြီးနေသော ကွမ်းကြုံးခက် ကိုယ်တိုင်လည်း ငွေအများအပြား ပုံအောပြီး လောင်းလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲတွင် မတော်တဆပုံစံမျိုးဖြင့် ကွမ်းကြိုးခက်ကို အပြတ်ရှင်းနိုင်မည်။

ဤနည်းမှာ ယန်ယိထင်း၏ အစီအစဉ်ဖြစ်သည်။

ဆုံးရှုံးထားသော ငွေကြေးများလည်းပြန်ရပြီး အနှောင့်အယှက်ပေးနေသော ကွမ်းကြိုးခက်လည်း သေမည်။

တစ်ချက်ခုတ် နှစ်ချက်ပြတ်အကြံပင် ဖြစ်လေသည်။

ကွမ်းကြိုးခက်အား အနိုင်တိုက်ခိုက်မည့် သိုင်းသမားမှာ မည်သူဖြစ်မည်နည်း။

သိုင်းလောကတွင် ကွမ်းကြိုးခက်ကို နိုင်အောင် တိုက်ခိုက်နိုင်မည့် သိုင်းသမား အများအပြား ရှိလေသည်။

သို့သော်. . .

ထိုသိုင်းသမားများသည် ယန်ယိထင်း၏ လောင်းကစားဝိုင်းတွင် မည်သူမျှ လာရောက် ယှဉ်ပြိုင်ကြမည် မဟုတ်ချေ။

ဤအလုပ်မျိုးကို သိမ်ဖျင်းသောအလုပ်ဟု ယဆထားကြလေသည်။

ဝမ်းရှသည်လည်း ယန်ယိထင်း၏အလုပ်ကို လက်ခံပါမည်လော။

"အင်း. . . ကျုပ်တော့ သူလုပ်လိမ့်မယ်လို့ မထင်ဘူးဗျ"

မုကျင်းက ညည်းတွားရေရွတ်လိုက်သေးသည်။

ယန်ယိထင်း ပြုံးလိုက်သည်။

"သူလုပ်မှာပါ၊ အခု သူဟာ ရာဇဝတ်မှုတစ်ခုဖြစ်ပြီး ရှောင်တိမ်းနေရတယ်၊ တစ်နေရာရာမှာ ခိုလှုံနိုင်ဖို့ သူကြိုးစား



နေတယ်၊ ဒါပေမယ့် အဲသည်လို ခိုလှုံနေဖို့ သူ့မှာငွေမရှိဘူး။ ငွေအရေးတကြီး လိုနေတယ်၊ သူ့ဓားကိုသာ ဝယ်မယ့်သူမရှိဘူးဆိုရင် သူလိုချင်နေတဲ့ငွေကို ကျုပ်တို့ကလည်း ပေးနိုင်တယ်ဆိုရင် သူငြင်းနိုင်ပါဦးမလား"

ဟု ပြောလိုက်သည်။

မုကျင်း ဝမ်းသာအားရ ဖြစ်သွားသည်။

"ဟုတ်ပြီ၊ သူကျုပ်ဆီကို နောက်တစ်ခါ ထပ်လာဦးမှာ အဲသည်အခါကျရင် ကျုပ်က သူ့ရဲ့ဓားကို မဝယ်တော့ဘူး"

ဟု ပြောလိုက်သည်။

အခြေအနေအရ ပြောလိုက်သော်လည်း ဓားဝယ်ပြီး ပြန်ရောင်းလျှင် မြတ်မည့်ငွေများကိုတော့ မုကျင်း နှမြောနေမိသည်။

သူ စဉ်းစားနေမိသည်။

ထိုစဉ်. . .

ယန်ယိထင်း၏စကားသံ ထွက်ပေါ်လာသည်။

"သူ ဘယ်တော့လောက် ပြန်လာမလဲလို့ ခင်ဗျားထင်သလဲ"

မုကျင်း တစ်ချက်စဉ်းစားလိုက်သည်။

အတန်ကြာမှ. . .

"သည်ည ပြန်လာမယ်လို့ ကျုပ်ထင်တယ်၊ ချန်အန်းမြို့ လူများတဲ့မြို့မှာ သူကြာကြာ ရှိနေမှာ မဟုတ်ဘူး"

ယန်ယိထင်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ခင်ဗျားနဲ့အတူ ကျုပ်စောင့်နေမယ်၊ နေဦး မြင်းလှည်းရပ်ထားတာ တွေ့ရင် လူစိမ်းတွေ ရှိနေမယ် ထင်ပြီး သူဝင်လာချင်မှ ဝင်လာလိမ့်မယ်၊ သည်တော့ မြင်းလှည်းကို ကျုပ် ပြန်လွှတ်လိုက်မယ်"

မုကျင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်းတယ်"

ဟု ပြောလိုက်၏။

ဤသို့ဖြင့်. . .

ယန်ယိထင်းသည် သူ၏မြင်းလှည်းကို ပြန်လွှတ်လိုက်သည်။

သူကတော့ ဝမ်းရှအား စောင့်ပေမည်။

ထို့ကြောင့်. . .

မုကျင်းနှင့်အတူ ကျန်ရစ်ခဲ့လေသည်။

☆ ☆ ☆



ဈေးဟောင်းဌာနအတွင်းရှိ မှိန်လဲ့လဲ့ မီးရောင်အောက်တွင် လူနှစ်ယောက် ထိုင်နေသည်။

ထိုလူနှစ်ယောက်မှာ ယန်ယိထင်းနှင့် မုကျင်းတို့ပင် ဖြစ်လေသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် စကားမပြောကြချေ။

ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်ရင်း ဝမ်းရှ အလာကို စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

မုကျင်း၏အတွေး မမှားပါချေ။

တံခါးဝသို့ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရသည်။

ထိုသူမှာ သူတို့ စောင့်ဆိုင်းနေသော ဝမ်းရှပင် ဖြစ်လေသည်။

သူသည် ပထမအကြိမ် လာကတည်းကအတိုင်း ဝါးခမောက်ကို ခပ်ငိုက်ငိုက်ဖြင့် ဆောင်းထားလေသည်။

သူ့အား တွေ့လိုက်ရလျှင် မုကျင်း၏မျက်လုံးများ ဝင်းလက်သွားသည်။

သူက ပြုံးရွှင်သော မျက်နှာထားဖြင့်. . .

"ဩော်. . . မင်းရောက်လာပြီကိုး"

ဟု ပြောလိုက်၏။

လူရွယ် ခေါင်းညိတ်လိုက်သည်။

အတန်ကြာမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်စိတ်ပြောင်းသွားပြီ၊ ဦးလေးမုကျင်းပေးတဲ့ ဈေးနဲ့ပဲ ရောင်းဖို့ ဆုံးဖြတ်လိုက်ပြီ"

စကားဆုံးလျှင် အင်္ကျီအတွင်းမှ ဓားပျောက်ို ဆွဲထုတ်လိုက်သည်။

ပြီးလျှင်. . .

သူက မုကျင်းအား လှမ်းပေးလိုက်သည်။

သို့သော်. . .

မုကျင်းက ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ်လဲ စိတ်ပြောင်းသွားပြီ၊ သည်ဓားကို ကျုပ် မဝယ်တော့ဘူး"

ဟု ပြောလိုက်သည်။

လူရွယ် အံ့သြသွားသည်။

"ဘယ်လို ဖြစ်ရတာလဲဗျ၊ ကျွန်တော်က အခု ဦးလေးမုကျင်း ဆစ်တဲ့ဈေးနဲ့ပဲ ဓားကို ရောင်းနေတာ မဟုတ်လား"

ဟု ပြော၏။

မုကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်စိတ်ပြောင်းသွားပြီ လေးမင်းရဲ့ဓားကို ဝယ်ချင်တဲ့စိတ် ကျုပ်မှာ မရှိတော့ဘူး"

ထိုအခါ. . .

လူရွယ်(ဝါ)ဝမ်းရှမှာ သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်သည်။

ပြီးမှ. . .



"ဒါဖြင့်လဲ ပြန်ရုံပဲ ရှိတာပေါ့"

ဟု ပြောလိုက်သည်။

ဝမ်းရှသည် ဓားပျောက်ို အင်္ကျီအတွင်းသို့ ပြန်ထည့်လိုက်သည်။

ထို့နောက်. . .

ခန္ဓာကိုယ် ချာခနဲလှည့်ပြီး ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ရုတ်တရက်. . .

"နေပါဦး"

မုကျင်း၏အသံကြောင့် ဝမ်းရှ၏ခြေလှမ်းများ ရပ်တန့်သွားသည်။

သူက နောက်သို့ လှည့်ကြည့်ရင်း မေးလိုက်သည်။

"ဘာလဲ၊ ဓားကို ဝယ်ချင်တဲ့စိတ် ပေါ်လာပြန်ပြီလား"

မုကျင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ဓားကိုဝယ်ဖို့ ကျုပ် မစဉ်းစားတော့ဘူး"

ဟု ပြော၏။

ဝမ်းရှ မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဖြင့် ဘာကိုဝယ်ဖို့ စဉ်းစားနေတာလဲ၊ ကျုပ်ဆောင်းထားတဲ့ ဦးထုပ်ကအနက်၊ အဝတ်အစားတွေကလဲ အဟောင်းအနွမ်းတွေ၊ ကျုပ်တစ်ကိုယ်လုံးမှာ ဓားကလွဲရင် ခင်ဗျားလိုချင်စရာ တစ်ခုမှ မရှိပါဘူး"

ဝမ်းရှ၏စကားမှာ ထေ့ငေါ့စကား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

မုကျင်းက စိတ်ဆိုးဟန် မပြချေ။

သူ ပြောချင်သည်ကိုသာ ရှင်းရှင်းပြတ်ပြတ် ပြောလိုက်သည်။

"ကျုပ်လိုချင်တာက လူ"

"ဟင်"

ဝမ်းရှု အံ့သြသွားသည်။

သူက တစ်စုံတစ်ရာ ပြန်ပြောရန် ပါးစပ်ဟလိုက်လေသည်။

သို့သော်. . .

မုကျင်းက ဆက်ပြောလာသဖြင့် ပါးစပ်ပိတ်ထားလိုက်လေသည်။

"ဟုတ်တယ်၊ ကျုပ်တို့လိုချင်တာ မင်းကိုပါ၊ ကျုပ်တို့ခိုင်းတဲ့အတိုင်း လုပ်ပေးမယ်ဆိုရင် မင်းတောင်းသလောက် ငွေကို ကျုပ်တို့ပေးပါမယ်"

ဟု ပြော၏။

ဝမ်းရှု ငြိမ်သက်နေသည်။

သူ့အတွက် ငွေလိုနေသည်က အမှန်ပင် ဖြစ်ပေသည်။

ထို့ကြောင့်. . .

ကိုယ်နှင့်မကွာ ရှိရမည့် လက်နက်ကိုပင် မလွဲမရှောင်သာ ရောင်းရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ယခု. . .



ဝယ်မည့်သူက ဓားကိုမဝယ်ဘဲ လူကိုဝယ်နေလေသည်။

သူတို့ခိုင်းသော အလုပ်ကို လုပ်ပေးလျှင် သူတောင်းသမျှငွေကို ပေးမည်ဟု ပြောနေသည်။

ဝမ်းရှု သက်ပြင်းတစ်ချက် ချလိုက်သည်။

အတန်ကြာမှ. . .

သူက ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ်က ကြေးစား မဟုတ်ဘူးဗျ"

ဟု ပြောလိုက်သည်။

မုကျင်း ပြုံးလိုက်သည်။

"မင်း ကြေးစား မဟုတ်မှန်း ကျုပ်တို့သိပါတယ်၊ ဒါပေမယ့် မင်းငွေလိုနေတယ် မဟုတ်လား၊ ကျုပ်တို့ခိုင်းတာကိုသာ လုပ်ပေးမယ်ဆိုရင် မင်းလိုနေတဲ့ ငွေကို ကျုပ်တို့ပေးမယ်"

ထိုစကားကို မုကျင်းက ပြောလိုက်ခြင်း မဟုတ်ချေ။

မုကျင်းဘေးတွင် ထိုင်နေသော ယန်ယိထင်းက ပြောလိုက်ခြင်း ဖြစ်သည်။

ဝမ်းရှုမှာ ထိုအခါတွင်မှ မုကျင်းအပြင် လူစိမ်းတစ်ယောက် ရှိနေကြောင်း သတိပြုမိသွားသည်။

သူက ယန်ယိထင်းကို စူးစိုက်ကြည့်လိုက်၏။

ထို့နောက်. . .

မုကျင်းအား မေးလိုက်သည်။

"ကျုပ်ကို ဝယ်ချင်နေတာ သူလား"

www.burmeseclassic.com

www.burmeseclassic.com



မုကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ဘယ်သူဝယ်ဝယ် ဝယ်တဲ့သူက အရေးမကြီးပါဘူး။ မင်းကသာ ရောင်းမယ်ဆိုရင် ပြောပါ"

လူသည် ရောင်းကုန်တစ်ခု မဟုတ်ပါချေ။

မရောင်းဟု ခပ်ပြတ်ပြတ် ပြောလိုက်ချင်သည်။

သို့ရာတွင်. . .

သူ့တွင် အခက်အခဲများ ရှိနေသည်။

နောက်နေ့အတွက် စားသောက်ရန်ပင် ငွေကြေးမလုံလောက်တော့ပါချေ။

သူက မုကျင်းအား ကြည့်လိုက်ပြီး. . .

"ကျုပ် ဘာလုပ်ပေးရမှာလဲ"

ဟု မေးလိုက်သည်။

ခိုင်းတဲ့အလုပ်ကို ကြည့်ပြီးမှ လက်ခံသင့် မသင့် စဉ်းစားရန် ဆုံးဖြတ်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

ယန်ယီထင်းက သူ၏လောင်းကစားပွဲတွင် ကွမ်းကြိုးခက်နှင့် ယှဉ်ပြိုင်စေရန်၊ ပထမပိုင်းတွင် ကွမ်းကြိုးခက်ကို အရှုံးပေးထားပြီး နောက်ပိုင်းတွင်မှ အနိုင်ကစားရန်၊ ထိုသို့ ကစားရင်း ကွမ်းကြိုးခက်ကို အသေသတ်ပေးရန် စသည်ဖြင့် သူ၏အစီအစဉ်ကို အသေးစိတ်ရှင်းပြလိုက်သည်။

ယန်ယီထင်း၏စကားအဆုံးတွင် ဝမ်းရှ ငြင်းပယ်လိုက်လေသည်။

"ကျုပ် လူမသတ်ချင်ဘူး"



သူ၏စကားကြောင့် ယန်ယီထင်း၏မျက်နှာ မည်းခနဲ ဖြစ်သွားသည်။

"ဘာကွ၊ မင်းက လူသတ်ပြီး ထွက်ပြေးလာတဲ့. . ."

"တိတ်စမ်း"

ယန်ယီထင်း စကားဆက်မပြောနိုင်တော့ချေ။

ဝမ်းရှ၏အော်သံနှင့်အတူ ပြေးဝင်လာသော ခမောက်ကို ရှောင်တိမ်းလိုက်ရသောကြောင့် ဖြစ်လေသည်။

"ဝိုး"

"ဒုတ်"

ဝါးခမောက်က ယန်ယီထင်း၏နောက်ဘက်ရှိ နံရံတွင် ဝိုက်ဝင်သွားနှလေသည်။

ဝါးခမောက်၏ နှုတ်ခမ်းသား၌ သံမဏိပြားကို တပ်ဆင်ထားလေသည်။

မုကျင်းက ပြူးကျယ်သော မျက်လုံးအစုံဖြင့် ဝမ်းရှအား စိုက်ကြည့်လိုက်၏။

ထိုအခါ ခမောက် မရှိတော့သဖြင့် ဝမ်းရှ၏မျက်နှာအား ပီပီပြင်ပြင် မြင်နေရပြီဖြစ်သည်။

ပါးလွှာသော နှုတ်ခမ်း၊ ပေါ်လွင်သော နှာတံ၊ ထူထဲသော မျက်ခုံးတို့ဖြင့် ယောကျ်ားပီသသော လူရွယ်တစ်ယောက် ဖြစ်လေသည်။

ဝမ်းရှက စူးရှသော မျက်လုံးအစုံဖြင့် ယန်ယီထင်းကို စိုက်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်ယိထင်းကော မုကျင်းပါ မလှုပ်ရှားဝံ့ပါချေ။

သူတို့သည် ကျောက်ရုပ်လို ငြိမ်သက်နေကြပြီး ဝမ်းရှ၏ လှုပ်ရှားမှုကို စောင့်ကြည့်နေကြသည်။

အကယ်၍ သူတို့ လှုပ်ရှားလိုက်လျှင် ဝမ်းရှက သူတို့အား တိုက်ခိုက်လိမ့်မည်ဟု ထင်နေကြသည်။

သူတို့ထင်သလို ဝမ်းရှက သူတို့အား မတိုက်ခိုက်ပါချေ။

ရုတ်တရက် ပေါက်ကွဲလွင့်စဉ်သွားသော စိတ်ကို ထိန်းချုပ်နေခြင်းသာ ဖြစ်၏။ သူတို့က ဝမ်းရှအား ကြည့်နေ၏။

ဝမ်းရှမှာ မျက်စိမှိတ်ပြီး ငြိမ်သက်နေ၏။

ထို့နောက် သူ၏မျက်နှာပေါ်တွင် တင်းမာခက်ထန်မှုများ တဖြည်းဖြည်း လျော့နည်းလာသည်။

"ဟင်း"

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် မျက်လုံးများ ဖွင့်လိုက်သည်။

ယန်ယိထင်းကို ဖျတ်ခနဲ စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက် ချက်ချင်းပင် အကြည့်လွှဲဖယ်လိုက်လေသည်။

မုကျင်းနှင့် ယန်ယိထင်းတို့မှာ ဝမ်းရှအား ငေးကြည့်နေကြ၏။

ထို့နောက် ခြံဝင်းအတွင်းမှ ဝမ်းရှ ထွက်လာခဲ့လေတော့သည်။

☆ ☆ ☆



# လို့ဝှက်သူများ

ဝမ်းရှသည် လမ်းကလေးအတိုင်း လျှောက်လာခဲ့၏။

မှောင်မည်းတိတ်ဆိတ်နေသော လမ်းပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့တော့သောအချိန် ဖြစ်လေသည်။

လူနေ အိမ်ခြေများမှာ မီးများမှိတ်ထားကြပြီ ဖြစ်ပါသည်။

ထိုအချိန်တွင်. . .

ဝမ်းရှသည် အရှူးတစ်ယောက်နှယ် လျှောက်သွားနေသည်။

လျှောက်သာ လျှောက်နေသော်လည်း ဘယ်ကို သွားရမည်ကို စဉ်းစား၍ မရသေးချေ။

တည်းခိုခန်းတစ်ခုတွင် တည်းခိုနိုင်သော ငွေကြေး ရှိနေမည်ဆိုလျှင် သူ ဘယ်မှ မသွားချင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အလွန်ပင်ပန်းနွမ်းနယ်နေပြီး ဝမ်းဗိုက်မှာလည်း တကြုတ်ကြုတ် မြည်လာသည်။

စားသောက်ဆိုင်တစ်ဆိုင်တွင် စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်ပြီး တည်းခိုခန်း အခန်းတစ်ခန်းတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ချင်နေသည်။

ယခုတော့. . .

သူလျှောက်နေသော လမ်းမပေါ်သို့ ခုန်လွှားရောက်ရှိလာသော လူတစ်ယောက်ကြောင့် ဝမ်းရှု၏ခြေလှမ်းများ ရပ်တန့်သွားလေသည်။

ဝမ်းရှု မျက်မှောင်ကြုတ်လိုက်သည်။

"မင်း ဘယ်သူလဲ"

သူက လမ်းပိတ်ထားသူအား မေးလိုက်လေသည်။

"မိတ်ဆွေပါ"

တစ်ကိုယ်လုံး အနက်ရောင်ကိုယ်ကျပ်အကျီဝတ်ဆင်ထားပြီး ခေါင်းစွပ်နက်စွပ်ထားသူက ဖြေလိုက်လေသည်။

ထိုအခါ. . .

ဝမ်းရှု ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ မိတ်ဆွေဆိုရင် ဘာဖြစ်လို့ ကျုပ်သွားမယ့်လမ်းကို ပိတ်နေရတာလဲ"

ဟု မေးလိုက်သည်။

ဝတ်စုံနက်က. . .

"ပြောစရာ ရှိလို့ပါ"



ဟု ပြော၏။

ဝမ်းရှု မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားကို ကျုပ်မသိဘူး၊ အဲသည်တော့ ခင်ဗျားပြောတဲ့စကားကို ကျုပ်က ဘယ်လိုလုပ်ပြီး ယုံရမှာလဲ"

ဝတ်စုံနက် ပခုံးတွန့်လိုက်သည်။

"ကျုပ်ပြောမယ့်စကားက ခင်ဗျားအတွက်ပါ၊ တစ်ခါက ခင်ဗျားကျေးဇူးကို ကျုပ်ပြန်ဆပ်တာပါ၊ ယုံတာမယုံတာကတော့ ခင်ဗျားရဲ့ သဘောပါပဲ"

ဟု ပြောသည်။

ဝမ်းရှု ခေါင်းညိတ်လိုက်သည်။

ထို့နောက်. . .

ဝတ်စုံနက်ကို စိုက်ကြည့်လိုက်ပြီး. . .

"ကောင်းပြီ၊ ခင်ဗျားပြောတော့"

ဝတ်စုံနက်ကလည်း စူးရှသော မျက်လုံးအစုံဖြင့် ဝမ်းရှုအား ပြန်လည် စိုက်ကြည့်လိုက်သည်။

"ခင်ဗျား မြို့ပြင်ကို ထွက်ဖို့ မကြိုးစားပါနဲ့၊ သည်လမ်းမပေါ်မှာလဲ လျှောက်မနေပါနဲ့၊ တည်းခိုခန်းတစ်ခုခုမှာလဲ မတည်းပါနဲ့၊ ခင်ဗျားကို မြို့စောင့်ရဲမက်တွေက လိုက်ရှာနေတယ်၊ တည်းခိုခန်းတွေမှာလဲ စစ်ဆေးသွားတယ်၊ မြို့ပြင်ထွက်တဲ့ လမ်းမှာလဲ စောင့်ကြပ်နေကြတယ်၊ ဒါပါပဲ"

ဟု ပြောလာသည်။

ဝမ်းရှု မျက်မှောင်ကြုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့စောင့်ရဲမက်တွေက ကျုပ်ကို ရှာနေတာလို့ ခင်ဗျား ဘာကြောင့် ပြောနိုင်တာလဲ၊ သူတို့အကြောင်းနဲ့ သူတို့ တစ်ယောက်ယောက်ကို ရှာတာကော မဖြစ်နိုင်ဘူးလား"

ဟု မေးလိုက်သည်။

ထိုအခါ. . .

ဝတ်စုံနက်က ခြောက်တပ်တပ်အသံဖြင့် ရယ်မောလိုက်သည်။

ပြီးလျှင်. . .

"သိုင်းလောကထဲမှာ သံမဏိဓားမင်းသားဝမ်းရှဆိုတာ ဘယ်နှစ်ယောက်များ ရှိလို့လဲ"

ဟု ပြောလိုက်၏။

ဝမ်းရှ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ထိုစဉ်. . .

ဝတ်စုံနက်က. . .

"ကဲ. . . ကျုပ်သွားပြီ"

"ဟူး"

စကားဆုံးလျှင် ဝတ်စုံနက်က ပြေးလွှားထွက်ခွာသွားလေသည်။

မကြာမီ. . .

အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

"ဟင်း"



ဝမ်းရှ သက်ပြင်းချရင်း ကျန်ရစ်ခဲ့လေသည်။

ဝတ်စုံနက်၏စကားကို မယုံကြည်၍လည်း မဖြစ်ပါချေ။

သူက တစ်ခုပဲ အံ့ဩနေမိသည်။

သူရောက်လာသည်ကို မြို့စောင့်တပ်ဖွဲ့က သိသွားသည်မှာ မြန်ဆန်လွန်းသောကြောင့်ပင် ဖြစ်လေသည်။

ထို့အပြင်. . .

မုကျင်း၏ခြံဝင်းတွင် တွေ့ခဲ့ရသော သူက လူသတ်ပြီး ထွက်ပြေးလာတဲ့သူက ဟူသော စကားကို ထိုလူက ပြောခဲ့လေသည်။

သူ့အကြောင်းတွေကို ထိုလူက သိနေသလား အတွေးများဖြင့် ခေါင်းများ နောက်ကျိလာလေသည်။

သူ၏ခြေလှမ်းများက လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့သည်။

သို့သော်. . .

သူ့စိတ်မှာ ခရီးစဉ်အတိုင်း အတွယ်အတာ မဲ့မျောပါနေသည့်ပမာ ခံစားနေရ၏။

ဤသို့ဖြင့်. . .

ညနေက သူသောက်ခဲ့သော အရက်ဆိုင်ရှေ့သို့ ရောက်ရှိသွားလေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်ကလေးမှာ မပိတ်သေးချေ။

အလင်းရောင် ပျော့ပျော့အောက်တွင် စားသောက်နေသူ သုံးလေးယောက်ကို မြင်နေရ၏။

အိပ်ကပ်အတွင်း နှိုက်ကြည့်လိုက်သောအခါ ငွေစအနည်းငယ်ကို တွေ့ရှိရသဖြင့် ဆိုင်အတွင်းသို့ သူဝင်ခဲ့လေသည်။

ထောင့်စွန်းတစ်နေရာရှိ ခုံလွတ်တွင် ဝင်ထိုင်လိုက်ပြီး အရက်တစ်အိုးနှင့် အမြည်းတစ်ပွဲ မှာလိုက်လေ၏။

ထိုအချိန်တွင် သူစဉ်းစားနေသည်မှာ တစ်ညတာ အိပ်စက်ရန်ပင် ဖြစ်သည်။

မြို့ကို ဝင်လာစဉ်ကမှ အဆင်မပြေလျှင် ဓားကို ရောင်းမည်။

ဓားရောင်းရငွေဖြင့် တည်းခိုခန်း တစ်ခုခုတွင် တစ်ညတာ တည်းခိုမည်ဟု တွေးခဲ့၏။

ယခုတော့. . .

ဓားလည်း မရောင်းရချေ။

တည်းခိုခန်းများကိုလည်း မြို့စောင့်ရဲမက်တွေက လိုက်စစ်ဆေးနေသည်ဆိုသောကြောင့် အခက်တွေ့နေခြင်း ဖြစ်သည်။

မရည်ရွယ်ဘဲ ဆိုင်အပြင်ဘက်သို့ ကြည့်လိုက်သောအခါ ဆိုင်အတွင်းသို့ ဝင်လာသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။



ထိုလူကို မြင်လိုက်ရသောအခါ ဝမ်းရှပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

☆ ☆ ☆

ဆိုင်အတွင်းသို့ လူတစ်ယောက် လှမ်းဝင်လာသည်။

ထိုသူသည် စာကလေးပင် ဖြစ်လေသည်။

စာကလေးသည် ဝမ်းရှ၏စားပွဲဆီသို့ ဦးတည်လျှောက်လှမ်းလာသည်။

ဆိုင်အလုပ်သမား တစ်ယောက်ကိုလည်း ခေါ်လိုက်သည်။

ထို့နောက်. . .

တန်ဖိုးကြီးသော စားသောက်ဖွယ်ရာများကို အများအပြား မှာကြားလိုက်လေသည်။

စာကလေး မှာကြားထားသော စားစရာများကို ကြားလိုက်ရသောအခါ ဝမ်းရှ မျက်လုံးပြူးသွားလေသည်။

ဝမ်းရှက စာကလေးအား ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်လေသည်။

"ခင်ဗျား ဘာတွေ မှာနေတာလဲ၊ ကျုပ်မှာ ပေးစရာငွေမရှိဘူးဗျ"

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် စာကလေး သဘောကျစွာ ရယ်

www.burmeseclassic.com

www.burmeseclassic.com



မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား"

သူ၏ရယ်မောသံကြောင့် အခြားဝိုင်းမှ လူများ မကျေမနပ်ဖြင့် ကြည့်လာသည်။

သို့သော်. . .

စာကလေးက ဂရုမစိုက်ဘဲ ရယ်မောနေသည်။

အတန်ကြာမှ. . .

ရယ်မောခြင်းကို ရပ်တန့်လိုက်ပြီး ဝမ်းရှအား ပြောလာသည်။

"မပူပါနဲ့ မိတ်ဆွေရာ၊ အခု မှာတဲ့ စားစရာတွေအတွက် ခင်ဗျား မပေးရဘူး။ သည်နေ့ ညစာ မိတ်ဆွေ မစားရသေးမှန်း သိလို့ မှာပေးတာပါ။ စိတ်ချလက်ချသာ စားစမ်းပါ"

စာကလေးက မြေခွက်ထဲသို့ အရက်များ ငှဲ့ထည့်ပေးလိုက်သည်။

ခေါက်ဆွဲပြုတ်ပန်းကန်ကို ဝမ်းရှ၏ရှေ့သို့ ချပေးလိုက်လေသည်။

ပြီးမှ. . .

သူက ဝမ်းရှအား စိုက်ကြည့်လိုက်သည်။

"ဒါနဲ့ မုကျင်းဆီမှာ ဓားသွားရောင်းတာ အဆင်မပြေဘူး မဟုတ်လား"

ဟု မေးလိုက်သည်။

ထိုစကားကြောင့် ဝမ်းရှ ဝမ်းသာသွားလေသည်။



"ဟုတ်တယ်၊ ခင်ဗျားက ဘယ်လိုလုပ် သိသလဲ"

ဟု မေးလိုက်၏။

ထိုအခါ. . .

စာကလေးက ပြုံးလိုက်သည်။

"ဘယ်လိုလုပ် သိရမှာလဲ၊ ခင်ဗျားအကျီကြားထဲမှာ ဝှက်ထားတဲ့ဓားကို ကြည့်ပြီး ပြောတာပေါ့"

စာကလေးက ရယ်မောရင်း ပြောဆိုလိုက်သည်။

ဝမ်းရှမှာ စာကလေးထံမှ အပျော်များ ကူးစက်လာလေသည်။

"အေးဗျာ၊ မုကျင်းက မဝယ်လိုက်ဘူး။ ကျုပ်လဲ စိတ်ညစ်နဲ့ အရက်ဝင်သောက်တာ၊ ခင်ဗျားနဲ့တွေ့လို့ မတွေ့ရင်တော့ ညစာငတ်မှာ သေချာတယ်"

ဟု ပြောလိုက်၏။

စာကလေးက ရယ်ကျဲကျဲဖြင့် ပြောလာသည်။

"ဟဲ. . . ဟဲ၊ ညစာစားရလို့ ကျုပ်ကို ကျေးဇူးတင်နေနဲ့ဗျ၊ ခင်ဗျားကို ရှာပေးဖို့ ခိုင်းလိုက်တဲ့လူက ပေးလိုက်တဲ့ငွေနဲ့ ကျွေးတာဗျ သိလား ဟဲ. . . ဟဲ"

ဝမ်းရှ မျက်မှောင်ကြုတ်လိုက်သည်။

"ကျုပ်ကို ရှာခိုင်းတဲ့လူ ဟုတ်လား"

စာကလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝမ်းရှ စိတ်ဝင်စားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့ ကျုပ်ကို ရှာခိုင်းတာလဲ၊ သူက ဘယ်သူလဲ"

ဟု မေးလိုက်၏။

ထိုအခါ. . .

စာကလေး၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

အစားကို ငုံ့စားနေရာမှ ဝမ်းရှအား စိုက်ကြည့်လိုက်လေသည်။

"ရှာခိုင်းတာကတော့ ခင်ဗျားဆီက မားဝယ်ချင်လို့ဗျ၊ ဘယ်သူလဲဆိုတာတော့ မသိချင်ပါနဲ့၊ ခင်ဗျားက မားရောင်းချင်တယ်၊ သူက မားဝယ်ချင်တယ်၊ ဒါကြောင့် အရောင်းအဝယ်ဖြစ်ဖို့သာ အရေးကြီးပါတယ်"

ဝမ်းရှက စာကလေးထည့်ပေးသော အရက်ခွက်ကို မော့သောက်လိုက်သည်။

ထိုစဉ်. . .

စာကလေးထံမှ စကားသံ ထွက်ပေါ်လာလေသည်။

"ခင်ဗျား သည်ည ဘယ်မှာ တည်းမှာလဲ၊ တခြား ဘာမှ မစီစဉ်ရသေးဘူးဆိုရင် ကျုပ်အိမ်မှာ တည်းဖို့ ဖိတ်ခေါ်ပါရစေ"

ဟု ပြော၏။

အခက်အခဲ ဖြစ်နေသော အချိန်တွင် မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ဝမ်းရှ ဝမ်းသာသွားလေသည်။

သို့သော်. . .

မိမိကြောင့် သူတစ်ပါး အခက်အခဲ မဖြစ်စေချင်သော



စိတ်ဖြင့် မယုတ်မလွန် မေးလိုက်လေသည်။

"ဖြစ်ပါ့မလား"

စာကလေးက စပ်ဖြဲဖြဲဖြင့်. . .

"ဘာလို့ မဖြစ်ရမှာလဲဗျ၊ ကျုပ်အိမ်မှာ ဘယ်သူမှ မရှိဘူးဗျ၊ ကျုပ်တစ်ယောက်တည်း နေတာ၊ ခင်ဗျားကြိုက်သလို နေလို့ရတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ကျုပ်အိမ်က တည်းခိုခန်းလောက်တော့ မကောင်းဘူးဗျ"

ဟု ပြောလိုက်၏။

ထိုအခါ. . .

အရက်သောက်ရင်း ဝမ်းရှက လိုက်သင့်မလိုက်သင့် ချင့်စားလိုက်သည်။

စာကလေး ဆက်ပြောလာသည်။

"လိုက်ခဲ့ပါဗျာ၊ ကျုပ်တို့ မိတ်ဆွေနှစ်ယောက် ပျော်ပျော်ပါးပါးပေါ့၊ သည်က အရက်နှစ်အိုးနဲ့ အသားကင် နည်းနည်း ဝယ်သွားပြီး အိမ်မှာ ထပ်သောက်ကြတာပေါ့၊ ဘယ်နှယ့်လဲ"

စာကလေးသည် စပ်စုတတ်သူ၊ အရက်ကပ်သောက်သူ တစ်ယောက် မဟုတ်ချေ။

မိတ်ဆွေကောင်းတစ်ယောက်ကဲ့သို့လည်း ကူညီတတ်သူ ဖြစ်သည်ဟု အသိအမှတ်ပြုလိုက်မိသည်။

သူ၏ဆန္ဒကို ငြင်းပယ်ချင်စိတ် မရှိတော့ချေ။

ထို့ကြောင့်. . .

"လိုက်ခဲ့မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



တု ပြောလိုက်၏။

သူ၏စကားကြောင့် စာကလေး မျက်နှာ ပြုံးရွှင်သွားလေသည်။

တဆက်တည်းပင်. . .

"ကောင်းပြီ ကျုပ်တို့ ဝိုင်းကို လက်စသတ်ပစ်လိုက်ကြရအောင်"

ဟု ပြော၏။

ထို့နောက်. . .

နောက်ဆုံး လက်ကျန်အရက်ကို နှစ်ယောက်သား ပြိုင်တူ မော့သောက်လိုက်လေသည်။

☆ ☆ ☆



နောက်တစ်နေ့ နံနက်အချိန် ဖြစ်သည်။

ဝမ်းရှနှင့် စာကလေးတို့ ပေါက်စီစားရင်း စကားစမြည်ပြောနေချိန်တွင် လူတစ်ယောက် ရောက်ရှိလာ၏။

ရပ်နေသော ကိုယ်ဟန်နှင့် ခန္ဓာကိုယ် အချိုးအဆစ်အမြင်ရုံဖြင့် အတွင်းအားကောင်းပြီး သိုင်းပညာအဆင့်မြင့်သူဖြစ်ကြောင်း ဝမ်းရှ သိလိုက်သည်။

သို့သော်. . .

ထိုလူမှာ ဓားဝယ်မည့်သူ ဖြစ်ကြောင်း စာကလေးက သိနေသော်လည်း ဝမ်းရှက မသိပေ။

စာကလေး၏မိတ်ဆွေတစ်ယောက်သာ ဖြစ်ရမည်ဟု ဆင်မှတ်နေ၏။

ထိုလူက စာကလေးတို့ ထိုင်နေရာသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

တဖြည်းဖြည်း နီးကပ်လာသည်နှင့် အပူငွေ့များ လွှမ်းခြုံလာသလို ခံစားလိုက်ရ၏။

ထိုလူက. . .

"ဓားကြည့်ချင်တယ်"

လာရင်းကိစ္စကို ပြော၏။

ထိုအခါ. . .

စာကလေးက ဝမ်းရှကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ဝမ်းရှ လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . .

သံမဏိဒေးပျော့မှာ ထိုလူဆီသို့ ပြေးဝင်သွားသည်။

"ဝှစ်"

"ဖပ်"

ထိုလူက ဓားကို ဆတ်ခနဲ ဖမ်းယူလိုက်သည်။

ထို့နောက်. . .

ဓားအား သေသေချာချာ ကြည့်လိုက်၏။

"အင်း. . . တယ်ကောင်းတဲ့ ဓားပါလား"

ထိုသူက တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

စာကလေးမှာ ဓား၊ လှံ လက်နက်များ အကြောင်းကို နားလည်သူတစ်ယောက် မဟုတ်ပါချေ။

ထို့ကြောင့် စိတ်မဝင်စားဘဲ အစားအသောက်များကို စားသောက်ရန် လက်လှမ်းလိုက်သည်။

ထိုစဉ်. . .

"ဝှစ်"

လေတိုးသံ တစ်ချက် ထွက်ပေါ်လာသည်။

လေတိုးသော အရှိန်က လက်ကို လာဟပ်လိုက်သည်။

"ဟင်"

စာကလေး ထိတ်လန့်စွာဖြင့် လက်ရုပ်လိုက်လေသည်။

စားပွဲပေါ်ရှိ ပေါက်စီမှာ နှစ်ခြမ်းကွဲသွားသောကြောင့် ဖြစ်လေသည်။

ဝမ်းရှက ကွဲသွားသော ပေါက်စီတစ်ခြမ်းအား လှမ်းယူပြီး စားနေ၏။



စာကလေးက စားပွဲပေါ်တွင် ကျန်နေသော ပေါက်စီတစ်ခြမ်းကို ယူရန် လက်လှမ်းပြီးမှ ဓားကိုင်ထားသူကို မျှူးတူးမှာတာဖြင့် ကြည့်လိုက်သည်။

ထိုလူက သူ့ကို လုံးဝကြည့်မနေပါချေ။

ခေါင်းငုံ့ပြီး အကျီအိတ်အတွင်းမှ တစ်စုံတစ်ခုကို နှိုက်နေသည်ကို တွေ့ရ၏။

ထိုအခါမှ သူက စိတ်အေးလက်အေးဖြင့် ပေါက်စီတစ်ခြမ်းကို လှမ်းယူလိုက်သည်။

"စာကလေး"

ဓားဝယ်မည့်သူက ခေါ်လိုက်သည်။

စာကလေး မော့ကြည့်လိုက်သည်။

ထိုအခါ ထိုလူက အိတ်တစ်အိတ်ကို ပစ်ပေးလိုက်၏။

တဆက်တည်းပင်. . .

"သည်လောက်ဆို ဘယ်နှယ့်လဲ"

ဟု မေးလိုက်သည်။

စာကလေးက အိတ်ကို ယူကြည့်လိုက်၏။

အိတ်မှာ ငွေတုံးငွေစတို့ဖြင့် လေးလံလျက်ရှိသည်။

အိတ်အရွယ်အစား မြင်ရုံဖြင့်ပင် အတွင်း၌ ငွေများ အများအပြားပါကြောင်း သိနိုင်သည်။

အိတ်ရှုံ့ကြိုးကို ဖြည်ပြီး အိတ်အတွင်းသို့ စာကလေး ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . .

စာကလေး၏ မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

အိတ်ကို ပြန်ချည်လိုက်ပြီးနောက် ဝမ်းရှအား လှမ်းပေးလိုက်သည်။ ဝမ်းရှကလည်း စာကလေးအတိုင်း အိတ်ရှို့ကို ဖြည်ပြီး ကြည့်လိုက်သည်။

ဝတ္တရား ရှိသည်ထင်၍ ကြည့်လိုက်ခြင်းသာ ဖြစ်သည်။

သို့သော် ပွင့်သွားသော အိတ်ရှို့ကလေးကို ကြည့်လိုက်သောအခါ ဝမ်းရှ ရင်တလှပ်လှပ် ခုန်သွားလေသည်။

အိတ်ကလေး အတွင်း၌ ငွေတုံးများအပြင် ရွှေစ အများအပြားကိုပါ တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ဤအိတ်ရှို့ကလေး အတွင်း၌ ရှိနေသော ငွေသည် အနည်းဆုံး ငွေငါးသောင်းခန့် ရှိလေသည်။

ဓားတန်ဖိုးထက် အလွန်များပြားသော ငွေများ ဖြစ်လေသည်။ အဘယ်ကြောင့် ဤမျှ တန်ဖိုးပေးပြီး ဓားကို ဝယ်ရပါသနည်း။

ဓားဝယ်သူအား သူက တအံ့တဩဖြင့် မော့ကြည့်လိုက်မိသည်။

ထိုအခါ ဓားကိုယူဆောင်လျက် ထွက်သွားသောသူ၏ ကျောပြင်ကိုသာ မြင်လိုက်ရလေသည်။

☆ ☆ ☆



## စွန့်လွှတ်ခြင်း

ဝမ်းရှတို့ အရောင်းအဝယ် ပြုလုပ်နေချိန်တွင် ယန်ယိထင်းမှာ သမီးဖြစ်သူ ယန်ကျူးမေကို ချော့မော့နှစ်သိမ့်နေရသည်။

ယန်ကျူးမေမှာ ယန်ယိထင်း၏တစ်ဦးတည်းသော သမီးဖြစ်လေသည်။

ဆယ်နှစ် သမီးခန့်က မိခင်ဖြစ်သူ ကွယ်လွန်သွားသဖြင့် မိဆိုးဖြစ်ခဲ့သော သမီးလေးကို ယန်ယိထင်းက အချစ်ပိုခဲ့သည်။

သမီးဖြစ်သူ ဆိုးခဲ့သမျှ သည်းညည်းခံသည်။

သမီးဖြစ်သူ အလိုရှိသမျှ ဖြည့်ဆည်းပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရာရာ သမီးဖြစ်သူ၏ ဆန္ဒတစ်ခုသာ ဖြစ်စေသည်။

ယန်ယိထင်း၏ တပည့်တပန်းများကလည်း သခင်ကြီး၏သမီးဖြစ်သူ သခင်မလေး ယန်ကျူးမေကို အလိုလိုက်အကြိုက်ဆောင်ကြသည်။

ထို့ကြောင့်လည်း. . .

ယန်ကျူးမေမှာ အားလုံးအပေါ် အနိုင်ယူတတ်လာသည်။

အလိုမကျလျှင် စိတ်ကောက်တတ်လာသည်။

ယခုလည်း. . .

သူမက ဖခင်ဖြစ်သူကို စိတ်ကောက်နေခြင်း ဖြစ်၏။

အစာလည်း မစားပါချေ။

အစာစားရန် သွားရောက် ချော့မော့သူ ဒေါ်လေးစုကိုပင် အော်ဟစ် ရန်တွေ့လွှတ်လိုက်၏။

အိမ်မှာ မနေတော့ဘဲ ရောက်ချင်ရာရောက် ထွက်သွားတော့မည်ဟုလည်း ကြိမ်းဝါးလာလေသည်။

နောက်ဆုံးတွင် အလျှော့ပေးရသူက ယန်ယိထင်းပင် ဖြစ်သည်။

အိပ်ရာထက်တွင် လှဲအိပ်နေသော သမီးဆီသို့ ယန်ယိထင်း ရောက်သွားသောအခါ ယန်ကျူးမေက နှုတ်ခမ်းစူလိုက်ပြီး ဝမ်းလျားမှောက် အိပ်လိုက်လေသည်။

ယန်ယိထင်းက သမီးဖြစ်သူ၏ ဆိုးနွဲ့ပုံကို ကြည့်ပြီး ပြုံးလိုက်သည်။



ထို့နောက်. . .

အိပ်ရာပေါ်တွင် ဝင်ထိုင်လိုက်ပြီး သမီးဖြစ်သူ၏ ဆံပင်စများကို ညင်သာစွာ ပွတ်သပ်ပေးလိုက်လေသည်။

"သမီး ဘာဖြစ်နေတာလဲ၊ အစာလဲ မစားဘူး၊ ဒေါ်လေးစုကိုလဲ ရန်တွေ့လွှတ်လိုက်တယ်၊ အိမ်က ထွက်သွားမယ်လို့လဲ ပြောတယ်ဆိုတာလဲ သမီး စိတ်ကောက်နေပြန်ပြီလား"

ဟု မေး၏။

"ဟုတ်တယ်"

ဖခင်ဖြစ်သူ၏ အသံက ကြင်နာမှုများ ပြည့်လျှမ်းပျော့ပျောင်းနေသလောက် သမီးဖြစ်သူ၏ လေသံက မကျေနပ်မှုများ ရောစွက်လျက် ရှိနေသည်။

"စိတ်ကောက်နေတာ ဟုတ်လား၊ ဘယ်သူ့ကို မကျေနပ်တာလဲ၊ ဘယ်သူ့ကို စိတ်ကောက်နေတာလဲ ပြောစမ်း၊ ဖေဖေ ကောင်းကောင်းဆုံးမပေးမယ်"

ဟု ပြောလိုက်၏။

ယန်ကျူးမေက ဝမ်းလျားမှောက်နေရာမှ ကိုယ်ကို ဘေးစောင်းလှဲလိုက်ပြီး ဖခင်ဖြစ်သူကို မျက်နှာချင်းဆိုင်လိုက်သည်။

"ဖေဖေ့ကို"

ယန်ယိထင်း မျက်လုံးပြူးသွားသည်။

"ဘာ. . . ဖေဖေ့ကို ဟုတ်လား၊ ဖေဖေ့ကို ဘာမကျေနပ်လို့ သမီးက စိတ်ကောက်နေရတာလဲ ပြောစမ်းပါဦး"

ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျူးမေက. . .

"သမီးကို မချစ်လို့"

"ဟား. . . ဟား. . . ဟား"

ယန်ယိထင်းက သမီးဖြစ်သူ စကားကြောင့် သဘောကျစွာ ရယ်မောလိုက်သည်။

ယန်ကျူးမေမှာ မကျေမနပ်ဖြင့် နှုတ်ခမ်းစူသွားသေးသည်။

"ဖေဖေက ဘာဖြစ်လို့ ရယ်တာလဲ"

ဟု မေးလိုက်သည်။

ယန်ယိထင်းက. . .

"ရယ်တာပေါ့ကွ၊ သမီးက မဟုတ်တာတွေ ပြောနေတာကိုး၊ သမီးကို ဖေဖေ ဘယ်လောက် ချစ်တယ်ဆိုတာ လူတိုင်းသိတယ်၊ သမီးရဲ့ဆန္ဒ မှန်သမျှ မျက်နှာတစ်ချက်မညှိုးရအောင်ထိ ဖေဖေ ဖြည့်ဆည်းပေးခဲ့တယ်၊ အဲဒါ သမီးကို ချစ်လို့ပေါ့ သမီးရဲ့"

ယန်ကျူးမေ ခေါင်းခါယမ်းလိုက်သည်။

"သမီး မယုံဘူး ဖေဖေ၊ သမီးပြောတာက အကြိမ်ကြိမ်ရှိနေပြီ၊ ဒါပေမယ့် သမီးပြောတဲ့အတိုင်း ဖေဖေ ဘယ်တော့မှ မလုပ်ဘူး၊ ဖေဖေ လုပ်ချင်တာကိုပဲ ဖေဖေ ဆက်လုပ်တယ်၊ အဲဒါ သမီးကို မချစ်လို့ပေါ့၊ သမီးကို ချစ်ရင် သမီးပြောတဲ့အတိုင်း ဖေဖေလုပ်မှာပေါ့"

ယန်ယိထင်း၏မျက်နှာ ညှိုးကျသွားလေသည်။

ယန်ကျူးမေ စိတ်ကောက်နေရသော အကြောင်းရင်း



ကို သိသွားသောအခါ ယန်ယိထင်း၏ရင်ထဲ လေးလံဖိစီးလာလေသည်။ လွန်ခဲ့သော တစ်လခန့်ကစပြီး ယန်ကျူးမေသည် ဖခင်ဖြစ်သူ လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများကို ကန့်ကွက်လာခဲ့၏။

မကောင်းမှု အလုပ်များကို မလုပ်တော့ရန် တောင်းဆိုလာခဲ့သည်။

ဖြစ်နိုင်လျှင် အာမခံလုပ်ငန်းများကိုပါ ဖျက်သိမ်းပြီး တစ်မြို့တစ်ရွာသို့ ပြောင်းသွားမည်။

ထိုမြို့သစ်ရွာသစ်များမှာပင် ကုန်ရောင်းကုန်ဝယ် လုပ်ကိုင်ပြီး သားအဖ နှစ်ယောက် အခြေချ နေထိုင်မည်ဟု ပူဆာခဲ့သည်။

ယန်ယိထင်းကလည်း မငြင်းခဲ့ချေ။

သမီးဖြစ်သူ ကျေနပ်အောင် ခေါင်းညိတ်ပြခဲ့လေသည်။

သို့သော်. . .

လက်တွေ့တွင် အကောင်အထည် မဖော်နိုင်ခဲ့ချေ။

ဤမျှ ဝင်ငွေ လမ်းဖြောင့်နေသော အလုပ်ကို စွန့်လွှတ်ရန် ဝန်လေးနေ၏။

စွန့်လွှတ်လိုက်လျှင် ရင်ဆိုင်ရမည့် ပြဿနာတွေကလည်း အများအပြား ရှိနေသည်။

ဤသည်ကို သမီးဖြစ်သူက မသိချေ။

"အခုအခါမှာ ဖေဖေ လုပ်နေတာတွေကို လူတွေက သိလို့ ခံနေကြတာဖေဖေ၊ တစ်နေ့ သိသွားရင် လူတွေက ဖေ

www.burmeseclassic.com

www.burmeseclassic.com



ဖေ့ကို နှာခေါင်းရှုံ့ကြလိမ့်မယ်၊ ကြောက်လို့ မပြောရင်နေမယ်၊ မုန်းကြလိမ့်မယ်၊ ဆန့်ကျင်တဲ့လူတွေ ပေါ်လာလိမ့်မယ်၊ အဲသည် အခါကျရင် ဖေဖေ ဘယ့်နှယ်လုပ်မလဲ၊ သမီးကတော့ ဒုစရိုက်သ မားကြီးတစ်ယောက်ရဲ့သမီး မဖြစ်ချင်ဘူး၊ ဖေဖေ့ရဲ့ အလုပ်တွေ အားလုံးဖျက်ပစ်လိုက်ပါ၊ သမီးတို့ တခြားတစ်မြို့ တစ်ရွာကို ပြောင်းကြမယ်၊ အဲသည်မှာ လူသစ်စိတ်သစ်နဲ့ ကောင်းရောင်း ကောင်းဝယ် လုပ်စားကြမယ်နော် ဖေဖေ"

ဖခင်ကို ဖက်ပြီး ပြောနေသော သမီးဖြစ်သူ၏ စကားသံ များက ယန်ယိထင်း၏အတွေးထဲ၌ ပဲ့တင်ထပ်နေသည်။

"ဖေဖေ သမီးကို ချစ်တယ်ဆို၊ ချစ်ရင် သမီးပြောတဲ့ အတိုင်းလုပ်ပါ ဖေဖေရယ်၊ ဖေဖေ့အလုပ်တွေကို မလုပ်ပါနဲ့ တော့"

ဟု ပြောနေ၏။

ယန်ယိထင်း သက်ပြင်းချလိုက်သည်။

"အာမခံလုပ်ငန်းက ဝင်ငွေသိပ်မကောင်းဘူး သမီး၊ အပြိုင်အဆိုင်တွေ များတဲ့အပြင် တပည့်တပန်းတွေကို ကျွေးမွေး ရတာတွေလဲ ရှိတော့ သိပ်အဆင်မပြေချင်ဘူး၊ သမီးမကြိုက်ဘူး ဆိုတဲ့ လုပ်ငန်းတွေကမှ ဝင်ငွေကောင်းတာ၊ ဝင်ငွေကောင်းတဲ့ လုပ်ငန်းတွေကို မလုပ်တော့ဘူးဆိုရင် ဖေဖေ့မှာ ဘယ်ဝင်ငွေ ရှိတော့မလဲ၊ သမီးပူဆာရင် ရွှေဆိုရွှေချက်ချင်း၊ ငွေဆိုငွေချက် ချင်း ဖေဖေ ဘယ်လုပ်ပေးနိုင်တော့မှာလဲ"

ယန်ယိထင်းက ပြောလိုက်၏။



ယန်ကျူးမေက. . .

"လုပ်မပေးနိုင်ရင်လဲနေပါ ဖေဖေ၊ သမီးကျေနပ်ပါ ယ်၊ မကောင်းမှုလုပ်လို့ ရတဲ့ငွေတွေကိုလဲ သမီး မမက်မောပါ ဘူး ကောင်းကောင်းမွန်မွန် ရှာလို့ ဖွေလို့ရတဲ့ ငွေနဲ့ပဲ စိတ်ချမ်း တယ်၊ သမီးနေနိုင်ပါတယ်၊ သမီးပြောတဲ့အတိုင်း လုပ်ပါ ဖေရယ်၊ နောက် သမီးလေး ဘာမှ မပူဆာတော့ပါဘူး"

ဟု ပြော၏။

ယန်ကျူးမေ၏စကားကြောင့် ယန်ယိထင်း တွေဝေ သွားလေသည်။

ဆုံးဖြတ်ချက်က ချိန်ခွင်ရှာလို ဟိုယိမ်းသည်ယိမ်း ဖြစ် သည်။

သူ၏စီးပွားရေး လုပ်ငန်းများကို ဖျက်သိမ်းလိုက်လျှင် ရာယ်ကို ရင်ဆိုင်ရမည်ကို သမီးသိနိုင်မည် မဟုတ်ချေ။

သမီးယန်ကျူးမေကိုလည်း စိတ်မဆင်းရဲစေချင်ပေ။

ဤသည်မှာ ယန်ယိထင်း၏ စေတနာ အမှန်ပင် ဖြစ် ည်။

ယန်ယိထင်း သက်ပြင်းချလိုက်၏။

သူသည် သမီးဖြစ်သူအား ငုံ၍ ကြည့်လိုက်လေသည်။

ယန်ကျူးမေမှာ ချောမွေ့ညင်သာပြီး အပြစ်ကင်းသော လေး ဖြစ်သည်။

သမီးဖြစ်သူ၏ဆန္ဒကို မငြင်းပယ်လိုပါချေ။

ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



ချိန်ခွင်ညှာသည် သမီးဖြစ်သူဘက်သို့ ယိုင်ကျသွား၏။

"ဟင်း"

ယန်ယိထင်းမှာ သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြန်သည်။ ယန်ကျူးမေက ဖခင်ဖြစ်သူအား မော့ကြည့်လာလေ၏။

ပြီးလျှင်. . .

"ဖေဖေ သမီးပြောတာ ဘယ်လိုသဘောရသလဲ၊ သမီးကို မချစ်တော့ဘူးလား"

ဟု မေးလိုက်သည်။

ယန်ယိထင်း ခေါင်းညိတ်လိုက်သည်။

"အေးပါ သမီးရယ်၊ သမီးကို ဖေဖေ ချစ်ပါတယ်၊ သမီးပြောတဲ့အတိုင်း ဖေဖေ လုပ်ပါတော့မယ်၊ ဖေဖေ ဆုံးဖြတ်လိုက်ပါပြီ"

ဟု ပြောလိုက်သည်။

ထိုစကားကြားလိုက်ရသောအခါ ယန်ကျူးမေ ဝမ်းသာသွားသည်။

ဖခင်ဖြစ်သူအား ကြည့်ကာ. . .

"ဖေဖေ၊ တကယ် ပြောတာနော်၊ သည်တစ်ခါ တကယ်နော်၊ အရင်တုန်းကလို ကတိမဖျက်ပစ်ရဘူးနော်"

ဟု ပြောလိုက်၏။

ယန်ယိထင်း ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ သမီးရယ်၊ ဖေဖေ တကယ်ပြောတာပါ၊ အေး တစ်ခုတော့ ရှိတယ်၊ သမီးဘက်က ဖေဖေ့ကို အချိန်ပေးဖို့ လိုမှာမယ်"



ထိုအခါ. . .

ယန်ကျူးမေ မျက်ခမောင်ကြုတ်သွား၏။

"ဟာ. . . ဖေဖေကလဲ လုပ်ပြန်ပြီ၊ ဘာလဲ အချိန်ဆွဲထားတာလား ဖေဖေ"

ယန်ယိထင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး သမီးရယ်၊ လုပ်ငန်းကြီးတစ်ခုကို လုပ်တယ်ဆိုတာ ဖျက်ချင်တိုင်း ချက်ချင်းဖျက်လို့ မရဘူး သမီး၊ သေသေချာချာ စီစဉ်ပြီး ဖျက်မှဖြစ်မှာ"

သူက ပြောရင်း ယန်ကျူးမေအား အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ. . .

ယန်ကျူးမေက မျက်ခမောင်ကြုတ်၍ ငြိမ်သက်စွာ နားထောင်နေသည်ကို တွေ့ရ၏။

သူက စကားဆက်လိုက်သည်။

"ပြီးတော့ သိပ်လဲ အကြာကြီး မဟုတ်ပါဘူး၊ လေးငါးရက်ပါ၊ ဖေဖေ အမြန်ဆုံး စီစဉ်မှာပါ၊ သည်တစ်ခါ သမီးကို ဖေဖေ တကယ်ပြောတာပါ၊ သမီးလက်ခံတယ် မဟုတ်လား"

ဟု မေးလိုက်၏။

မေးဖျားလေးကိုင်ပြီး မေးလာသော ဖခင်ဖြစ်သူ ယန်ယိထင်းကို ယန်ကျူးမေ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ဖေဖေပြောတော့ လေးငါးရက်ပဲ ကြာမှာနော်၊ ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သည်အလုပ်တွေကို စွန့်လွှတ်လိုက်တော့မှာနော်"

ဟု မေးလိုက်၏။

ယန်ယိထင်းက. . .

"တကယ် ပြောတာပါ"

ယန်ကျူးမေက. . .

"ကောင်းပြီ၊ ဖေဖေပြောတာကို သမီးလက်ခံပါတယ်"

ဟု ပြောလိုက်၏။

ထိုအခါ. . .

ယန်ယိထင်း ပြုံးလိုက်၏။

"ကဲ. . . ဒါဆိုရင်ထ၊ ဖေဖေတို့ မနက်စာ စားကြရအောင်၊ သမီးကို စောင့်နေလို့ ဖေဖေတောင် ဆာလှပြီ"

ယန်ကျူးမေ မငြင်းတော့ချေ။

ဖခင်ဖြစ်သူ၏ လက်မောင်းကို ဖက်တွယ်လျက် ထလိုက်သည်။

ပြီးလျှင်. . .

"သည်တစ်ခါတော့ သမီးစိတ်ချမ်းသာရမှာ သေချာတယ်နော် ဖေဖေ"

ဟု မေးလိုက်သည်။

ယန်ယိထင်း ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ် သမီးရယ်"

ဟု ပြောလိုက်၏။

ယန်ကျူးမေ ပြုံးလိုက်၏။



"ဒါကြောင့် ဖေဖေ့ကို ချစ်နေရတာ"

ထို့နောက်. . .

သူတို့ သားအဖနှစ်ယောက် စားဖိုဆောင်ဆီသို့ လျှောက်သွားလေတော့သည်။

☆ ☆ ☆

"ဒေါက်"

"ဒေါက်"

ဝမ်းရှက အိတ်ကလေးအတွင်းမှ ငွေတုံးနှစ်တုံးကို နှိုက်ယူလိုက်သည်။

တဆက်တည်းပင် စာကလေး၏ရှေ့သို့ ချပေးလိုက်လေသည်။

"ဟင်"

စာကလေး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူက ဝမ်းရှအား နားမလည်နိုင်သလို ကြည့်လိုက်သည်။

ထိုအခါ. . .

ဝမ်းရှက ပြုံးလိုက်သည်။

စာကလေးအား ကြည့်ကာ. . .

"ခင်ဗျားက ဓားဝယ်မယ့်သူနဲ့ တွေ့အောင် စီစဉ်ပေးတယ် မဟုတ်လား၊ ဒါကြောင့် ပေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

စာကလေး ခေါင်းခါယမ်းလိုက်သည်။

သူက ငွေတုံးကလေးများကို ဝမ်းရှ ရှေ့သို့ ပြန်လည်တွန်းပို့လိုက်သည်။

"မဟုတ်တာဗျာ၊ ကျုပ်က ခင်ဗျားကို စေတနာနဲ့ ကူညီတာပါ။ သည်အတွက် ဘာမှပေးစရာ မလိုပါဘူး"

ဝမ်းရှက ငွေတုံးကလေးများကို စာကလေးဘက်သို့ ပြန်လည်တွန်းပို့လိုက်သည်။

"စာကလေး၊ ခင်ဗျားစေတနာကို ကျုပ်နားလည်ပါတယ်၊ ခင်ဗျားကူညီတာကိုလဲ ကျုပ် ဘယ်တော့မှ မမေ့ပါဘူး သည်ငွေတုံးကလေးတွေကို ခင်ဗျားသုံးဖို့ ကျုပ်စေတနာနဲ့ ပေးတာလို့ပဲ သဘောထားပြီး လက်ခံလိုက်စမ်းပါဗျာ"

ဟု ပြောလိုက်၏။

သည်တစ်ကြိမ်တော့ စာကလေး မငြင်းတော့ပါချေ။

ငွေတုံးကလေးများကို ကောက်ယူပြီး အတွင်းအိတ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက်. . .

ဝမ်းရှကို ကြည့်ကာ. . .

"ခင်ဗျားလိုချင်တဲ့ငွေ ရပြီဆိုတော့ ဘာဆက်လုပ်မယ် စိတ်ကူးသလဲဗျ"

ဟု မေးလိုက်၏။

ဝမ်းရှက. . .



"အင်း. . . ငွေရပြီဆိုတော့ ကျုပ်လိုချင်တဲ့ ပစ္စည်းတွေ ဝယ်ရမယ်၊ အချိန်မီရင် တစ်ခါတည်း ခရီးဆက်မယ်၊ အချိန်မမီရင်တော့ သည်တစ်ည တည်းခိုခန်းတစ်ခုခုမှာ တည်းမယ်၊ နောက်နေ့ကျမှ ခရီးဆက်မယ်လို့ တွေးထားတာဗျ"

စာကလေး ခေါင်းခါယမ်းလိုက်သည်။

"ဟာဗျာ၊ အချိန်မီရင် ဘာတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ ပြီးတော့လဲ တည်းခိုခန်းမှာ တည်းမနေပါနဲ့၊ ကျုပ်ဆီမှာပဲ ဆက်တည်းပြီး ခင်ဗျားဝယ်စရာရှိတာ၊ စီစဉ်စရာရှိတာ စီစဉ်ပါ၊ ကျုပ်လဲ ခင်ဗျားကို ဝိုင်းပြီး ကူညီပေးနိုင်တာပေါ့"

ဟု ပြောလိုက်၏။

ဝမ်းရှ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားသည်။

စာကလေး၏ စေတနာကို စော်ကားသလို ဖြစ်မည်စိုးသောကြောင့် လက်ခံလိုက်လေသည်။

"အင်း. . . ဒါလဲ ဖြစ်ပါတယ်"

ဤသို့ဖြင့်. . .

စာကလေးနှင့် ဝမ်းရှတို့သည် ဈေးဘက်သို့ ထွက်လာခဲ့ကြသည်။

ထို့နောက် သူတို့က ဝယ်စရာ ရှိသည်များကို ဝယ်ခြမ်းကြလေသည်။

နေရာတကာ စပ်စပ်စုစု သိတတ်သော စာကလေးကြောင့် ခရီးဆက်ရန်အတွက် လိုအပ်သော မြင်းကောင်းမြင်းသန်တစ်ကောင်ကိုလည်း ဝယ်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဈေးဝယ်နေချိန်တွင် မိုးကောင်းကင်၌ တိမ်စိုင် တိမ်ခဲများ အုံ့ဆိုင်းညှိမည်းလျက် ရှိနေ၏။

ပြို့တော့မည့်အလား မိုးသားများကြားမှ ဝင်းခနဲ ပြိုးပြက်လက်သွားသော လျှပ်စီးတန်းများကိုလည်း မြင်ရလေသည်။

"ဂျိမ်း. . . ဂျိမ်း"

မိုးခြိမ်းသံများက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လေများကလည်း တရကြမ်း တိုက်ခတ်လာလေသည်။

ထိုအခါ စာကလေး၏ မျက်နှာမှာ ရုတ်တရက် ပြုံးယောင်သမ်းလာသည်။

"ဟဲ. . . ဟဲ၊ ဘယ်နှယ့်လဲ၊ ခင်ဗျား ခရီးဆက်ချင်လို့တောင် သည်မိုးသည်လေနဲ့ ဘယ်လိုမှ ဆက်လို့ရမှာ မဟုတ်တော့ဘူး။ ကျုပ်အိမ်မှာပဲ ပျော်ပျော်ပါးပါး အရက်သောက်ကြမယ်၊ မနက်ဖြန်မှ ခရီးဆက်ရတော့မှာ သေချာသွားပြီ၊ အဲဒါဘာမှမဟုတ်ဘူး ကျုပ်ရဲ့စေတနာကိုသိတဲ့ မိုးနတ်သားနဲ့လေနတ်သားတွေက ဖန်တီးပေးလိုက်တာပဲ ဖြစ်မယ်၊ ဟဲ. . . ဟဲ"

စာကလေးက အရက်အိုးကို မြှောက်ပြရင်း ပြောလိုက်လေသည်။

ထိုစဉ်. . .

"ဝေါ. . . ဝေါ"

ကျယ်လောင်သော မြည်ဟည်းသံကြီးနှင့်အတူ မိုးသည်းထန်စွာ ရွာချလိုက်လေတော့သည်။

☆ ☆ ☆



# တိုက်ခိုက်ခြင်း

နေဝင်သွားပြီ ဖြစ်သည်။

အမှောင်ထုကလည်း သိပ်သည်းလာသည်။

ညဥ့်မနက်သေးသော်လည်း လမ်းမပေါ်တွင် လူသွားလူလာ ပြတ်နေ၏။

နေမွန်းတည့်ချိန်ကစပြီး သဲသဲမဲမဲ ရွာခဲ့သော မိုးများမှာလည်း ယခုအချိန်အထိ မတိတ်သေးပါချေ။

ထို့အပြင်. . .

လေများကလည်း ပြင်းပြင်းထန်ထန် တိုက်ခတ်နေဆဲဖြစ်၏။

ထို့ကြောင့် မြို့တွင်း၌ ရှိသော အဆောက်အအုံများမှ မီးရောင် မမှိတ်သေးသော်လည်း တံခါးများကိုတော့ ပိတ်ထားကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဇာမဏီအာမခံဌာနသည်လည်း ထိုအဆောက်အအုံများစွာထဲမှ တစ်ခု ဖြစ်လေသည်။

အဆောက်အအုံ၏တံခါးများကို ပိတ်ထားသော်လည်း မီးရောင်များက လင်းနေဆဲ ဖြစ်သည်။

အဆောက်အအုံ၏ အပြင်ဘက်တွင်လည်း မိုးဒဏ်လေဒဏ် ခံနိုင်သည့် ဖန်မီးအိမ်များက လင်းနေသည်။

မိုးစက်မိုးမှုန်များကြောင့် ဖန်မီးအိမ်၏ အလင်းရောင်မှာ မှိန်ပျော့ပျော့သာ ရှိ၏။

☆ ☆ ☆



"ဇာမဏီအာမခံဌာန"

အနီရောင်အောက်ခံတွင် ဇာမဏီအာမခံဌာနဟူသော အမည်ကို ရေးထားသော ရွှေရောင်စာလုံးများပေါ်သို့ မီးရောင်မှိန်ပျော့ပျော့က ဖြာကျနေ၏။

အစောင့်တာဝန်ကျသူများမှာ အဆောက်အအုံ တံခါးမကြီးကို ဝဲယာရံလျက် စောင့်ကြပ်နေကြသည်။

တိုးဝှေ့တိုက်ခတ်နေသော လေပြင်းက သူတို့၏ကိုယ်ပေါ်သို့ မိုးရေစက်များ ပက်ဖြန်းပေးနေ၏။

သို့သော်. . .

အစောင့်များမှာ မိုးဒဏ်လေဒဏ်ကို ဂရုမထားနိုင်အားပါချေ။

ဤသို့. . .

မိုးသည်းထန်သော ညတွင် လူတစ်ယောက်သည် အမှောင်ထုအတွင်းမှ တိုးထွက်လာပြီးနောက် ဇာမဏီအာမခံဌာနသို့ ရောက်ရှိလာလေသည်။

အနက်ရောင်ကိုယ်ကျပ်ဝတ်စုံကို ဝတ်ထားသော ထိုလူသည် သံမဏီဓားပျော့တစ်ချောင်းကို ကျောသိုင်းလွယ်ထား၏။

အဆောင်းအကာ မပါဘဲ ရောက်ရှိလာခြင်း ဖြစ်၍ တစ်ကိုယ်လုံး ရွှဲနစ်နေ၏။

သို့သော်. . .

သဲသဲမဲမဲ ရွာနေသော မိုးကို အလေးထားဟန် မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဇာမဏီအာမခံဌာနဆီသို့ တည်ငြိမ်စွာ ခြေလှမ်းမှန်မှန်ဖြင့် တစ်လှမ်းချင်း လျှောက်သွားသည်။

အစောင့်နှစ်ယောက်သည် ထူးဆန်းစွာ ရောက်ရှိလာသော လူကို မြင်တွေ့ပြီး ဖြစ်သည်။

အန္တရာယ် အငွေ့အသက်များကိုလည်း ရှူရှိုက်မိပြီး ဖြစ်သည်။

သို့သော်. . .

အာမခံလုပ်ငန်း အတွေ့အကြုံ ရှိထားသူများပီပီ စိုးရွံ့ထိတ်လန့်မှုများ ဖြစ်မသွားချေ။

တဖြည်းဖြည်း သူတို့နှင့် နီးလာပြီ ဖြစ်သော်လည်း လှုပ်ရှားခြင်း မပြုကြချေ။

ရင်ဆိုင်နိုင်ရန် အသင့်အနေအထားဖြင့် ထိုဝတ်စုံနက်အား စောင့်ဆိုင်းနေသည်။

ဝတ်စုံနက်ကလည်း ကိုယ့်အိမ်ကိုယ်ပြန်လာသည့်ပမာ အေးအေးဆေးဆေးပင် လျှောက်လှမ်းလာနေ၏။

ဝတ်စုံနက်က တံခါးကို တွန်းဖွင့်လိုက်သည်။

"ကျွီ"

ထို့နောက်. . .

ဝတ်စုံနက်က ခြံဝင်းအတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်. . .

"ရပ်လိုက်"



အစောင့်နှစ်ယောက်၏ ကျယ်လောင်သော ဟန့်တားသံ ထွက်ပေါ်လာ၏။

"ခြွမ်း"

"ခြွမ်း"

တဆက်တည်းမှာပင် သူတို့သည် ဓားများကို ကိုယ်စီဆွဲထုတ်လိုက်ကြသည်။

ပြီးလျှင် ဝတ်စုံနက်ရှေ့မှ ကန့်လန့်ဖြတ် တားထားလိုက်သည်။

ဝတ်စုံနက် သဘောကျစွာ ပြုံးလိုက်သည်။

ထို့နောက်. . .

အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

"မင်းတို့ မသေချင်ရင် ထွက်သွားကြ"

အစောင့်နှစ်ယောက်၏ မျက်နှာ ခက်ထန်တင်းမာသွားသည်။

"သည်စကားကို ငါတို့ပြောရမှာကွ"

စကားဆုံးလျှင် အစောင့်နှစ်ယောက်က ဝတ်စုံနက်အား ခုတ်ခိုက်လိုက်သည်။

"ဝှီး"

"ဝှီး"

အစောင့်နှစ်ယောက်၏ ဓားချက်များကို ဝတ်စုံနက်က အသာအယာပင် ရှောင်တိမ်းလိုက်၏။

"ဟူး"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်နှင့်လူသည် ကြောက်မက်ဖွယ်ရာကောင်းသူ ဖြစ်မှန်း အစောင့်နှစ်ယောက်က ရိပ်စားမိလိုက်ကြလေသည်။

ထိုစဉ်. . .

"ဟူး"

ဝတ်စုံနက်၏ လက်နှစ်ဘက်က လျှပ်တပြက် လှုပ်ရှား လာသည်။

သူ၏လှုပ်ရှားလိုက်ဟန်မှာ အလွန်ပင် လျင်မြန်လွန်းလှ သည်။

ဝတ်စုံနက်၏ လက်ဝါးရိုက်ချက်များက အစောင့်နှစ် ယောက်၏ရင်ဝဆီကို အရှိန်ပြင်းစွာ တိုးဝင်လာလေသည်။

"ဟင်"

"ဟာ"

အစောင့်နှစ်ယောက် ထိတ်လန့်သွား၏။

ကပျာကယာ ရှောင်တိမ်းရန် ကြိုးစားသော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

"ဝုန်း"

"အား"

အစောင့်နှစ်ယောက် စူးရှစွာ အော်ပြီးလဲကျသွား၏။

ဝတ်စုံနက်က လဲကျနေသော အစောင့်နှစ်ယောက်ထံ ကျော်လွှားပြီးနောက် တံခါးကို တွန်းဖွင့်ကာ ဝင်သွားလေသည်။

☆ ☆ ☆



ဇာမဏီအာမခံဌာနပိုင်ရှင်မှာ ယန်ယိထင်းဖြစ်လေ သည်။

သူသည် ခန်းမအတွင်းရှိ ထိုင်ခုံတစ်လုံးတွင်ထိုင်ရင်း အခြားသော စီးပွားရေးလုပ်ငန်းမှ ဝင်ငွေစာရင်းကို စစ်ဆေး နေခြင်းဖြစ်သည်။

အာမခံဌာနတွင် ညဉ့်နက်သည်အထိနေပြီး စာရင်း ဇယားများကို စစ်ဆေးနေခြင်းမှာ ယန်ယိထင်း၏ နေ့စဉ်ပြုလုပ် မြဲအလုပ် ဖြစ်နေသည်။

"ဟူး"

ဝတ်စုံနက်က တံခါးတွန်းဖွင့်လိုက်သောကြောင့် ဖြစ် ပေါ်လာသော လေအရှိန်က ယန်ယိထင်း၏မျက်နှာကို လာဟပ် သွားသည်။

ယန်ယိထင်း မျက်မှောင်ကြုတ်လိုက်သည်။

ဤလိုညမျိုးတွင် ပစ္စည်းပို့ရန် အပ်နှံသူများလာရောက် ခြင်းမျိုး မရှိပါချေ။

ဧည့်သည်များလည်း လာလေ့မရှိပါချေ။

အခြားသောစီးပွားရေးလုပ်ငန်းများမှ တာဝန်ခံများ လာ တတ်ကြသည်။

မည်သူလာသည်ဖြစ်စေ ဦးစွာ အစောင့်တစ်ယောက်က ဝင်ရောက်လာပြီး သတင်းပို့ရမည်ဖြစ်လေသည်။

သူက ခွင့်ပြုမှသာ ဝင်ခွင့်ရှိလေသည်။

အစောင့်များ၏ ခြေသံကို နားယဉ်နေပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ယခု ဝင်လာသူမှာ သူ၏အစောင့်တစ်ယောက်ယောက် မဟုတ်ကြောင်း သိနေသည်။

ဝင်လာသူ၏ခြေသံမှာ မကြားရအောင် တိုးတိတ်ညင်သာနေသဖြင့် ကိုယ်ဖော့အားကောင်းသူ တစ်ယောက်ဖြစ်မည်။

"သူ ဘယ်သူလဲ၊ ဘာကိစ္စလာတာလဲ"

ခေါင်းမော့ကြည့်ပြီးနောက် ဝတ်စုံနက်ကိုမြင်ရသောအခါ ယန်ယိထင်း၏မျက်လုံးများ အရောင်တောက်သွားသည်။

အသက်ရှူလည်း မြန်လာသည်။

"ကွမ်းကြူးခက်"

ဟုလည်း ရေရွတ်လိုက်၏။

မှန်ပေသည်။

ဝင်လာသူ ဝတ်စုံနက်မှာ ယန်ယိထင်းအား အမျိုးမျိုးအနှောက်အယှက်ပေးနေသော ကွမ်းကြူးခက်ဖြစ်လေသည်။

ကွမ်းကြူးခက်က ယန်ယိထင်း၏ရှေ့တွင် မားမားမတ်မတ်ရပ်ရင်း အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား"

မီးသံလေသံကြားထဲတွင် ကွမ်းကြူးခက်၏ရယ်မောသံ ဟိန်းထွက်လာလေသည်။

ယန်ယိထင်း၏မျက်နှာ ခက်ထန်သွားသည်။

"ကွမ်းကြူးခက်"

ကွမ်းကြူးခက် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့ ယန်ယိထင်းရာ၊ ခင်ဗျား သိပ်မုန်းပြီး



သတ်ချင်ပါတယ်ဆိုတဲ့ ကွမ်းကြူးခက်ပါ၊ အခု ကျုပ်လာတာ အသတ်ခံဖို့ပါပဲ၊ ကဲ လာသတ်လေဗျာ၊ ဟား. . ဟား. . ဟား"

စကားလုံးများဖြင့်သာ လှောင်ပြောင်နေခြင်း မဟုတ်ပါ။ လေသံကလည်း သရော်လွန်းလှသည်။

သို့သော်. . .

ယန်ယိထင်းက တုတ်တုတ်ပင်မလှုပ်ဘဲ ငြိမ်နေသည်။

ထိုင်မြဲတိုင်းထိုင်နေပြီး ကွမ်းကြူးခက်ကို မမှိတ်မသုန်ကြည့်နေသည်။

ကွမ်းကြူးခက်က ယန်ယိထင်းအားကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ဘယ်လိုလဲ ယန်ယိထင်းရဲ့ ကျုပ်ကို သေစေချင်ပါတယ်ဆိုတဲ့လူဟာ ကျုပ်ရောက်တော့လည်း လှုပ်တောင်မလှုပ်ပါလားဗျ။ ဟား. . ဟား. . ဟား"

"ဟင်း"

ယန်ယိထင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

သူက ကွမ်းကြူးခက်အားကြည့်ကာ အေးတိအေးစက်လေသံဖြင့် ပြောလိုက်သည်။

"ကွမ်းကြူးခက်. . . ကျုပ်ပိုင်နက်ထဲကို ကျူးကျော်ဝင်လာပြီး ဘာကြောင့် ရန်စစော်ကားတာလဲ၊ ဇာမဏီအဖွဲ့မခံဌာနဆိုတာ သူတပါးစော်ကားချင်တိုင်း စော်ကားနေတာကို ခေါင်းငုံ့ခံတဲ့အဖွဲ့အစည်း မဟုတ်ဘူးဆိုတာ မင်းနားလည်ထားပါ။ အခုနေမကောင်းခင် မင်းထွက်သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးခက် ပခုံးတွန့်လိုက်သည်။

"ထွက်သွား ဟုတ်လား၊ ကျုပ်က ဘာဖြစ်လို့ထွက်သွားရမှာလဲ၊ ကျုပ်စော်ကားချင်တိုင်း စော်ကားနေတော့ ဘာဖြစ်သလဲ၊ ခင်ဗျားတို့ မကျေနပ်လို့ ပြန်တိုက်တော့ကော ကျုပ်က ကြောက်ရမှာလား။ တစ်ယောက်တည်းလာတယ် ဆိုကတည်းက ခင်ဗျားတို့ကို မကြောက်လို့ဆိုတာ ယုံစမ်းပါ"

ယန်ယိထင်း မျက်မှောင်ကြုတ်လိုက်သည်။

"မင်း နောက်မဆုတ်ဘူးပေါ့"

ဟု မေးလိုက်၏။

ကွမ်းကြိုးခက်က အေးတိအေးစက်လေသံဖြင့် ပြောလိုက်သည်။

"ဘာကြောင့် ကျုပ်က နောက်ဆုတ်ရမှာလဲ၊ ခင်ဗျားကျုပ်ကို သတ်ချင်လွန်းလို့ ကျုပ်သည်ကိုလာခဲ့တာပဲ၊ ခင်ဗျားက ကျုပ်ကို သတ်နိုင်တဲ့အစွမ်းအစရှိရင် အခု သတ်လိုက်စမ်းပါ"

ယန်ယိထင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် တိုက်ခိုက်ချင်စိတ် မရှိသေးဘူး"

ကွမ်းကြိုးခက် နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ခင်ဗျားက ကျုပ်ကို မသတ်ဘူးဆိုရင် ကျုပ်သတ်တာကိုခင်ဗျားခံရလိမ့်မယ် ဒါပဲ"

ယန်ယိထင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပြီလေ၊ မင်း သိပ်သေချင်နေပြီဆိုရင် သေရပါစေမယ်"



သူက စကားဆုံးသွားလျှင် လက်ခုပ်သုံးချက်တီးလိုက်လေသည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ထိုအခါ. . .

ယန်ယိထင်း၏ အနောက်ဘက်ရှိ တံခါးပေါက်မှ အနီရောင်ကိုယ်ကျပ်ဝတ်စုံ ဝတ်ဆင်ထားသော အာမခံအဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာပြီးနောက် ကွမ်းကြိုးခက်အား ဝိုင်းရံလိုက်သည်။

ကွမ်းကြိုးခက်အား ဝိုင်းရံထားသူမှာ လူနှစ်ဆယ်တိတိဖြစ်လေသည်။

သူတို့သည် ကွမ်းကြိုးခက်ကို ဗဟိုပြုပြီး စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံလှည့်ပတ်နေသည်။

"ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံနှစ်ချက်ဆင့်ပြီး ထပ်မံထွက်ပေါ်လာသော အနီရောင်လူဆယ်ယောက်သည် ရှေ့သို့ တစ်လှမ်းတိုးထွက်လာသည်။

ထိုလူများက ရှေ့လျှားနေသည်မှ ပြောင်းပြန်လှည့်ပတ်ဝိုင်းရံလိုက်သည်။

အပြင်စက်ဝိုင်းက ညာရစ်လှည့်လည်ပြီး အတွင်းစက်ဝိုင်းသည် ဘယ်ရစ်လှည့်နေခြင်းဖြစ်သည်။

ဇာမဏီအာမခံဌာန၏ ကိုယ်ပိုင်သိုင်းကွက်ဖြစ်သော မရဏရဟတ်သိုင်းကွက်ကို စတင်ရန် သိုင်းကွက်ခင်းနေခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ကွမ်းကြိုးခက် သိပြီးဖြစ်သည်။

သို့ရာတွင် . . .

ကွမ်းကြိုးခက်၏ မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သည့် အမူအရာများ လုံးဝမရှိပါချေ။

ကွမ်းကြိုးခက်က ယန်ယိထင်းအား လှမ်းကြည့်လိုက်လေသည်။

"ခင်ဗျားက လူတွေကို သက်သက်အသေခံနေတာပဲ ခင်ဗျားရဲ့သိုင်းသမား အညွှန့်စားတွေနဲ့ ကျုပ်ကိုတိုက်ခိုက်နိုင်တော့ဘာဖြစ်မှာလဲ"

ယန်ယိထင်း၏ တည်ငြိမ်သောမျက်နှာပေါ်တွင် ခက်ထန်မှုများ ရောယှက်ဖြာလာ၏။

ကွမ်းကြိုးခက်က ဆက်ပြောလိုက်သည်။

"ကျုပ်သတ်ချင်တာက သည်လူတွေ မဟုတ်ဘူးဗျ၊ ခင်ဗျားကိုသတ်ချင်တာဗျ၊ သည်တော့ ခင်ဗျားကိုယ်တိုင် ထွက်တိုက်ပါ ယန်ယိထင်း"

ယန်ယိထင်းက အဖြေမပေးဘဲ လက်ခုပ်နှစ်ချက် တီးလိုက်လေသည်။

"ဖြောင်း . . . ဖြောင်း"

အတွင်းစည်းရှိ ဝတ်စုံနီဆယ်ယောက်က ဓားများကို ရှမ်းခနဲမြည်အောင် ထုတ်ရင်း နောက်သို့ခြေတစ်လှမ်း ဆုတ်သွားကြလေသည်။

"ရွှမ်း . . . ရွှမ်း"



အပြင်စည်းရှိ ဝတ်စုံနီဆယ်ယောက်ကလည်း တပြိုင်နက်တည်း ဆိုသလို ဓားများကို ဆွဲထုတ်ရင်း ရှေ့သို့တစ်လှမ်း တိုးကာ ထိုးခုတ်တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

"ဟား"

"ဝှီး . . ဝှီး . . . ဝှီး"

တိုက်ခိုက်သူ ဆယ်ယောက်သည် တိုက်ခိုက်ပြီးသည်နှင့် နောက်ဆုတ်သွားကြသည်။

"ယား"

"ဝှီး . . . ဝှီး . . . ဝှီး"

နောက်မှ ဆယ်ဦးက ရှေ့သို့ ခြေတစ်လှမ်းတိုးမြင့် တိုက်ခိုက်လာကြပြန်သည်။

စက်ဝိုင်း အလှည့်မပျက်သည့်အပြင် ချိန်သားစည်းချက်ညီလှသဖြင့် မရဏရဟတ်သိုင်းကွက်မှာ ယင်ကောင်ပင် မလွတ်ဟု ပြောကြသည်။

အမြင်ရှုပ်ထွေးပြီး ချောင်တိမ်းရခက်ခဲသော သိုင်းကွက်မျိုး ဖြစ်သည်။

တဖြည်းဖြည်းဖြင့် စက်ဝိုင်းလည်ပတ်မှု မြန်လာ၏။

"ဝှီး . . . ဝှီး . . . ဝှီး"

လှုပ်ရှားတိုက်ခိုက်မှုလည်း ပြင်းထန်လာ၏။

အဆင့်မြင့်သိုင်းသမား တစ်ယောက်ကို သိုင်းကွက်အနည်းငယ်အတွင်း ဒဏ်ရာပြင်းထန်စွာ ရသွားစေသည့်အထိ ကောင်းမွန်ထက်မြက်သော သိုင်းကွက် ဖြစ်သော်လည်း ကွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြူးခက်အတွက်တော့ အညံ့စားသိုင်းကွက်သာ ဖြစ်နေသည်။

ထိုဝက်ပါ ခြေလှမ်းကွက်ကို အပြောင်းအလဲ အမျိုးမျိုး ဖြင့် ရွှေ့လျားရှောင်တိမ်းလိုက်ရုံဖြင့် လွတ်မြောက်နေလေသည်။

တန်ပြန်တိုက်ခိုက်မှုကို ယခုအချိန်ထိ မပြုလုပ်ရသော ဝတ်စုံနီသိုင်းသမားများက စတုတ္ထအကြိမ်မြောက် တိုက်ခိုက်ပြီးသောအခါ ကွမ်းကြူးခက်သည် တုန့်ပြန် တိုက်ခိုက်မှု စတင်လိုက်လေသည်။

မတိုက်ခိုက်၍ မဖြစ်တော့ချေ။

အကြောင်းမှာ. . .

မရဏာရဟတ်သိုင်းကွက်မှာ တဖြည်းဖြည်း ကျဉ်းလာသောကြောင့် ဖြစ်သည်။

ကြာလျှင် ထိုဝက်ပါသိုင်းကွက်၏ ထိန်းချုပ်မှုအောက်တွင် ရုန်းထွက်ရ ခက်ခဲတော့မည်မှာ သေချာနေ၏။

ထို့ကြောင့်. . .

ကွမ်းကြူးခက်က တိုက်ခိုက်မှုကို စတင်ရခြင်း ဖြစ်လေသည်။

"ယား"

"ဝိုး"

ကွမ်းကြူးခက်က ပြောသံပေးကာ တချကြမ်း တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်လှ၏။

"ဝုန်း"



"အား"

"အမယ်လေး"

"သေပါပြီဗျ"

ဝတ်စုံနီလေးယောက်သည် စူးရှစွာ အော်ဟစ်ရင်း လဲကျသွားလေသည်။

မရဏာရဟတ်သိုင်းကွက်မှာလည်း ပျက်စီးသွားလေသည်။

သို့သော်. . .

ဝတ်စုံနီတို့၏ တိုက်ခိုက်မှုကား ပျက်မသွားချေ။

အပြင်စည်းနှင့် အတွင်းစည်း ပေါင်းစပ်သွားပြီး ဆက်လက်တိုက်ခိုက်နေပြန်သည်။

လူအင်အား လျော့ပါးသွားသော်လည်း လှုပ်ရှားမှုနှင့် တိုက်အားလျော့မသွားအောင် စီစဉ်ထားသော သိုင်းကွက် ဖြစ်သည်။

"ယား"

"ဝိုး. . . ဝိုး"

ကွမ်းကြူးခက်၏ လှုပ်ရှားတိုက်ခိုက်မှုကလည်း အံ့မခန်း သွက်လက်ပြင်းထန်နေ၏။

ဓားကိုင် တိုက်ခိုက်နေသူများကို လက်ချည်းဗလာ သက်သက်ဖြင့် တိုက်ခိုက်အနိုင်ယူခြင်း ဖြစ်၏။

သိုင်းကွက်အနည်းငယ် အတွင်းမှာပင် မရဏာရဟတ် သိုင်းကွက် ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ကွမ်းကြိုးခက်၏လက်ချက်ကြောင့် ဝတ်စုံနီများ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်လဲကျသွားကြလေသည်။

ယန်ယိထင်းက သူ၏ဝတ်စုံနီများ လဲကျကုန်သည်ကို တွေ့ရသော်လည်း စိတ်လှုပ်ရှားမှု မရှိချေ။

အံ့ဩတုန်လှုပ်ဟန်လည်း မရှိချေ။

တည်ငြိမ်စွာ ထိုင်မြဲထိုင်နေ၏။

သို့သော်. . .

သူ၏မျက်လုံးများက ကွမ်းကြိုးခက်၏ လှုပ်ရှားမှုနှင့် တိုက်ကွက်များကိုသာ စေ့စေ့စပ်စပ် စိုက်ကြည့်နေသည်။

"ဝုန်း"

"အား"

နောက်ဆုံး ကျန်ရှိနေသေးသော ဝတ်စုံနီတစ်ယောက် လဲကျသွားသည်နှင့် ကွမ်းကြိုးခက်က တိုက်ခိုက်မှုကို ရပ်တန့်လိုက်၏။ ထို့နောက် ယန်ယိထင်း ရှိရာသို့ လှည့်လိုက်သည်။

"ခင်ဗျားပဲ ကျန်တော့တယ်"

သူက အေးတိအေးစက် လေသံဖြင့် ယန်ယိထင်းအား ပြောလိုက်လေသည်။

☆ ☆ ☆



မိုးကလဲ သဲသဲမဲမဲ ရွာနေဆဲ ဖြစ်၏။

လေကလည်း ပြင်းထန်စွာ တိုက်ခတ်နေသည်။

ယန်ယိထင်းက ထိုင်ရာမှ ထရပ်လိုက်လေသည်။

"ခင်ဗျားက ကျုပ်ကို ဘာကြောင့် သတ်ချင်ရတာလဲ"

ကွမ်းကြိုးခက် မဲ့ပြုံးပြုံးလိုက်သည်။

"အပြန်အလှန်လေဗျာ၊ ခင်ဗျားရဲ့ စေတနာက ခင်ဗျားကို ပြန်ဒဏ်ခတ်တာပေါ့၊ ခင်ဗျားက ကျုပ်ကို သတ်ချင်နေတယ် မဟုတ်လား၊ ကျုပ်က မသေချင်ဘူး၊ မသေချင်ရင် ကိုယ့်ကို သတ်မယ့်လူကို ပြန်သတ်ရမှာပေါ့"

ယန်ယိထင်း မျက်မှောင်ကြုတ်လိုက်သည်။

"ခင်ဗျားကို ကျုပ်က သတ်ချင်နေတယ်လို့ ဘယ်သူပြောသလဲ"

ဟု မေးလိုက်၏။

ကွမ်းကြိုးခက်က ပခုံးတွန့်လိုက်သည်။

"နားရှိလို့သာ ကြားရတာပါဗျာ၊ ကျုပ်ကို သတ်နိုင်ဖို့ ခင်ဗျား လူရှာနေတာ ကျုပ်ကြားသိတာပေါ့ဗျာ"

ယန်ယိထင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ဘာကြောင့် ခင်ဗျားကို သတ်ချင်ရမှာလဲ"

အမှန်တရားကို ဖုံးကွယ်ရန် ယန်ယိထင်း ကြိုးစားလိုက်လေသည်။

ကွမ်းကြိုးခက် ခေါင်းခါယမ်းလိုက်သည်။

"မလိမ်တတ်ဘဲနဲ့ လိမ်မနေစမ်းပါနဲ့ဗျာ၊ ခင်ဗျား ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို သတ်ချင်နေတာ ဘယ်သူမှ မပြောလဲ ကျုပ်သိတယ်၊ ကစား
ဝိုင်းတွေက ခင်ဗျားတိတ်တိတ်ပုန်းပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ
ဆိုတာ ကျုပ်သိတယ်၊ ကျုပ်ကြောင့် ခင်ဗျားစီးပွားရေးလုပ်ငန်း
မှာ ဆုံးရှုံးမှုတွေ ဖြစ်လာတယ်၊ ဒါကြောင့် ကျုပ်ကို ခင်ဗျားသတ်
ချင်နေတယ်၊ ဒါပဲလေ"

ယန်ယိထင်း ပြုံးလိုက်သည်။

"တကယ်လို့ ကျုပ်က ခင်ဗျားကို မသတ်ချင်တော့ဘူး
ဆိုရင်ကော"

ပျက်လုံးတစ်ခု ကြားလိုက်ရသည့်အလား ကွမ်းကြိုးခက်
က သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား။ ဘယ်လို ဖြစ်ရတာလဲ၊ ယန်
ယိထင်း၊ တကယ် ရင်ဆိုင်တွေ့တော့ သွေးကြောင်သွားပြီလား
သူများကျတော့ သတ်ဖို့ စီစဉ်ချင်တိုင်း စီစဉ်ပြီး ကိုယ် အသတ်ခံရ
မယ့် အလှည့်ကျတော့ ကြောက်နေပြီလားဗျ၊ ဟား..ဟား
ဟား"

ယန်ယိထင်းက တည်ငြိမ်သော လေသံဖြင့် ပြောလိုက်
လေသည်။

"ကျုပ် မကြောက်ပါဘူး"

ဤစကားမှာ အမှန်ပင် ဖြစ်လေသည်။

ယန်ယိထင်းသည် ကွမ်းကြိုးခက်နှင့် ကောင်းစွာ ယှဉ်
ပြိုင်နိုင်သော အရည်အချင်း ရှိသူ ဖြစ်သည်။

မည်သည့်သိုင်းသမားမျှ မယှဉ်ပြိုင်ဘဲ ဒူးထောက်အရှုံး



ပေးလိုကြခေ။

ယှဉ်ပြိုင်၍သာ အသက်အသေခံမည် ဖြစ်သည်။

ဤသို့ဆိုလျှင်...

ယန်ယိထင်းသည် သူ့ကို တိုက်ခိုက်ရန် စော်ကားသည့်
ကွမ်းကြိုးခက်ကို ရင်ဆိုင်တိုက်ခိုက်ရန် မည်သည့်အတွက်
ကြောင့် ဝန်လေးနေရပါသနည်း။

အကယ်၍...

တိုက်ခိုက်မှုကြာလျှင် သူရှုံးမည်ကို ကံသေကံမ, မပြော
နိုင်သကဲ့သို့ သူနိုင်မည်ဟုလည်း ဝိုင်ပိုင်နိုင်နိုင် ပြော၍မရသော
အခြေအနေ ဖြစ်သည်။

သူ့အနေဖြင့် မသေချာလှသော အလုပ်ကို မလုပ်ချင်
ပေ။

သေချာအောင် အစီအစဉ်ချပြီးမှ တိုက်ခိုက်ချင်ပေ
သည်။

ထို့ကြောင့်...

သူက တိုက်ပွဲကို ရှောင်လွှဲ၍ ရလိုရငြား ကြိုးစားနေခြင်း
ဖြစ်၏။

ယခု...

မည်သို့မျှ ရှောင်လွှဲ၍ ရတော့မည် မဟုတ်ကြောင်း နား
လည်လိုက်ပြီ ဖြစ်သည်။

သူ့အနေနှင့် လိုလားသည် ဖြစ်စေ၊ မလိုလားသည်ဖြစ်
စေ ကွမ်းကြိုးခက်ကို ရင်ဆိုင်တိုက်ခိုက်ရတော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တိုက်ခိုက်လျှင်လည်း နိုင်အောင် တိုက်ခိုက်ရလိမ့်မည် ဖြစ်လေသည်။ မည်သည့်နည်းနှင့်မျှ သူရှုံး၍ မဖြစ်ချေ။

သူရှုံးသွားလျှင် သူ၏တစ်ဦးတည်းသော သမီးဖြစ်သူ ယန်ကျူးမေမှာ လောကကြီး အလယ်တွင် အမိမဲ့ အဖမဲ့ ဘဝဖြင့် မျက်နှာငယ်ရပေလိမ့်မည်။

လဲကျသေဆုံးနေသော ဝတ်စုံနီတစ်ယောက်၏ဓားကို ယန်ယိထင်းက ခြေဖျားဖြင့် ခတ်တင်လိုက်လေသည်။

ထို့နောက်. . .

မြောက်တက်လာသော ဓားကိုပင် ဖမ်းယူလိုက်သည်။

တဆက်တည်းပင်. . .

"သတိသာထားပေတော့ ကျုပ်တိုက်ပြီ"

ပြောပြီးသည်နှင့် ယန်ယိထင်းသည် ရှေ့သို့ ခြေလှမ်းတက်ကာ ဓားချက်ငါးချက်ကို ဆက်တိုက်ပင် ထိုးခုတ်လိုက်၏။

"ဝှီး. . . ဝှီး"

သေကွင်းသေကွက်များကိုသာ ဦးတည်ထိုးခုတ်သော ကြမ်းတမ်းရက်စက်သည့် ဓားချက်များ ဖြစ်သည်။

သူ မသေလျှင် ကိုယ်သေရမည့် တိုက်ပွဲ ဖြစ်သဖြင့် တမင်ပင် ယန်ယိထင်းက ကြမ်းကြမ်းတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ကွမ်းကြူးခက်က အလှည့်အပြောင်း သိုင်းကွက်တို့ အသုံးပြုကာ ယန်ယိထင်း၏ဓားကွက်များကို ရှောင်တိမ်းသွားသည်။



"ယား"

"ဝှီး. . . ဝှီး"

ယန်ယိထင်းက ငြာသံပေးကာ ကွမ်းကြူးခက် ရှောင်သွက်သွားရာဘက်သို့ တရကြမ်း တိုက်ခိုက်လိုက်ပြန်သည်။

ယန်ယိထင်း၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေလေသည်။

နီရဲသော မျက်လုံးအစုံဖြင့် ကွမ်းကြူးခက်အား စူးရဲစွာ စိုက်ကြည့်လိုက်ပြီး တရကြမ်း တိုက်ခိုက်နေသည်။

"ဝှီး. . . ဝှီး"

သူ၏ဓားချက်မှာ အကွက်စိပ်ပြီး ပြင်းထန်လွန်းသောကြောင့် ကွမ်းကြူးခက်မှာ တုံ့ပြန်တိုက်ခိုက်ခွင့် မရဘဲ ဖြစ်နေသည်။

ကွမ်းကြူးခက်မှာ ယန်ယိထင်း၏တိုက်ခိုက်မှုကို အသေအလဲ ရှောင်တိမ်းနေရလေသည်။

ဤသို့ဖြင့်. . .

သိုင်းကွက် ကိုးကွက် တိုက်ခိုက်ပြီး ဖြစ်သွား၏။

ထိုသိုင်းကွက် ကိုးကွက်စလုံးသည် ယန်ယိထင်း၏ တိုက်ခိုက်မှုများသာ ဖြစ်လေသည်။

ကွမ်းကြူးခက်မှာ ယန်ယိထင်း၏ တိုက်ခိုက်မှုကို ရှောင်တိမ်းနေရုံသာ ရှောင်တိမ်းနေခြင်း ဖြစ်သည်။

သူက ပြန်လည်တိုက်ခိုက်ရန် အခွင့်အရေးကို လုံးဝမရခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သာမန်မျက်စိဖြင့် ကြည့်လျှင် တစ်ဖက်သတ် အတိုက်ခံနေရသော ကွမ်းကြိုးခက်ကို ညံ့သည်ဟု ပြောစရာ ဖြစ်နေ၏။

ထိုစဉ်. . .

ကွမ်းကြိုးခက်က ယန်ယိထင်း၏ ပြင်းထန်ရှုပ်ထွေးသော ဓားချက်များကြားမှ ယိမ်းနွဲ့ရှောင်တိမ်းရင်း လွယ်ထားသောဓားကို ဆွဲယူလိုက်သည်။

ထိုဓားမှာ သံမဏိဓားတစ်ချောင်း ဖြစ်သည်။

ဓားမှာ သာမန်ဓားများနှင့် မတူဘဲ ထူးခြားနေ၏။

အကြောင်းမှာ. . .

သာမန်အချိန်တွင် ဓားမှာ ခါးစည်းကြိုးကဲ့သို့ ပျော့ပျောင်းနေပြီး အတွင်းအားထည့်ကာမှ မာကျောသွားသော ဓားပျော့ပင် ဖြစ်လေသည်။

ထိုဓားကို မြင်လိုက်ရသောအခါ ယန်ယိထင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

☆ ☆ ☆



## ကြမ္မာဆိုး

ယန်ယိထင်းသည် ကွမ်းကြိုးခက်အား ကြည့်ရင်း ဓားပိုင်ရှင် ဝမ်းရှအား မြင်ယောင်လာခြင်း ဖြစ်သည်။

မှန်ပေသည်။

ဝမ်းရှအား ငွေများစွာ ပေးကာ ဓားဝယ်ခဲ့သူမှာ ကွမ်းကြိုးခက်ပင် ဖြစ်လေသည်။

ယန်ယိထင်းက အတွေးများ စုစည်းလိုက်သည်။

"မင်း သည်သံမဏိဓားပျော့ကို ဘယ်က ရလာတာလဲ"

ကွမ်းကြိုးခက်က သဘောကျစွာ ရယ်မောလိုက်၏။

"ဝမ်းရှဆီကပေါ့ဗျာ၊ ခင်ဗျားက ကျုပ်ကို သတ်ဖို့ သူ့ကိုသယ်တယ်၊ ကျုပ်က ခင်ဗျားကို သတ်ဖို့ သူ့ဆီက ဓားဝယ်တယ်၊ အခု သည်ဓားနဲ့ ခင်ဗျားကို သတ်ရမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးခက်၏စကား ကြားလိုက်ရသောအခါ မြွေမြွေချင်း ခြေမြင်သကဲ့သို့ ကွမ်းကြိုးခက်၏ အကြံအစည်ကို ယန်ယိထင်း ရိပ်မိလိုက်လေသည်။

"မင်းက သူ့ဓားနဲ့ ငါ့ကို သတ်ပြီး သူ့ကို သတ်တယ်လို့ ထင်ရအောင် ဖန်တီးမယ့် သဘောပေါ့"

ကွမ်းကြိုးခက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ယန်ယိထင်း မျက်နှာခက်ထန်သွားသည်။

"မင်းဟာ အင်မတန် ယုတ်မာတဲ့ကောင်ပဲ"

ကွမ်းကြိုးခက် မဲ့ပြုံးပြုံးလိုက်သည်။

"ယုတ်မာတယ်လို့ မပြောစမ်းပါနဲ့၊ ခင်ဗျားလဲ ယုတ်မာခွင့်ရတုန်းက ယုတ်မာခဲ့တာပဲ မဟုတ်လား၊ သည်အချိန်မှာ ကျုပ် ယုတ်မာတာတွေ၊ မယုတ်မာတာတွေ ပြောနေမယ့်အစား ခင်ဗျားကိုယ်ကို ကာကွယ်ဖို့သာ ပြင်ထားပါ"

သူတို့သည် လက်နက်ချင်း၊ သိုင်းပညာချင်း၊ အတွင်းအားချင်းသာ ယှဉ်ပြိုင်နေကြသည် မဟုတ်ပေ။

စကားအားဖြင့်လည်း တိုက်ခိုက်နေကြလေသည်။

သို့သော်. . .

ကွမ်းကြိုးခက်၏စကားကို ယန်ယိထင်း ချေပခွင့်မရတော့ချေ။

သူ၏တိုက်ခိုက်မှုကို ရှောင်တိမ်း ကာကွယ်နေရသော ကွမ်းကြိုးခက်က ရုတ်တရက် တုံ့ပြန်တိုက်ခိုက်လာသောကြောင့်



ဖြစ်သည်။

ကွမ်းကြိုးခက်က ယန်ယိထင်း၏ဓားကို သံမဏိဓားချောင်းဖြင့် ဖယ်ထုတ်တိုက်ခိုက်နေသည်။

ထိုသို့. . .

ဖယ်ထုတ်လိုက်သော အရှိန်အတိုင်း မျှောပါလိုက်ပြီးနောက် ယန်ယိထင်းကို ဓားဖြင့်ထိုးသွင်းလိုက်သည်။

"ခြွင်"

သတိကြီးသောယန်ယိထင်းက သူ၏ဓားရှည်ဖြင့် ဖယ်ထုတ်လိုက်သည်။

တဆက်တည်းပင် ခြေကိုနောက်သို့ တစ်လှမ်းရွှေ့လိုက်ပြီး နေရာပြောင်း ရှောင်တိမ်းလိုက်သည်။

ထိုအချိန်တွင်. . .

ကွမ်းကြိုးခက်၏ဓားချက်က ဦးတည်ရာလမ်းကြောင်းပြောင်းလဲသွားသည်။

ဓားဦးက ယန်ယိထင်း၏ရင်ဝမှ ဝမ်းဗိုက်နေရာသို့ ဦးတည်သွားသည်။

တဖန်. . .

ခြေထောက်ဖြင့်လည်း ကန်ကျောက်လိုက်သည်။

"ဟင်"

ယန်ယိထင်း ရင်ထိတ်သွား၏။

ထို့နောက် သူသည် နောက်သို့ ကပျာကယာ ခုန်ဆုတ်ရှောင်တိမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးခက်က. . .

"သည်လို ပြေးလို့ရမလား"

အော်ဟစ်ကြိမ်းမောင်းရင်း ယန်ယိထင်းထံသို့ ခုန်လွှားဝင်ရောက်သွားကာ သံမဏိဓားပျော့ဖြင့် တရကြမ်းတိုက်ခိုက်လိုက်လေသည်။

အစွမ်းအထက်မြက်ဆုံးသော တိုက်ကွက်များကို အသုံးပြုပြီး တိုက်ခိုက်ခြင်းဖြစ်၍ ဓားရိပ်များမှာ ယန်ယိထင်း၏တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။

"ဝေါ်. . . ဝေါ်"

အဆောက်အအုံ၏ အပြင်ဘက်တွင် မိုးလေသည်းထန်စွာ ရွာသွန်းနေလျှက်ရှိ၏။

သို့ရာတွင်. . .

ယန်ယိထင်းသည် ကျားနက်သိုင်းကွက်ပုံစံဖြင့် နေရာယူထားသည်ဖြစ်ရာ ကိုယ်ဟန်ကို အသာတိမ်းလိုက်သည်နှင့် ကွမ်းကြိုးခက်၏ဓားချက်များမှ ကင်းလွတ်သွားလေသည်။

ကွမ်းကြိုးခက်က သူ၏ဓားချက်များ လွဲချော်သွားသော်လည်း နောက်မဆုတ်ဘဲ ရှေ့ဆက်တက်ကာ ဆင့်ကဲတိုက်ကွက်များဖြင့် တိုက်စစ်ဆင်နေ၏။

ဓားရိပ်များက ဝင်းလက်တောက်ပနေ၏။

ယန်ယိထင်းကလည်း သူ၏ဓားဖြင့် ခုခံကာကွယ်ရင်း လှုပ်ရှားနေသဖြင့် ကွမ်းကြိုးခက်၏တိုက်ကွက်များမှ ပွတ်ကာသီကာ လွတ်မြောက်နေ၏။



ကွမ်းကြိုးခက်က ဓားချက်များ လွဲနေသော်လည်း ရှေ့ဆီးကာ ယန်ယိထင်းအား မလွတ်အောင် တိုက်ခိုက်နေ၏။

"ဝှီး. . . ဝှီး"

ပိုင်ပိုင်နိုင်နိုင် ဖြစ်တော့မည်ဟု ထင်မှတ်ထားသော ထိုးကွက်များမှ ယန်ယိထင်း လွတ်မြောက်နေသည့်အတွက် ကွမ်းကြိုးခက်မှာ မကျေမနပ်ဖြစ်သွားလေသည်။

ယန်ယိထင်းမှာ ဤသို့ရှောင်တိမ်းနေလျှင် ခြေချော်လက်ချော် ဖြစ်သွားသည်နှင့် တစ်ချက်မထိ တစ်ချက်ထိကာ အရေးနိမ့်တော့မည်ဖြစ်ကြောင်း တွေးမိလိုက်သဖြင့် တိုက်စစ်ဆင်ရန် အကွက်ပြောင်းလိုက်လေသည်။

"ယား"

"ဝှီး"

ယန်ယိထင်းက ခုခံရှောင်တိမ်းနေရင်းမှ ပြာသံတစ်ချက်ပေးလိုက်သည်။

ထို့နောက်. . .

ပြန်လည် တိုက်ခိုက်လိုက်သည်။

ဤတွင်. . .

"ဝှီး"

"ဟင်"

တစ်ချက်ကလေးမျှ ပြန်တိုက်ခိုက်နိုင်စွမ်း မရှိဘဲ ရှောင်တိမ်းနေရာမှ ရုတ်တရက် တိုက်စစ်ဆင်လိုက်ခြင်းဖြစ်၍ ကွမ်းကြိုးခက် ထိတ်လန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် . . .

ယန်ယိထင်း အသုံးပြုတိုက်ခိုက်သော သိုင်းကွက်များမှာ တစ်ကြိမ်တိုက်ခိုက်လိုက်သည့် အခါတိုင်း လှုပ်ရှားမှုသုံးမျိုးပါရှိပြီး နေရာအရွေ့အပြောင်းကလည်း မြန်ဆန်လွန်းသဖြင့် ကွမ်းကြုံးခက်၏အမြင်တွင် သုံးကိုယ်ခွဲကာ တိုက်ခိုက်နေသကဲ့သို့ ဖြစ်နေသောကြောင့် တိုက်ပွဲအခြေအနေသည် မျက်လှည့်ပြလိုက်သကဲ့သို့ ချက်ချင်းပြောင်းလဲသွားသည်။

"ဝိုး. . . ဝိုး"

"ထန် . . . ထန်"

ကွမ်းကြုံးခက်က အသေအလဲ ခုခံကာကွယ်နေရ၏။

ယန်ယိထင်း၏ သိုင်းပညာမှာ အဆင့်မနိမ့်လှကြောင်း ကွမ်းကြုံးခက် သိရှိထားပြီးဖြစ်သည်။

သို့သော် . . .

ဤမျှလောက်အထိ ထက်မြက်နေလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

ယန်ယိထင်း၏ တိုက်ကွက်များကို တွေ့မြင်လိုက်ရသောအခါ တစ်ကြိမ်မျှ မဖြစ်ဖူးသော စိုးရိမ်ထိတ်လန့်မှုများ ကွမ်းကြုံးခက်၏ရင်မှာ ဖြစ်ပေါ်လာသည်။

ယန်ယိထင်းမှာလည်း သူ၏တိုက်ကွက်အောက်တွင် အသေအလဲ ခုခံနေရသော ကွမ်းကြုံးခက်ကိုကြည့်ပြီး အားတတ်လာလေသည်။

အမြန်ဆုံးပွဲသိမ်းနိုင်ရန်အတွက်လည်း တိုက်စစ်ကို တိုး



၍မြှင့်တင်လိုက်သည်။

မမျှော်လင့်သော အဖြစ်အပျက်တစ်ခုဖြစ်သွား၏။

လဲကျသေဆုံးနေသော ဝတ်စုံနီတစ်ယောက်ကို တိုက်မိပြီး ခန္ဓာကိုယ် ယိမ်းယိုင်သွားခြင်းဖြစ်လေသည်။

ထိုခဏတွင် တိုက်စစ်အားလည်း ပျက်သွားသည်။

ယန်ယိထင်းသည် ယိမ်းယိုင်သွားသော ခန္ဓာကိုယ်ကို ချက်ချင်းပင် ထိန်းမတ်လိုက်သည်။

အဖြစ်အပျက်များက မျက်စိတစ်မှိတ်ခန့်သာ ကြာလေသည်။

သို့သော် . . .

အသက်လု တိုက်ခိုက်နေရသော အခြေအနေမျိုးတွင် ဟာကွက်လွှတ်ကွက်များ ဖြစ်ပေါ်စေသည်။

ထိုတဒင်္ဂအချိန်ကလေးကိုပင် ကွမ်းကြုံးခက်က ပိုင်ပိုင်နိုင်နိုင် အသုံးချသွားလေသည်။

သံမဏိဓားပျော့က ယန်ယိထင်း၏ ရင်ဝကို ထိုးစိုက်ထွက်သွား ဖြစ်သွားလေသည်။

"အား"

ယန်ယိထင်း စူးရှစွာ အော်ဟစ်လိုက်သည်။

"မင်း . . . မင်း"

ယန်ယိထင်းသည် နာကျင်မှုကြောင့် ရှုံ့မဲ့နေသောမျက်နှာဖြင့် ကွမ်းကြုံးခက်ကိုကြည့်လိုက်သည်။

ဦးခေါင်းတစ်ခုလုံး မူးနောက်လာပြီး အမြင်များဝေဝါး

www.burmeseclassic.com

လာသည့်အတွက် ကွမ်းကြုံးခက်၏ပုံရိပ်များက မသဲမကွဲဖြစ်လာသည်။

"ဝုန်း"

ထို့နောက်. . .

ယန်ယိထင်း၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း ရှေ့သို့ ကိုင်းညွတ်အိကျလာပြီးနောက် ပစ်လဲကျသွားတော့သည်။

ခန္ဓာကိုယ် ဖိအားကြောင့် သံမဏိဓားပျော့က ယန်ယိထင်း၏ရင်ကို ထုတ်ချင်းခတ် ဖောက်ထွက်သွားသည်။

"ဟား. . . ဟား. . . ဟား"

ကွမ်းကြုံးခက် သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက်. . .

အေးဆေးတည်ငြိမ်သော ခြေလှမ်းများဖြင့် အဆောက်အအုံအတွင်းမှ ထွက်ခွာသွားလေသည်။

☆ ☆ ☆



## မုန်တိုင်းထန်ရသောယန်ဂေဟာ

ကွမ်းကြုံးခက် ထွက်ခွာသွားပြီ ဖြစ်သည်။

မကြာမီ. . .

ယန်ယိထင်း၏ခန္ဓာကိုယ် လူးလွန့်လှုပ်ရှားလာသည်။

ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ခန္ဓာကိုယ်ကို တစောင်း လှဲနိုင်ရန် ကြိုးစားလိုက်လေသည်။

ခန္ဓာကိုယ် တစောင်းလဲနိုင်သော အချိန်တွင် ရင်မှာ [illegible]စွာ နာကျင်လာ၏။

ခေါင်းမှာလည်း နောက်ကျိလာသည်။

မျက်လုံးစုံ မှိတ်ပြီး မှိန်းနေရသည်။

သို့သော် ကြာရှည် မနေနိုင်ပါချေ။

ခန္ဓာကိုယ်တွင် စူးနစ်ဝင်မြုပ်နေသောဓားကို တင်းတင်းဆုပ်လိုက်ပြီး ဆွဲနုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိစုံမှိတ်ပြီး အံကို တင်းတင်းကြိတ်ကာ ဓားကို ဆွဲနုတ်လိုက်သည်။

နောက်ဆုံး ဓားကို ဆွဲနုတ်လိုက်သောအခါ ဖြစ်ပေါ်လာသော နာကျင်မှုဝေဒနာကို မမျိုသိပ်နိုင်တော့ဘဲ အော်ဟစ်လိုက်လေသည်။

"အား"

သူ့အနေဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သော်လည်း ထွက်ပေါ်လာသော အသံမှာ တိုးတိုးလေးမျှသာ ဖြစ်လေသည်။

ဖြည်းညင်းစွာ ပွင့်လာသော မျက်လုံးများက ဓားသွားအပေါ်သို့ အကြည့်ရောက်သွားသည်။

သွေးစက်များ စွန်းပေနေသော နေရာတွင် ဓားသွား၏ အရောင်က အနက်ရောင်သို့ ပြောင်းလဲနေ၏။

အဆိပ်ဟူသော အသိက ဝင်လာလေသည်။

ရင်ဝမှ ပျံ့နှံ့နေသော အဆိပ်များကို ဖြေရန်အတွက် ဖြေဆေးကို အင်္ကျီ အတွင်းအပြင် နေရာအနှံ့သို့ လိုက်ရှာသည်။

ထို့နောက်. . .

လေးလံနှေးကွေးသော လှုပ်ရှားမှုဖြင့် သွေးကြောအချို့ကို ထိုးပိတ်လိုက်လေသည်။

အင်္ကျီအိတ်အတွင်းထဲ အသင့်ရှိနေသော ဆေးမှုန့်အချို့ကိုနှိုက်ယူပြီး ဒဏ်ရာပေါ်သို့ ဖြူးချလိုက်သည်။

အနီရောင်ဆေးလုံးလေး နှစ်လုံးကိုလည်း သောက်ချ



လိုက်လေသည်။

ထိုစဉ်. . .

ဇာမဏီအာမခံဌာန အဆောက်အအုံရှေ့သို့ အလုံပိတ်မြင်းလှည်းတစ်စီး ရောက်ရှိလာလေတော့သည်။

☆ ☆ ☆

မြင်းလှည်းတံခါး ပွင့်သွားပြီးနောက် နုပျိုလှပသော မိန်းကလေးတစ်ယောက် ဆင်းလာလေသည်။

ယန်ကျူးမေတွင် ဖခင်ကြီးယန်ယိထင်းကို ပြောစရာစကားများ ရှိနေသည်။

ထို့ကြောင့်. . .

ကျင်းကိုးမြို့မှ ပြန်ရောက်လာသည်နှင့် ညစာကိုပင် စားသေးဘဲ ဖခင်ကြီးကို လာကြိုခြင်း ဖြစ်လေသည်။

သူမသည် နံနက်စာကို စားပြီးနောက် ဒေါ်လေးစုနှင့်အတူ ကျင်းကိုးမြို့သို့ ထွက်လာခဲ့လေသည်။

ထိုမြို့တွင် သူတို့မိသားစု နေထိုင်အခြေချရန် သွားရောက်လေ့လာခြင်း ဖြစ်လေသည်။

ကျင်းကိုးမြို့သည် သာယာလှပသော မြို့ကလေးတစ်မြို့ ဖြစ်သည်။

ချန်အန်းမြို့ကဲ့သို့ပင် ခရီးလမ်းဆုံကျသော မြို့ဖြစ်သဖြင့် ကုန်ရောင်းကုန်ဝယ်လုပ်ရန် အလွန်ပင် သင့်တော်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်တစ်နေရာရှိ အိမ်ကလေးတစ်လုံးကို သဘောကျပြီး ဝယ်ယူရန် စီစဉ်ထားလေသည်။

ဖခင်ဖြစ်သူသာ သိလျှင် သူမအား ခိုးကျူးလိမ့်မည်ဟု ထင်မှတ်ခဲ့လေသည်။

ထို့ကြောင့်. . .

ဖခင်ဖြစ်သူထံ လာရောက်ခဲ့ခြင်း ဖြစ်သည်။

☆ ☆ ☆

ယန်ကျူးမေသည် အဆောက်အအုံဆီသို့ လှမ်းသွားလိုက်သည်။

"တင်"

မမျှော်လင့်သော မြင်ကွင်းကြောင့် ထိတ်လန့်သွားရလေသည်။

အကြောင်းမှာ. . .

အဆောက်အအုံ၏ အဝင်တံခါးမကြီးတွင် လဲကျသေဆုံးနေသော လူနှစ်ယောက်ကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

"ဘာဖြစ်တာလဲ သခင်မလေး"

မြင်းလှည်းမောင်းသမားနှင့် စောင့်ရှောက်ရန် လိုက်ပါလာသူ အစောင့်နှစ်ယောက်သည် ယန်ကျူးမေ၏အော်သံကြောင့် ခုန်လွှားရောက်ရှိလာလေသည်။

BURMESE CLASSIC



ထိုအခါ. . .

ယန်ကျူးမေက ဖြေစရာ မလိုတော့ချေ။

လဲကျသေဆုံးနေသော အစောင့်နှစ်ယောက်ကို မြင်ကြခြင်းကြောင့် ဖြစ်သည်။

"ခြိမ်း"

"ခြိမ်း"

အစောင့်များက သူတို့၏ဓားများကို အရင်ထုတ်လိုက်လေသည်။

"ဖေဖေ"

ယန်ယိထင်းအား စိုးရိမ်တကြီး အော်ဟစ်ခေါ် လိုက်ပြီး အဆောက်အအုံအတွင်းသို့ ပြေးဝင်သွားလေသည်။

အခန်းတွင်းရှိ မြင်ကွင်းမှာ ကြည့်ရက်စရာ မရှိပါတော့

တစ်ခန်းလုံး ဝတ်စုံနီအလောင်းများမှာ ပြန့်ကျဲနေလေ

ပြင်းထန်သော ဒဏ်ရာနှင့် သွေးစသွေးနများကို မတွေ့

သို့သော်. . .

ခန္ဓာကိုယ်မှာ ပြာနှမ်းနှမ်း ဖြစ်နေသည်ကိုသာ တွေ့ရသည်။

ထို့ကြောင့်. . .

အဆိပ်သင့်ကြောင်း သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလောင်းများ၏အလယ်တွင် တစ်ကိုယ်လုံး၌ သွေးချင်းချင်း နီရဲလျက် လဲကျနေသော ယန်ယိထင်းအား တွေ့လိုက်ရ၏။

ယန်ကျူးမေ ရင်ထိတ်သွား၏။

"ဖေဖေ"

ဟု အော်ခေါ်လိုက်၏။

ထို့နောက်. . .

ယန်ကျူးမေသည် ဖခင်ဖြစ်သူထံသို့ ပြေးလွှားသွားလိုက်သည်။

ယန်ယိထင်းသည် ရင်မှနေ၍ ကျောဘက်အထိ တုတ်ချင်းပေါက် ဓားရာဖြင့် လဲကျနေသည်ကို တွေ့ရ၏။

"ဖေဖေ"

ယန်ကျူးမေက ပွေ့ဖက်လိုက်၏။

"ဖြစ်မှဖြစ်ရလေ ဖေဖေရယ်၊ အဟင့်. . . ဟင့်၊ ဘယ်သူကများ ဖေဖေ့ကို ရက်ရက်စက်စက် သတ်သွားခဲ့တာလဲ"

ဟု ရေရွတ်လိုက်၏။

သူမ၏မျက်ဝန်းမှ မျက်ရည်များ စီးကျလာပြီး ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလိုက်၏။

သူမတွင် ဖခင်ဖြစ်သူအား ပြောစရာစကားများ ရှိနေလေသည်။

ယခု. . .

ဖခင်ဖြစ်သူမှာ ရန်သူ၏လက်ချက်ဖြင့် သေဆုံးသွားပြီ



ဖြစ်လေသည်။

သူမ၏စကားကို နားမထောင်နိုင်တော့ချေ။

"ဖေဖေ"

ယန်ကျူးမေ ကြေကွဲစွာ ငိုကြွေးနေ၏။

"ဟင်း"

အစောင့်သုံးယောက်မှာလည်း စိတ်မသက်သာစွာဖြင့် ကြည့်နေ၏။

သက်ပြင်းများလည်း ကိုယ်စီချလိုက်၏။

သူတို့၏မျက်နှာများမှာလည်း ညှိုးကျလျက် ရှိနေကြလေသည်။

သူတို့သည် ယန်ကျူးမေအား မည်သို့နှစ်သိမ့်ရမှန်း မသိဖြစ်နေကြ၏။

ထိုစဉ်. . .

ယန်ကျူးမေ၏ စကားသံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

ယန်ကျူးမေက. . .

"ကျင်းကိုးမြို့မှာ သမီးနဲ့ပဲ အတူတူ နေတော့မယ်ဆိုအဖေ၊ အခု ဖေဖေပြောတဲ့အတိုင်း သမီး စီစဉ်ပြီးပြီလေ၊ သမီးဘယ်သူနဲ့ သွားနေရမှာလဲ၊ သမီးတို့ သားအဖနှစ်ယောက်ရဲ့ အေးချမ်းတဲ့ ဘဝလေးကို ဘယ်သူလာဖျက်ဆီးတာလဲ၊ ဟင့်ဟင့်"

ပြောရင်း ရင်ထဲဆို့နင့်လာသဖြင့် ဆက်မပြောနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ချေ။ မျက်ဝန်းအစုံမှ မျက်ရည်များသာ တရစပ် စီးဆင်းကျနေ၏။

သူမက ဖခင်ကြီးအား ကြည့်လိုက်သည်။

ထို့နောက်. . .

ဖခင်ဖြစ်သူ၏ လက်နှစ်ဖက်အား ဆုပ်ကိုင်လိုက်ပြီးနောက်. . .

"ဖေဖေ့ကို ဘယ်သူသတ်သွားတာလဲ၊ ဖေဖေ့ကို ဘယ်သူက လုပ်ကြံတာလဲ၊ သမီး အဲသည် လူကို ပြန်ပြီး လက်စားချေမယ်"

ဟု ကြုံးဝါးလိုက်၏။

အစောင့်များက ဘာမှ ဝင်မပြောဘဲ ငေးကြည့်နေမိကြလေသည်။

ထိုစဉ်. . .

"အင့်"

ညည်းညူသံတစ်ချက် ထွက်ပေါ်လာလေသည်။

သေဆုံးနေပြီဟု ထင်ရသော ယန်ယိထင်းထံမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ရှိုက်ငို၍ ပြောနေသော ယန်ကျူးမေ၏စကားသံ ရပ်သွား၏။

သူမက ဖခင်ဖြစ်သူအား ကြည့်လိုက်သည်။

ထို့နောက်. . .

ဝမ်းသာအားရဖြင့်. . .



"ဟင်. . . ဖေဖေ မသေသေးဘူး"

ဟု အော်ပြောလိုက်၏။

ထိုအခါ. . .

အစောင့်များ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

တစ်ယောက်က. . .

"သခင်ကြီး မသေသေးဘူးကွ"

ဟု ပြောလိုက်၏။

"ဟုတ်တယ်"

အစောင့်သုံးယောက်ကလည်း ဝမ်းသာအားရ ပြောလိုက်၏။

တဆက်တည်း ကပျာကယာဖြင့် ယန်ကျူးမေ အနားသွားလိုက်၏။

ဝေဒနာဖြင့် ရှုံ့မဲ့နေသော ဖခင်ဖြစ်သူ၏မျက်နှာကို ယန်ကျူးမေ စိုးရိမ်တကြီး ကြည့်လိုက်သည်။

နှုတ်မှလည်း. . .

"ဖေဖေ. . . ဖေဖေ"

ပျော့ခွေနေသော ဖခင်ဖြစ်သူအား အဆက်မပြတ် ခေါ်လိုက်လေသည်။

ထိုစဉ်. . .

"ခွပ်ခွပ်. . . ခွပ်ခွပ်"

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရလေသည်။

☆ ☆ ☆

"ခွပ်ခွပ် . . . ခွပ်ခွပ်"

မြင်းခွာသံများက တရစပ် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းစီးသမား အယောက်နှစ်ဆယ်နှင့် အလုံပိတ်မြင်းလှည်းသုံးစီးသည် ဇာမဏီအာမခံဌာန သယ်ယူပို့ဆောင်ရေးရှိရာ ဌာနအဆောက်အအုံသို့ ရောက်ရှိလာလေသည်။

ကျန်းနန်ပြည်နယ် ထင်းကျွေမြို့သို့ အာမခံပစ္စည်းများသွားရောက်ပို့ဆောင်ပေးသော အဖွဲ့သားများ ပြန်လာကြခြင်းဖြစ်လေသည်။

သူတို့ ပြန်လာလျှင် အော်ဟစ်ပြောဆိုသံများ၊ နောက်ပြောင်ကျီစယ်သံများ ဆူညံနေလေ့ ရှိသည့်အတိုင်း ယခုလည်းဆူညံနေလျက် ရှိသည်။

သူတို့သည် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် . . .

တာဝန်ကင်းမဲ့ပြီ ဖြစ်သော အပြန်ခရီးတွင် သောက်စားလာကြဟန်ရှိ၏။

"ဟေ့ကောင်တွေ တိတ်ကြစမ်း၊ ဟိုမှာ လဲနေတာ တို့ဆီ



ဘာ အစောင့်တွေ မဟုတ်လား၊ စံအိမ်ထဲမှာ တစ်ခုခု ဖြစ်နေပြီထင်တယ်"

အဖွဲ့ခေါင်းဆောင် ပုဖျောက်က ပြောကြားလိုက်သောကြောင့် ဆူညံအော်ဟစ်နေသော အသံများ တိတ်သွားကြလေသည်။

ဇာမဏီအာမခံအဖွဲ့သားများ၏ မျက်လုံးများသည် စံအိမ်တံခါးတွင် လဲကျနေသော လူနှစ်ယောက်ကို ကြည့်လိုက်သည်။

ထိုစဉ် . . .

စံအိမ်တံခါး ပွင့်သွားသည်။

အတွင်းမှ ယန်ကျူးမေ ထွက်လာသည်။

သူမ၏အသွင်မှာ ယခင်ကနှင့် မတူဘဲ တစ်မူ ထူးခြားနေလေသည်။

ယခင်ကလို နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်း မဟုတ်တော့ချေ။

ကျားရဲမလေးတစ်ကောင်လို ရဲရင့်နေလျက် ရှိ၏။

ယန်ကျူးမေက အားလုံးကို ဝေ့ကြည့်လိုက်ပြီး ပြောလာသည်။

"ဦးလေးပုဖျောက်၊ ကျွန်မတို့စံအိမ်ကို ရန်သူတွေ ဝင်တိုက်သွားတယ်၊ ဇာမဏီအဖွဲ့ဝင် နှစ်ဆယ့်နှစ်ယောက် အဆိပ်မြှား သေဆုံးသွားကြတယ်၊ ဖေဖေလဲ ဒဏ်ရာအပြင်းအထန်ရသွားတယ်၊ ဖေဖေ့ အခြေအနေက စိုးရိမ်ရတယ်၊ ဒါ့ကြောင့်

www.burmeseclassic.com



ဇာမဏီအဖွဲ့ဝင်တွေကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ပါ။ ဖေဖေ့အတွက် ဆေးဆရာ ကောင်းကောင်းရှာပါ။ ကျွန်မတို့ ဂေဟာကို ဖေဖေ့ကို တစ်ခါတည်း ခေါ်ခဲ့မယ်၊ သည်မှာ မြေမြှုပ်ဖို့ စောင့်ဖို့အတွက် လူဆယ်ယောက်လောက် ထားခဲ့ပြီး ကျန်တဲ့လူ အားလုံးကို အိမ်ခေါ်ခဲ့ပါ။ ဖေဖေ မသေသေးဘူးဆိုရင် နောက်တစ်ကြိမ် ရန်သူ ပြန်လာနိုင်တယ်ဆိုတာ မမေ့ကြပါနဲ့"

ယန်ကျူးမေ၏ လေသံက ယခင်ကလို ခပ်နွဲ့နွဲ့မဟုတ်တော့ဘဲ တိကျပြတ်သားလာသည်။

ယခုအခါ. . .

သူမ၏ဖခင်ကြီးက လုံးဝညွှန်ကြားနိုင်တော့မည် မဟုတ်ပါချေ။

ယခု ညွှန်ကြားပေးသူက ယန်ကျူးမေပင် ဖြစ်လေသည်။

သူမပြောသည့် စကားသည်လည်း အမိန့်ပင် ဖြစ်ပေသည်။

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရမည်သာ ဖြစ်သည်။

ပုဖျောက် ဦးညွှတ်လိုက်သည်။

"အမိန့်အတိုင်းပါ သခင်မလေး"

ယန်ကျူးမေက မြင်းလှည်းဆီ လျှောက်သွားလိုက်လေသည်။



"သခင်မလေး"

ပုဖျောက်၏ခေါ်သံကြောင့် ယန်ကျူးမေ လှည့်ကြည့်လိုက်သည်။

ပြီးမှ. . .

"ပြောပါ"

"ဟု ပြောလိုက်၏။

ပုဖျောက်က အရဲစွန့်၍. . .

"ရန်သူက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ယန်ကျူးမေက ခေါင်းခါယမ်းလိုက်၏။

ထို့နောက်. . .

သူမ၏လက်ထဲတွင် ကိုင်ထားသော သံမဏိဓားမြှောင့်ကို မြှောက်ပြလိုက်သည်။

"မသိဘူး၊ ဒါပေမယ့် သူ့ရဲ့ဓား ကျန်ခဲ့တယ်၊ သည်ဓားရဲ့ ပိုင်ရှင်ဟာ ကျွန်မတို့ရန်သူပဲ"

စကားဆုံးလျှင် သူမက မြင်းလှည်းပေါ်သို့ တက်သွားသည်။

အဖွဲ့သားတစ်ဦး ထမ်းလာသော ယန်ယိထင်းကို မြင်းလှည်းသို့ ညင်သာစွာ ပွေ့တင်လိုက်သည်။

မြင်းလှည်းမောင်းသမားက စတင်၍ မောင်းနှင်လိုက်သည်။

ထိုစဉ် မြင်းလှည်းတံခါး တစ်ခြမ်းပွင့်သွားပြီး ယန်ကျူး

www.burmeseclassic.com

www.burmeseclassic.com



မေ၏မျက်နှာ ပေါ်လာလေသည်။

"ဩော်. . . ဦးလေးပုဖျောက်၊ ရှေးဟောင်းပစ္စည်းပိုင်ရှင် မုကျင်းကို လွှတ်ပေးလိုက်ပါ"

ယန်ကျူးမေ၏မျက်နှာ ပြန်လည်ကွယ်ပျောက်သွားလေသည်။

ထို့နောက်. . .

မြင်းလှည်းတံခါးမှာ ပိတ်သွားပြီး မြင်းလှည်းမှာလည်း ထွက်ခွာသွားလေတော့သည်။

အချိန် အနည်းငယ်အတွင်းမှာပင် ညအမှောင်ထု အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

ပထမပိုင်း ပြီး၏။

ဒု-ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# နန္ဒကျော်သူ

# မရဏကျော့ကွင်း

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ–၂၅၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်တင်တင်အေး (ရွက်စိမ်း စာပေ)
အမှတ် ၄၃ (A)၊ ၄ လမ်း၊
သမိုင်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။



## ဝေဒနာရှင်

ည. . .

ညဉ့်နက်လာပြီ ဖြစ်သည်။

ကောင်းကင်ပေါ်တွင် လဝန်း မရှိပါချေ။

ထို့ကြောင့်. . .

ညသည် ပို၍ မှောင်မိုက်နေလေသည်။

မိုးသားမိုးရိပ်များ လွင့်ပြယ်သွားပြီ ဖြစ်၍ ပြာလဲ့လဲ့ မိုးကောင်းကင်အောက်တွင် လခြမ်းပုံလေး ထွက်စပြုလာပြီ ဖြစ်သည်။

ချန်အန်းမြို့ အဆောက်အအုံများမှာ မီးရောင်များ မရှိတော့ချေ။

အမှောင်ထုအတွင်း၌ တစ်ညတာ အနားယူအိပ်စက်နေကြပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့၏အရှေ့မြောက်ဘက်တွင် ရှိသော ခြံဝင်းကျယ်ကြီးတစ်ခုမှာမူ မီးရောင်များ ထိန်ထိန်လင်းလာသည်။

ခြံဝင်းတံခါးပေါက်တွင်လည်းကောင်း၊ ခြံဝင်းအတွင်းရှိ သစ်ပင်အမှောင်ရိပ်များတွင်လည်းကောင်း၊ ခမ်းနားထည်ဝါသော အိမ်ကလေးအတွင်း၌လည်းကောင်း အနီရောင်ဝတ်စုံဝတ်ထားသူများက စောင့်ကြပ်လှုပ်ရှားနေကြလေသည်။

ထိုခြံဝင်းမှာ ဇာမဏီအာမခံဌာနပိုင်ရှင် ယန်ယိထင်း၏ ဝေဟာပင် ဖြစ်၏။

ယန်ယိထင်းသည် ခြံဝင်းရှိ မီးရောင်တို့ဖြင့် ထိန်လင်းနေသော အိမ်ဂေဟာအတွင်း၌ ရှိနေသည်။

သူသည် အိပ်ခန်းအထက်ရှိ ခုတင်ပေါ်တွင် ငြိမ်သက်စွာ လှဲနေလျက် ရှိသည်။

တစ်ခါတစ်ရံ ယောင်ယမ်းညည်းညူသည်မှအပ သတိပြန်လည်ရရှိခြင်း မရှိပါချေ။

ယန်ကျူးမေသည် ဖခင်ဖြစ်သူ၏ ခုတင်အနီးတွင် ရပ်ပြီး ဝေဒနာပြင်းထန်စွာ ခံစားနေရသော ဖခင်၏မျက်နှာကို ကြည့်ရင်း ဖခင်အား တိုက်ခိုက်သွားသူအား မုန်းတီးသည့်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေ၏။

ပုစွန်ဆိတ်တစ်ကောင်လို လက်မနှင့် လက်ညှိုးကြားတွင်ထားပြီး ဖိကြိတ်ပွတ်ချေချင်နေ၏။

“တောက်”

ခံပြင်းမကျေနပ်စိတ်ဖြင့် တောက်တစ်ချက် ခေါက်လိုက်



ပြီးနောက် ဖခင်ကြီး၏ခြေရင်းဘက်တွင် ချထားသော ဓားကို ကြည့်လိုက်၏။

ဓားတစ်ခုလုံး အနက်ရောင်တောက်ပနေ၏။

အလွန်ကောင်းမွန်လှသော သံမဏိဖြင့် ပြုလုပ်ထားကြောင်း နားလည်လိုက်လေသည်။

ဤသို့သောဓားမျိုးမှာ ထင်ရှားကျော်ကြားသော ဓားမျိုး ဖြစ်ပေသည်။

ကိုယ်ပိုင်အမည် သီးသန့်ရှိသော ဓားမျိုးလည်း ဖြစ်နိုင်သည်။

ဓားအမည်ကို သိလျှင် ဓားပိုင်ရှင်ကို သိရန် မခဲယဉ်းပါသော့ချေ။

“ရှင်ကိုင်တဲ့ဓားနဲ့ ရှင့်ကို ပြန်သတ်မယ် မှတ်ထား”

မမြင်ရသေးသော ရန်သူကို ယန်ကျူးမေက ကြိမ်းမောင်းလိုက်သည်။

ထိုစဉ်. . .

“အား”

ယန်ယိထင်း၏ညည်းညူသံ ထွက်ပေါ်လာလေသည်။

“ဖေဖေ”

ယန်ကျူးမေ စိုးရိမ်တကြီး ခေါ်လိုက်သည်။

ဖခင်ဖြစ်သူ၏ ဝေဒနာကို သူမကိုယ်တိုင် ခံစားရသည့်အလား ရင်မှာ နာကျင်သွား၏။

“တောက်”

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာသွားပင့်သူများ ရောက်မလာသေးသည်ကို လည်း ဒေါသ ဖြစ်နေမိလေသည်။

ဆောက်တည်ရာမရသလို အခန်းတွင်း၌ လူးလာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဒေါ်လေးစုအား ခေါ်လိုက် လေသည်။

"ဒေါ်လေးစု"

"လာပါပြီ သခင်မလေး"

ဒေါ်လေးစု အပြေးအလွှား ရောက်ရှိလာလေသည်။

"ဦးလေးပုဖျောက်ကို ခေါ်ပေးပါ"

"ကောင်းပါပြီ သခင်မလေး"

ဒေါ်လေးစုသည် အခန်းတွင်းမှ ခပ်သုတ်သုတ် ထွက် သွားလေသည်။

ချက်ချင်းပင် ပုဖျောက်နှင့်အတူ ပြန်လည်ရောက်ရှိလာ လေသည်။

"သခင်မလေး. . . ကျုပ်ကို ခေါ်တယ်ဆို"

ယန်ကျူးမေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဆေးဆရာပင့်ခိုင်းတဲ့လူတွေ ခုထိ မလာ သေးလို့ ဘာဖြစ်လို့ ကြာနေရတာလဲ"

ပုဖျောက် သက်ပြင်းချလိုက်သည်။

"လာနေပါပြီဗျာ"

ထိုစကားကြောင့် ယန်ကျူးမေ မကျေမနပ် ဖြစ်သွား၏။ ကိုယ့်သခင်၏ သေရေးရှင်ရေးကိစ္စကို ပေါ့ပေါ့တန်



တန် သဘောထားသည်ဟု ထင်ပြီး ခံပြင်းသွားသည်။

သို့သော်. . .

သူမဘက်မှ မှားယွင်းလာကြောင်း သိလိုက်သည်။

"ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်"

ဒုန်းစိုင်းမောင်းနှင်လာသော မြင်းလှည်းတစ်စီး၏ အသံ သည် ညည်ဦးယံ၏ တိတ်ဆိတ်မှုကို ထိုးခွဲလျက် ထွက်ပေါ်လာ သောကြောင့်ပင် ဖြစ်သည်။

"ကျုပ် သွားကြိုလိုက်ဦးမယ်"

ပုဖျောက်က ချာခနဲလှည့်ကာ ထွက်သွားသည်။

ဒေါ်လေးစုလည်း ထွက်ခွာသွားသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ယန်ကျူးမေသည် ခုတင်အနီးသို့ ပြန်လျှောက်သွားပြီး ငြိမ်သက်စွာ ရပ်နေလေ သည်။

အခန်းဝတွင် ခြေသံများ ရပ်သွားသည်။

"သခင်မလေး. . . ဆေးဆရာနှစ်ယောက် ရောက်ရှိ လာပါတယ်"

ယန်ကျူးမေ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဦးလေးပုဖျောက် ဆေးဆရာတွေကို လိုအပ်သလို ဆောင်ရွက်နိုင်ဖို့ စီစဉ်ပေးလိုက်ပါ"

ထို့နောက်. . .

ဆေးဆရာများ လွတ်လပ်စွာ စမ်းသပ်ကုသနိုင်ရန် အတွက် နေရာဖယ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာနှစ်ယောက်သည် တွန့်ဆုတ်ခြင်း မရှိဘဲ ရင်းကျက်တည်ငြိမ်မှုဖြင့် အခန်းအတွင်းသို့ ဝင်ရောက်လာလေသည်။

ထို့နောက်. . .

ယန်ယိထင်း၏ခန္ဓာကိုယ် အနှံ့အပြားရှိ သွေးကြောများကို လှေ့လာလိုက်သည်။

ဒဏ်ရာကို စစ်ဆေးကြည့်လိုက်သည်။

မကြာမီ. . .

စမ်းသပ်ပြီးသွားသောအခါ အသက်ငယ်သော ဆေးဆရာက ယန်ကျူးမေအား ပြောလိုက်သည်။

"မင်းအဖေကို ဘယ်လိုမှ ကုသလို့မရတော့ဘူး၊ သိကြားမင်း ဆင်းကုပေးရင်တောင် သေမှာပဲ"

"ဘာရှင့်"

မကြားချင်ဆုံး စကားကို ကြားလိုက်ရသဖြင့် ယန်ကျူးမေ တုန်လှုပ်သွားသည်။

ဒေါသခြောင်းခြောင်း ထွက်သွားပြီး လက်က ဓားနိုးပေါ်သို့ ရောက်သွားလေသည်။

ထိုအခါ. . .

အသက်ကြီးသော ဆေးဆရာကြီးက တပျာကယာ ထပ်ပြောလာလေသည်။

"သည်လိုပါ မိန်းကလေး၊ မင်းအဖေရဲ့ ဒဏ်ရာက ပြင်းထန်လွန်းတော့ ကျုပ်တို့နှစ်ယောက် တတ်ထားတဲ့ ဆေးပညာအစွမ်းအစနဲ့ ဘယ်လိုမှ ကုသပေးနိုင်မှာ မဟုတ်ဘူးလို့ ပြောတာ



ပါ၊ ကျုပ်တို့ထက် တော်တဲ့ ဆေးဆရာကြီးတွေကတော့ ကုပေးတောင်း ကုပေးနိုင်လိမ့်မယ် ထင်တယ်"

ယန်ကျူးမေ စိတ်ပျက်သွားလေသည်။

"ဆေးဆရာတွေကလဲ ကုတောင် မကုရသေးဘူး၊ လေသံလျှော့တာက အရင်ပါလား၊ ဘယ်လို ဖြစ်တာလဲ"

ထို့နောက်. . .

ပုဖျောက်ဘက်သို့ လှည့်ပြီး မေးလိုက်လေသည်။

"ဦးလေးပုဖျောက်၊ သည်လူတွေဟာ ဆေးဆရာအစစ်တွေမှ ဟုတ်ရဲ့လား"

ပုဖျောက် ခေါင်းညိတ်လိုက်သည်။

"သခင်မလေး သူတို့နှစ်ယောက်ဟာ ဆေးဆရာအစစ်တွေပါ၊ ချန်အန်းမြို့မှာ ဆေးဆရာညီနောင်လို့ ခေါ်ကြပါတယ်၊ သာမန်ဖျားနာကိုက်ခဲတာ၊ အဆိပ်သင့်တာတွေ၊ ကပ်ရောဂါတွေ ကုတဲ့နေရာမှာ အောင်မြင်ကျော်ကြားတဲ့ ဆေးဆရာတွေပဲ ဖြစ်ပါတယ်၊ သခင်ကြီးရဲ့ အခြေအနေဟာ ဆေးဆရာတွေရဲ့ ပညာနဲ့ မီလောက်အောင် နက်ရှိုင်းနေတယ်ဆိုတာ ဖြစ်နိုင်ပါတယ်"

ယန်ကျူးမေ မျက်နှာပျက်သွားသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ဖေဖေ့ကို သည်အတိုင်းပဲ ထားပြီး အသေခံတော့မလား"

အသက်ကြီးသော ဆေးဆရာက တစ်ချက်စဉ်းစားလိုက်၏။

သက်ပြင်းတစ်ချက်ချရင်း ပြောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်လို မဟုတ်ပါဘူး ကျုပ်တို့ထက် ဆယ်ဆလောက် တော်တဲ့ ဆေးဆရာတစ်ယောက် ရှိပါတယ်၊ ရှေးဟောင်း ဆေးကျမ်းအမျိုးမျိုးနဲ့ ရပ်သုံးရွာသုံး ဆေးနည်းအတိုအထွာတွေကို နှံ့စပ်တဲ့ ဆေးဆရာကြီးပေါ့၊ သူ့ကို ပင့်နိုင်ရင်တော့ လူနာကို ကုနိုင်မယ် ထင်တယ်"

ယန်ကျူးမေ မျက်မှောင်ကြုတ်လိုက်သည်။

"အဲသည် ဆေးဆရာကြီးက ဘယ်သူလဲ၊ ဘယ်မှာ နေတာလဲ"

ဆေးဆရာက. . .

"နတ်လတ်ဆေးဆရာ စုသန်းကြီးလို့ ခေါ်တယ်၊ ဘုန်းတိုးမြို့ အနောက်ဘက်မှာ နေပါတယ်"

ယန်ကျူးမေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"တော်တော်ဝေးတာပဲ၊ ဒါပေမယ့် မသွားလို့မှ မဖြစ်တော့ သွားခိုင်းရတော့မှာပေါ့၊ သည်ကိစ္စကိုလဲ ဦးလေးပုဖျောက်ပဲ စီစဉ်လိုက်ပါ၊ နတ်လတ်ဆေးဆရာကိုပါ၊ ပါအောင် ခေါ်လာခဲ့ပါ၊ အမြန်ဆုံးပြန်လာရမယ်"

"ကောင်းပါပြီ သခင်မလေး"

ယန်ကျူးမေက ဆေးဆရာညီနောင်ကို တစ်ချက်ကြည့်လိုက်သည်။

"ဦးလေးပုဖျောက်၊ သည်ဆေးဆရာနှစ်ယောက်ကို ပြန်ပို့ပေးဖို့လဲ စီစဉ်ပေးပါ၊ ခြေကြွခ ငွေတုံးငွေစတွေကိုလဲ ပူဇော်လိုက်ပါ"



"ကောင်းပါပြီ"

စကားဆုံးလျှင် ပုဖျောက်နှင့်အတူ ဆေးဆရာညီနောင်တို့ ထွက်သွားကြလေသည်။

စီစဉ်စရာ ရှိသည်များကို စီစဉ်ပြီးသည်နှင့် ယန်ကျူးမေသည် ဖခင်၏အိပ်ရာအနီးသို့ ပြန်လျှောက်သွားသည်။

မိခင်လိုတစ်မျိုး ဖခင်လိုတစ်သွယ် ချစ်ခင်ကြင်နာခဲ့သော ဖခင်၏မျက်နှာကို ငေးကြည့်လိုက်သည်။

ထိုစဉ်. . .

ဒေါ်လေးစု၏စကားသံ ထွက်ပေါ်လာသည်။

"သခင်မလေး မုကျင်း ရောက်လာပါပြီ"

သူမ လှည့်ကြည့်လိုက်သောအခါ ကြေကွဲဆွေးမြေ့သော မျက်နှာဖြင့် အခန်းဝတွင် ရပ်နေသော မုကျင်းကို တွေ့လိုက်ရလေသည်။

"ဘယ်လို ဖြစ်တာလဲ သခင်မလေး၊ ကျုပ်နဲ့ သခင်ကြီး နေ့လယ်တုန်းက တွေ့သေးတယ်၊ သခင်မလေးက မကြိုက်လို့ သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေကို ဖျက်ပစ်လိုက်တော့မယ်လို့တောင် ကျုပ်ကို ပြောသွားတယ်၊ အခု ဘယ်လို ဖြစ်တာလဲ"

မုကျင်းက မယုံကြည်နိုင်စွာဖြင့် ပြောလိုက်သည်။

ယန်ကျူးမေက မျက်ရည်စများကို သုတ်လိုက်သည်။

"သမီးလဲ ဦးလေးမုကျင်းကို ပြစရာတစ်ခုရှိတယ်၊ ဦးလေး သည်ဓားကို မြင်ဖူးလား"

ယန်ကျူးမေက အိပ်ရာခြေရင်းတွင် ချထားသော ဓား

www.burmeseclassic.com

www.burmeseclassic.com



ကို ကောက်ယူပြီး မုကျင်းအား ပြလိုက်လေသည်။

မုကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဟင်. . . သံမဏိဓားပျော့"

ယန်ကျူးမေ မျက်မှောင်ကြုတ်လိုက်သည်။

"သံမဏိဓားပျော့ ဟုတ်လား ဦးလေးမုကျင်း"

မုကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သခင်မလေး၊ သည်ဓားဟာ သံမဏိဓား ပျော့ပဲ၊ သည်ဓားဟာ မတိုက်ခိုက်ရင် ပျော့ပျောင်းနေတယ် တွေးလို့လဲ ရတယ်၊ အဲ. . . အတွင်းအားအပြည့်ထည့်ပြီး တိုက် ခိုက်မယ်ဆိုရင်တော့ အင်မတန်မှ မာကျောသန်မာတဲ့ ဓားတစ် ချောင်း ဖြစ်သွားတာပဲ၊ ပြီးတော့ ဓားဟာ သူများဓားတွေနဲ့ မတူ ဘဲ အနက်ရောင်သံမဏိပျော့နဲ့ လုပ်ထားလို့ သံမဏိဓားပျော့လို့ ခေါ်တာပဲ၊ သခင်မလေး သည်ဓားကို ဘယ်က ရလာတာလဲ"

မုကျင်းက သူသိထားသမျှကို ရှင်းပြရင်း ပြန်လည်မေး ခွန်းထုတ်လိုက်သည်။

ယန်ကျူးမေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဖေဖေ့ဘေးမှာ တွေ့တာပဲ၊ သေတဲ့လူတွေ အားလုံး ဒဏ်ရာမရဘဲ သေနေကြတယ်၊ ဖေဖေတစ်ယောက်ပဲ ဒဏ်ရာရ တာ၊ သည်ဓားမှာ ဖေဖေ့သွေးတွေ"

ယန်ကျူးမေက ဓားသွားပေါ်တွင် စွန်းထင်နေသော သွေးများကို ပြသလိုက်လေသည်။

☆ ☆ ☆



## ထန်းသီးကြွေခိုက်ကျီးနှင်းခိုက်

မုကျင်းမှာ သံမဏိဓားပျော့အား ကြည့်ရင်း တစ်စုံတစ်ခု သတိရမိလိုက်လေသည်။

ထိုအခါ. . .

သူ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။

"သည်လူ သည်လောက် အငြိုး မကြီးသင့်ဘူး"

မုကျင်းက မကျေမနပ်ဖြင့် ပြောလိုက်သည်။

ယန်ကျူးမေ အံ့ဩသွားသည်။

"ရှင်"

မုကျင်းက ယန်ကျူးမေအား စိုက်ကြည့်လိုက်သည်။

"ဟုတ်တယ်၊ သခင်မလေးရဲ့ဖခင်ဟာ ဓားပိုင်ရှင်နဲ့ ရန် ငြိုးရှိခဲ့ဖူးတယ်"

www.burmeseclassic.com



ယန်ကျူးမေ နားရှုပ်သွားသည်။

"ကျွန်မကို အစက ရှင်းပြပါလားရှင်"

"ကောင်းပြီ"

မုကျင်းက လွန်ခဲ့သော ညက သူ၏ပစ္စည်း အရောင်းဆိုင်သို့ သံမဏိဓားမျှော့ကို လာရောင်းသော ဝမ်းရှ၏အကြောင်း ပြောပြလိုက်သည်။

ယန်ယိထင်းက သူ၏စီးပွားရေးလုပ်ငန်းများတွင် အနှောင့်အယှက်ပေးနေသော ကွမ်းကြုံးခက်အား ရှင်းပစ်ရန်အတွက် ဝမ်းရှကို အလို ရှိလေသည်။

ထို့ကြောင့်. . .

ဓားကို မဝယ်တော့ကြောင်း ငြင်းဆိုလိုက်သည်။

ဤတွင်. . .

ယန်ယိထင်းက. . .

"မင်းလို လူသတ်ပြီး ထွက်ပြေးလာတဲ့ကောင်က. . ."

ဟူသော စကားတစ်ခွန်းကို ပြောလိုက်ရာ ဝမ်းရှက ဒေါသပေါက်ကွဲသွားပြီးနောက် သူဆောင်းထားသော ဦးခမောက်ဖြင့် ပစ်ပေါက်ပြီး ထွက်သွားသည်။

မုကျင်း စကားရပ်လိုက်သည်။

"သည်လောက်လေးပါပဲ၊ ဘာမှ သိပ်ပြီး ကြီးကျယ်တဲ့ ရန်ငြိုး မဟုတ်ပါဘူး။ ဒါကို ဘာကြောင့်များ ဇာမဏီအာမခံဌာနအဖွဲ့သား နှစ်ဆယ်ကျော်နဲ့ သခင်ကြီးကိုပါ သတ်တဲ့အထိ လက်တုံ့ပြန်ရတာလဲ၊ ငါတော့ တွေးရခက်တယ် သခင်မလေး"



ယန်ကျူးမေ မျက်မှောင်ကြုတ်လိုက်သည်။

"ဦးလေးမုကျင်း၊ ဖေဖေတ ဒါလေး ပြောတာနဲ့ သည်လူဟာ ဘာကြောင့် ဒေါသပေါက်ကွဲသွားရတာလဲ"

မုကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဒါတော့ အနာပေါ် တုတ်ကျတဲ့သဘော ဖြစ်ပါလိမ့်မယ်၊ တစ်နေရာရာမှာ လူတစ်ယောက်ယောက်ကို သတ်လာတာ သခင်ကြီးက သိပြီး ပြောလိုက်လို့ မခံမရပ်နိုင် ဖြစ်ပြီး ဒေါသပေါက်ကွဲတာ ဖြစ်လိမ့်မယ် သခင်မလေး"

"ဟင်း"

ယန်ကျူးမေ သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက်. . .

အခန်းအတွင်း အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြလေသည်။

"အဲသည်လူဟာ ဖေဖေ့ကိုသတ်ပြီး ဘာဖြစ်လို့ သူ့ဓားကို ထားခဲ့ရတာလဲ၊ သူသတ်တာကို သိစေချင်လို့လား၊ ဘာကြောင့် လူသိစေချင်ရတာလဲ"

ယန်ကျူးမေသည် တစ်ကိုယ်တည်း တွေးရင်း ရေရွတ်လိုက်မိ၏။

တကယ်တော့ သူသာ ဝမ်းရှ ဖြစ်လျှင် သူသတ်သည်ကို သိစေချင်ရုံဖြင့် ဤဓားကို ထားခဲ့မည် မဟုတ်ပေ။

ဤသို့ဆိုလျှင်. . .

ယန်ကျူးမေက မုကျင်းအား လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးမုကျင်း၊ တစ်ယောက်ယောက်က သူ့ဓားနဲ့ ဖေဖေ့ကို လုပ်ကြံပြီး သူသတ်တာလို့ အထင်လွဲအောင် ဓားထိုးထားခဲ့တာ မဖြစ်နိုင်ဘူးလား"

မုကျင်း ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဖြစ်နိုင်တာပဲ၊ အဲသည်ညက သခင်ကြီး ပြောခဲ့တယ်၊ ဝမ်းရှဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ပြီး ရှောင်တိမ်းနေရတယ်၊ အဲသည်အတွက် အရေးတကြီး ငွေလိုနေတယ်တဲ့ ကျုပ်တို့က မဝယ်လိုက်တဲ့ဓားကို တစ်ယောက်ယောက်က ဝယ်လိုက်မယ်၊ ပြီးတော့ အဲသည်ဓားနဲ့ သခင်ကြီးကို သတ်မယ် နောက်ပြီး သတ်တဲ့လူဟာ ဝမ်းရှလို့ ထင်ရအောင် သူ့ရဲ့ဓားကို ချထားခဲ့မယ်၊ ဒါဟာ ခြေရာဖျောက်ချင်တဲ့ လူသတ်သမားတွေက လမ်းလွဲရောက်သွားအောင် လုပ်လိုက်တာပဲ၊ ထည့်မစဉ်းစားဘဲ မနေသင့်ဘူး မစဉ်းစားရင် တကယ်သတ်တဲ့လူက လွတ်နေလိမ့်မယ်"

ယန်ကျူးမေ ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သည်ဓားဟာ ဝမ်းရှရဲ့ဓား မဟုတ်လား ဦးလေးမုကျင်း"

မုကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ယန်ကျူးမေ မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဆို သူ့သေသင့်ပါပြီ၊ ရန်သူက သူ့ဓားနဲ့ ဖေဖေ့ကို တိုက်ခိုက်သွားတာ ဖြစ်တဲ့အတွက် သည်ကိစ္စမှာ သူလဲ တာဝန်ရှိတယ် မဟုတ်လား"



မုကျင်းက နားမလည်သော မျက်လုံးအစုံဖြင့် ယန်ကျူးမေအား ကြည့်လိုက်သည်။

သိမ်မွေ့သော မိန်းကလေးတစ်ယောက်အား ခက်ထန်သော မိန်းကလေးတစ်ယောက် ဖြစ်လာအောင် အဘယ်သို့သော မိစ္ဆာနတ်ဆိုးများက ဖန်တီးခဲ့ပါသနည်း။

မုကျင်းမှာ ယန်ကျူးမေအား ကြည့်ကာ စဉ်းစားမရဘဲ ဖြစ်နေလေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံခြင်း

စာကလေး၏အိမ်တွင် စာကလေးနှင့် ဝမ်းရှတို့သည် အရက်သောက်ရင်း စကားပြောနေလေသည်။

စာကလေးမှာ နေရာတကာ စပ်စပ်စုစု လုပ်လေ့ရှိ ဖြစ်သကဲ့သို့ အကြောင်းအရာ အများအပြားကိုလည်း နှံ့ ချွတ်ချွတ်ရှိသူ ဖြစ်သည်။

အပြောလည်း ကောင်းလေသည်။

ရယ်မောပျော်ရွှင်ဖွယ် ပြက်လုံးများကိုလည်း ပြော သူ ဖြစ်သည်။

ထူးဆန်းအံ့ဩဖွယ် အကြောင်းအရာများကိုလည်း ပြော တတ်လေသည်။

သည်းထိတ်ရင်ဖို အဖြစ်အပျက်များကိုလည်း ပြော တတ်လေသည်။



တစ်ခါတစ်ရံ စာကလေးက အရွှန်းအပျက် ပြောပြသဖြင့် ရယ်စရာမှတစ်ပါး ဝမ်းရှ၏အသံ ပျောက်နေသည်။

သူတို့ အာရုံနှင့် သူတို့က သောက်နေကြခြင်း ဖြစ်၍ သည်းထန်စွာ ရွာသွန်းနေသည်ကို မသိလိုက်ပေ။

လေပြင်းတိုက်ခတ်နေသည်ကိုလည်း မသိလိုက်ပါချေ။

ထို့အတူ. . .

မည်သည့်အချိန်တွင် မိုးတိတ်သွားပြီး မည်သည့်အချိန်တွင် လေငြိမ်သွားသည်ကိုလည်း မသိလိုက်ပါချေ။

သူတို့ သိသည်မှာ တစ်ခုပဲ ရှိသည်။

အရက်မဝသေးခြင်းပင် ဖြစ်သည်။

စာကလေးက သူအရက်သွားဝယ်မည်ဟု ပြောသည်။

သူ၏မျက်လုံးများ မှေးစင်းနေပြီ ဖြစ်၍ ဝမ်းရှက လက်မခံခဲ့ပေ။

သူဝယ်ပေးသော မြင်းကို စမ်းသပ်စီးကြည့်ရင်း သွားဝယ်မည်ဟု ပြောသည်။

စာကလေးကိုတော့ အိမ်မှာပင် နေခဲ့ပြီး အသားခြောက် မီးကင်စေသည်။

ထို့ကြောင့်. . .

ဝမ်းရှက မြင်းစီးပြီး ထွက်သွားသည်နှင့် စာကလေးက အသားခြောက်ကို မီးကင်သည်။

အသားခြောက်ကို မကြွပ်ရှစေရန် သတိထားပြီး ကင်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှုက အသားကို ကြွပ်သွားလျှင်လည်း မကြိုက် မကျက်လျှင်လည်း မကြိုက်ချေ။

မကြွပ်မရွမှ ကြိုက်တတ်သောကြောင့် ဖြစ်သည်။

"အင်း"

စာကလေး သက်ပြင်းတစ်ချက်ချလိုက်သည်။

ဝမ်းရှုနှင့် သူ ဝင်ရောခြင်းမှာ မိတ်ဆက်ခြင်းမှာ ခိုင်းစေချက်ကြောင့် ဖြစ်သည်။

သို့သော်. . .

တစ်နေ့နှင့် နှစ်ညအတွင်း သွားလာစားသောက်ကြရင်း ဝမ်းရှု၏ရိုးသားပွင့်လင်းမှု အနစ်နာခံမှု ဖြူစင်မှုတို့ကို မြင်တွေ့လိုက်ရသောအခါ ရိုးသားစွာ ခင်မင်လာခဲ့လေသည်။

ဝမ်းရှုကို ထိခိုက်နစ်နာစေမည့် အလုပ်များကို မလုပ်ချင်တော့ပေ။

မိတ်ဆွေကောင်း ပီသစွာ ပေါင်းသင်းချင်သည်။

ဝမ်းရှုသည် သူ့အတွက် မိတ်ဆွေကောင်းပင် ဖြစ်လေသည်။ သူကတော့ ဝမ်းရှုအတွက် မိတ်ဆွေကောင်း မဖြစ်ခဲ့ပါချေ။

ရန်သူထက် ကြောက်စရာကောင်းသော မိတ်ဆွေ ဖြစ်နေ၏။

"ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်"

အသားကင်တံစို့ကို လှည့်ပေးနေစဉ် ခြံဝင်းအတွင်း



င်းစီးပြီး ဝင်လာသူကို တွေ့လိုက်ရ၍ အံ့သြသွားသည်။

သူ့အိမ်မှ အရက်ဆိုင်များရှိသော မြို့လယ်လမ်းမကြီးသို့ အသွားအပြန် ခရီးမှာ ဤမျှ မမြန်သင့်ပေ။

"မြန်လှချည်လား"

မေးပြီးမှ မှားသွားမှန်း သိလိုက်၏။

သူမူးနေပြီဆိုသော်လည်း အလွန်အကြူးမူးနေခြင်း ဟုတ်ပါချေ။

လွှားခနဲ မြင်းပေါ်မှ ခုန်ဆင်းလိုက်သူသည် ဝမ်းရှုထက် ပ်မြင့်လေသည်။

ကိုယ်ခန္ဓာလည်း ထွားကျိုင်းလေသည်။

အဝတ်အစားများလည်း သစ်လွင်တောက်ပနေသည်။

စာတလေး မျက်မှောင်ကြုတ်သွားသည်။

"ကွမ်းကြူးခက်"

စိတ်ထဲမှ တီးတိုးခေါ်လိုက်ခြင်း ဖြစ်သည်။

ကွမ်းကြူးခက်က စာကလေး အသားကင်နေသော နေဆီသို့ လျှောက်သွားလေသည်။

ထို့နောက်. . .

သူက အခန်းအား တစ်ချက်ဝေ့ကြည့်ရင်း မေးလိုက်၏။

"စာကလေး ဝမ်းရှုကော"

မေးသောလေသံကို မကြိုက်သဖြင့် စာကလေးက လိမ်ပြောလိုက်လေသည်။

"ခရီးထွက်သွားပြီလေဗျာ၊ မိုးတွေ လေတွေနဲ့မို့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ တစ်ရက်လောက် နေပါဦးဆိုတာတောင် မရဘူး၊ မိုးရွာထဲမှာပဲ ထွက်သွားတယ်ဗျ၊ ဘာဖြစ်လို့လဲ"

ကွမ်းကြိုးခက် ခေါင်းခါယမ်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး"

ကွမ်းကြိုးခက်က အေးအေးစက်စက်ဖြင့် ဖြေလိုက်လေသည်။

☆ ☆ ☆

စာကလေးက ကွမ်းကြိုးခက်အား စိုက်ကြည့်လိုက်သည်။

သက်ပြင်းတစ်ချက်ချကာ မေးလိုက်လေသည်။

"ခင်ဗျားကိစ္စ အောင်မြင်ရဲ့လား"

ကွမ်းကြိုးခက်၏အဖြေက တိုးတိုးကြီး ဖြစ်သည်။

"အေး"

ထိုစကား ကြားလိုက်ရသောအခါ စာကလေး၏မျက်လုံးအစုံ ဝင်းလက်သွားလေသည်။

"ဒါဆိုရင် ကျုပ်အတွက် အဆိပ်ဖြေဆေး ယူလာခဲ့ပြီပေါ့"

ကွမ်းကြိုးခက် ခေါင်းခါယမ်းလိုက်သည်။

"မယူလာဘူး"

ထိုစကားကြောင့် စာကလေး ဒေါပွသွားလေသည်။



"ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ယန်ယိထင်းကို သတ်ဖို့သူ့ရဲ့လျို့ဝှက်ချက်တွေ ပြောပြရင် ယန်ယိထင်းဆီက အဆိပ်ဖြေဆေးတွေ ကျုပ်အတွက် ယူလာပေးမယ်ဆို"

ကွမ်းကြိုးခက် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် အရင်တုန်းက ခင်ဗျားအတွက် လိုအပ်မယ်ထင်လို့ ယူခဲ့မယ်လို့ ပြောတယ်၊ အခု မလိုအပ်တော့ဘူးထင်လို့ မယူခဲ့ဘူး၊ မကြာခင် သေမယ့်လူအတွက် အဆိပ်ဖြေဆေး မလိုပါဘူးဗျာ"

"တောက်"

စာကလေး တောက်တစ်ချက် ခေါက်လိုက်သည်။

ထို့နောက် အသားတင်ကို မီးဖိုပေါ်သို့ ပစ်ချလိုက်သည်။

"ဒါ သစ္စာဖောက်တာပဲ"

ကွမ်းကြိုးခက်အား စူးရဲစွာ ကြည့်ရင်း ပြောလိုက်သည်။

ကွမ်းကြိုးခက် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ကျုပ်က သစ္စာဖောက်တာ မဟုတ်ပါဘူး၊ ခင်ဗျားက သိတာတွေ များနေတာပါ၊ လူတစ်ယောက်ဟာ လိုအပ်တာထက် ပိုပြီး သိတာတွေ များနေရင် အန္တရာယ်ရှိတယ်ဗျ ခင်ဗျားကို သည်အတိုင်းထားရင် ကျုပ်အတွက် မလုံခြုံဘူးထင်လို့ပါ"

"ဟင်"

ကွမ်းကြိုးခက်၏စကားကြောင့် သောက်ထားသော အရက်ရှိန်ကလေးများပင် ပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတတ်ထားသော သိုင်းပညာမှာ ကွမ်းကြုံးခက်ထံ ယှဉ်ရန် မပြောနှင့် ခုခံရန်ပင် မစွမ်းချေ။

ကွမ်းကြုံးခက်သာ သတ်ချင်သည်ဆိုလျှင် သူ့အသက် ရှင်နေမည် မဟုတ်ကြောင်း သိနေသည်။

ခက်ထန်သော စာကလေး၏မျက်နှာထား ပျော့ပျောင်း သွား၏။

လေသံမှာလည်း ချိုသာသွား၏။

"ကျုပ်. . . ကျုပ် ဘာမှ မသိဘူးလို့ သဘောထားလိုက် ပါဗျာ၊ အားလုံးကို မေ့ပစ်လိုက်ပါ့မယ်"

သူ၏စကားကြောင့် ကွမ်းကြုံးခက် သဘောကျစွာ ရယ် မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား၊ မင်းပြောသလို မေ့ပစ် လိုက်နိုင်ရင် သိပ်ကောင်းတာပေါ့ကွာ၊ ဒါပေမယ့် ကျုပ်က မင်း ကို ဘယ်လိုလုပ်ပြီး ယုံရမှာလဲ"

စာကလေး စိုးထိတ်သွားသည်။

"ကျုပ်. . . ကျုပ် တကယ် ပြောတာပါ"

ကွမ်းကြုံးခက် စဉ်းစားလိုက်သည်။

အတန်ကြာမှ. . .

စာကလေးအား စိုက်ကြည့်ကာ ပြောလာသည်။

"မင်း ဘယ်လိုပြောပြော ကျုပ်ကတော့ ယုံမှာ မဟုတ် ဘူး၊ အေး. . . ယုံစေချင်ရင်တော့ နည်းလမ်းတစ်ခု ရှိတယ် ကျုပ်ခိုင်းတဲ့အတိုင်း လုပ်မလား"



စာကလေး ဝမ်းသာသွားသည်။

"လုပ်ပါ့မယ်ဗျာ လုပ်ပါ့မယ်"

စာကလေးက ပျာပျာသလဲ ဖြေလိုက်သည်။

ကွမ်းကြုံးခက်က ကောက်ကျစ်ယုတ်မာသော မျက်လုံး အစုံဖြင့် စာကလေးအား စိုက်ကြည့်နေလေသည်။

စာကလေး၏ကျောရိုးထဲ အေးစိမ့်သွားလေသည်။

"ခွမ်း"

ထိုစဉ် ကွမ်းကြုံးခက်က ဓားကို ဆွဲထုတ်လိုက်သည်။

"ဟင်"

စာကလေး ထိတ်လန့်သွားသည်။

ကွမ်းကြုံးခက် ပြုံးလိုက်သည်။

"ရော့"

ကွမ်းကြုံးခက်က ဓားဦးကို ဦးပိုင်းမှကိုင်ရင်း စာက လေးကို ကမ်းပေးလိုက်၏။

စာကလေးက မယူဝံ့ချေ။

"ယူလေကွာ"

ကွမ်းကြုံးခက်က ထပ်ပြောမှ ဓားကို စာကလေးက ဆုပ် ကိုင်လိုက်သည်။

ထိုသို့ ဆုပ်ကိုင်မိသည်နှင့် ကွမ်းကြုံးခက်၏လက်များ လှုပ်ရှားသွားလေသည်။

"ဗြိုး"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



စာကလေး ထိတ်လန့်သွားလေသည်။

သူကိုင်ထားသော ဓားဦးမြောက်တက်သွားပြီးနောက် ကိုယ့်ရင်ဝကို ထောက်လိုက်သလို ဖြစ်သွားလေသည်။

ထိုအခါ. . .

ဓားရိုးကိုင်ထားသော စာကလေး၏လက်ကို ကွမ်းကြူး ခက်က လက်ဖနောင့်နှင့် တစ်ချက်ရိုက်လိုက်သည်။

"ဖောက်"

ကျယ်လောင်သော အသံနှင့်အတူ ဓားဦးက စာကလေး၏ရင်ဝအား စိုက်ဝင်သွားလေသည်။

"အင့်"

စာကလေးသည် မသဲမကွဲ ညည်းညူရင်း ကြမ်းပြင်ပေါ်သို့ ပျော့ခွေလဲကျသွားလေသည်။

စာကလေးကို ကြည့်ရင်း ကွမ်းကြူးခက် သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား။ ကျုပ်က မင်းစကားတို့ ... စေချင်တယ်ဆိုရင် အဲသည်လို ကိုယ့်ကိုယ်ကို ဓားနဲ့ ပြန်ထိုး... တယ်ကွ၊ သိလား၊ ဟား. . . ဟား. . . ဟား"

စာကလေး၏နေအိမ်သည် ရယ်မောသံများ လွှမ်းမိုး သွားလေသည်။

☆ ☆ ☆



ထိုအချိန်တွင်. . .

ဝမ်းရှက သူ၏အုန်းခွံရောင်မြင်းစီးလျက် အရက်ဆိုင်ကလေးမှ စာကလေး၏အိမ် ရှိရာသို့ ပြန်လာနေပြီ ဖြစ်၏။

သူ့တွင် စာကလေး မသိသေးသော သတင်းတစ်ခု ပါလာ၏။

သူ အရက်ဆိုင်ကလေးသို့ ရောက်သွားချိန်တွင် အရက်ဆိုင်ကလေးမှာ တံခါးပိတ်ထားပြီ ဖြစ်သည်။

သူ့ကို မှတ်မိနေပြီဖြစ်သော ဆိုင်ရှင်က အရက်အိုးနှစ်အိုး ယူရောင်းပေးခဲ့လေသည်။

မနေ့က ဤအချိန်တွင် ဆိုင်မပိတ်သေးသောကြောင့် သိသည့်အတွက် ဆိုင်စောပိတ်ရသည်ကို မေးမြန်းကြည့်သော အခါ ဆိုင်ရှင်က သူ့ဆိုင်သည် ညလုံးပေါက်ဖွင့်သောဆိုင် ဖြစ်ကြောင်း၊ ညဦးပိုင်းက မြို့လယ်ရှိ ဇာမဏီအာမခံဌာနကို ရန်သူများ ဝင်တိုက်သွားကြောင်း၊ ဇာမဏီအဖွဲ့သား အများအပြား သေဆုံးပြီး ပိုင်ရှင်ဖြစ်သူမှာလည်း သေဖို့များကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး မြို့စားတပ်ဖွဲ့ဝင်များ ခြေရှုပ်နေကြကြောင်း၊ ဆိုင်ကို ပတ်သက်လာမည်စိုးသဖြင့် ဆိုင်ကိုပိတ်ထားကြောင်း ရှင်းပြသည်။

ဤသတင်းကို စာကလေး မသိနိုင်သေးချေ။

"ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်"

လမ်းတစ်ဆစ်ချိုး အကွေ့တွင် လူတစ်ယောက်စီး

www.burmeseclassic.com



လာသောမြင်းနှင့် တိုးမိမလို ဖြစ်သွား၏။

ဝမ်းရှက မြင်းဇက်ကို တုံ့ပြီး ရပ်ပေးရလေ၏။

တစ်ဖက်လူကလည်း လွန်သွားပြီးမှ မြင်းကို တုံ့ခနဲ ရပ်တန့်လိုက်လေသည်။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာပြီး သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေလေသည်။

သို့သော်. . .

ဝမ်းရှက ချက်ချင်းပင် မျက်နှာလွှဲလိုက်သည်။

သူ့တွင် တိုက်ခိုက်ချင်စိတ်များ ကုန်ခမ်းလာသောကြောင့် မြင်းကို ဆက်စီးလာခဲ့သည်။

ရုတ်တရက် အလင်းရောင် ပျောက်သွားသဖြင့် ကောင်းကင်သို့ မော့ကြည့်လိုက်သောအခါတွင် တိမ်စိုင်တိမ်သားများ အုံ့ဆိုင်းမှိုင်းညို့လျက် လမင်းကို ဖုံးအုပ်သွားပြီ ဖြစ်ကြောင်း တွေ့ရသည်။

မကြာမီ မိုးရွာတော့မည် ဖြစ်သည်။

"ခွပ်. . . ခွပ်. . . ခွပ်"

ဝမ်းရှက မြင်းကို ဒုန်းစိုင်းနှင်လိုက်သည်။

သို့သော် မိုးက ဝမ်းရှထက် မြန်နေ၏။

"ဝေါ. . . ဝေါ"

စာကလေး၏ခြံထဲ ရောက်သည်နှင့် မိုးသည်းထန်စွာ



ရွာချလာလေသည်။

မြင်းကို သစ်ပင်တွင် ချည်ခဲ့ပြီး အရက်ထိုင်သောက်ခဲ့သော ဝါးကွပ်ပျစ်ဆီသို့ အပြေးဝင်လာခဲ့သည်။

ထိုအခါ အသားကင်တူးနံ့ကို ရှူရှိုက်နေရသည်။

"ဟင်"

ဝမ်းရှ တုန်လှုပ်သွားသည်။

စက္ကူမီးအိမ် အလင်းရောင်ဖြင့် မီးဖိုအနီးတွင် လူတစ်ယောက် လဲနေသည်ကို မြင်ရသောကြောင့် ဖြစ်၏။

"စာကလေး"

စာကလေးမှာ အသက် မရှိတော့ချေ။

ကွမ်းကြိုးခက်၏ဓားချက်ကြောင့် ပွဲချင်းပြီး သေဆုံးနေခြင်း ဖြစ်သည်။

ခင်မင်မှုကာလ ဘာမျှ မကြာသေးသော်လည်း ရင်းနှီးစွာ အတူနေခဲ့ရသဖြင့် စာကလေးအပေါ် သွေးသံယောဇဉ် ဖြစ်ခဲ့သည်။

မိတ်ဆွေကောင်းတစ်ယောက်ဟု ထင်မှတ်ထားခဲ့သည်။

စာကလေးအား မည်သူသတ်သွားသနည်း။

ရုတ်တရက်. . .

ဝမ်းရှ၏ခန္ဓာကိုယ်သည် ကျောက်ဆစ်ရုပ်တစ်ရုပ်လို တောင့်တင်းသွား၏။

သဲသဲမဲမဲ ရွာနေသော မိုးရေထဲသို့ စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

အေးစက်မာကျောသော လေသံဖြင့် ပြောလိုက်သည်။

"မိုးရေထဲမှာ နေနေရတာ မအေးဘူးလား မိတ်ဆွေ မိုးလုံလေလုံ အိမ်ထဲကိုကြွပါလို့ ဖိတ်ခေါ်ပါတယ်"

ထိုအခါ သစ်ပင်အမှောင်ရိပ်များကြားမှ လူများထွက်လာ၏။

အိမ်အတွင်းသို့ ဝင်လာသူများမှာ အားလုံးပေါင်း ဆယ်ယောက်ဖြစ်လေသည်။

☆ ☆ ☆

ဝင်လာသော လူဆယ်ယောက်မှာ အနီရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက မေးလာ၏။

"ဝမ်းရှဆိုတာ မင်းလား"

ဝမ်းရှက မဖြေသည့်အပြင် ခပ်တည်တည်ပင် ပြန်၍ မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျားတို့ကကော ဘယ်သူတွေလဲ၊ ဘာတိစ္စ သည်ကို ရောက်လာတာလဲ၊ ခိုးကြောင်ခိုးဝှက် ဘာကြောင့်ပုန်းနေရတာလဲ"

ဝတ်စုံနီခေါင်းဆောင်က ပြုံးလိုက်သည်။

"ကျုပ်တို့ဟာ ဇာမဏီအာမခံဌာနကလူတွေပါ၊ ခင်ဗျား



မိတ်ဆွေကို ကျုပ်တို့ မသတ်ပါဘူး၊ ကျုပ်တို့လာတာ သခင်မလေးယန်ကျူမေ လွှတ်လိုက်လို့ပါ၊ လာတဲ့ကိစ္စကတော့ ခင်ဗျားကိုသတ်ဖို့ပါ"

"ကျုပ်ကိုသတ်ဖို့ ဟုတ်လား၊ ခင်ဗျားတို့ အာမခံဌာနနဲ့ ကျုပ်က ဘယ်လိုပတ်သက်နေလို့လဲ"

ဝတ်စုံနီ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်တို့ သခင်ကြီးယန်ယိလင်းကိုသတ်သွားတာ ခင်ဗျားပဲ၊ သည်ထက် ပိုပြီးပတ်သက်တာ ဘာရှိသေးလို့လဲ"

"ဗျာ"

ဝမ်းရှ မျက်လုံးပြူးသွား၏။

"မဟုတ်ဘူး၊ ခင်ဗျားတို့ပြောသလို ခင်ဗျားတို့သခင်ကြီးယန်ယိထင်းကို သတ်ဖို့မပြောနဲ့ မြင်တောင်မမြင်ဖူးဘူး"

မုကျင်း၏အိမ်တွင် တွေ့ခဲ့သူမှာ ယန်ယိထင်းဖြစ်ကြောင်း မသိသေးသောကြောင့် ငြင်းလိုက်ခြင်းဖြစ်သည်။

ဝတ်စုံနီ ခေါင်းခါယမ်းလိုက်သည်။

"အခုချိန်မှာတော့ ဘယ်လိုမှရှောင်လွှဲလို့မရတော့ဘူးဗျ၊ သံမဏိဓားပျော့ဟာ ခင်ဗျားရဲ့လက်နက် မဟုတ်လား"

ဝမ်းရှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟုတ်ပါတယ်"

ဝတ်စုံနီ၏မျက်နှာ ခက်ထန်သွားလေသည်။

"ဟုတ်ရင် ဘာလို့ငြင်းနေတာလဲ၊ ခင်ဗျားရဲ့ဓားကို ခင်ဗျားမထားခဲ့ဘဲ ဘယ်သူကထားခဲ့မှာလဲ၊ တော်ပြီဗျား ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေတာကြာတယ်၊ ခင်ဗျားလက်နက်ကိုသာ ထုတ်ပေတော့"

ဝမ်းရှ လက်ကာပြလိုက်သည်။

"ခဏနေပါဦးဗျာ၊ သံမဏိဓားပျော့ဟာ ကျုပ်ပစ္စည်းလည်း မဟုတ်တော့ပါဘူး။ လူတစ်ယောက်ကိုရောင်းပစ်လိုက်ပြီ ခင်ဗျားတို့ သခင်ကြီးကိုသတ်တာ အဲသည်လူပဲဖြစ်မယ်"

ဝတ်စုံနီ ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျား ဘာပဲပြောပြော ကျုပ်တို့ မယုံဘူးဗျ"

ဝမ်းရှ စိတ်ပျက်သွား၏။

သူသည် မည်သူနှင့်မျှ မတိုက်ခိုက်ချင်တော့ပေ။

သိုင်းသမားဘဝကို ဇာတ်မြှုပ်လိုက်တော့မည်ဟု ဆုံးဖြတ်ပြီးဖြစ်လေသည်။

"တိုက်"

ဝတ်စုံနီခေါင်းဆောင်၏ အမိန့်ပေးသံ ထွက်ပေါ်လာသည်နှင့် ဝတ်စုံနီများလည်း စတင်တိုက်ခိုက်လာလေသည်။

မရဏရဟတ်သိုင်းကွက်ကို ကျွမ်းကျင်တတ်မြောက်ထားကြသော ဝတ်စုံနီများသည် တရကြမ်း တိုက်ခိုက်နေကြလေသည်။

သို့သော်. . .

ဝမ်းရှအတွက် ဝတ်စုံနီများသည် ပြိုင်ဘက်များ မဟုတ်ကြပါချေ။

ယခု ဝမ်းရှက ဝတ်စုံနီတို့၏ တိုက်ခိုက်မှုကိုလွတ်အောင်



သာရှောင်တိမ်းနေ၍ မရဏရဟတ်သိုင်းကွက်လည်း မပျက်စီးပါချေ။

သူလည်း လွတ်အောင်မထွက်နိုင်ဘဲ ဖြစ်နေသည်။

ဝတ်စုံနီများမှာ ဝမ်းရှ၏လှုပ်ရှားမှုများကို ချုပ်နှောင်ရန်ကြိုးစားခွင့်ရနေသည်။

သိုင်းကွက် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာသည်နှင့်အမျှ အရှိန်အဟုန်ပြင်းထန်လာပြီး ဝမ်းရှ ရှောင်တိမ်းနိုင်စွမ်းနည်းပါးလာသည်။

ထို့ကြောင့်. . .

တစ်ဘက်လူကို ထိခိုက်ဒဏ်ရာမရစေဘဲ သိုင်းကွက်ကို ချက်ဆီးရန် ဆုံးဖြတ်လိုက်လေသည်။

ဝမ်းရှသည် ဓားချက်များကို ပေ့ါပါးသွက်လက်စွာ ရှောင်တိမ်းရင်း လက်ဝှေ့ယမ်းလိုက်သည်။

"ဝုန်း. . . ဝုန်း"

ထို့စဉ်. . .

လေထုကိုခွဲပြီး ပြေးဝင်လာသောအသံများကို ကြားလိုက်ရလေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများနှင့်အတူ ဝတ်စုံနီလေးယောက်မှာ ပစ်လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော အဖြစ်အပျက်များကြောင့် မရဏ ရဟတ်သိုင်းကွက်မှာ ပျက်ပြီး ရပ်တန့်သွားလေသည်။

ဝမ်းရှတ လဲကျသွားသော ဝတ်စုံနီများကိုကြည့်ပြီး နား မလည်နိုင်အောင် ဖြစ်နေသည်။

လဲကျသွားသော ဝတ်စုံနီများမှာ လုံးဝမလှုပ်တော့ချေ။

ဝတ်စုံနီခေါင်းဆောင်က အေးစက်မာကျောသော အသံဖြင့် မေးလိုက်သည်။

"မင်း ဘယ်လို လုပ်လိုက်တာလဲ"

ဝမ်းရှ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ကျုပ် ဘာလုပ်လို့လဲ"

ဝတ်စုံနီခေါင်းဆောင် နှာခေါင်းရှုံ့လိုက်သည်။

"မင်းလက်ဝါးနဲ့ ရိုက်မလို့လုပ်ပြီး လက်နက်ပုန်းနဲ့ပစ် လိုက်တာ မဟုတ်လား"

လက်နက်ပုန်းနှင့်ပစ်ရန် ဝေးစွ။

ဒဏ်ရာရသွားမည်ကို မလိုလားသောကြောင့် အတွင်း အားတစ်ဝက်မျှလောက်သာ အသုံးပြုလိုက်ခြင်း ဖြစ်လေသည်။

သူ၏လက် အချိန်အဆအရ မရဏရဟတ်သိုင်းကွက် ပျက်ရုံ နောက်သို့ အနည်းငယ်ယိမ်းယိုင်သွားရုံသာ ဖြစ်သည်။

ယခုလို နာကျင်စွာအော်တစ်လိုက်ပြီး မြေပေါ်သို့လဲကျ သွားသည့်အပြင် မလှုပ်နိုင်အောင်ဖြစ်သည်အထိ တိုက်ခိုက် လိုက်ခြင်း မဟုတ်ပါချေ။

ဝမ်းရှ [illegible] ခေါင်းယမ်းလိုက်သည်။



"ကျုပ် မဟုတ်ဘူး"

ဝတ်စုံနီက အထင်သေးသော မျက်လုံးများဖြင့် ဝမ်းရှ အားကြည့်လိုက်လေသည်။

"မင်းမဟုတ်ရင် ဘယ်သူလုပ်မလဲ၊ သည်နေရာမှာ တိုက်ခိုက်နေတာ ငါတို့နဲ့မင်းပဲရှိတာ မဟုတ်လား"

ဝမ်းရှ ဖြေရခက်သွားသည်။

ဝတ်စုံနီခေါင်းဆောင်က ဝမ်းရှအား မုန်းတီးစွာဖြင့် ကြည့်လိုက်လေသည်။

"ဇာမဏီအဖွဲ့သားတွေရဲ့ အသက်ကြွေးကို အသက်နဲ့ ပြန်ဆပ်ရမယ်ကွ"

ဝတ်စုံနီခေါင်းဆောင်က အော်ဟစ်ကြုံးဝါးရင်း လွှားခနဲ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

"ယား"

"ဝိုး. . . ဝိုး"

ကျန်ဝတ်စုံနီများကလည်း တပြိုင်တည်းလိုပင် ဝင် ရောက်တိုက်ခိုက်လိုက်ကြလေသည်။

ဤတစ်ကြိမ်တွင် သူတို့သည် မရဏရဟတ်သိုင်းကွက် တို့ အသုံးမပြုတော့ပေ။

နာကျင်ခံပြင်းမှုများဖြင့် အသက်အသေခံကာ ဝမ်းရှ အား ဝင်ရောက်တိုက်ခိုက်နေကြခြင်းပင် ဖြစ်လေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## သံသယ

ဝတ်စုံနီများသည် ပြင်းထန်ရက်စက်လွန်းသော သိုင်းကွက်များကို အသုံးပြုပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ဝှီး. . . ဝှီး"

"ဝှီး. . . ဝှီး"

ဝမ်းရှမှာ ရှောင်တိမ်း၍မဖြစ်တော့ချေ။

သို့သော်. . .

သူက ပြန်လည်တိုက်ခိုက်ရမည်ကိုလည်း ဝန်လေးနေမိလေသည်။

သူက ရပ်တန့်အောင်ဟန့်တားရုံမျှသာ တိုက်ခိုက်ပါလျှက် ဝတ်စုံနီများက အဘယ်ကြောင့်လဲကျသေဆုံးသွားရသနည်း။

ဤသို့ထပ်ဖြစ်မည်ကို စိုးရိမ်နေမိ၏။



ထို့ကြောင့်. . .

သူက ရှောင်တိမ်းရုံသာ ရှောင်တိမ်းနေပြီး မတိုက်ခိုက်ဝံ့ခြင်းဖြစ်လေသည်။

"ဝှီး. . . ဝှီး"

"ရွှပ်"

"အင့်"

ဝမ်းရှ လွှတ်ခနဲ အော်လိုက်မိသည်။

ရှောင်ရင်းတိမ်းရင်း လက်မောင်းတွင် ဒဏ်ရာတစ်ချက်သွားလေသည်။

ထိုအခါ. . .

ဝမ်းရှက မတတ်သာတော့ဘဲ ပြန်လည်ခုခံလိုက်ရလေသည်။

အတွင်းအားကို အနည်းငယ်သာ အသုံးပြုသော လက်ချောင်းချက်ဖြင့်သာ ရိုက်ထုတ်လိုက်ခြင်းဖြစ်သည်။

ထိုစဉ်. . .

"ဝုစ်. . . ဝုစ်"

"ဝုစ်. . . ဝုစ်"

ရုတ်တရက် လေထုကို ထိုးခွင်းဝင်ရောက်လာသော စူးလျှညင်သာသော လေတိုးသံကို ကြားလိုက်ရလေသည်။

တဆက်တည်းမှာပင်. . .

"ဝုန်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

"သေပါပြီဗျ"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ထို့အတူ ဝတ်စုံနီများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားပြန်သည်။

ယခု...

ဝတ်စုံနီခေါင်းဆောင် တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။

ကျန်လူများအားလုံး သေဆုံးသွားပြီ ဖြစ်သည်။

ဝတ်စုံနီသည် သူ၏လူများအားလုံး သေဆုံးသွားကုန်ကြပြီဖြစ်သော်လည်း စိုးစဉ်းမျှ ကြောက်ရွံ့ဟန်မပြချေ။

ထို့အပြင်...

သူသည် ဝမ်းရှုကိုသာ ရွံ့မုန်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

ပြီးလျှင်...

"မင်းဟာ လူယုတ်မာပဲ"

ဟု ပြောလိုက်သည်။

ဝမ်းရှု၏မျက်နှာမှာ ရုတ်တရက် ခက်ထန်တင်းမာသွားသည်။

သူက ဝတ်စုံနီအား ကြည့်လိုက်ပြီး...

"မင်းဟာ ရောက်လာကတည်းက ငါ့ကို တစ်ဘက်သတ်



စွပ်စွဲတယ်၊ လူအုပ်စုနဲ့ဝိုင်းပြီးတော့ အသေသတ်ဖို့ကြိုးစားလာတယ်၊ ပြီးတော့ အခုလည်း ကျုပ်ကို စော်ကားနေပြန်ပြီ မလွန်လွန်းဘူးလား"

ဟု မေးလိုက်၏။

ဝတ်စုံနီ ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမလွန်ဘူး။ တကယ်တော့ ငါတို့က မင်းကိုတိုက်ခိုက်တာဟာ ပွင့်ပွင့်လင်းလင်းပြောပြီးမှ တိုက်တာကွ၊ ပြီးတော့ ဘာအဆိပ်မှမသုံးဘူး။ မင်းကတော့ အဆိပ်လက်နက်ပုန်း သုံးပြီးတော့ တိုက်ခိုက်တယ်၊ အဆိပ်သုံးတယ်ဆိုတာက လူယုတ်မာတွေ အရည်အချင်းမရှိတဲ့..."

သူ၏စကား မဆုံးသေးချေ။

ရုတ်တရက်...

"ဂွစ်"

"အား"

ဝတ်စုံနီ စူးရှစွာ အော်ဟစ်လိုက်၏။

သူ၏မျက်လုံးအစုံ ပြူးကျယ်သွား၏။

ထို့နောက်...

လဲကျသွားလေသည်။

ဝမ်းရှု ထိတ်လန့်သွား၏။

"အဆိပ်လက်နက်ပုန်း"

သူက ဝတ်စုံနီများကို တိုက်ခိုက်စဉ်က ကြားခဲ့ရသော လေတိုးသံကို ပြန်လည်ကြားယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနီများ လဲကျသေဆုံးနေကြခြင်းမှာ သေးငယ်
သော အဆိပ်လက်နက်ပုန်းတို့ကြောင့်ပင် ဖြစ်ပေသည်။

သို့သော်. . .

ထိုအဆိပ်လက်နက်ပုန်းများကို သူ မပစ်ခဲ့ချေ။

ဤသို့ဆိုလျှင် အခြားသူတစ်ယောက် ရှိရမည်ဖြစ် သည်

လက်နက်ပုန်း ဝင်လာနိုင်သော လမ်းကြောင်းဘက်
မှန်းဆ၍ အော်မေးလိုက်လေသည်။

"ခင်ဗျား ဘာကြောင့် ဝင်တိုက်ခိုက်ရတာလဲ"

"ဟား. . . ဟား. . . ဟား"

ထိုစဉ်. . .

ကျယ်လောင်သော ရယ်မောသံနှင့်အတူ သစ်ပင်
ပင်ပေါ်မှ လူရိပ်တစ်ခု ကျလာလေသည်။

အနက်ရောင်ကိုယ်ကျပ်ဝတ်စုံဝတ်ဆင်ထားသော 
တစ်ယောက် ဖြစ်လေသည်။

ထို့အပြင်. . .

မျက်နှာကိုလည်း အနက်ရောင်ခေါင်းစွပ်ဖြင့် ဖုံးအုပ်
ထားသည်။

ထိုလူသည် မြှားသို့ လျင်မြန်စွာ ပြေးထွက်သွား၏၊

တဆက်တည်းပင်. . .

"ကြည့်မရလို့ ဝင်တိုက်တာပေါ့ကွာ၊ ငါဘာသာ ဝင်တိုက်
တာ ဘာဖြစ်သလဲ"

ဟု အော်ပြောသွား၏။



ထိုအခါ. . .

ဝတ်စုံနက်၏စကားကြောင့် ဝမ်းရှ မကျေမနပ် ဖြစ်သွား
သည်။

ထိုလူ၏လုပ်ဆောင်မှုကြောင့် အခြေအနေမှာ ပိုမိုရှုပ်
စရာ ဖြစ်သွားပြီး ဇာမဏီအဖွဲ့က သူ့ကို ပိုမိုအထင်မြင်လွဲ
ဖြစ်သွားနိုင်သည်။

ဝတ်စုံနက်သည် အဘယ်ကြောင့် ကိုယ်နှင့် မဆိုင်သည့်
ကို ဝင်ရှုပ်ရသနည်း။

ဝမ်းရှတ သတိဝင်လာပြီး အော်ဟစ်ဟန့်တားလိုက်လေ
သည်။

"မပြေးနဲ့"

ဝတ်စုံနက်က ဝမ်းရှအား လှည့်၍ ကြည့်ခြင်းပင် မရှိပါ
ဆက်ပြေးသွားသည်။

ဝမ်းရှကလည်း အနောက်မှ တစ်ဟုန်ထိုး ပြေးလိုက်
လေသည်။

ဝတ်စုံနက်သည် ရှေ့မှ ပြေးလွှားသွားသည်။

ဝမ်းရှကလည်း နောက်မှ ပြေးလိုက်သွားသည်။

မကြာမီ သူတို့သည် မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်
လာလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## ထိပ်တိုက်

ဝတ်စုံနီများသည် အဆိပ်လက်နက်ပုန်းများကြောင့် သေဆုံးကုန်ပြီ ဖြစ်သည်။

ဝတ်စုံနက်ကလည်း ပြေးလွှားထွက်ခွာသွားသည်။

ဝမ်းရှု တွေဝေ၍ ရပ်နေရာမှ ဝတ်စုံနက်နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်သွားသည်။

သူတို့သည် ပြေးရင်း မြို့ပြင်သို့ ရောက်ရှိလာလေသည်။

ဝတ်စုံနက်က ရှေ့မှ ပြေးလွှားနေဆဲပင် ဖြစ်သည်။

ဝမ်းရှုက အစွမ်းကုန် ပြေးလိုက်သော်လည်း လိုက်၍ မမီဘဲ ရှိလေသည်။

ဝတ်စုံနက်၏ အတွင်းအားနှင့် ကိုယ်ဖော့ပညာမှာ ဝမ်းရှုထက် လွန်စွာ မြင့်မားလေသည်။

ဝမ်းရှုက သူ၏ပြေးရှိန်ကို မြှင့်လိုက်ပြီ ဖြစ်သော်လည်း



ဝတ်စုံနက်မှာ တဖြည်းဖြည်းဝေး၍ သွားလေသည်။

ထို့နောက် . . .

အမှောင်ထုအတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

မည်သည့်နေရာကို ရောက်သွားသည်ကိုပင် ခန့်မှန်း၍ မရပါချေ။

ဝင်းခနဲ ပြိုးပြက်လက်သွားသော လျှပ်ရောင် အောက်တွင် ဝတ်စုံနက်ကို မြင်ရမည်လားဟု ရှာဖွေကြည့်သော်လည်း တွင်းပြင်ကျယ်ကြီးမှတစ်ပါး ဝတ်စုံနက်၏အရိပ်အယောင်မျှပင် မမြင်ရ၍ စိတ်ပျက်သွားလေသည်။

မြေလျှိုး၍ မိုးပျံသွားသည်လော။

ဆက်လက်လိုက်နေလျှင်လည်း အကျိုးထူးစရာ မရှိသောကြောင့် နောက်ကြောင်းလှည့်ပြီး ချန်အန်းမြို့ဘက်သို့ ပြန်လျှောက်လာ၏။

သူ့အနေဖြင့် စာကလေး၏ခြံဝင်းသို့ ပြန်မသွားချင်တော့ပေ။

တစ်မြို့ တစ်ရွာသို့ ထွက်သွားရန်မှာလည်း မိုးသည်းနေသော ညဘက် ဖြစ်နေသည်။

တစ်နေရာရာတွင် နားခိုပြီး မိုးလေကင်းရှင်းသော နေ့ဘက်တွင် ခရီးဆက်ချင်သော်လည်း နားခိုရန် နေရာကား မရှိချေ။

ညကြီးအချိန်မတော်မှ ရောက်လာသောသူကို တည်းခို

www.burmeseclassic.com

www.burmeseclassic.com



ခန်းများက လက်ခံရန် သံသယ ရှိကြလိမ့်မည်ဟု တွေးမိလိုက်သည်။

လျှပ်ရောင်တစ်ချက် ဝင်းလက်သွားသည်။

ထိုအခါ. . .

သူ့ရှေ့ ဝါးနှစ်ပြန်လောက် အကွာခန့်တွင် မားမားမတ် တည်ရှိနေသော အဆောက်အအုံတစ်ခုကို မချော်လင့်ဘဲ မြင်တွေ့လိုက်ရသည်။

ရှေးဟောင်းဘုံကျောင်းပျက်တစ်ခုပင် ဖြစ်သည်။

ဝမ်းရှ လွန်စွာ ဝမ်းသာသွားသည်။

နားခိုရာမဲ့နေစဉ် မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် လှစ်ခနဲ ပြေးဝင်လိုက်သည်။

"ဟာ"

မြင်ကွင်းတစ်ခုကြောင့် ဝမ်းရှ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဘုံကျောင်းပျက်အတွင်းသို့ ရောက်ရှိသွားသောအခါ မှားယွင်းသွားပြီ ဖြစ်ကြောင်း နားလည်လိုက်မိတော့သည်။

ဘုံကျောင်းပျက်အတွင်း၌ မီးရောင်များ လင်းနေ၏။

ဘုံကျောင်းပျက်ထဲတွင် လူတစ်ယောက် ရှိနေသည်။

ထိုလူသည် ဦးခေါင်းတစ်ခုလုံး ဖြူဖွေးနေပြီး အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထား၏။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ရှိသော အဘိုးအိုတစ်ဦးပင် ဖြစ်လေသည်။



ထိုအဘိုးအိုအား တွေ့လိုက်ရသည်နှင့် သေမင်းကို တွေ့လိုက်ရသည့်အလား ဝမ်းရှ ထိတ်လန့်သွားလေသည်။

သို့သော်. . .

ဘုံကျောင်းပျက်အတွင်းမှ ထွက်ပြေးသွားရန်ကား မစဉ်းစားပါချေ။

သူစဉ်းစားနေသည်မှာ ဝတ်စုံဖြူနှင့်ပိန်ပိန်ပါးပါး အဘိုးအိုအား တွေ့ရပြီး ဝတ်စုံနီဝတ်ဆင်လေ့ရှိသော ပုပုသေးသေး အဘိုးအိုအား အဘယ်ကြောင့် မတွေ့ရသနည်းဟူသော အတွေး ဖြစ်သည်။

ထိုအဘိုးအို နှစ်ယောက်မှာ သိုင်းလောကတွင် ထင်ရှားကျော်ကြားနေသော ကြယ်မားပျံသိုင်းသမား ဆားညီနောင်ပင် ဖြစ်လေသည်။

ဆားညီနောင်မှာ ရန်သူကို တိုက်ခိုက်သည့်အခါ မကွဲမကွာ လက်တွဲ တိုက်ခိုက်သူများ ဖြစ်ကြလေသည်။

ဆားလောက်တ ရှိလျှင် ညီဖြစ်သူ ဆားလောက်အော့လည်း ရှိရမည် ဖြစ်သည်။

ယခု. . .

ဆားလောက်အော့ကို တွေ့နေရပြီ ဖြစ်သည်။

ဆားလောက်တမှာ မည်သည့်နေရာတွင် ရှိနေသနည်း။

ထိုစဉ်. . .

အိပ်နေသော အဘိုးအို၏မျက်လုံးများ ဖျတ်ခနဲ ပွင့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

လွှားခနဲ ခုန်ထလာသည်။

ဝမ်းရှ မလှုပ်မယှက် ရပ်နေသည်။

ထိုအဘိုးအိုမှာ ဆားလောက်အော့ပင် ဖြစ်သည်။

ဆားလောက်အော့က ဝမ်းရှအား ကြည့်ကာ မဲ့ပြုံးပြုံးလိုက်လေသည်။

"ဘယ်လိုလဲ ဝမ်းရှရဲ့ ပြေးမယ့်ပြေးတော့လဲ ငါတို့ ရှေ့မှောက်ရောက်အောင် ပြေးလာတာပါပဲလားကွ၊ ဟား. . . ဟား. . . ဟား"

ဝမ်းရှ တစ်စုံတစ်ရာကို ပြောရန် ပါးစပ်ဟလိုက်သည်။

ထိုစဉ်. . .

နောက်ကျောဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်။

"အေးလေကွာ၊ ငါတို့မှာတော့ သူကြောက်ပြီး အဝေးဆုံးကို ပြေးသွားရင် ငါတို့ မသတ်ရဘဲ သူများသတ်သွားမှာစိုးလို့ လိုက်လာရတာ အမောပဲ၊ ဒီလိုသာ မပြေးဘဲ လာပြီး လည်စင်းပေးမယ်ဆိုရင် အပင်ပန်းခံပြီး လိုက်မနေပါဘူး အိမ်တပဲ ထိုင်စောင့်နေပါတယ်"

ဝမ်းရှ မဲ့ပြုံးပြုံးလိုက်သည်။

သူသည် ဆားလောက်အော့အား တွေ့မြင်ပြီးကတည်းက ဆားလောက်တလည်း ရှိမည်ဟု ကြိုတင်ရိပ်မိထား၍ မအံ့ဩတော့ပါချေ။



ဆားညီနောင် သူ့နောက်သို့ လိုက်နေခြင်းမှာ သူ တစ လွန်ခဲ့သော လူသတ်မှုကြောင့် ဖြစ်သည်။

ချန်ကျိုးမြို့တွင် သူနေထိုင်ခဲ့စဉ်က ဆားညီနောင်နှင့် လွန်စွာ ခင်မင်ရင်းနှီးသူများ ဖြစ်လေသည်။

ဆားညီနောင်ထံသို့ သွားရောက်လည်ပတ်ရင်း စစ်တုရင်ထိုးလေ့ ရှိလေသည်။

ဆားညီနောင်တွင် တစ်ဦးတည်းသော မြေးကလေးဖြစ်သူ 'ဆားထင်း' ရှိလေသည်။

ဝမ်းရှကလည်း ဆားထင်းကို ညီအရင်းတစ်ယောက်ဗမာ ချစ်ခင်ခဲ့လေသည်။

ဆားထင်းမှာ သူတတ်ထားသော သိုင်းပညာနှင့် ပတ်သက်ပြီး အလွန်ဂုဏ်မောက်နေသူ ဖြစ်လေသည်။

ထို့အပြင်. . .

အဘိုးနှစ်ယောက်၏ သိုင်းပညာအမွေကို ရရှိထားသူဖြစ်သောကြောင့် သူ့အသက်အရွယ်နှင့် နှိုင်းစာလျှင် သူတတ်ထားသော သိုင်းပညာမှာ လွန်စွာမြင့်မားသည်ဟု ဆိုနိုင်လေသည်။

အရွယ်ချင်းတူသည်ဟုဆိုလျှင် လူမရှေးဟု ဆိုနိုင်လောက်သဖြင့် ပညာဂုဏ်မောက်မည်ဆိုပါက ဂုဏ်မောက်နိုင်သည်။

သို့သော်. . .

ဆားထင်းသည် လိုသည်ထက် ပို၍ ဂုဏ်မောက်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

ဂုဏ်မောက်ရန်လည်း သူ၏အသိုင်းအဝိုင်းက မြှောက်ပေးခဲ့ကြသည်။

ထိုသို့ဖြင့် . . .

ဝမ်းရှကဲ့သို့သော ထိပ်တန်းသိုင်းသမားကိုပင် မကြာခဏ စိန်ခေါ် တိုက်ခိုက်သည်အထိ ဖြစ်လာသည်။

ဝမ်းရှကလည်း ညီငယ်တစ်ယောက်၏ အလိုကို လိုက်လျောသည့် သဘောဖြင့် စိန်ခေါ်မှုကို လက်ခံခဲ့ပြီး အဖြတ်အသတ်နိုင်အောင် မတိုက်ဘဲ သက်ညှာစွာဖြင့် တိုက်ခိုက်လေ့ရှိလေသည်။

တစ်ကြိမ်တွင်တော့ သူက မမျှော်လင့်ဘဲ ဆားထင်းကို သတ်မိသွား၏။

ဤတွင် . . .

ဆားညီနောင်မှာ ဒေါသပေါက်ကွဲသွားလေသည်။

ဆားထင်းသည် ဝမ်းရှ၏ပြိုင်ဘက် မဟုတ်ပါ။

ပညာအရ၊ အတွင်းအားအရ လွန်စွာနုနယ်သော လူငယ်လေးတစ်ယောက်သာ ဖြစ်လေသည်။

ထိုကလေးငယ်ကို ဝမ်းရှက သတ်ပစ်လိုက်ခြင်းမှာ ထရားမျှတမှု မရှိဟု ယူဆကာ ဝမ်းရှအပေါ် နာကျည်းမုန်းတီးသွားမိလေသည်။

ချမြို့အတွက် လက်စားချေမည်ဟု ကြုံးဝါးကာ ဝမ်းရှတို့ မြေလှန်ရှာကြလေသည်။



ဝမ်းရှကိုယ်တိုင်ကလည်း ဆားထင်းကို သတ်ဖြတ်လိုက်ခြင်းနှင့် ပတ်သက်ပြီး ခံစားခဲ့ရသည်။

သိုင်းသမားများ ယှဉ်ပြိုင်ရာတွင် သေဆုံးရခြင်းမှာ ဆန်းပြားသောကိစ္စ မဟုတ်ပါချေ။

ယခု . . .

လူငယ်လေးမှာ ကျော်ကြားမှုကို မက်မောသဖြင့် သူ့လိုသူမျိုးကို စိန်ခေါ် တိုက်ခိုက်ခဲ့သည်။

သို့သော် . . .

ဆားထင်းသည် အနက်ရောင်သိုင်းသမားတစ်ယောက် တော့ပါချေ။

တစ်နည်းအားဖြင့် သတ်သင့်သောသူ မဟုတ်ချေ။

ထို့အပြင် . . .

သူ့အနေနှင့် ထိုလူငယ်လေးကို သတ်ဖြတ်ရန် မဆိုထားနှင့် သိုင်းကွက်ဆယ်ကွက် အတွင်းမှာပင် ဒဏ်ရာရရှိစေခြင်းမျိုးဘဲ အနိုင်ယူနိုင်စွမ်း ရှိသည်။

လူငယ်လေးတစ်ယောက်အပေါ် မတရားအနိုင်ကျင့် သတ်ဖြတ်ခဲ့သည်ဟု ပြစ်တင်ရှုတ်ချသော စကားသံများ သိုင်းလောကတွင် ပဲ့တင်နေသည်။

ဘာကြောင့် သတ်ဖြတ်သည်အထိ ဖြစ်ခဲ့ရသည်ကို ပြန်တွေးမိတိုင်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ဖြစ်မိလေသည်။

ထို့ကြောင့် . . .

ဆားညီနောင်ကို ကြောက်ရွံ့မှု မရှိသော်လည်း ဝေးရာ

www.burmeseclassic.com

www.burmeseclassic.com



သို့ ရှောင်ထွက်လာခဲ့ခြင်း ဖြစ်သည်။

သူသည် တကယ် တိုက်မည်ဆိုလျှင် ဆားညီနောင်အား အနိုင်ရနိုင်ပေသည်။

ထို့အပြင်. . .

ဆားညီနောင်၏ သတ်ဖြတ်မှုကိုလည်း သူမခံနိုင်ပါချေ။

သိုင်းသမားဘဝကို စွန့်လွှတ်ပြီး အဝေးဆုံး တစ်နေရာတွင် ဇာတ်မြုပ်နေရန် ဆုံးဖြတ်ပြီး ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ယခုတော့. . .

ပြေးသူနှင့် လိုက်သူ မျက်နှာချင်းဆိုင်မိကြပြီ ဖြစ်သည်။

အငြိုးကြီးကြီး ရွဲကောင်းကောင်းဖြင့် သတ်ဖြတ်ချင်း လိုက်နေသူများကို ရှင်းပြ၍လည်း လက်ခံမည် မဟုတ်ပါချေ။

လေကုန်ရုံသာ ဖြစ်တော့မည်ကို ဝမ်းရှ နားလည်လိုက်လေသည်။

ထို့ကြောင့်. . .

သူက အတွင်းအားများကို စုစည်းလျက် ထွက်ပေါက်တွင် ဝိတ်ရပ်နေသော ဆားလောက်တကို တိုက်ခိုက်လိုက်လေသည်။

"ဝှီး. . . ဝှီး"

"ဟူး"

ဆားလောက်တမှာ ထိုသို့ တိုက်ခိုက်လာမည်ကို မျှော်လင့်ထားပြီးဖြစ်၍ ဘှယ်လင့်တကူ ရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်လိုက်သည်။



"ညီလေး၊ ဒီလူသတ်ကောင်ကို မလွှတ်စေနဲ့"

ဆားလောက်တ၏စကားကြောင့် ဆားလောက်အော့ဘာ ဓားကို ဆွဲထုတ်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေသည်။

သူသည် ဓားကို စကြာလှည့်သလို ဝှေ့ယမ်းလျက် ဝင်ရောက်တိုက်ခိုက်လာသည်။

"ဝှီး. . . ဝှီး"

ဝမ်းရှကလည်း အမြင်းထန်ဆုံးသော တိုက်ကွက်များဖြင့် လက်ဝါးနှစ်ဖက်ကို ဝှေ့ယမ်းကာ တိုက်ခိုက်နေလေသည်။

ဆားညီနောင်၏ သိုင်းပညာမှာ အဆင့်နိမ့်ပါးခြင်း မရှိသဖြင့် မပေါ့ဆဝံ့ပါချေ။

ဆားညီနောင်၏ 'ကြယ်အမြွာ' ဓားသိုင်းမှာလည်း မြိုင်စံရှားလှပေသည်။

အလွန်ကြောက်မက်ဖွယ်ကောင်းသော ဓားပညာပင် ဖြစ်လေသည်။

ဆားလောက်တက ဟန်ပြတိုက်ခိုက်ပြီး ဆားလောက်အော့က အမှန်တကယ် တိုက်ခိုက်လာသည်။

တစ်ဖန်. . .

ဆားလောက်အော့က ဟန်ပြတိုက်ခိုက်ပြီး ဆားလောက်တက အမှန်တကယ် တိုက်ခိုက်လာသည်။

ထို့ကြောင့်. . .

သူတို့၏ကြယ်အမြွာသိုင်းသည် ပရိယာယ် အလွန်များ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရက်စက်သော တိုက်ခိုက်မှုပင် ဖြစ်သည်။

"အင်း"

ဝမ်းရှ သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ၏လက်ထဲတွင် သံမဏိဓားပျော့သာ ရှိနေလျှင် ဆားညီနောင်၏ ကြယ်အမြှာဓားသိုင်းကို မှုစရာ မလိုပါချေ။

လက်ချည်း ယှဉ်ပြိုင်နေရသောကြောင့် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ကွင်းတိုက်ခိုက်နေရသည်။

ဤသည်ပင် တစ်ပန်းရှုံးနေခြင်း ဖြစ်သည်။

ဆားညီနောင်ကို ထိထိမိမိ တိုက်ခိုက်ရန် အခွင့်မသာဘဲ ဖြစ်နေ၏။

ဝမ်းရှက လက်နက်မကိုင်ဘဲ တိုက်ခိုက်နေသည်ကို သတိပြုမိသွားသော ဆားလောက်တာက မေးလိုက်၏။

"ဟေ့ကောင် ဝမ်းရှ၊ မင်းရဲ့သံမဏိဓားပျော့ ဘယ်ရောက်သွားလို့ ငါတို့ကို လက်ချည်းတိုက်ခိုက်နေရတာလဲ၊ မင်းတတို့မြေးလေးကို ရက်ရက်စက်စက် အနိုင်ကျင့်သတ်ဖြတ်ပေမယ့် တို့က မင်းကို တစ်ဖက်သတ် အနိုင်ကျင့်ပြီး မသတ်ချင်ဘူးကွ မင်းယုတ်မာသလို ငါတို့ မယုတ်မာချင်ဘူး၊ မင်းရဲ့လက်နက်ထုတ်ပါ"

ဆားလောက်အော့ မဲ့ပြုံးပြုံးလိုက်သည်။

"ဟာ. . . အစ်ကိုကြီးကလဲ ဒီကောင်လို လူသတ်သမားကို ရှင်းပစ်တာ တရားတာ၊ မတရားတာ မရှိပါဘူးဗျာ ဒီလို ကောင်မျိုးကိုသတ်လို့ ကျုပ်တို့ကို ဘယ်သူက အပြစ်တင်



နေမှာမို့လဲ၊ လက်ချည်းဗလာ တိုက်တော့ ကျုပ်တို့ သူ့ကို ရှင်းဖို့ ပိုလွယ်သွားတာပေါ့"

"ဝိုး. . . ဝိုး"

"ဟူး. . . ဟူး"

သူတို့၏နှုတ်ကသာ စကားများကို ပြောနေကြသော်လည်း သူတို့၏တိုက်ခိုက်မှုကတော့ ရပ်နားခြင်း မရှိပါချေ။

ဆက်လက်တိုက်ခိုက်မြဲ တိုက်ခိုက်နေ၏။

ဆားညီနောင်သည် သူတို့ကို ပြန်လည်တိုက်ခိုက်ရန် ဆိုထားနှင့် ရုပ်ပျက်ဆင်းပျက် ရှောင်တိမ်းနေရသော ဝမ်းရှကို မြင်သည်က အားတက်လာလေသည်။

ထို့ကြောင့် ပို၍ ပြင်းထန်စွာ တိုက်ခိုက်လာ၏။

ဝမ်းရှက ကြယ်ဓားကို ရှောင်တိမ်းပေးလိုက်ပြီး ဆားလောက်အော့အား တိုက်ခိုက်လိုက်သည်။

ထိုစဉ်. . .

သူ၏နောက်ကျောဘက်သို့ ပြေးဝင်လာသော လေအရှိန်ကို သတိပြုမိလိုက်သဖြင့် ကပျာကယာ ခုန်ရှောင်လိုက်ရသည်။

ဝမ်းရှ အရှောင်အတိမ်း မြန်သွား၍ ဆားလောက်တာ၏ ဓားချက်မှ လွတ်မြောက်သွားသည်။

သို့သော် နောက်ဘက်မှ ဆားလောကအော့က လက်ဖြင့် ရိုက်ချလာသောအခါ မရှောင်နိုင်တော့ပါချေ။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

ဝမ်းရှ စူးရှစွာ အော်ဟစ်ရင်း ကြမ်းပြင်ပေါ် သို့ ဝုန်းခနဲ ပစ်ကျသွားသည်။

"ဝေါ့"

ချက်ချင်းပင် သွေးများ အန်ကျကာ ပျော့ခွေသွားသည်။

ဝမ်းရှမှာ ပြင်းထန်သော အတွင်းဒဏ်ရာ ရရှိသွားပြီ ဖြစ်လေသည်။

ဆားလောက်တ သဘောကျသွားသည်။

"ဟဲ. . . ဟဲ၊ မင်း အခု ဘာတတ်နိုင်သေးလဲ၊ ငါတို့ မြေးလေးကို မညှာခဲ့တဲ့ကောင် အခု မင်းအလှည့်ပဲ"

ဆားလောက်အော့က. . .

"အစ်ကိုကြီး ဘာမှ စဉ်းစားမနေနဲ့၊ ဒီကောင် ဒဏ်ရာရ တုန်း တစ်ခါတည်း အပြတ်ရှင်းရအောင်"

ဆားလောတ်တ ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ ငါတို့ မြေးလေးအတွက် သွေးကြွေးပြန် ဆပ်ရမယ်"

ဆားညီနောင်သည် သူတို့၏လက်နက်များကို တိုက် ခိုက်ရန် အသင့်ပြင်လျက် ဝမ်းရှ လဲကျသော နေရာသို့ ခပ်ဖြည်း မှန် လျှောက်လာသည်။

သတိလစ်မေ့မြောနေသော ဝမ်းရှမှာ သူ့ဆီသို့ လျှောက်လာသော ဆားညီနောင်၏ ပြုလုပ်သမျှကို ခံရတော့ မည့် အနေအထား ဖြစ်နေသည်။



ဆားညီနောင်က ဓားဖြင့် ခုတ်ချရန် ဟန်ပြင်လိုက် သည်။

ထိုစဉ်. . .

"ရပ်လိုက်စမ်း"

မမျှော်လင့်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာ သဖြင့် ဆားညီနောင်၏ခြေလှမ်းများ ရပ်သွားသည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

"ထန်. . . ထန်. . . ထန်"

တစ်ဆက်တည်းပင်. . .

လက်နက်ပုန်းများ ပစ်လွှင့်လာသဖြင့် ဆားညီနောင်က ဓားဖြင့် ဝှေ့ယမ်းကာ ကာကွယ်လိုက်ရသည်။

ထိုစဉ်မှာပင်. . .

သတိလစ်မေ့မြောနေသော ဝမ်းရှ အနီးသို့ ဝတ်စုံနက် တစ်ယောက် ရုတ်တရက် ရောက်ရှိလာပြီးနောက် ဝမ်းရှကို ပွေ့ ချီခေါ် ဆောင်သွားလေသည်။

ထိုလူ၏လှုပ်ရှားမှုမှာ အံ့မခန်း မြန်ဆန်လှ၍ ဆား ညီနောင်မှာ အံ့ဩမှင်တက်မိပြီး ကျန်ရစ်ခဲ့လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## ကြေးစား

"ဝေါ . . . ဝေါ"

"ဝှီ . . . ဝှီး"

မိုးမှာ သည်းထန်စွာ ရွာသွန်းနေသည်။

လေက ပြင်းထန်စွာ တိုက်ခတ်နေသည်။

သို့သော် . . .

နံနက်ခင်း၏ အလင်းရောင်က ဖြာကျလျက် ရှိသော ကြောင့် ယန်ဂေဟာ ဧည့်ခန်းဆောင်အတွင်း၌ အမှောင် မရှိ တော့ချေ။

မိန်းမချောလေး ယန်ကျူးမေသည် လက်နှစ်ဖက်ကို နောက်ပစ်လျက် ဧည့်ခန်းဆောင်အတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။



သူမ၏မျက်နှာမှာ မှုန်ကုပ်လျက် ရှိနေသည်။

သူမ၏ဖခင်မှာ ယခုထက်တိုင် သတိမရသေးပေ။

တစ်ခါတစ်ရံ လူးလွန့်ညည်းညူနေသည်မှအပ ထူးခြား မှု မရှိသေးချေ။

နတ်လက်ဆေးဆရာ စုသန်းကြီးကို သွားပင့်သော ဇာ ဂဏီအာမခံဌာနအဖွဲ့သားများကလည်း ပြန်ရောက်မလာသေး ပေ။

ထို့ကြောင့် . . .

ယန်ကျူးမေမှာ စောင့်ဆိုင်းနေရသည်ကို စိတ်မရှည်နိုင် ဖြစ်ကာ မျက်နှာသုန်မှုန်နေခြင်း ဖြစ်ပါသည်။

သူမ၏မကျေနပ်မှုသည် သံမဏိဓားပျော့ပိုင်ရှင် ဝမ်းရှု ထံသို့ ရောက်ရှိသွားလေသည်။

သူမ၏ဖခင်အား ဝမ်းရှုသည် သတ်သည်ဖြစ်စေ၊ သေတ်သည်ဖြစ်စေ ဝမ်းရှုသည် သေရမည်ဟု သူမဆုံးဖြတ်ပြီး ဖြစ်သည်။

ထို့ကြောင့်လည်း . . .

စာကလေး၏နေအိမ်တွင် ဝမ်းရှု ရှိနေသည်ဟူသော သတင်းကို မုကျင်းထံမှ ကြားရသည်နှင့် ဇာမဏီအာမခံဌာန အဖွဲ့သားများကို စေလွှတ်ပြီး သတ်ခိုင်းလိုက်ခြင်းပင် ဖြစ်သည်။

သို့သော် . . .

ထိုလူဆယ်ယောက်မှာ ယခုထိ ပြန်ရောက်မလာကြ သေးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှက သတ်လိုက်ခြင်းကြောင့်ပင် သေဆုံးကြလေပြီလား။

သို့မဟုတ်. . .

ဝမ်းရှ ရှိရာသို့ ဆက်လိုက်သွားခြင်းကြောင့်ပင် ပြန်လည် မရောက်ရှိကြသေး၍လော။

စုံစမ်းရန် စေလွှတ်လိုက်သော ပုဖျောက်လည်း ပြန်ရောက်မလာသေးချေ။

ယခုအချိန်တွင်. . .

ဝမ်းရှအား သူ၏ရှေ့တွင် ရောက်ရှိလာပါက ခေါင်း အပိုင်းပိုင်း ခုတ်သတ်မည်မှာ သေချာသည်။

ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ တံခါးသို့ လျှောက်သွားပြီး ခြံဝသို့ မျှော်ကြည့်လိုက်သည်။

ထိုစဉ်. . .

ခြံဝင်းအတွင်းသို့ အလုံပိတ်မြင်းလှည်းတစ်စီးနှင့် ဝတ်ရုံနီများ ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

သူမ၏မျက်နှာပေါ်မှ တင်းမာမှုများ ပြေလျော့သွားသောသည်။

သို့ရာတွင်. . .

ထိုမြင်းလှည်းမှာ ဆေးဆရာကြီးကို သွားပင့်သော မြင်းလှည်း မဟုတ်ချေ။

စီချွမ်မြို့သို့ အာမခံပစ္စည်းများ သွားပို့ပြီးနောက် ပြန်ရောက်လာသူများ ဖြစ်နေသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး ဧည့်ခန်းဆောင်အတွင်းသို့ ပြန်ဝင်ခဲ့လေသည်။



သူမသည် ဖခင်၏အိပ်ခန်းဆီသို့ ဝင်လာခဲ့လေတော့သည်။

ဒေါ်လေးသည် ဖခင်ကြီး၏အနီးတွင် စောင့်ကြည့်ပေးနေလေသည်။

သူမသည် ဝေဒနာပြင်းစွာ ခံစားနေဟန် ရှိသော ဖခင်ကြီးအား ကြည့်ကာ စိတ်မကောင်း ဖြစ်နေသည်။

သူမသည် ဖခင်ကြီး ခံစားနေရသည်ကို မကြည့်ရက်တော့သဖြင့် အခန်းတွင်းမှ ပြန်ထွက်လာခဲ့၏။

သူမ၏ခြေလှမ်းများသည် လေးလံနေလေ၏။

သူမသည် ဧည့်ခန်းဆောင်ရှိ ခုံတစ်လုံး၌ စိတ်ပျက်စွာဝင်ထိုင်လိုက်သည်။

ထိုစဉ်. . .

ဧည့်ခန်းဆောင်အတွင်းသို့ လူတစ်ယောက် ဝင်လာလေသည်။

ထိုလူသည် ဝမ်းရှကို လုပ်ကြံရန် သွားသော လူများ၏အခြေအနေကို သိနိုင်ရန် သွားရောက်စုံစမ်းသော ပုဖျောက်ပင်ဖြစ်သည်။

ပုဖျောက်၏မျက်နှာမှာ ညှိုးနွမ်းနေသည်။

သူမလွှတ်လိုက်သော လူများ၏အခြေအနေမှာ ဆိုးရွားနေပြီ ဖြစ်ကြောင်း ရိပ်စားမိလေသည်။

ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျူးမေက. . .

"ဘယ်လိုလဲ ဦးလေးပုဖျောက်၊ ကျွန်မလွှတ်လိုက်တဲ့ လူတွေ သေကုန်ပြီ မဟုတ်လား"

ပုဖျောက် ခေါင်းညိတ်ကာ. . .

"ဟုတ်ပါတယ် သခင်မလေး၊ ကျုပ်တို့ လွှတ်လိုက်တဲ့ လူတွေအားလုံး အဆိပ်လက်နက်ပုန်းနဲ့ အသတ်ခံလိုက်ရပါတယ်၊ အိမ်ရှင်စာကလေးလည်း ဒဏ်ရာနဲ့ သေဆုံးနေတာ တွေ့ခဲ့ရပါတယ်၊ ဝမ်းရှုကိုတော့ ရှာမတွေ့ခဲ့ပါဘူး"

ယန်ကျူးမေက မကျေမနပ် ဖြစ်သွားသည်။

"မတွေ့တာဘဲ ကောင်းပါတယ်လေ၊ တွေ့ရင် ဦးလေးလဲ ကျွန်မဆီ ဘယ်ပြန်လာနိုင်တော့မှာလဲ"

ပုဖျောက်က ယန်ကျူးမေအား ရိုရိုသေသေ ဆက်ဆံနေသော်လည်း ကြောက်ရွံ့သူ မဟုတ်ပါချေ။

ထို့ပြင်. . .

ငယ်စဉ်ကတည်းက မိမိ လက်ပေါ်တွင် ကြီးပြင်းလာခဲ့ရသော မိန်းကလေး ဖြစ်သောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် သူက ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ် သခင်မလေး၊ သခင်မလေးရဲ့ တာဝန်ပေးချက်အရသာ ကျုပ်ကရှာတာပါ၊ တွေ့ရင် ကျုပ်လဲ သခင်မလေးဆီကို ပြန်ရောက်လာမှာ မဟုတ်ပါဘူး၊ ဒီလို ဖြစ်တာလဲ မဆန်းပါဘူး၊ ကျုပ်တို့ဟာ အာမခံဌာနက လူတွေပဲ ဖြစ်ပါတယ်၊ ကျုပ်တို့တတ်ထားတဲ့ ပညာကလဲ လူဆိုးဓားပြတွေကို ကာ



ကွယ်နိုင်ရုံလောက်ပဲ တတ်ထားကြတာပါ၊ အခု ကျုပ်တို့ရင်ဆိုင်တွေ့နေရတဲ့လူက ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်ပါတယ်၊ ကျုပ်တို့က သူ့ကို သတ်ဖို့ ကြိုးစားတာဟာ ဖားက မြွေကိုမျိုချဖို့ လုပ်သလို ဖြစ်နေပါတယ်"

ယန်ကျူးမေက. . .

"ဒါဖြင့်ရင် အဲဒီ ထိပ်သီးသိုင်းသမား လုပ်သမျှကို ကျွန်မတို့က ခံရတော့မှာလား"

ပုဖျောက် ခေါင်းခါယမ်းကာ. . .

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ ကျုပ်ပြောလိုတာက ဒီလူကို သတ်ဖို့ နောက်ထပ် လူဘယ်နှစ်ယောက်လွှတ်လွှတ် ကျုပ်တို့လူတွေပဲ သေမှာပဲလို့ ဆိုလိုတာပါ၊ ဒါ ကျုပ်တို့လူတွေ ညံ့လို့ မဟုတ်ဘူး၊ ခိုင်းကတည်းက ကလေးတစ်ယောက်ကို လူကြီးထမ်းမယ့် ဝန်ထုပ်ဝန်ပိုးတွေ ထမ်းခိုင်းသလို ဖြစ်နေတာကြောင့် ပြောတာပါ"

ယန်ကျူးမေ စိတ်မရှည်တော့ချေ။

"ဦးလေးပုဖျောက် ဝေ့ဝိုက်မနေပါနဲ့၊ ဝမ်းရှုကို ဘယ်လိုသတ်ရမယ်ဆိုတာ ရှင်းရှင်းပဲ ပြောပါ"

ပုဖျောက် သက်ပြင်းတစ်ချက်ချကာ. . .

"သခင်မလေး ဝမ်းရှုကို သတ်ချင်ရင် သူ့ကို သတ်နိုင်မယ့် လူတွေကို ရှာပြီး သတ်ခိုင်းရပါလိမ့်မယ်"

ယန်ကျူးမေမှာ သိုင်းလောကနှင့် ပတ်သက်၍ ကိုယ်တွေ့ကြုံဆုံရသော အတွေ့အကြုံမျိုး မရှိသော်လည်း ဖခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ထံမှတစ်ဆင့် ပြန်လည်ကြားသိထားသော အတွေ့အကြုံများအရ ကြေးစားလူသတ်သမားများ ရှိကြောင်း သိထားပြီး ဖြစ်သည်။

ပုဖျောက်၏ ပြောစကားအရ ဝမ်းရှကိုသတ်နိုင်ရန် ဝမ်းရှထက် အဆင့်မြင့်သော သိုင်းသမားကိုရှာပြီး သတ်ရမည် ဖြစ်ကြောင်း နားလည်လိုက်၏။

"ဝမ်းရှကိုသတ်နိုင်မယ့် ကြေးစားလူသတ်သမား ရှိသလား၊ ရှိရင် အဲဒီလူကို ဘယ်လောက်ပေးရပေးရ ပေးလိုက်ပါ၊ ကျွန်မ လိုချင်တာက ဝမ်းရှရဲ့ခေါင်းပဲ"

"ဟင်"

ယန်ကျူးမေ၏စကားကြောင့် ပုဖျောက် တုန်လှုပ်သွားလေသည်။

သခင်မလေးယန်ကျူးမေ၏ မျက်နှာကို ကြောင်နာစွာ ကြည့်လိုက်လေသည်။

"သခင်မလေး ဖခင်အသတ်ခံရတဲ့အတွက် ရန်သူကို သခင်မလေး လက်စားချေချင်တာ တရားပါတယ်၊ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ပါ။ ဒါပေမယ့် ရန်သူအပေါ် မှာထားတဲ့ သခင်မလေးရဲ့ အမုန်းဟာ ကြီးမားလွန်းနေတယ်၊ အဲဒီအမုန်းဟာ သခင်မလေးကို ပြန်ပြီးလောင်မြိုက်သွားမှာ စိုးရပါတယ်၊ လက်လျှော့လိုက်ပါတော့"

ပုဖျောက်က ထိုသို့ဖျောင်းဖျလိုက်သည်။

ယန်ကျူးမေက သဘောကျစွာ ရယ်မောလိုက်လေသည်။



"ဟင်း. . . ဟင်း. . . စိတ်လျှော့ရမယ် ဟုတ်လား၊ ကျွန်မရဲ့ အမုန်းမီးက ကျွန်မကို လောင်မြိုက်လိမ့်မယ် ဟုတ်လား၊ လောင်မြိုက်စမ်းပါစေ၊ အဲဒီလောင်မြိုက်မှုတွေနဲ့ ဝမ်းရှကို သတ်လို့ရမယ်ဆိုရင် ကျွန်မ ကျေနပ်ပါပြီ၊ ဘာမှ ဖျောင်းဖျဖို့ မကြိုးစားပါနဲ့ တော့၊ ကျွန်မပြောတဲ့အတိုင်းသာ လုပ်ဖို့ စီစဉ်ပေးပါ"

ယန်ကျူးမေ၏ ခံစားမှုကိုမြင်ရသောအခါ ပုဖျောက် ဘာမှမပြောနိုင်တော့ချေ။

ထို့ကြောင့်. . .

သူက ယန်ကျူးမေ စိတ်ချမ်းသာအောင် ပြောလိုက်သေသည်။

"ကောင်းပါပြီ သခင်မလေး"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်လာခဲ့လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းမာသူ

ပုဖျောက် ထွက်သွားပြီးနောက် မကြာမီ ဧည့်ခန်းဆောင်အတွင်းသို့ ဝတ်စုံနီတစ်ယောက် သုတ်သီးသုတ်ပြာဖြင့် ဝင်ရောက်လာလေသည်။

ယန်ကျူးမေ မျက်မှောင်ကြုတ်သွားလေသည်။

"သခင်မလေး ဆေးဆရာသွားပင့်တဲ့အဖွဲ့ ရောက်လာပါပြီ"

ယန်ကျူးမေ၏မျက်နှာ ပြုံးယောင်သမ်းသွားသည်။

ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"ဟုတ်လား၊ ဆေးဆရာကြီးပါလာပြီလား၊ ဘယ်မှာလဲ သွား မြန်မြန်ခေါ်ခဲ့ကြစမ်း"

ထိုအခါ. . .



ဝတ်စုံနီက စိတ်မသက်သာစွာဖြင့် ပြောလာသည်။-

"သခင်မလေးခင်ဗျာ၊ ဆေးဆရာကြီးကို ကျုပ်တို့ပင့်လို့ မရခဲ့ပါဘူး"

"ဘာ"

ယန်ကျူးမေ ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဝတ်စုံနီ ထိတ်လန့်သွားသည်။

"ကျွန်တော်တို့ အမျိုးမျိုးကြိုးစားပြီး ပင့်ခဲ့ပါတယ်၊ ဒါပေမယ့် ဘယ်လိုမှပင့်လို့ မရခဲ့ပါဘူး သခင်မလေး၊ ဆေးဆရာကြီးက ခါးခါးသီးသီး ငြင်းလွှတ်လိုက်ပါတယ်"

ဝတ်စုံနီမှာ ဆေးဆရာသွားပင့်သော အဖွဲ့ကို ဦးဆောင်သွားသော စန်းထင်းဖြစ်၏။

ဆက်ဆံရေးကောင်းသူပီပီ ဖြစ်စေချင်သည်ကို တစ်ဘက်သား နားဝင်လက်ခံလာအောင် ဆွဲဆောင်ပြောဆိုတတ်သူဖြစ်သည်။

"ကျုပ်က ဆေးဆရာကြီးကို ပင့်တော့ ဘယ်ကလဲတဲ့၊ ချန်အန်းမြို့ကပါဆိုတော့ နည်းနည်းတော့ဝေးတယ်၊ ဒါပေမယ့် ဝေးတာနီးတာက အကြောင်းမဟုတ်ပါဘူး၊ လူနာက အရေးကြီးတယ်လို့ပြောပါတယ်၊ ပြီးတော့ ရောဂါနဲ့ဒဏ်ရာ အနေအထားကိုမေးတယ်၊ ဒဏ်ရာက ဘယ်လောက်နက်သလဲ၊ ဘာလက်နက်နဲ့ ထိခိုက်တာလဲ၊ သွေးကြော ဘယ်နှစ်ချောင်းကို ထိခိုက်သွားသလဲ၊ တခြားဆေးဆရာတွေကို ပြထားသေးလား၊ ဘာဆေးတွေ တိုက်ထားသေးလဲနဲ့ စုံနေအောင် မေးပါတယ်၊ သူမေးသမျှ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဖြေပြီးရော မင်းတို့ပြန်တော့၊ ကျုပ်လိုက်မကူ[illegible] နိုင်ဘူးလို့ ခါးခါးသီးသီး ငြင်းဆန်လိုက်ပါတယ်"

ယန်ကျူးမေ ခေါင်းခါယမ်းလိုက်သည်။

"ဘာဖြစ်လို့တဲ့လဲ၊ ဆေးဆရာကြီး တောင်းသလော[illegible] ငွေကို မပေးနိုင်လို့လား"

စန်းထင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"မဟုတ်ပါဘူး၊ ဆေးရာက ငွေမမက်ပါဘူး။ သူ[illegible] ငွေတစ်ပြားမှမရလည်း ကုမှာပဲ၊ အဲ သူမကုချင်ရင် ရွှေ[illegible] တစ်စီးတိုက်ပေးရင်လည်း မကုဘူးတဲ့၊ အိမ်ချင်းကပ်နေ[illegible] တောင် လိုက်မကုဘူးတဲ့၊ ဘာကြောင့် လိုက်မကုတာလည်း[illegible] တော့ သေမယ့်လူကို လိုက်ကုပေးနေရင် ကျုပ်နာမည်ပျက်[illegible] မှာပေါ့လို့ ပြောတယ်"

ယန်ကျူးမေ ဒေါသထွက်သွားလေသည်။

"လိုက်လာပြီး ကုလို့မရတော့လည်း တစ်မျိုး[illegible] လိုက်လာပြီးမကုဘဲနဲ့ သေမယ်လို့ ဘာကြောင့်ပြောရတာ[illegible] ခရီးဝေးက အားကိုးတကြီး လာပြီးပင့်တာကိုမှ အားမနာဘဲ [illegible] လွှတ်လိုက်တာတော့ ရိုင်းလွန်းပါတယ်"

စန်းထင်းက ခေါင်းညိတ်ကာ. . .

"ကျုပ်လည်း ပြောပါတယ်၊ ကုလို့မရတာက လူနာ[illegible] ပဲဖြစ်တယ်၊ ဆေးဆရာကြီးလိုက်ကုရင် တော့နပ်ပါတယ်[illegible] တောင်းပန်တော့ ကျုပ်ကတန်ခိုးရှင် မဟုတ်ဘူးတဲ့၊ သေ[illegible] သေရမယ့်လူနာအတွက် ခြေသောင်းမခံနိုင်ဘူးတဲ့ ခါးခါးသီး[illegible]



[illegible]ကို ငြင်းလွှတ်လိုက်တယ်၊ နောက်ထပ် အမျိုးမျိုး လှည့်ပြောပေ[illegible]ယ့် လုံးဝလက်မခံတော့ပါဘူး"

ယန်ကျူးမေက ထိုင်ခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချကာ [illegible]ျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

အတန်ကြာသော်. . .

"ဦးလေး စန်းထင်း"

ယန်ကျူးမေ၏စကားသံ ထွက်ပေါ်လာသည်။

စန်းထင်း ဦးညွှတ်ကာ. . .

"အမိန့်ရှိပါ သခင်မလေး"

"ဆေးဆရာကြီးကို ပြန်သွားပင့်ပါ၊ ဘယ်လိုနည်းနဲ့ဖြစ် ဖြစ် ယန်ဂေဟာကို ဆေးဆရာကြီးရောက်လာတာကိုပဲ လိုချင် တယ်၊ သူလိုက်သည်ဖြစ်စေ မလိုက်သည်ဖြစ်စေ ရောက်အောင် ခေါ်လာခဲ့ရမယ်"

ယန်ကျူးမေက ဖြတ်သားစွာ ပြောလိုက်လေသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## ကယ်တင်ရှင်

ဝမ်းရှကို ချီပိုးပြီး ထွက်ပြေးသွားသော ဝတ်စုံနက်သည် မြို့အတွင်း ပြန်လည်ရောက်ရှိလာလေသည်။

ဝတ်စုံနက်သည် မြို့လယ်လမ်းမပေါ်ရှိ ရွှေငါးတည်းခိုခန်းဆီသို့ ဦးတည်လျှောက်သွား၏။

ဆိုင်တွင်းသို့ ပြောင်ပြောင်တင်းတင်းဝင်၍ မဖြစ်သောကြောင့် အမှောင်ရိပ်ကိုခိုလျက် တည်းခိုခန်းအနီးသို့ ချဉ်းကပ်သွားလေသည်။

ထို့နောက်. . .

ဝမ်းရှကို ချီပိုးလျက်နှင့်ပင် အပေါ်သို့ လွှားခနဲခုန်တက်လိုက်လေသည်။

ထိုအခါ. . .



လေသာဆောင်တစ်ခုပေါ်သို့ ရောက်ရှိသွားလေသည်။

ထိုလေသာဆောင်မှာ ဝတ်စုံနက် ငှားရမ်းထားသောအခန်း၏ လေသာဆောင်ဖြစ်လေသည်။

အခန်းတွင်းသို့ ရောက်သည်နှင့် ဝတ်စုံနက်သည် ဝမ်းရှကိုအိပ်ရာပေါ်သို့ အသာအယာ ချထားလိုက်ပြီး သက်သာလာစေရန် ပြုစုကုသပေးလေသည်။

ဝမ်းရှ၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာမှာ ချက်ချင်းပင် သွေးရောင်လွှမ်းလာပြီး သတိရလာသည်။

"အင်း. . . အင်း"

ဝတ်စုံနက်သည် ညည်းညူလျက် သတိရလာသော ဝမ်းရှ၏ပါးစပ်ထဲသို့ အနီရောင်ဆေးလုံးနှစ်လုံး ထည့်ပေးလိုက်လေသည်။

တစ်ဆက်တည်းပင်. . .

ဝမ်းရှ၏ နောက်ကျောအား လက်ဝါးဖြင့်ဖိကပ်ပေးလိုက်လေသည်။

ဤသည်မှာ. . .

ဝတ်စုံနက်က သူ၏အတွင်းအားများကို ဝမ်းရှထံပို့လွှတ်ပေးရင်း ဝမ်းရှ၏အတွင်းဒဏ်ရာကို ချေဖျက်ကုသပေးခြင်းဖြစ်လေသည်။

ဝမ်းရှမှာ ခန္ဓာကိုယ်တစ်ခုလုံး လောင်ကျွမ်းခံရသကဲ့သို့ ပူလောင်လာပြီး နောက်ကျောလက်ပြင်တစ်နေရာတွင် လွန်စွာနာကျင်ကိုက်ခဲသကဲ့သို့ ခံစားလိုက်ရပြီးနောက် တဖြည်းဖြည်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အပူရှိန်များ လျော့ပါးလာသည်ကို သိလိုက်ရသည်။

ခန္ဓာကိုယ်မှာလည်း ပေါ့ပါးလန်းဆန်းလာလေတော့သည်။

သို့သော်. . .

သူသည် ငြိမ်သက်မြဲငြိမ်သက်၍နေပြီး ဝတ်စုံနက်၏ ကုသမှုကို ခံယူနေလိုက်သည်။

ထိုအချိန်တွင် ဝတ်စုံနက်မှာရှိသမျှ အတွင်းအားများကို ဝမ်းရှထံသို့ ပို့လွှတ်လိုက်ရသောကြောင့် အင်အား အတော်ပင် ဆုတ်ယုတ်လာ၏။

ဤသည်ကို ဝမ်းရှလည်း ရိပ်မိလိုက်သည်။

ထို့ကြောင့်. . .

သူက ဝတ်စုံနက်အား သတိပေးလိုက်လေသည်။

"ကျုပ် သက်သာလာပါပြီဗျာ"

ထိုအခါ. . .

ဝတ်စုံနက်သည် ပို့လွှတ်သောအတွင်းအားများကို ရုပ်သိမ်းလိုက်ပြီး ဝမ်းရှ၏နောက်ကျောတွင် ဖိကပ်ထားသော လက်ဝါးနှစ်ဘက်ကို အသာခွာလိုက်၏။

ထို့နောက် ခေါင်းစွပ်နက်ကို အသာအယာ ဆွဲချွတ်လိုက်၏။

"ဟင်"

ဝမ်းရှက ရုတ်ခြည်းပင် နောက်လှည့်ကြည့်ရာ မည်သို့မျှမျှော်လင့်မထားသော မျက်နှာကို မြင်လိုက်ရသဖြင့် အံ့ဩသွားလေတော့သည်။



သူ့ကို ကယ်တင်လာသူမှာ ယောကျ်ားတစ်ယောက်ဖြစ်လိမ့်မည်ဟု ထင်မှတ်ထားခဲ့သည်။

တကယ်တမ်း သူတွေ့လိုက်ရသည်က အင်မတန် ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ထိုမိန်းကလေးမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ဇာမဏီအဖွဲ့သားများနှင့်သူ တိုက်ခိုက်စဉ်က အဆိပ်လက်နက်ပုန်းများဖြင့် ပစ်ခဲ့သူမှာ အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။

ထို့ကြောင့်. . .

ထိုမိန်းကလေးသည် အဆိပ်လက်နက်ပုန်းနှင့်ပစ်သူပင် ဖြစ်ရမည်။

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ဇာမဏီအဖွဲ့သားတွေကို သတ်ပစ်ရတာလဲ"

ဝတ်စုံနက်မိန်းကလေးက နားမလည်စွာဖြင့် ကြည့်လိုက်ပြီး. . .

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ ဒီမြို့ကိုရောက်လာကတည်းက ဘယ်သူနဲ့မှ မတိုက်ခိုက်ဖူးဘူး၊ ဘယ်သူ့ကိုမှလည်း မသတ်ဖူးသေးဘူး"

ဝမ်းရှက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းဟာ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ပါ၊ မင်းအ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ဘယ်လိုအပြစ်မှ မမြင်တော့ပါဘူး။ ဖြစ်လာမယ့်ကိစ္စ တွေကိုလည်း ကျုပ်ပဲ ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ။ စာ ကလေးရဲ့ ခြံထဲမှာ ဇာမဏီအဖွဲ့သားတွေနဲ့ တိုက်ခိုက်နေတုန်း ဘာကြောင့် အဆိပ်လက်နက်ပုန်းနဲ့ ပစ်သွားတာလဲဆိုတာ သိ ချင်လို့ ရိုးရိုးမေးတာပါပဲ"

မိန်းကလေးက. . .

"ဩော်. . . စာကလေးရဲ့ခြံထဲမှာ သေနေတဲ့ ဝတ်စုံနီ တွေက ဇာမဏီအဖွဲ့သားတွေလား"

ဝမ်းရှက ခေါင်းညိတ်ကာ. . .

"ဟုတ်တယ်"

ဝတ်စုံနက် မိန်းကလေးက လှပစွာ ပြုံးလိုက်လေသည်။

"သူ့ကို လက်နက်ပုန်းနဲ့ပစ်တာ ကျွန်မ မဟုတ်ပါဘူး ကျွန်မရောက်လာတော့ ခြံထဲက ရင်ပြေးထွက်လာတာ တွေ့ရ တယ်၊ ကျွန်မလည်း ခြံထဲမှာ ဝတ်စုံနီတွေ သေဆုံးနေတာကို လည်း တွေ့ရတယ်၊ ဒါကြောင့် ရှင့်နောက်ကို ကျွန်မလိုက်ခဲ့တာ ပဲ"

ဝမ်းရှ ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင် နောက်ထပ် ဝတ်စုံနက်တစ်ယောက်ပဲ ဖြစ် လိမ့်မယ်၊ ဇာမဏီအဖွဲ့သားတွေကို မသတ်ချင်လို့ ညှာညှာ တာတာ တိုက်နေတုန်း သူက အဆိပ်လက်နက်ပုန်းနဲ့ ပစ်သွား တာပဲ၊ ချန်အန်းမြို့ကို ကျုပ်ရောက်တာ နှစ်ညပဲရှိသေးတယ်၊ ဝတ်စုံနက် သုံးယောက်ကို တွေ့နေရပြီ၊ တစ်ယောက်ကမင်း



နောက်တစ်ယောက်က ကျုပ်ရန်သူတွေကို ပစ်သွားတဲ့သူ၊ ရောက်ရောက်ချင်း ညကလည်း ဝတ်စုံနက်တစ်ယောက် သတိ ပေးစကား လာပြောသွားသေးတယ်"

မိန်းကလေးက ပြုံးလိုက်သည်။

"ဝတ်စုံနက် သုံးယောက် မဟုတ်ပါဘူးရှင်၊ နှစ်ယောက် တည်းပါ၊ ရောက်ရောက်ချင်းညက ရှင့်ကို သတိပေးတာ ကျွန်မ ပါပဲ"

"ဩော်"

အံ့ဩစွာ ရေရွတ်ရင်း ဝမ်းရှ ငြိမ်သက်နေလိုက်သည်။

သူ၏အတွေးထဲတွင် မရှင်းသော အချက်များဖြင့် ရှုပ် ထွေးသွားလေသည်။

"မိန်းကလေးဟာ ငါ ဘယ်သူလဲဆိုတာ သိနေတယ်၊ ငါ့မှာ အန္တရာယ် ဖြစ်နေတာကိုသိပြီး သတိပေးနေတယ်၊ စာ ကလေးတို့ ခြံထဲ ဇာမဏီအဖွဲ့သားတွေနဲ့ တိုက်တုန်းကလဲ သူ ရောက်လာတယ်၊ ဆားညီနောင် လက်ချက်နဲ့ သေဆုံးသွားရမည့် ဆဲဆဲမှာလဲ ကယ်ခဲ့ရတယ်၊ သူဟာ ငါ့ရဲ့အရိပ်လို ဖြစ်နေတယ်၊ ဘာကြောင့် ငါ့နောက်ကို တကောက်ကောက် လိုက်နေတာလဲ၊ ဘာကြောင့် ငါ့ကို ကယ်တင်ရတာလဲ"

ထိုသို့ တွေးတောနေစဉ်. . .

မိန်းကလေးသည် လေသာဆောင်သို့ ထွက်သွားလေ သည်။

ပြန်ဝင်လာသောအခါ အနက်ရောင်ကိုယ်ကျပ်အကျီနှင့်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ပါ။

အနီရောင်ဝတ်စုံပါးပါးဖြင့် လှချင်တိုင်း လှနေသော သည်။

မိန်းကလေးအား မြင်ရလျှင် ဝမ်းရှ မျက်မှောင်ကြုတ် သွားလေသည်။

မိန်းကလေး၏ပခုံးအား ဆုပ်ကိုင်လိုက်ပြီး ဝမ်းသာအား ရ မေးလိုက်သည်။

"ညီမ၊ မင်းဟာ ယဉ်ယဉ် မဟုတ်လား"

မိန်းကလေးယဉ်ယဉ်သည် ခေါင်းညိတ်လိုက်သည်။

ထို့နောက် ရှက်ရွံ့သွားဟန်ဖြင့် မျက်လွှာချလိုက်လေ သည်။

☆ ☆ ☆



## ထိပ်တိုက်

စောင့်ဆိုင်းနေသူများအတွက် အချိန်သည် ကုန်ခဲလှပေ သည်။

ပျော်ရွှင်နေသူတို့အတွက် အချိန်သည် ကုန်လွယ်လှပေ သည်။

ဤသို့ဖြင့်. . .

နေဝင်ဆည်းဆာ အချိန်သို့ ရောက်ရှိလာခဲ့လေသည်။

တစ်ညနှင့် တစ်နေ့တာ အိပ်ပျက်စားပျက် ဖြစ်ခဲ့သော ယန်ကျူးမေမှာ စိတ်နွမ်းကိုယ်ပန်းနေ၏။

ဆေးဆရာကြီးအား သွားခေါ်သူများ ပြန်လာမည့် အချိန်ကိုမျှော်ရင်း စီစဉ်ဆောင်ရွက်ဖွယ်ရာများကို စီစဉ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူမ၏ရှေ့တွင် ရပ်လျက်နေသော လူနှစ်ယောက်ကို အကဲခတ်နေ၏။

ထိုလူနှစ်ယောက်မှာ ထိပ်တန်းကြေးစားများ ဖြစ်သော ခေါ်ကွေးယီကျန်းနှင့် သံလက်ဝါးလောက်ဝိုးတို့ ဖြစ်သည်။

သူတို့သည် သူတို့တောင်းသောကြေးကို ပေးလျှင် မည်မျှ သိုင်းပညာထက်မြက်သူကို ဖြစ်စေ သတ်ပေးသည်။

"ကောင်းပြီလေ၊ ရှင်တို့ကို ကျွန်မ ငှားလိုက်ပြီ၊ ရှင်တို့ ဦးလေးပုဖျောက်ဆီမှာ ငွေထုတ်ယူပါ"

ဟု ပြောလေသည်။

ခေါ်ကွေးယီကျန်းက. . .

"ကျုပ်တို့ သတ်ရမှာ ဘယ်သူလဲ"

ယန်ကျူးမေက ပြတ်သားစွာဖြင့်. . .

"ဝမ်းရှ"

☆ ☆ ☆

ခေါ်ကွေးယီကျန်းတို့သည် ယန်ဂေဟာမှ ထွက်လာပြီး ရွှေငါးတည်းခိုခန်းသို့ ရောက်လာလေသည်။

ရွှေငါးတည်းခိုခန်းသည် ချန်အန်းမြို့တွင် နာမည်အကြီးဆုံး စားသောက်ဆိုင် ဖြစ်လေသည်။

ခေါ်ကွေးယီကျန်းတို့သည် ရွှေငါးတည်းခိုခန်းတွင် တည်းခိုကာ ဝမ်းရှ၏သတင်းကို စုံစမ်းရန် စီစဉ်ထားလေသည်။



သူတို့၏ကြေးစားလုပ်ငန်းသည် ငွေအရ လုပ်သည်နှင့်အမျှ အန္တရာယ်လည်း အလွန်များပြားသည်။

သူတို့သည် သတ်ရမည့်လူကို သတ်ပေးရမည်။

မသတ်နိုင်လျှင် သူတို့ သေရမည် ဖြစ်သည်။

အသက်ကို လောင်းကြေးထပ်ထားသူများ ဖြစ်၏။

မသေခင်၌ သူတို့သည် အကောင်းဆုံး အရသာ အရှိဆုံးကိုစား၍ အေးဆေးစွာ နေကြမည်။

သူတို့လို သေမင်းနှုတ်ခမ်းမှာ လမ်းလျှောက်နေသူများအတွက် သံယောဇဉ်နှယ်ယှက်စရာ မရှိပါချေ။

သူတို့သည် မသေခင်၌ လုပ်ချင်ရာ လုပ်သွားကြမည်။

သေလျှင် ဘာမှလုပ်၍ မရတော့ဟု ခံယူထားကြလေတော့သည်။

သူတို့ ရွှေငါးတည်းခိုခန်းသို့ ရောက်သောအခါ နေဝင်သွားပြီ ဖြစ်လေသည်။

စားသောက်ခန်းမများတွင် လူစည်ကားသော အချိန်ဖြစ်လေသည်။

စကားပြောသံများ၊ ရယ်မောသံများဖြင့် တစ်ခန်းလုံးဆူညံလောည်နေ၏။

စားသောက်နေကြသူများသည် စားသောက်ရင်း တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ပြောဆိုနေကြခြင်း ဖြစ်သည်။

စားပွဲထိုးကလေးများမှာ စားသောက်သူများ အငိုကျ

www.burmeseclassic.com



ဆောင်ရွက်ပေးနေရသဖြင့် လက်မလည်နိုင်အောင် ဖြစ်နေကြသည်။

စားသောက်ဝိုင်းများကြားမှာ ဝေ့ဝဲ၍ လှုပ်ရှားသွားလာနေကြသည်။

ဓားကွေးယီကျန်းနှင့် သံလက်ဝါးလောက်ဝိုးတို့သည် အခန်းတစ်ခုလုံး၏ လှုပ်ရှားမှုကို မြင်နိုင်ရန် ချောင်ကျကျ စားပွဲတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက်. . .

အကောင်းဆုံးအရက်နှင့် ဈေးအကြီးဆုံးသော အစားအစာများကို မှာယူစားသောက်လိုက်ကြလေသည်။

တစ်ယောက်ကိုတစ်ယောက် စကားမပြောကြချေ။

သူတို့ အတွေးတွင် ဝမ်းရှသာ ရှိနေ၏။

ဝမ်းရှသည် သိုင်းပညာတွင် အထွတ်အထိပ်သို့ ရောက်ရှိနေပြီ ဖြစ်သော မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ဓားသိုင်းသမားတစ်ယောက် ဖြစ်သည်။

သူ၏လက်စွဲတော် သံမဏိဓားပျော့ကလည်း ဓားကောင်းတစ်လက် ဖြစ်သည်။

ဓားကွေးသည် ဓားညံ့တစ်လက် မဟုတ်သော်လည်း သံမဏိဓားပျော့ကို မမီပါချေ။

ထို့ပြင်. . .

ဝမ်းရှ၏သိုင်းပညာကလည်း ကြောက်မက်ဖွယ်ရာ ကောင်းလှသဖြင့် ဝမ်းရှအား သတ်ရန်မှာ မလွယ်ကူလှကြောင်း



ဓားကွေးယီကျန်းတို့ သိနေသည်။

ဤသို့ဆိုလျှင်. . .

သံလက်ဝါးလောက်ဝိုးကရော ဝမ်းရှအား သတ်နိုင်ပါမည်လော။

သံလက်ဝါးလောက်ဝိုးကလည်း ဝမ်းရှအား ယှဉ်ပြိုင်နိုင်သည် မဟုတ်ပါချေ။

အကြောင်းမှာ. . .

သူတို့နှစ်ယောက် ပေါင်း၍ တိုက်ခိုက်မည်ဆိုလျှင်ပင် ဝမ်းရှအား သတ်နိုင်ရန် မလွယ်ကူပါချေ။

ဝမ်းရှသာ သူတို့နှစ်ယောက်အား သတ်သွားနိုင်လေသည်။

သို့သော်. . .

သူတို့သည် ဝမ်းရှအား သတ်ပေးရန် သဘောတူလိုက်ကြလေသည်။

ဤသို့ သဘောတူရခြင်းမှာ ကြေးစားလူသတ်သမားဖြစ်ပြီး ဟိုလူကို သတ်ပေးမည်၊ သည်လူကို မသတ်ဝံ့ဟု ရွေးချယ်နေလျှင် သိက္ခာကျသည်ဟု ထင်သောကြောင့်ကတစ်ကြောင်း ပေးသော ငွေကြေးမှာလည်း လွန်စွာ များပြားနေသောကြောင့် တစ်ကြောင်း ဝမ်းရှအား သတ်ပစ်ရန် သဘောတူခဲ့ခြင်း ဖြစ်လေသည်။

အလုပ်အား လက်ခံပြီးလျှင် ကျေပွန်အောင် ထမ်းဆောင်ပေးရမည်မှာ သူတို့၏တာဝန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ။

အန္တရာယ်များ အခက်အခဲများကို သူတို့က ကျော်လွှားရမည်သာ ဖြစ်လေသည်။

မားကွေးယီကျန်းနှင့် သံလက်ဝါးလောက်ဝိုးတို့ အဖွေးကိုယ်စီဖြင့် ငြိမ်သက်နေကြစဉ် စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဇာမဏီအာမခံဌာနပိုင်ရှင် သေသွားတာ မင်းကြားပြီးပြီလား"

ဟု မေးလေသည်။

မားကွေးယီကျန်းနှင့် သံလက်ဝါးလောက်ဝိုးတို့ မျက်မှောင်ကြုတ်သွားသည်။

သူတို့သည် စဉ်းစားနေသော အတွေးများ ပြတ်တောက်သွားလေသည်။

စင်စစ်. . .

ကြားလိုက်ရသော စကားများမှာ သူတို့အတွက် မဆန်းပါချေ။

ယန်ကျူးမေက သူမ၏ဖခင်မှာ သံမဏီမားပျောဖြင့် အသတ်ခံရကြောင်း၊ အသက် မသေသေးသော်လည်း အခြေအနေမှာ အလွန်ဆိုးရွားကြောင်း ပြောလေသည်။

ထို့ကြောင့်. . .

သံမဏီမားပျောပိုင်ရှင် ဝမ်းရှသည် အဓိကတရားခံ ဖြစ်ကြောင်း၊ ဖခင်အတွက် ကိုယ်တိုင် လက်စားချေလိုသော်လည်း



အခြေအနေ မပေးသဖြင့် လက်လျှော့ထားရကြောင်း၊ သူမကိုယ်စား လက်စားချေပေးရန် ငှားရမ်းထားခြင်း ဖြစ်ကြောင်း ရှင်းပြခဲ့ပြီး ဖြစ်သည်။

တစ်ဖက်ဝိုင်းမှ လူသည် တိုက်ပွဲအား ဟိတ်နှင့်ဟန်နှင့် ပြောနေ၏။

ဝမ်းရှနှင့် ပတ်သက်သော သတင်းအစအန မပါသဖြင့် ယီကျန်းတို့က ဆက်ပြီး နားမထောင်ချေ။

အရက်သာ သောက်နေလေသည်။

ထိုစဉ် စားပွဲထိုးလေးသည် အဘိုးအိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ကို ခေါ်ကာ သူတို့ စားပွဲသို့ ရောက်ရှိလာသည်။

စားပွဲထိုးလေးက အနီးသို့ ရောက်လာသောအခါ ချိုသာသော အသံဖြင့်. . .

"ဆရာလေး ဒီအဘိုးအိုတို့ သားအဖကို ဒီမှာ ထိုင်ခွင့်ပြုပါဗျာ၊ တခြားဝိုင်းတွေမှာ လူပြည့်နေလို့ပါ"

ယီကျန်းက စားသောက်ခန်းအား တစ်ချက်ဝေ့ကြည့်လိုက်မိလေသည်။

ထိုအခါ ဆိုင်လုလင်လေး ပြောသည့်အတိုင်းပင် အခြားဝိုင်းတွင် လူများ ပြည့်နေသည်ကို မြင်တွေ့လိုက်ရသည်။

ထို့ကြောင့် ထိုင်ခွင့်ပြုလိုက်သည်။

ထို့နောက် စားသောက်ဖွယ်ရာများကို ဆက်၍ စားသောက်နေလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသော မိန်းကလေးမှာ ချောမောလှပသော်လည်း သူတို့စိတ်မဝင်စားပါချေ။

သူတို့လို ကြေးစားများအတွက် သံယောဇဉ် အနှောင်အဖွဲ့ ရှိခြင်းသည် အားနည်းချက်တစ်ခုပင် ဖြစ်သည်။

စိတ်ဆန္ဒ ရှိသည့်အခါမျိုးတွင် အပျော်ဂေဟာများသို့ သွားလိုက်သည်မှအပ အခြားအချိန်များတွင် မည်သည့် မိန်းကလေးမျှ စိတ်မဝင်စားခဲ့ချေ။

သို့သော်. . . .

မိန်းကလေးက သူတို့အား စိတ်ဝင်စားစွာ ကြည့်နေ၏။

မှာထားသော အစားအသောက်များ ရောက်ရှိလာသည့်တိုင်အောင် မစားသေးဘဲ သူတို့အား ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

ယီကျန်း မော့ကြည့်လိုက်သောအခါ မျက်လုံးချင်း အဆုံမခံဘဲ တစ်ဖက်သို့ လွှဲသွားသည်။

ထို့နောက်. . .

သူမသည် အဘိုးအိုဘက်သို့ လှည့်၍ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အဘ မနေ့ညက ဇာမဏီအာမခံဌာနပိုင်ရှင် ယန်ယီထင်း အသတ်ခံလိုက်ရတာ သိတယ် မဟုတ်လား"

"သိတယ်"

အဘိုးအိုက ခေါက်ဆွဲပြုတ်စားရင်း ခေါင်းညိတ်ပြလိုက်သည်။



မိန်းကလေးက ဆက်ပြောလာသည်။

"ယန်ယီထင်းဟာ မသေသေးပေမယ့် ဒဏ်ရာအတော်ပြင်းတယ်၊ သေမှာပဲတဲ့၊ ဇာမဏီအဖွဲ့သား ဆယ်ယောက်ကျော်ဆတော့ ပွဲချင်းပြီးပဲတဲ့"

"ဪ"

မိန်းကလေးက. . .

"နောက်တစ်ခါ စာကလေးရဲ့ ခြံဝင်းထဲမှာလဲ စာကလေးရဲ့ အလောင်းနဲ့ ဇာမဏီအဖွဲ့သား ဆယ်ယောက်ရဲ့ အလောင်းတွေ တွေ့ရပြန်သတဲ့"

အဘိုးအို အံ့ဩသွားသည်။

"ဟုတ်လား၊ ဒီလောက်များတဲ့ လူတွေကို ဘယ်သူတွေများ သတ်သွားတာလဲ"

မိန်းကလေး နှုတ်ခမ်းစူလိုက်သည်။

"ဘယ်သူ ရှိရမှာလဲ အဘရယ်၊ ဝမ်းရှုဆိုတဲ့လူကြီးပေါ့၊ ယန်ယီထင်း ဘေးမှာ သံမဏိဓားပျော့ ကျန်ခဲ့တယ်တဲ့၊ ဒါကြောင့် လူသတ်သမားဟာ ဝမ်းရှုပဲ ဖြစ်မှာပဲလို့ လူတွေက ပြောနေကြတယ်"

"ဪ"

အဘိုးအိုမှာ အလွန်ပင် ဆာလောင်မွတ်သိပ်ဟန် ရှိ၏။

ခေါက်ဆွဲပြုတ်ကို အစားမပျက်ဘဲ သမီးဖြစ်သူ စကားကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

မိန်းကလေးက ဆက်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလဲ ဒီမြို့မှာ ကြေးစားသိုင်းသမားတွေ ရောက်နေ ပြန်ပြီလေ"

မသိမသာ နားစွင့်နေကြသော ယီကျန်းနှင့် လောက်ဝှီး တို့ ခေါင်းထောင်လာကြ၏။

မိန်းကလေးအား မျက်လုံးအပြူးသားဖြင့် ကြည့်လိုက်မိ ကြသည်။

မိန်းကလေးက ဤအဖြစ်အပျက်ကို မမြင်သည့်အလား ဆက်ပြောနေ၏။

"နောက်ထပ် လူသတ်ပွဲတွေတော့ မြင်ရဦးမယ် ထင် တယ်နော် အဘ"

အဘိုးအိုက. . .

"နေစမ်းပါဦး သမီးရဲ့ ကြေးစားလူသတ်သမားတွေက ဘာဖြစ်လို့ ရောက်လာကြတာလဲ"

ဟု မေးလိုက်သည်။

မိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

"အဘကလဲ ကြေးစားသိုင်းသမားတွေပါဆိုမှ ငွေပေးတဲ့ လူရှိလို့ ရောက်လာကြတာပေါ့။ သူတို့ ရောက်လာရင် တစ် ယောက်ယောက် သေဦးမှာ သေချာတယ်"

အဘိုးအို မျက်လုံးပြူးသွားသည်။

"သမီးရယ်၊ လူသတ်တဲ့ အကြောင်းတွေ သိပ်မပြောပါနဲ့ အဘ ရင်တုန်လွန်းလို့ပါ။ ကဲ. . . စားစား၊ စောစောက ပြော တော့ သမီးဆာနေပြီဆို"



မိန်းကလေးက နားမထောင်ပါ။

သူမ ဆက်ပြောလိုသည်ကိုသာ ပြောနေသည်။

"စားမှာပေါ့ အဘရဲ့၊ ဒါပေမယ့် သမီးကြားထားတာတွေ ပြောပါရစေဦး၊ အဲဒီ ကြေးစားတွေကို ယန်ကျူးမေက ငှားလိုက် တာတဲ့၊ သူ့အဖေကို ဒုက္ခပေးတဲ့လူကို လက်တုန့်ပြန်ဖို့ အတွက် ဆိုပဲ"

အဘိုးအို ဘာမျှ ပြန်မပြောတော့ချေ။

အသီးအရွက်ကြော်ကို စားလိုက်၊ ခေါက်ဆွဲပြုတ် စား လိုက် လုပ်နေ၏။

မိန်းကလေးက ရပ်တန့်ခြင်းမရှိဘဲ ဆက်ပြောလာ၏။

"သူတို့ ငှားလိုက်တာ ဝမ်းရှုကို သတ်ဖို့တဲ့၊ သူတို့က ဝမ်းရှုကို သတ်နိုင်မှာတဲ့လား အဘရယ်၊ ဘယ်သတ်နိုင်ပါ့မလဲ၊ ဝမ်းရှုဆိုတဲ့လူဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းသိုင်းသမား တစ်ယောက်ပဲ၊ ဘာမဟုတ်တဲ့ ကြေးစားတွေကို သိုင်းတစ်ကွက် တည်းနဲ့ ဆုံးမနိုင်. . ."

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

မိန်းကလေး၏ စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား သသည်။

သည်းမခံနိုင်အောင် ဒေါသထွက်သွားသော ယီကျန်းက မိန်းကလေး၏စကား မဆုံးမီ စားပွဲကို လက်ဝါးဖြင့် ရိုက်လိုက် ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲပြုတ်စားနေသော အဘိုးအိုက ထိတ်လန့်သော မျက်နှာထားဖြင့် လှမ်းကြည့်လိုက်သည်။

"ဟွန့်"

မိန်းကလေး မကျေမနပ် ဖြစ်သွားသည်။

ယီကျွန်းက မိန်းကလေးအား ကြည့်ကာ ဒေါသတကြီး ဖြင့် ပြောလာသည်။

"ဒီမှာ မိန်းကလေး စကားဆက်မများဘဲ စားစရာရှိတာ အေးအေးဆေးဆေး စားလိုက်ပါ။ ငါနားငြီးလာပြီ၊ ဆက်ပြောနေဦးမယ်ဆိုရင်တော့ မင်းကို ဒီဆိုင်ထဲက ဆွဲထုတ်ရလိမ့်မယ်"

မိန်းကလေးက ပြန်လည် ရန်တွေ့လိုက်သည်။

"ရှင်ဆွဲထုတ်တာ ခံရမှာလား၊ ဒီလောက် တစ်ဆိုင်လုံး ဆူညံနေတဲ့ ကြားထဲမှာ လာစားသောက်ပြီး ကျွန်မစကားပြောနေတာကိုမှ နားငြီးတယ်ဆိုတော့ ရှင်သက်သက် လူပါးဝတာပဲ"

"ဘာပြောတယ်ကွ"

ယီကျွန်း ဒေါသတကြီး ထရပ်လိုက်သည်။

မိန်းကလေးကလည်း ထရပ်လိုက်သည်။

အခြေအနေမှာ တင်းမာနေပြီ ဖြစ်သည်။

လောက်ဂိုးမှာ ဘာမှ ဝင်မပြောဘဲ ငြိမ်သက်စွာ ထိုင်နေလေသည်။

ထိုစဉ် အဘိုးအိုက တုန်တုန်ယင်ယင်ဖြင့် ထလာသည်။

ထို့နောက်. . .

ယီကျွန်းဘက် လှည့်ကာ တောင်းပန်လာသည်။



"ကျုပ်တောင်းပန်ပါတယ် မောင်ရင်လေးရယ်၊ ကျွန်ုပ် သမီးကို ဆုံးမပါ့မယ်၊ နောက်ထပ် စကားမများစေရပါဘူး ကျေနပ်ပါတော့"

အဘိုးအိုက ယီကျွန်းကို တောင်းပန်စကားဆိုလိုက်ပြီး သမီးဖြစ်သူဘက် လှည့်လိုက်သည်။

"သမီး စောစောက နင်ပြောတော့ ဗိုက်ဆာနေပြီဆို စားလေ၊ အဘတို့ သွားစရာ ရှိသေးတယ် မဟုတ်လား"

မိန်းကလေး နှုတ်ခမ်းစူလိုက်သည်။

"အဘ"

ဟု ခေါ်လိုက်သည်။

စောဒကတက်ရန် ပြင်သည်။

အဘိုးအို လက်ကာပြလိုက်သည်။

"တော်ပြီ သမီး၊ ဘာမှ ထပ်မပြောနဲ့တော့ အဘ စကားကို နားထောင်ပါ သမီးရယ်၊ သမီးက လိမ္မာပါတယ်ကွယ်"

မိန်းကလေး ဘာမျှ မပြောတော့ပါ။

အဘိုးအိုအား ကြည့်ပြီး မကျေမနပ်ဖြင့် ထိုင်ချလိုက်လေသည်။

ထို့နောက် အစားအသောက်များကိုလည်း စိတ်မပါသလို ပုံစံမျိုးဖြင့် စားသောက်လိုက်လေသည်။

ထိုစဉ် အဘိုးအိုက ယီကျွန်းအား ဦးညွှတ်ကာ. . .

"ကျုပ်တောင်းပန်ပါတယ်၊ မောင်ရင်လေးလဲ ကျေနပ်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်၏။

"ရပါတယ်ဗျာ"

ယီကျန်းမှာ ရိုင်းပျသူတစ်ယောက် မဟုတ်ချေ။

အဘိုးအိုက တောင်းပန်သောအခါ ချက်ချင်းပင် လည်ခံပြီး ပြန်ထိုင်လိုက်လေသည်။

အဘိုးအိုလည်း ပြန်ထိုင်လိုက်၏။

ထို့နောက်. . .

စားလက်စ ခေါက်ဆွဲပြုတ်ကို စားလိုက်လေသည်။

တစ်ချိန်လုံး စကားဝင်မပြောဘဲ ငြိမ်သက်စွာ ထိုင်နေသူကား လောက်ဝိုးပင် ဖြစ်သည်။

သူတို့သည် အဘိုးအိုတို့သားအဖကို စူးစူးစိုက်စိုက် ကြည့်နေလေသည်။ ရန်လိုသော အကြည့်ကား မဟုတ်ချေ။

တစ်ခုခုကို ဝေခွဲမရဟန်ဖြင့် စူးစမ်းနေသော အကြည့်ပင် ဖြစ်သည်။

မကြာခင်. . .

အဘိုးအိုတို့ သားအဖ နှစ်ယောက် စားသောက်၍ ပြီးသွားလေသည်။

ဆိုင်လုလင်အား ခေါ်ကာ စားသောက်ခကျသင့်ငွေကို ပေးချေလိုက်သည်။

ထို့နောက် ဆိုင်ထဲမှ ထွက်သွားကြလေတော့သည်။

☆ ☆ ☆



အဘိုးအိုတို့ သားအဖ ထွက်ခွာသွားပြီ ဖြစ်သည်။

လောက်ဝိုးက မျက်တောင်မခတ် ကြည့်နေဆဲပင် ဖြစ်သည်။

ယီကျန်း မျက်မှောင်ကုပ်သွားသည်။

ပြီးမှ. . .

ရယ်ကျဲကျဲဖြင့် ပြောလိုက်လေသည်။

"ဟေ့လူ ငေးလှချည်လားဗျ။ ဘာလဲ မိန်းကလေးကို ငေးနေပြီလား"

လောက်ဝိုး ခေါင်းယမ်းလိုက်သည်။

"မဟုတ်ဘူးဗျ။ မသင်္ကာလို့ ကြည့်နေတာ"

သူ၏စကားကြောင့် ယီကျန်း အံ့သြသွားမိသည်။

လောက်ဝိုးအား ကြည့်ကာ. . .

"မသင်္ကာလို့ ဟုတ်လား"

"ဟုတ်တယ်"

"ဘာကို မသင်္ကာတာလဲ"

လောက်ဝိုးက တည်ငြိမ်စွာဖြင့်. . .

"မျက်နှာကို"

ဟု ဖြေလိုက်သည်။

"မျက်နှာ"

ယီကျန်း အံ့သြဟန်ဖြင့် ရေရွတ်လိုက်လေသည်။

ပြီးမှ. . .

လောက်ဝိုးအား မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်သူ့မျက်နှာကို မသင်္ကာတာလဲ၊ မိန်းကလေး မျက်နှာကိုလား"

ဟု မေးလိုက်သည်။

လောက်ဝိုး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးဗျ"

"ဒါဖြင့် အဘိုးကြီးလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ မသင်္ကာတာလဲ"

လောက်ဝိုး၏မျက်နှာ တည်ကြည်လေးနက်သွားသေးသည်။

"အဘိုးကြီးဟာ ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းကောင်း သူ့မျက်နှာကို သတိထားကြည့်မယ်ဆိုရင် အဘိုးကြီး မဟုတ်ကြောင်း သိသာလာတယ်၊ ပြီးတော့ သူ့မျက်နှာဟာ အဘိုးကြီးပုံစံ ပြောင်းထားပေမယ့် တျူပ်အတွေ့အကြုံအရ ရုပ်ဖျက်ထားမှန်း သိခဲ့တယ်"

ယီကျန်း ခေါင်းညိတ်လိုက်သည်။

"အေးဗျာ၊ ဟိုမိန်းကလေးနဲ့ စကားများနေရတာနဲ့ ကျွန်တော် သတိမထားမိလိုက်ဘူး"

လောက်ဝိုးက. . .

"ရုပ်ဖျက်ထားတယ်ဆိုတာ ပင်ကိုယ်ရုပ်ကို မသိစေချင်လို့ဘဲဗျ။ ဒီနေ့မှာ ပင်ကိုယ်ရုပ်ကို ဖုံးကွယ်ဖို့ အဖြစ်နိုင်ဆုံးသူဟာ ဘယ်သူ ဖြစ်နိုင်မလဲ"



ယီကျန်း မျက်မှောင်ကုပ်လိုက်သည်။

"ခင်ဗျားက ဘယ်သူလို့ ထင်သလဲ"

လောက်ဝိုး ပြုံးလိုက်သည်။

"ဘယ်သူ ရှိရမှာလဲ ဝမ်းရှပေါ့"

"ဗျာ"

သူ၏စကားကြောင့် ယီကျန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံခြင်း

လောက်ဝိုး၏ထင်မြင်ချက် မမှားပါချေ။

စားသောက်ဆိုင်အတွင်းမှ ထွက်လာကြသော သားအဖ နှစ်ယောက်အနက် အဘိုးအိုအဖြစ် ဟန်ဆောင်ထားသူမှာ ဝမ်းရှပင် ဖြစ်လေသည်။

မိန်းကလေးမှာလည်း ယဉ်ယဉ်ပင် ဖြစ်သည်။

တည်းခိုခန်းသို့ ပြန်ရောက်လာသောအခါ ယဉ်ယဉ်သည် ဝမ်းရှ၏ အခန်းတွင်းသို့ လိုက်ဝင်သွားလေသည်။

"အစ်ကို၊ ကျွန်မတို့နဲ့ တစ်ဝိုင်းတည်းထိုင်တဲ့ လူတွေဟာ အစ်ကို့ကို လုပ်ကြံဖို့ ငှားရမ်းထားတဲ့ လူတွေပဲ၊ တစ်ယောက်က မားကွေးယီကျန်း၊ နောက်တစ်ယောက်က သံလက်ဝါး လောက်ဝိုးတဲ့၊ သူတို့ကို ယန်ကျူးမေက ငှားခဲ့တာပဲ၊ သူ့အဒေါ် ဘေးနားမှာ သံမဏိဓားပျောက်ကို တွေ့တာနဲ့ အမုန်းကြီးမုန်းပြီး



အစ်ကို့ကို လုပ်ကြံဖို့ ကြိုးစားနေပြီ၊ ဘယ်လိုလုပ်မလဲ၊ ကျွန်မကတော့ သူတို့ထင်တာတွေ မှားနေကြောင်း ရှင်းပြသင့်တယ်လို့ ထင်တာပဲ"

ယဉ်ယဉ်က ဆိုလာ၏။

ဝမ်းရှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ရှင်းပြသင့်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဘယ်လိုလုပ်ပြီး ရှင်းပြမလဲ၊ ဘယ်မှာလဲ၊ အစ်ကို့ဘက်က သက်သေ၊ ဓားရောင်းတုန်းကလဲ ဘယ်သူဝယ်ခဲ့လဲဆိုတာ မသိခဲ့ရဘူး၊ ရောင်းတုန်းကရှိခဲ့တဲ့ သက်သေခံ စာကလေးဟာလဲ သေသွားပြီ၊ အစ်ကိုပြောတာတွေကို သူတို့ ဘယ်လိုလုပ် ယုံတော့မှာလဲ"

ထိုအခါ...

ယဉ်ယဉ်က တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ပြောလိုက်လေသည်။

"ဟုတ်ပြီ၊ ကျွန်မသိပြီ၊ စာကလေးဟာ အစ်ကို့ရဲ့ တစ်ဦးတည်းသော သက်သေပဲ၊ အဲဒီ သက်သေကို သတ်လိုက်တာဟာ ယန်ယိထင်းကို အစ်ကို သတ်တယ်လို့ အထင်မှားအောင် တမင်သုပ်လိုက်တာပဲ၊ အဲဒီလူဟာ အစ်ကို့ရဲ့ ရန်သူတစ်ယောက်လဲ ဖြစ်နိုင်တယ်၊ သူဟာ ဘာကြောင့် ယန်ယိထင်းကို သတ်သွားရသလဲဆိုတာတော့ မစဉ်းစားတတ်အောင်ပဲ"

ဝမ်းရှ ရင်မောသွားသည်။

"သူသတ်တာတွေကို လူမသိအောင် ဖုံးကွယ်ဖို့ အစ်ကို့

www.burmeseclassic.com

www.burmeseclassic.com



တို အငှားတရားခံ ရှာတပေါ့ ညီမရယ်၊ သေသွားတဲ့ ကိစ္စတွေက တော့ အစ်ကို့ဆီက ဆေးဝယ်တဲ့လူ၊ ဒါမှမဟုတ်ရင် ဆေးဝယ်တဲ့လူ နဲ့ တစ်နည်းနည်း ပတ်သက်နေလိမ့်မယ်"

ယဉ်ယဉ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒီ လူသတ်သမား ဒါမှမဟုတ် လူသတ်သမားနဲ့ ပတ်သက်နေတဲ့လူဟာ အစ်ကိုနဲ့ ဇာမဏီအဖွဲ့တို့ ဘယ်လိုမှ မကျေအေးနိုင်အောင် ရန်တိုက်ပေးနေတာပဲ ဖြစ်မယ်"

သူမက သက်ပြင်းတစ်ချက်ချကာ ဆက်ပြောလာ၏။

"အစ်ကိုနဲ့ ဇာမဏီအဖွဲ့သားတွေ စာကလေးရဲ့ မြှုံဝင်းထဲမှာ တိုက်ခိုက်ကြတုန်း ဇာမဏီအဖွဲ့သားတွေကို ဝင်သတ်သွားတာလဲ အဲဒီ လူသတ်သမားပဲ ဖြစ်မယ်"

စိတ်ရှုပ်ထွေးဟန်ဖြင့် ဝမ်းရှ တွေဝေငေးငိုင်သွားမိလေသည်။

သူ့အား ကြည့်ရင်း ယဉ်ယဉ် စိတ်မကောင်း ဖြစ်သွားရလေသည်။

ချက်ချင်းပင် ဖေးမ အားပေးစကားဆိုလိုက်သည်။

"အထင်လွဲမှားမှုတွေကို ရှင်းမပြဘဲ ရှောင်ပြေးသွားရင် အထင်အမြင် လွဲမှားမှုကို အတည်ပြုပေးသလို ဖြစ်သွားမှာပဲ ဆားထင်းကို သတ်မိတဲ့ ကိစ္စပဲကြည့်၊ အစ်ကိုက လူသတ်သမားမှ မဟုတ်တာဘဲ၊ ဆားထင်းကို ဘာကြောင့် သတ်ရမှာလဲ၊ ဒါပေမယ့် သတ်မိသွားတယ်၊ ဒါဆိုရင် မသတ်မဖြစ်လို့ သတ်လိုက်ရတာပဲ ဖြစ်မယ်၊ သတ်လိုက်ရတဲ့ အကြောင်းတစ်ခု ရှိရမယ်"



ဝမ်းရှ ခေါင်းညိတ်လိုက်သည်။

အတန်ကြာမှ. . .

သူက စကားစလိုက်သည်။

"ဟုတ်တယ်၊ ဆားထင်းကို သတ်ဖို့ ရည်ရွယ်ချက် မရှိဘူး၊ သူစိတ်ချမ်းသာအောင် ယှဉ်ပြိုင်ပေးတာပဲ ဖြစ်တယ်၊ သိုင်းဆယ်ကွက်အတွင်း အနိုင်ယူလို့ ရတဲ့ လူငယ်လေးကို အနိုင်မယူဘဲ ကာကွယ်ရုံကစားပြီး အချိန်ဆွဲထားတာ ဖြစ်တယ်"

ယဉ်ယဉ်က. . .

"ဒါဖြင့် ဘာကြောင့် ခြေလွန်လက်လွန် ဖြစ်သွားရတာလဲ"

ဟု မေးလိုက်သည်။

ဝမ်းရှ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

သူက စိတ်မကောင်းသော လေသံဖြင့် ပြောလာသည်။

"အဲဒီအချိန်မှာ ဆားထင်း လက်ထဲက မြွေနီလေးတစ်ကောင် ထွက်လာပြီး အစ်ကို့ကို ကိုက်ဖို့ လုပ်တယ်၊ အသက်သေးနဲ့ နီးနေတာကြောင့် သေမင်းမုန်တိုင်းသိုင်းကွက်ကို ရုတ်တရက် အသုံးပြုလိုက်ရတယ်၊ နှင်းတောင်ဒေသက မြွေနီလေးတွေက ဘယ်လောက်အဆိပ်ပြင်းတယ်ဆိုတာ သိတဲ့အတိုင်းပဲ ဖြေဆေးမရှိဘူး၊ ဒါကြောင့် ဒီသိုင်းကွက်ကို သုံးလိုက်ရတာပဲ၊ ဒီသိုင်းကွက်ကိုမှ မသုံးမိရင် တစ်ခြားသိုင်းကွက်က အသက်ကို တယ်နိုင်မှာ မဟုတ်ဘူး"

ဟု ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ် ခေါင်းညိတ်လိုက်သည်။

"အဲဒီကိစ္စကို အစ်ကိုကြီး မသတ်ကြောင်း ရှင်းပြနိုင်အောင် လုပ်သင့်တယ်၊ အဖြေရှာပြီး ရှင်းပြသင့်တယ်၊ မဟုတ်ရင်တော့ အစ်ကိုရှောင်ထွက်သွားတဲ့ နောက်ကို အဲဒီပြဿနာက ဆက်လိုက်နေဦးမှာပဲ"

ဝမ်းရှက. . .

"ညီမ အစ်ကို ဘယ်လိုလုပ်ရမှာလဲ၊ အစ်ကို့မှာ သက်သေပြစရာမှမရှိတာ၊ အစ်ကိုပြောသမျှကို လုပ်ကြံတာပဲလို့ ထင်ကြမှာပေါ့"

ဟု ပြောလိုက်သည်။

ယဉ်ယဉ် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့ကို ရှင်းမပြသေးဘဲ သူတို့ယုံမှာ မဟုတ်ဘူးလို့ ပြောလို့ ဘယ်ရမလဲ၊ ယုံချင်လဲ ယုံမှာပေါ့၊ မယုံသေးဘူးဆိုရင်လဲ ယုံအောင် ကြိုးစားပြီး ရှင်းပြရမှာပေါ့၊ မပူပါနဲ့ အစ်ကိုရယ်၊ ညီမလဲ တတ်နိုင်သလောက် ကူညီမှာပါ"

ဝမ်းရှ ပြုံးလိုက်သည်။

"တကယ်ပြောတာလား ညီမ"

ယဉ်ယဉ် ခေါင်းညိတ်လိုက်သည်။

"တကယ်ပါ အစ်ကိုရယ်"

ဝမ်းရှက. . .

"ညီမသာ အစ်ကို့ဘေးမှာ အမြဲတမ်း ရှိနေပြီး အတူ



အညီတွေ ပေးမယ်ဆိုရင် ဘယ်လောက်ကြီးမားတဲ့ အခက်အခဲကိုပဲ ဖြစ်ဖြစ် အစ်ကို ရင်ဆိုင်ဖြေရှင်းဝံ့ပါတယ်"

ဟု ပြောလိုက်သည်။

ယဉ်ယဉ် ခေါင်းငုံ့ထားလိုက်သည်။ ထိုစဉ်. . .

"ဝှစ်"

"ဝှစ်"

လေတိုးသံနှင့်အတူ လက်နက်ပုန်းများ ပစ်လွှင့်လာ၏။

"အစ်ကို ဝပ်နေ"

ယဉ်ယဉ်က ဝမ်းရှကို အော်ဟစ်သတိပေးရင်း လွှားခနဲခုန်အုပ်လိုက်လေသည်။

ဝမ်းရှမှာ သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သူဖြစ်၍ ယဉ်ယဉ် ခုန်အုပ်လိုက်ချိန်တွင် လက်နက်ပုန်း လေတိုးသံများကို ကြားနေရပြီ ဖြစ်သည်။

ထို့ကြောင့်. . .

ယဉ်ယဉ် ခုန်ဝင်လာသည်ကို အလိုက်သင့်ဖက်ပြီး ကိုယ်ကို လှဲချပေးလိုက်သည်။

ထိုအခါ လက်နက်ပုန်းများသည် သူတို့၏ကိုယ်ခန္ဓာပေါ်မှ ပွတ်ကာသီကာ ဖြတ်ကျော်သွားသည်။

"ဒုတ်. . . ဒုတ်"

"ဒုတ်"

အခန်းအတွင်း နေရာအနှံ့အပြားသို့ လက်နက်ပုန်းများ စိုက်ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှက အခန်းအား ဝေ့ကြည့်လိုက်သည်။

လက်နက်ပုန်းများသည် ပြတင်းပေါက်မှ ဝင်လာခြင်း ဖြစ်ပေသည်။

သူတို့သည် ဖက်တွယ်ထားရင်း တစ်ယောက် မျက်နှာ တစ်ယောက် မကြည့်ဝံ့ဘဲ ဖြစ်နေကြသည်။

ထို့အတူ လှုပ်လည်း မလှုပ်ရှားရဲသေးချေ။

နောက်ထပ် ပေါ်လာမည့် ရန်သူ၏တိုက်ခိုက်မှုကို စောင့်ကြည့်နေရလေသည်။

အတန်ကြာသည်အထိ ရန်သူက ထပ်မံတိုက်ခိုက်ခြင်း မရှိတော့ပါချေ။

ဝမ်းရှက ယဉ်ယဉ်အား ဖက်တွယ်ထားသော လက် အား လက်လွှတ်လိုက်ပြီး ပြတင်းပေါက် အနီးသို့ ချဉ်းကပ်သွား သည်။

ထို့နောက်. . .

နံရံကို အကာအကွယ်ပြုလျက် ပြတင်းပေါက်မှ အပြင် ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

လရောင်ဖြင့် ပြတင်းပေါက်တည့်တည့် မလှမ်းမကမ်း နေရာတွင် ရှိနေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့မြင်လိုက်ရ သည်။

အခက်အလက်တို့ဖြင့် ဝေဆာအုပ်ဆိုင်းလျက် ရှိသော သစ်ပင်ကြီးကို ကြည့်ရင်း ဝမ်းရှ အသာပြုံးလိုက်မိလေသည်။

ရန်သူသည် ထိုသစ်ပင်ကြီးတွင် ခိုအောင်းပြီး သူတို့အား



လှုပ်ကြဲခြင်းပင် ဖြစ်သည်။

ဆက်လက်တိုက်ခိုက်ခြင်း မရှိသော်လည်း ထိုသစ်ရွက် သစ်ကိုင်းများကြားတွင် ရန်သူ မရှိတော့ဟု ပြော၍ မရပါချေ။

ဝမ်းရှ မဲ့ပြုံးပြုံးလိုက်သည်။

ခန္ဓာကိုယ်ကို ပြတင်းပေါက်ဘက်သို့ အနည်းငယ် ရွှေ့ လိုက်သည်။

ထိုစဉ်. . .

သစ်ပင်ရှိ အကိုင်းအခက် အနည်းငယ် လှုပ်ရှားသွား၏။

ထို့အတူ. . .

"ဝှစ်. . . ဝှစ်"

"ဝှစ်"

လက်နက်ပုန်းများလည်း ပြေးဝင်လာလေသည်။

ဝမ်းရှမှာ ထိုအသံကို ကြားဟန် မရှိချေ။

ရှောင်တိမ်းခြင်းလည်း မရှိချေ။

လက်နက်ပုန်းများက သူ့ဆီသို့ အရှိန်ဖြင့် ပြေးဝင်လာ သည့်တိုင်အောင် ငြိမ်သက်နေဆဲပင်။

ထို့ကြောင့် လက်နက်ပုန်းများက သူ၏ခန္ဓာကိုယ်အနှံ့ စိုက်ဝင်သွားလေသည်။

"အား"

ဝမ်းရှမှာ စူးရှစွာ အော်ဟစ်ရင်း လဲကျသွားလေသည်။

ယဉ်ယဉ် ရင်ထိတ်သွားသည်။

"အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီးခေါ်ရင်း လဲကျသွားသော ဝမ်းရှဲ ရှိရာသို့ ပြေးသွားလိုက်သည်။

ဝမ်းရှဲ ထိမှန်သွားကြောင်း သိလိုက်သော ရန်သူသည် သစ်ပင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာသည်။

"ဟိတ်"

"ဟူး"

ထိုသူ နီးကပ်လာစဉ်. . .

"ဝှစ်. . . ဝှစ်"

ရုတ်တရက်. . .

ဝမ်းရှဲက လဲကျရာမှ ရုတ်ခြည်းခုန်ထကာ သစ်ပင်ပေါ်မှ ခုန်ဆင်းလာသူထံ လက်နက်ပုန်းနှစ်ခုကို ပစ်လွှင့်လိုက်လေ၏။

ထိုလက်နက်ပုန်းများမှာ ရန်သူ၏လက်နက်ပုန်းများသာ ဖြစ်လေသည်။

ဝမ်းရှဲသည် အနီးသို့ လက်နက်ပုန်းများ ရောက်လာတော့မှ ဖျတ်ခနဲ ဖမ်းယူထားလိုက်ပြီးမှ ဒဏ်ရာရသွားသည့်ဟန် ခန္ဓာကိုယ် လှဲချလိုက်ခြင်းပင် ဖြစ်ပေသည်။

ထိုအဖြစ်ကို မမြင်ရသော ယဉ်ယဉ်က လက်နက်ပုန်း ထိသွားပြီထင်၍ စိုးရိမ်တကြီး ခေါ်လိုက်ခြင်း ဖြစ်၏။

ထိုအခါ သစ်ပင်ပေါ်မှ ခုန်ဆင်းပြေးလွှားလာသော ရန်သူသည် ဝမ်းရှဲ၏လှည့်စားမှုကို ခံလိုက်ရတော့သည်။

သူသည် ဝမ်းရှဲ ပြန်ထလာမည်ဟု မျှော်လင့်မထားပါချေ။ ယခုလို ဝမ်းရှဲက ရုတ်ခြည်း ခုန်ထလာသည်ကို မြင်တွေ့



လိုက်ရသောအခါ. . .

"ဟင်"

ပါးစပ်အဟောင်းသားဖြင့် အံ့ဩမှင်သက်သွားရသည်။

ထိုစဉ်. . .

သူ့ထံသို့ ပြေးဝင်လာသော လက်နက်ပုန်းနှစ်ခုကို မြင်လိုက်ရသဖြင့် လျှင်မြန်စွာ ကျွမ်းပစ်ရှောင်တိမ်းပေးလိုက်ရသည်။

သို့တိုင်. . .

"အင့်"

မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာသည်။

ဒဏ်ရာရသွားသည့်ပမာ ဟန်ဆောင်အော်ဟစ်လိုက်ခြင်း မဟုတ်ပါချေ။

လက်နက်ပုန်း နှစ်ခုအနက် တစ်ခုကို ရှောင်တိမ်းသွားနိုင်ခဲ့၏။

သို့သော် ကျန်တစ်ခုမှာ သူ၏လက်မောင်းတွင် စိုက်ဝင်သွားသောကြောင့် အော်ဟစ်လိုက်ခြင်း ဖြစ်သည်။

"ဟူး"

လေတိုးသံ ထွက်ပေါ်လာ၏။

ထိုလူမှာ ဆက်လက် မနေဝံ့တော့သဖြင့် သစ်ပင်နောက်ကွယ်မှ အနောက်ဘက် အဆောင်သို့ ပြေးထွက်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## သေမင်းလက်ဝါး

ဝမ်းရှသည် ထွက်ပြေးသွားသော ရန်သူကို ငေး၍ ကြည့်နေသည်။

ယဉ်ယဉ်သည် ဝမ်းရှနှင့်ဒေါးချင်းယှဉ်ရပ်ကာ. . .

"အစ်ကို. . . ရန်သူက ဘယ်သူလဲ"

ဟု မေးလာသည်။

ဝမ်းရှက တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။

"သံလက်ဝါးလောက်ဝိုး"

"ဪ"

လောက်ဝိုးမှန်းသိသောအခါတွင်တော့ ယဉ်ယဉ် မအံ့ဩတော့ပါချေ။

ကြေးစားသိုင်းသမားအဖို့ လုပ်ကြံရမည့်သူကို လာရောက်လုပ်ကြံခြင်းမှာ ဆန်းပြားသောကိစ္စတော့ မဟုတ်ပါချေ။



ဝမ်းရှက ဆက်ပြောလိုက်သည်။

"ရန်သူတွေက သူတို့လုပ်ရမယ့်အလုပ်ကို လုပ်နေကြတာပဲ၊ အစ်ကိုတို့လည်း ကိုယ်လုပ်ရမယ့်အလုပ်ကို စလုပ်သင့်ပြီ"

ယဉ်ယဉ် မျက်မှောင်ကုပ်လိုက်သည်။

"အစ်ကို ဘာလုပ်မှာလဲ"

ဝမ်းရှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အစ်ကို့မှာ အကြံတစ်ခုရှိတယ်"

ယဉ်ယဉ်က. . .

"ဘာများလဲ"

ဝမ်းရှက. . .

"ရန်သူဟာ ယန်ကျူးမေ မဟုတ်ဘူး။ အစ်ကို့ကို တရားခံလို့ထင်ယောင်ထင်မှားဖြစ်အောင် လုပ်သွားတဲ့လူပဲ၊ အဲဒီလူ ဘယ်သူလဲဆိုတာ စုံစမ်းရမယ်"

ဟု ပြောလာသည်။

ယဉ်ယဉ် စိတ်ဝင်စားလာပြီး. . .

"ဘယ်မှာ စုံစမ်းမှာလဲ"

ဟု မေးလိုက်သည်။

ဝမ်းရှက. . .

"အစ်ကို ဒီမြို့ကိုရောက်ရောက်ချင်း အရင်ဆုံး စတွေ့တာ စာကလေးပဲ၊ အခု သူမရှိတော့ဘူး၊ ဒုတိယတွေ့တဲ့လူက မှူကျင်းပဲ၊ ဒီတိုစွန်နဲ့ ပတ်သက်ပြီး မှူကျင်း တစ်ခုခုတော့ သိထား

www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ထင်တယ်၊ မုကျင်းဆီ သွားစုံစမ်းရမယ်"

ယဉ်ယဉ် မျက်မှောင်ကုပ်လိုက်သည်။

"ဘယ်တော့ သွားမှာလဲ"

ဟုလည်း မေးလိုက်သည်။

ဝမ်းရှ တွေဝေသွားသည်။

အတန်ကြာမှ. . .

ပြတ်သားသောလေသံဖြင့် ပြောလာလေသည်။

"အခုပဲသွားတာ ကောင်းမယ်၊ ရန်သူ မမျှော်လင့်တဲ့အချိန်မှာ လှုပ်ရှားတာ အကောင်းဆုံးပဲ၊ ညီမကော လိုက်မယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ယဉ်ယဉ် ခေါင်းခါယမ်းလိုက်သည်။

"မလိုက်တော့ဘူး၊ ဘာပဲလုပ်လုပ် နှစ်ယောက်တွဲပြီး လုပ်နေမယ်ဆိုရင် အချိန်ကြာတယ်၊ အလုပ်နှောင့်နှေးတယ်၊ မုကျင်းဆီ အစ်ကိုတစ်ယောက်တည်းသွားတော့၊ ညီမ တခြားနေရာကိုသွားစုံစမ်းမယ်"

သူမ၏စကားကြောင့် ဝမ်းရှ အံ့သြသွားသည်။

"ညီမ ဘယ်ကိုသွားမှာလဲ"

ယဉ်ယဉ် ပြုံးလိုက်သည်။

"ယန်ဂေဟာ"

စကားဆုံးလျှင် ယဉ်ယဉ်သည် အခန်းတွင်းမှ ထွက်ခွာသွားလေသည်။



ဝမ်းရှ သက်ပြင်းတစ်ချက် ချလိုက်သည်။

သူလည်း အချိန်မဆွဲတော့ချေ။

အခန်းတံခါးပိတ်ကာ ထွက်ခွာလာခဲ့လေတော့သည်။

☆ ☆ ☆

ည. . .။

ညသည် မှောင်မည်းနေ၏။

အကြောင်းမှာ. . .

တိမ်မည်းများက လအားဖုံးအုပ်သွားသောကြောင့်ဖြစ်သည်။

သံလက်ဝါးလောက်ဝိုးသည် အမှောင်ထုတို့ အကာအကွယ်ယူကာ အနောက်ဘက်အဆောင်သို့ ပြေးလာခဲ့သည်။

ထိုစဉ်. . .

တစ်နေရာသို့အရောက်တွင် ဝတ်စုံနက် ဝတ်ဆင်ထားသူ တစ်ယောက်က လမ်းပိတ်ရပ်ထားလေသည်။

လောက်ဝိုး မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူ၏အတွေ့အကြုံအရ ဤသို့တားဆီးခြင်းမှာ ကောင်းသောလက္ခဏာမဟုတ်ပေ။

သို့ရာတွင်. . .

လက်မောင်း၌ ဒဏ်ရာရရှိထားသဖြင့် တိုက်ခိုက်ခြင်းကို မလိုလားချေ။

www.burmeseclassic.com



ထို့ကြောင့်. . .

သူက လေသံအေးအေးဖြင့်. . .

"မိတ်ဆွေ ဘာကိစ္စများရှိလို့ပါလဲ"

ဟု ကောင်းမွန်စွာ မေးလိုက်သည်။

တားဆီးသူ ဝတ်စုံနက်က အေးတိအေးစက်လေသံဖြင့်. . .

"ခင်ဗျားကို ရှင်းပစ်မလို့"

"ဘာ"

ထိုစကားကြားလျှင် လောက်ဝိုးတစ်ယောက် ဒေါသထွက်သွားလေသည်။

ဝတ်စုံနက် သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . မအော်ဩပါနဲ့ဗျာ၊ ကျုပ်တခင်ဗျားကို တကယ်သတ်မှာပါ"

မထီမဲ့မြင်နိုင်လှသော ဝတ်စုံနက်၏စကားကြောင့် လောက်ဝိုး ဒေါသခြောင်းခြောင်းထွက်သွားလေသည်။

"မင်းလုပ်သမျှ ကျုပ်က ငြိမ်ခံနေရမှာလား။ ကျုပ်မှာလည်း လက်နှစ်ဘက်ရှိတယ်ဗျ"

ဝတ်စုံနက် လျှောင်ပြုံးပြုံးလိုက်သည်။

"ကျုပ်အတွက်တော့ သံလက်ဝါးဆိုတာ မှုစရာမဟုတ်ပါဘူးဗျာ၊ ကျုပ်က သေဆိုသေ ရှင်ဆိုရှင်ရမယ့်လူပါ"

ထိုစကားကြောင့် လောက်ဝိုး မခံမရပ်နိုင်အောင် ဖြစ်သွားလေသည်။



"မင်းသေမလား ငါသေမလားဆိုတာ ကြည့်ရသေးတာပေါ့ ကဲ သတိထားပေတော့"

စကားဆုံးလျှင် လောက်ဝိုးက ဝတ်စုံနက်ကို တိုက်ခိုက်ရန် လက်ဝါးနှစ်ဘက်သို့ အတွင်းအားများ ပို့လွှတ်လိုက်လေသည်။

သိုင်းကွက်ခင်းထားသော လက်များမှ တဖြည်းဖြည်း အခိုးအငွေ့များထွက်လာ၏။

သံလက်ဝါးဆိုသည်မှာ အကြောင်းမဲ့ ခေါ်နေကြခြင်း မဟုတ်ပေ။

သူ၏လက်ဝါးရိုက်ချက်သာ ထိမှန်ခံရပါက ထိုလူသည် ခလွဲမသွေ သေဆုံးရမည်ဖြစ်သည်။

သို့သော်. . .

လောက်ဝိုး၏ သံလက်ဝါးကို ဝတ်စုံနက်က ကြောက်ရွံ့ဟန်မရှိပါချေ။

"ဝိုး. . . ဝိုး"

"ဟူး"

လောက်ဝိုး ရိုက်ချလိုက်သော လက်ဝါးချက်ကို ပေါ့ပါးစွာ ရှောင်တိမ်းပြီးနောက် သူကပင် လက်ဝါးဖြင့် ပြန်ရိုက်လိုက်သည်။

"ဝှီး"

"ဖပ်"

သူရိုက်ချလာသော လက်ဝါးပြင်ကိုကြည့်ပြီး လောက်

www.burmeseclassic.com

www.burmeseclassic.com



ဝှီး တုန်လှုပ်သွားသည်။

လက်ဝါးတစ်ခုလုံးမှာ ပြာနှမ်းနေသောကြောင့်ပင် ဖြစ်လေသည်။

"ဟင်. . . သေမင်းလက်ဝါး"

လောက်ဝှီး အထိတ်တလန့်ရေရွတ်ပြီး နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

သေမင်းလက်ဝါးမှာ သူ့ထက် အတွင်းအားကော သိုင်းပညာပါ အလွန်မြင့်မားကြောင်း လောက်ဝှီး သိထား၏။

ထို့အပြင်. . .

သူ့လက်မောင်းမှာလည်း ဒဏ်ရာနှင့်ဖြစ်သည်။

ဆက်လက်မတိုက်ခိုက်ဘဲ တုံ့ဆိုင်းသွားသောလောက်ဝှီးကို ဝတ်စုံနက်ကလည်း မတိုက်ဘဲ စောင့်ကြည့်နေ၏။

"ဘာလဲ သေမင်းလက်ဝါးဆိုတာနဲ့ ကြောက်သွားပြီလား၊ ကြောက်ရင်လည်း မတိုက်ပါနဲ့တော့ ခင်ဗျားရဲ့လက်ဝါးနဲ့ ခင်ဗျားရဲ့ဦးခေါင်းကိုသာ ပြန်ပြီးရိုက်လိုက်ပါ"

လောက်ဝှီး မဲ့ပြုံးပြုံးလိုက်သည်။

"ကိုယ့်ခေါင်းတော့ ကိုယ်မရိုက်ဘူးကွ မင်းရဲ့ခေါင်းတိုဲ ရှစ်စိတ်ကွဲသွားအောင် ရိုက်ပြမယ်"

စကားဆုံးလျှင် ခုန်အုပ်တိုက်ခိုက်လိုက်သည်။

သူ့ကိုသတ်နိုင်လျှင်သတ် မသတ်နိုင်လျှင် ကိုယ်သေရမည်ကိုသိနေသော လောက်ဝှီးက သေမင်းလက်ဝါးအား ပြင်းထန်စွာ တိုက်ခိုက်နေပေတော့သည်။



"ဝှီး. . . ဝှီး"

သေမင်းလက်ဝါး မဲ့လိုက်၏။

"ခင်ဗျား ဘာတတ်နိုင်မှာမို့လဲ"

ကြုံးဝါးကာ ပြန်လည်၍ လောက်ဝှီးအား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ထိုအခါ. . .

လက်ဝါးရိပ်များ ရောထွေးသွားသည်။

မရှေးမနှောင်းမှာပင်. . .

"ဝုန်း"

"အား"

များပြားလှသော လက်ဝါးရိပ်များကြားမှ သေမင်းလက်ဝါးရိုက်ချက်က လောက်ဝှီး၏ရင်ဝအား ပြင်းထန်စွာ ရိုက်မိသွားလေသည်။

လောက်ဝှီး စူးရှစွာ အော်ဟစ်ရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

ထို့နောက်. . .

မဟန်နိုင်တော့ဘဲ လဲကျသွားလေသည်။

သူက သေမင်းလက်ဝါးအား မယုံကြည်နိုင်စွာဖြင့် ကြည့်ထိတ်သည်။

"ဝေါ"

ရုတ်တရက်. . .

လောက်ဝှီးက သွေးများ အန်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား"

သေမင်းလက်ဝါးက အောင်နိုင်သူ လေသံမျိုးဖြင့် ရယ်မောလိုက်လေသည်။

ထို့နောက်. . .

လောက်ဝိုးထဲ တစ်လှမ်းချင်း တိုးဝင်သွားသည်။

"မင်း ဘာတတ်နိုင်သေးလဲ"

"တောက်"

လောက်ဝိုး ခံပြင်းသွားသည်။

သူက သေမင်းလက်ဝါးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်. . .

"ဝုန်း"

မဟန်နိုင်ဘဲ ပြန်၍ လဲကျသွားသည်။

သေမင်းလက်ဝါး သဘောကျစွာ ပြုံးလိုက်သည်။

ထို့နောက်. . .

လောက်ဝိုး၏ငယ်ထိပ်အား လက်ဝါးဖြင့် အားကုန်ရိုက်ချလိုက်သည်။

"အား"

နာကျင်စွာ အော်ဟစ်လိုက်သောအသံ စူးစူးဝါးဝါး ထွက်ပေါ်လာသည်။

အော်သံကား လောက်ဝိုးထံမှ ထွက်ပေါ်လာခြင်း မဟုတ်ပါချေ။



အမှန်စင်စစ်. . .

သေမင်းလက်ဝါးထံမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

"ဟူး"

သေမင်းလက်ဝါးက သူ၏လက်ဝါးအား ပြန်ရုပ်သိမ်းသွားပြီး နောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ထို့နောက်. . .

သူ့အား တိုက်ခိုက်သူကို လှမ်းကြည့်လိုက်သည်။

သူ့အား တိုက်ခိုက်သွားသူအား တွေ့လျှင်. . .

"ဟင် မားကွေးယီကျန်း"

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။

သူ့အား ယီကျန်းက တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေမင်းလက်ဝါး၏ ညာဘက်လက်တွင် ဓားဒဏ်ရာကြောင့် သွေးချင်းချင်း နီရဲနေသည်။

သေမင်းလက်ဝါးက သွေးများ ယိုစီးကျနေသော ညာဘက်လက်အား ဘယ်လက်ဖြင့် ဆုပ်ကိုင်ထားကာ မားကွေးယီကျန်းအား ခက်ထန်သော မျက်လုံးအစုံဖြင့် စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။

သာမန်အခြေအနေမျိုးတွင် သေမင်းလက်ဝါးသည် ယီကျန်း၏တိုက်ခိုက်မှုကြောင့် ယခုလို ဒဏ်ရာရရှိလိမ့်မည် မဟုတ်ချေ။

လောက်ဝိုးကို သတ်ဖြတ်ရန် အာရုံရောက်နေခိုက်

www.burmeseclassic.com



အလစ်ဝင်တိုက်သောကြောင့် ယခုလို ဒဏ်ရာရရှိသွားခြင်း ဖြစ်လေသည်။

ယီကျန်းက သေမင်းလက်ဝါးအား စူးရဲစွာဖြင့် ပြန်ကြည့်လိုက်သည်။

သေမင်းလက်ဝါးက ခက်ထန်သော လေသံဖြင့်. . .

"မင်းက ကျုပ်ကို အလစ်တိုက်ခိုက်ဝံ့တယ်ပေါ့ ဟုတ်လား"

ယီကျန်း ပခုံးတစ်ချက်တွန့်ကာ. . .

"ခင်ဗျားတော်တော် ကံကောင်းသွားတယ်၊ ကျုပ်က ခင်ဗျားဦးခေါင်းကို လှမ်းခုတ်လိုက်တာ"

ဟု ပြောလာသည်။

သူ၏စကားကြောင့် သေမင်းလက်ဝါး ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

"တောက်. . . မင်းသေဖို့သာ ပြင်ထား"

အော်ငေါက်ကာ ခုန်ဝင်တိုက်ခိုက်လိုက်တော့သည်။

သေမင်းလက်ဝါးသည် ဒဏ်ရာရနေသည့်တိုင်အောင် သူ၏တိုက်ခိုက်မှုသည် လွန်စွာ ကြောက်မက်ဖွယ်ကောင်းနေပေသည်။

သူ၏မြင့်မားသော အတွင်းအားနှင့် ထက်မြက်သော သိုင်းပညာတို့ကြောင့် လက်နက်ကိုင် အချင်းချင်း တိုက်ခိုက်နေသည့်ပမာ ဖြစ်နေ၏။

ထိုသို့ တိုက်ခိုက်နေသော အချိန်တွင် လောက်ဗိုးက



အဆိပ်ဖြေဆေး တစ်လုံးကို အလျင်အမြန် သောက်လိုက်ပြီးလျှင် သူ့ရရှိထားသော အတွင်းဒဏ်ရာကို အတွင်းအားဖြင့် ခုခံချေဖျက်နေလေသည်။

စိတ်အာရုံတည်ငြိမ်ရန် အလွန်အရေးကြီးသဖြင့် တစ်ချက်တစ်ချက် ကြားနေရသော မာန်သွင်းအော်ဟစ်သံများကြောင့် ပျံ့လွင့်နေသော စိတ်ကို ကြိုးစားပြီး ထိန်းနေရပေသည်။

ထို့အပြင်. . .

သူ့အား အသေသတ်ရန် ကြိုးစားနေသော သေမင်းလက်ဝါးကို တိုက်ခိုက်နေသည့် ယီကျန်းအပေါ် စိုးရိမ်စိတ်တလည်း ပျံ့နှံ့နေသည်။

ယီကျန်းသည် ဓားပညာတွင် ထက်မြက်သည်ဆိုသော်လည်း သေမင်းလက်ဝါးက မမှုပါချေ။

လောက်ဗိုးနှင့် ယီကျန်းတို့၏ သိုင်းပညာသည် အဆင့်တူညီသူများ ဖြစ်လေသည်။

သူ့အရှုံးပေးခဲ့ရသော သေမင်းလက်ဝါးကို ယီကျန်းက နိုင်ပါမည်လော။

လောက်ဗိုးက ယီကျန်းအတွက် စိုးရိမ်သွားလေသည်။

ထို့ကြောင့်. . .

သူ၏စိတ်အာရုံ စုစည်းမှုများ ပျက်စီးသွားသည်။

ထိုသို့. . .

စိတ်အာရုံ ပျက်ပြားသွားသောကြောင့် ပင်မသွေးကြောနေရာကို တွန်းတင်ထားသော အတွင်းအားများ ကစဉ့်ကလျား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီး မလိုလားအပ်သော နေရာများကို ပြန်ထွက်တုန် သည်။

လောက်ဝိုး၏မျက်နှာ ချွေးသီးချွေးပေါက်များ ကျဆင်းလာလေသည်။

ကျောက်ရုပ်လို တည်ငြိမ်စွာ ရှိနေသော သူ၏ခန္ဓာကိုယ်မှာလည်း ယိမ်းယိုင်လာသည်။

လောက်ဝိုး၏အခြေအနေမှာ မကောင်းတော့ချေ။

ထိုအချိန်တွင်. . .

ယီကျန်းမှာလည်း အခက်တွေ့နေပြီ ဖြစ်သည်။

လောက်ဝိုး စိုးရိမ်လည်း စိုးရိမ်လောက်ပေသည်။

"ဝိုး. . . ဝိုး"

သေမင်းလက်ဝါး၏ တိုက်ခိုက်မှုမှာ အရှိန်အဟုန် ပြင်းထန်လာသည်နှင့်အမျှ သိုင်းကွက်များမှာလည်း အလွန်ပင် ဆန်းပြားလာလေသည်။

"ဝိုး. . . ဝိုး"

"ဟူး"

သေမင်းလက်ဝါး၏ တိုက်ခိုက်မှုကြောင့် လေတိုးသံများကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ယီကျန်းမှာ တိုက်ခိုက်သူ အဖြစ်မှ ခုခံကာကွယ်ရသူအဖြစ်သို့ ရောက်ရှိသွားသည်။

"ဝိုး. . . ဝိုး"

"ဟူး"



သူက သေမင်းလက်ဝါး၏ တိုက်ခိုက်မှုကို အသေအလဲဝင် ကာကွယ်နေရ၏။

သေမင်းလက်ဝါးမှာ လက်တစ်ဖက် ဒဏ်ရာရနေသည့်တိုင် သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လျက် ရှိသည်။

ရုတ်တရက်. . .

သေမင်းလက်ဝါးက တိုက်ကွက်ကို ပြောင်းလဲလိုက်လေသည်။

ထိုအခါ. . .

သူ၏တိုက်ခိုက်မှုမှာ ပို၍ ကြောက်မက်ဖွယ်ရာကောင်းလာလေသည်။

ထိုစဉ်. . .

"ဝိုး. . . ဝိုး"

"ဟူး"

ဓားရိပ်များကြားမှ သေမင်းလက်ဝါး၏ လက်ဝါးတစ်ဖက်သည် မြွေတစ်ကောင်ကဲ့သို့ တွန့်လိန်လာပြီးနောက် ယီကျန်း၏ရင်ဝသို့ ရိုက်ချလာလေသည်။

"ဝုန်း"

"အား"

ယီကျန်းမှာ စူးရှစွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားတော့သည်။

ယီကျန်း၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သေမင်းလက်ဝါးကြောင့် ဒဏ်ရာပြင်းစွာ ရရှိသွားပြီ ဖြစ်လေသည်။

လောက်တိုးမှာလည်း စိတ်အာရုံပျက်ပြားမှုကြောင့် အတွင်းအားများ ကမောက်ကမ ဖြစ်နေပြီး ခန္ဓာကိုယ်ကို အကြီးအကျယ် ဒုက္ခပေးချိန်တွင် ယီကျန်းကလည်း သေမင်းလက်ဝါးကြောင့် ဒဏ်ရာရရှိသွားသည့်အတွက် သေမင်းလက်ဝါး ပြုသမျှ ခံရမည့် အခြေအနေ ဖြစ်နေ၏။

"ဟား. . . ဟား. . . ဟား"

သေမင်းလက်ဝါး သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက်. . .

ယီကျန်းတို့အား လက်စတုံးရန် လွှားခနဲ ခုန်ဝင်သွားလေသည်။

ထိုအခိုက်မှာပင်. . .

"ရပ်လိုက်"

ကျယ်လောင်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် သေမင်းလက်ဝါးရှေ့သို့ ရောက်ရှိလာလေတော့သည်။

ဝင်လာသူမှာ အဘိုးအိုတစ်ယောက်၏ မျက်နှာမျိုး ဖြစ်သော်လည်း လူရွယ်တစ်ယောက်လို လျင်မြန်သွက်လက်စွာဖြင့် သေမင်းလက်ဝါးရှေ့သို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ဝင်လာသူကား ဝမ်းရှပင် ဖြစ်လေသည်။



သူသည် အဘိုးအိုကဲ့သို့ ရုပ်ဖျက်ထားခြင်း ဖြစ်သည်။

ပြင်းထန်သော တိုက်ခိုက်သံများကြောင့် တည်းခိုခန်းအတွင်းရှိ လူများသည် ပြတင်းပေါက်များကို ဖွင့်ကြည့်နေကြသည်။

စားသောက်ခန်းမှ လူအချို့သည်လည်း တိုက်ခိုက်နေသောနေရာနှင့် မလှမ်းမကမ်းသို့ ရောက်လာကြပြီး အကဲခတ်ကြည့်နေကြလေသည်။

ထိုအချိန်တွင်. . .

ဝမ်းရှကလည်း အပြင်သို့ သွားရန် တည်းခိုခန်းမှ ဆင်းလာပြီးနောက် တိုက်ခိုက်သံများ ကြားရသဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။

ထို့နောက်. . .

သူသည် အမြင်မတော်သဖြင့် ကြည့်နေသူများကြားမှ ထွက်လာခြင်း ဖြစ်သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## တရားမျှတမှု

သေမင်းလက်ဝါးသည် ယီကျန်းအား လက်ဝါးဖြင့် ရိုက်ချလိုက်ပြီ ဖြစ်သည်။

ဝမ်းရှသည် ချက်ချင်းခုန်ထွက်ကာ လက်ဝါးဖြင့် ရိုက်ထုတ်ဟန့်တားလိုက်သည်။

"ဟူး"

လေတိုးသံကြောင့် သေမင်းလက်ဝါးသည် ယီကျန်းကို တိုက်ခိုက်လိုက်သော လက်အား ပြန်ရုပ်သိမ်းလိုက်ပြီး သူသည် ဝင်လာသူကို တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

တိုက်ခိုက်မှုကြောင့် လေတိုးသံများ တဗြိုးဗြိုးဖြင့် ထွက်ပေါ်လာလေသည်။

တစ်ယောက်၏တိုက်ခိုက်မှုကို တစ်ယောက်က ခုန်လွှားရှောင်တိမ်းလျက် တိုက်ခိုက်နေ၏။



ဤသို့ဖြင့်. . .

သိုင်းကွက် ငါးကွက်ခန့် အရောက်တွင် ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

"ဝုန်း"

"အင့်"

သေမင်းလက်ဝါးသည် မသဲမကွဲ ညည်းညူရင်း နောက်ဆုတ်သွားရလေတော့သည်။

☆ ☆ ☆

သေမင်းလက်ဝါးသည် သိုင်းကွက် ငါးကွက်အတွင်းတွင် နောက်ဆုတ်ပေးလိုက်ရပြီ ဖြစ်သည်။

သူ့အား ဝင်ရောက်တိုက်ခိုက်သူကို မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်မိသည်။

သူ့အား တိုက်ခိုက်သူမှာ အဘိုးအိုတစ်ယောက် ဖြစ်သောကြောင့် အံ့ဩသွားလေသည်။

ထို့နောက်. . .

အဘိုးအိုအား မကျေမနပ်ဖြင့် မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

ဝမ်းရှ ပြုံးလိုက်သည်။

သေမင်းလက်ဝါးအား ဖုံးကွယ်ထားရန် မလိုအပ်တော့သဘောပိုက်ကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဝမ်းရှပါ"

"ဟာ"

သေမင်းလက်ဝါး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သူက ဝမ်းရှအား မြင်ဖူးထားသည်။

ယခု...

အဘိုးအိုက ဝမ်းရှဟု ပြောသဖြင့် အံ့သြသွားလေသည်။

သို့သော်...

လှုပ်ရှားမှုနှင့် တိုက်ခိုက်မှုမှာ အဘိုးအိုတစ်ယောက်နှင့် မတူကြောင်း သတိပြုမိသောကြောင့် ရုပ်ဖျက်ထားကြောင်း ရိပ်မိလိုက်သည်။

အဘိုးအိုမှာ ဝမ်းရှဟု သိလိုက်ရသောကြောင့် သေမင်းလက်ဝါး မကျေမနပ် ဖြစ်သွားသည်။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို တိုက်ခိုက်ရတာလဲ"

ဝမ်းရှအား ကြည့်ကာ မေးလိုက်သည်။

ဝမ်းရှ ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားကို တိုက်ခိုက်တာ မဟုတ်ပါဘူး"

"ဘာဗျ"

ဝမ်းရှက ယီကျန်းတို့အား ညွှန်ပြကာ...

"ကျုပ်က သူတို့ကို ကယ်တာပါ"

ဟု ပြောလိုက်၏။

သူ၏စကားကြောင့် သေမင်းလက်ဝါး မျက်လုံးပြူးသွား



လေတော့သည်။

"ဘာ ဟိုလူတွေကို ကယ်တာ ဟုတ်လား"

ဝမ်းရှ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ထိုအခါ...

သေမင်းလက်ဝါးက နားမလည်နိုင်အောင် ဖြစ်သွား၏။

သူက ယီကျန်းတို့အား ညွှန်ပြကာ...

"သူတို့ ဘယ်သူတွေလဲဆိုတာ မင်း မသိဘူးလား"

ဟု မေးလိုက်သည်။

ဝမ်းရှ ခေါင်းညိတ်လိုက်သည်။

"သိပါတယ်၊ တစ်ယောက်က ဓားကွေးယီကျန်း။ ဟိုမှာ ဒယီးဒယိုင်နဲ့ အတွင်းအားဖောက်ပြန်နေတာကတော့ လောတ်ဗိုးပါပဲ"

သေမင်းလက်ဝါးက...

"သူတို့ ဘာလုပ်သလဲ"

ဟု ထပ်မေးလိုက်သည်။

ဝမ်းရှက...

"ကြေးစားလူသတ်သမား"

ဟု အေးတိအေးစက် ဖြေလိုက်သည်။

ဝမ်းရှက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်လေသည်။

"လူတစ်ယောက်ကို သတ်ဖို့"

www.burmeseclassic.com

www.burmeseclassic.com



သေမင်းလက်ဝါး မျက်မှောင်ကြုတ်လိုက်သည်။

"ဘယ်သူလဲ"

ဝမ်းရှက. . .

"ကျုပ်ကို သတ်ဖို့ပါပဲ"

ဟု ပြောလိုက်သည်။

သေမင်းလက်ဝါး၏မျက်နှာပေါ်တွင် လှောင်ပြောင်သည့် အရိပ်အငွေ့များ ယှက်သမ်းလာသည်။

"အင်း. . . ဒီလိုတော့လဲ ခင်ဗျားက သိသားပဲ၊ ခင်ဗျားကို သတ်ဖို့ လာတဲ့ လူတွေကို ခင်ဗျားကိုယ်စား ကျုပ်က ရှင်းပေးပါ့မယ်"

ဝမ်းရှ ခေါင်းယမ်းလိုက်သည်။

"သူတို့လာစဉ်တုန်းက ကျုပ်ကိုသတ်ဖို့ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုအချိန်မှာတော့ သူတို့ဟာ ကျုပ်ကို သတ်နိုင်တော့ပါဘူး၊ ကျုပ်ကို သတ်ဖို့ မပြောနဲ့၊ သူတို့ကိုယ်တိုင် မကာကွယ်နိုင်တဲ့ လူတွေ ဖြစ်နေပြီ၊ ဒီအချိန်မှာ ခင်ဗျားက သူတို့ကိုသတ်ဖို့ ကြိုးစားနေတယ်၊ ကျုပ် မမြင်ရင်တော့ ကောင်းတာပေါ့ဗျာ၊ ဒါပေမယ်. . ."

သေမင်းလက်ဝါးက. . .

"ဒါပေမယ့် ဘာဖြစ်သလဲ"

စိတ်မရှည်ဟန်ဖြင့် မေးလာသည်။

ဝမ်းရှက တည်ကြည်သော မျက်နှာထားဖြင့်. . .

"ကျုပ်မျက်စိရှေ့မှာ ဘယ်သူ့ကိုမှ အနိုင်ကျင့်တာ မလိုချင်ဘူး၊ အနိုင်ကျင့်တဲ့လူဟာ ကျုပ်ရဲ့ရန်သူပဲဗျ"



ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ထိုစကားကြားလျှင်. . .

"ဟင်"

"ဟာ"

ယီကျန်းနှင့် လောက်ဝိုးတို့ အံ့ဩသွားသည်။

သူတို့သည် ဝမ်းရှအား လုပ်ကြံရန် လာခဲ့ကြခြင်းသာ ဖြစ်သည်။

ယခု. . .

ဝမ်းရှက သိနေပြီ ဖြစ်သည်။

ထိုသို့ သိလျက်နှင့်. . .

သူတို့၏အသက်ကို ကယ်ရန် အားထုတ်ခဲ့သည်။

ဝမ်းရှသည် မတရားမှုကို မလိုလားချေ။

သေမင်းလက်ဝါးက. . .

"အခု အခြေအနေမှာ သူတို့ဟာ ခင်ဗျားကို မသတ်ဘူးဆိုထားပါတော့၊ သူတို့ဟာ ကြေးစားတွေပဲ ဖြစ်တယ်၊ သူတို့ သတ်နိုင်တဲ့ အချိန်ကျရင် ခင်ဗျားကို သတ်မှာပဲ၊ ခင်ဗျားအနေနဲ့ သူတို့ကို မကယ်တင်သင့်ဘူး"

ဟု ရှင်းပြလာသည်။

ဝမ်းရှ လက်မခံပါ။

သူက ခေါင်းခါယမ်းရင်း. . .

"သူတို့ သတ်နိုင်ရင် သတ်ပေါ့၊ အဲဒါ သူတို့ အလုပ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုလောလောဆယ်တော့ သူတို့ဟာ အင်အားချည့်နဲ့နေသူတွေ ဖြစ်တယ်၊ နောက်ကိုစွ နောက်မှ ရှင်းမယ်၊ အခုလောလောဆယ် တော့ ကျုပ်က သူတို့ရဲ့အသက်ကို တယ်တင်ရမှာပဲ"

ဟု ပြတ်သားစွာ ပြောလာသည်။

သေမင်းလက်ဝါး စိတ်ပျက်သွားသည်။

အတန်ကြာမှ. . .

စိတ်မသက်သာစွာဖြင့် သက်ပြင်းတစ်ချက်ချကာ. . .

"အင်း. . . ကျုပ်ကတော့ ခင်ဗျားနဲ့ ရင်ဆိုင်ဖို့ စိတ်ကူး မရှိဘူး၊ ခင်ဗျားကို နှောင့်ယှက်မယ့် လူတွေကို ဖယ်ရှားပေးဖို့ပဲ၊ ဒါပေမယ့် ခင်ဗျားက ကြားဝင်လာတယ်၊ ကျုပ်နောက်ဆုတ်ပေး လိုက်ပါ့မယ်၊ ဒီလူနှစ်ယောက်ကို တျုပ် မသတ်တော့ပါဘူး၊ ကဲ တျုပ်သွားမယ်"

ဟု ပြောလာသည်။

ထို့နောက်. . .

သေမင်းလက်ဝါးက ချာခနဲလှည့်ကာ ထွက်ခွာသွားလေ သည်။

သို့သော်. . .

သူ၏သွားလမ်းပေါ်သို့ ဝမ်းရှုက လွှားခနဲ ခုန်ဝင်ကာ ဟန့်တားလိုက်သည်။

"ဟင်"

သေမင်းလက်ဝါး အံ့ဩသွားသည်။

ချက်ချင်းပင် သူ၏မျက်နှာ တင်းမာခက်ထန်သွားသည်။



ဝမ်းရှုအား စိုက်ကြည့်ကာ. . .

"ခင်ဗျားက ဘာသဘောလဲဗျ"

ဟု မေးလိုက်သည်။

ဝမ်းရှု ပြုံးလိုက်သည်။

ထို့နောက်. . .

လက်ဝါးဖြန့်လိုက်သည်။

"ခင်ဗျား တကယ်ပဲ ကျုပ်နဲ့ မတိုက်ချင်သေးဘူးဆိုရင် သူတို့အတွက် အဆိပ်ဖြေဆေးပေးခဲ့ပါ"

ဝမ်းရှု၏စကား ကြားလိုက်ရသောအခါတွင်မှ မျက်နှာ ပေါ်မှ တင်းမာမှုများ ပြေလျော့သွားသည်။

ပေးသင့် မပေးသင့် ချိန်ဆရင်း တွေဝေသွားသည်။

အတန်ကြာမှ. . .

သေမင်းလက်ဝါးက ပြောလာသည်။

"လောက်ဝှီးအတွက် ဖြေဆေး မလိုပါဘူး၊ ကျုပ် အဆိပ် ကို သူဖြေနိုင်ပါတယ်၊ အခု သူခံစားနေရတာ အတွင်းအား ဖောက်လွဲဖောက်ပြန် ဖြစ်သွားတာပါ၊ ဒါကို ခင်ဗျားကပေးနိုင်ပါ တယ်၊ ယီကျန်းအတွက်တော့ ကျုပ်အဆိပ်ဖြေဆေးပေးခဲ့ပါ့မယ်"

စကားဆုံးလျှင် အကျီရင်ဘတ်ကြားမှ အထုပ်တစ်ထုပ် အား လှမ်းပေးလိုက်သည်။

ဝမ်းရှု ပြုံးလိုက်သည်။

သူက သေမင်းလက်ဝါး ကမ်းပေးသော အဆိပ်ဖြေ ဆေးကို လှမ်းယူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ဒီအတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ဟုလည်း ပြောလိုက်သည်။

သေမင်းလက်ဝါး လက်ကာပြလိုက်သည်။

"ရပါတယ်၊ ကျုပ်သွားမယ်"

ဝမ်းရှ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

"ဟူး"

သေမင်းလက်ဝါးက လျင်မြန်သော အရှိန်ဖြင့် ပြေးထွက်သွားတော့သည်။

☆ ☆ ☆



## အသိတရား

သေမင်းလက်ဝါး ထွက်ခွာသွားပြီ ဖြစ်သည်။

"အင်း"

ဝမ်းရှ သက်ပြင်းချလိုက်သည်။

သူက ယီကျန်းထံသို့ လျှောက်သွားလိုက်သည်။

ထို့နောက် အဆိပ်ဖြေဆေး တိုက်ကျွေးလိုက်လေသည်။

ပြီးလျှင် လောက်ဝိုးထံ လှမ်းသွားလိုက်၏။

လောက်ဝိုးအား စမ်းသပ်ကြည့်ကာ ဖောက်လွဲဖောက်ပြန် ဖြစ်သွားသော အတွင်းအားများကို ပြန်လည်စုစည်းပြီး ကျောပြင်ပေါ်ရှိ ပင်မသွေးကြောနေရာကို ဖိနှိပ်ပေးလိုက်၏။

ရင်းသွေးကြောသည် လက်ကောက်ဝတ်မှတစ်ဆင့် လက်ဖျံရိုး၊ လက်ချောင်းများသို့ လှည့်ပတ်နေသော အဓိကသွေးကြောကြီးတစ်ခု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှသည် သူကျွမ်းကျင်စွာ တတ်မြောက်ထားသော အတွင်းအား ပို့လွှတ်ပညာဖြင့် ပြန့်ထွက်ကုန်သော အတွင်းအားများကို စုစည်းလိုက်၏။

ထို့နောက်. . .

ပင်မသွေးကြောနေရာသို့ ပြန်လည်ပို့လွှတ်နိုင်ရန် ဆောင်ရွက်လိုက်လေသည်။

ဤသို့. . .

သူကုသပေးနေသော အချိန်တွင် သူ့အား လက်တုန့်ပြန်ချင်သော ဆားညီနောင် ရောက်ရှိလာတော့သည်။

ဝမ်းရှ ကံကောင်းပါမည်လော။

☆ ☆ ☆



စင်စစ်. . .

ဆားညီနောင်နှစ်ယောက်မှာ အချိန်အတော်ကြာသည်ရောက်ရှိနေခြင်းဖြစ်သည်။

စားသောက်ခန်းမအတွင်း စားသောက်နေချိန်တွင် ကြားလိုက်ရသော တိုက်ခိုက်သံများကြောင့် လူအများ ထွက်ကြည့်သည်။

ထိုအခါ. . .

သူတို့သည်လည်း ရောနှောလိုက်ပါလာခဲ့ကြခြင်းပင်ဖြစ်လေသည်။

ယီကျန်း ဒဏ်ရာရသွားချိန်တွင် လူအုပ်များကြားမှ အဘိုးအိုတစ်ယောက် ခုန်ထွက်သွားသည်ကိုလည်း တွေ့မြင်ထားခဲ့ကြ၏။

ထိုအဘိုးအိုက သူ့ကိုယ်သူ ဝမ်းရှဟု ပြောသောအခါ သူတို့ အံ့သြနေကြသည်။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း အခြေအနေပေးပါက ဝင်ရောက်တိုက်ခိုက်ကြရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။

သို့သော်. . .

သေမင်းလက်ဝါးနှင့် ဝမ်းရှတို့ ပြောသော စကားများကို ကြားလိုက်ရသောအခါ ဝမ်းရှ၏စိတ်ဓာတ်ကို လေးစားသွားကြလေသည်။

အခက်အခဲ ကြုံတွေ့နေရသော ရန်သူကို ကာယ်တင်ရန်

www.burmeseclassic.com



ဝန်မီလေးသော ဝမ်းရှသည် လူတစ်ယောက်ကို အကြောင်း သတ်ဖြတ်ပါမည်လောဟူသော အတွေးလည်း ပထမဆုံးအကြိမ် သူတို့ တွေးမိလာလေသည်။

မြေးဖြစ်သူကို အနိုင်ကျင့်သတ်ဖြတ်သည်ဟူသော အ သိဖြင့် ဝမ်းရှကို လက်စားချေရန် လိုက်လံရှာဖွေသည် မှန်သော် လည်း သူတို့သည် အနက်ရောင်သိုင်းသမားများ မဟုတ်ကြပါ ချေ။

မတရားမှုကို သူတို့လည်း မလုပ်ပါ။

ထို့အတူ. . .

သူတစ်ပါး လုပ်လျှင်လည်း တားမြစ်ဟန့်တားမည့်သူ များသာ ဖြစ်သည်။

လောက်ဝိုးကို ဝမ်းရှက အတွင်းအားဖြင့် ကုသပေးနေ ချိန်မှာ မြေးအတွက် လက်စားချေရန် အကောင်းဆုံးအချိန် ဖြစ် လေသည်။

သို့သော်. . .

သူတို့ ထွက်တိုက်ရန် လိပ်ပြာမလုံ ဖြစ်နေ၏။

သည်ကြားထဲ ကြည့်နေသူများ၏ ချီးမွမ်းသော ပြောသံ များက သူတို့ကို ပို၍မဝံ့မရဲ ဖြစ်စေခဲ့သည်။

ကြည့်နေသူများတွင်လည်း ရိုးရိုးကုန်သည်များ ပါသကဲ့ သို့ သိုင်းပညာတတ်ကျွမ်းသူများလည်း အများအပြား ပါဝင်နေ ပေသည်။

ထိုသိုင်းသမားများသည် ကြေးစားသိုင်းသမားများ မှ



နိမ့်စဉ်က ဝင်ရောက်ကူညီလိုစိတ် မရှိကြသော်လည်း ရန်သူတို့ ကယ်တင်နေသော ဝမ်းရှက ထွက်ဆိုပါမှ ထွက်တိုက်ကြမည်မှာ သေချာပေသည်။

ထိုစဉ်. . .

ဆားလောက်တက ဆားလောက်အော့အား ကြည့်ကာ ခေါင်းယမ်းပြလိုက်သည်။

ထို့နောက်. . .

စားသောက်ခန်းဘက်သို့ ပြန်လျှောက်သွားလေသည်။

"အင်း"

ဆားလောက်အော့ သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ဝမ်းရှအား တစ်ချက်စိုက်ကြည့်ပြီးနောက် ဆား လောက်တ၏နောက်သို့ လိုက်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## ငုပ်ကောင်

နေဝင်သွားပြီ ဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက လွှမ်းမိုးလာသည်။

ကြယ်ကလေးများပင် ထွက်ပေါ်စပြုနေသည်။

အိမ်တိုင်းအိမ်တိုင်းတွင် မီးများ ထွန်းထားကြပြီး ဖြစ်သည်။

မြို့ပြင်ရှိ ဘုံကျောင်းပျက်သို့ ဝတ်စုံနက်ဝတ်ဆင်ထားသော သေမင်းလက်ဝါး ရောက်ရှိလာသည်။

ထိုအခါ. . .

သူ့ထက် အရင် လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့ရသည်။

ထိုသူကား ကွမ်းကြိုးခက်ပင် ဖြစ်သည်။



သူတို့သည် သုံးရက်လျှင် တစ်ကြိမ် ဤဘုံကျောင်းသုတ်သို့ ရောက်လာကြရပေသည်။

မလာ၍လည်း မဖြစ်ပါ။

အဘယ်ကြောင့်. . .

သူတို့သည် ဤဘုံကျောင်းပျက်၌ လာရောက်တွေ့ဆုံကြရပါသနည်း။

☆ ☆ ☆

ကွမ်းကြိုးခက်နှင့် သေမင်းလက်ဝါးတို့ ဤနေရာသို့ ရောက်ရှိလာရခြင်းမှာ အဆိပ်ဖြေဆေး လာရောက်ယူငင်ကြခြင်း ဖြစ်၏။

သူတို့အား မည်သူက အဆိပ်ခတ်လိုက်ပါသနည်း။

သိုင်းသမားကောင်း တစ်ယောက်ဖြစ်ရန် လွန်စွာပင် သတိထားရှိရမည် ဖြစ်သည်။

အရာရာတိုင်းကို သတိထားရမည် ဖြစ်သည်။

သတိကို ကိုယ်နှင့်မကွာ ထားရ၏။

တစ်ချက် သတိလွတ်သွားသည်နှင့် အသက် သေချင်သေ၊ အသက် မသေလျှင် သူတစ်ပါး ထိန်းချုပ်စေခိုင်းသမျှ ခံနေရ၏။

ယခုမှာ. . .

ကွမ်းကြိုးခက်နှင့် သေမင်းလက်ဝါးတို့သည် သတိတစ်

www.burmeseclassic.com

www.burmeseclassic.com



ချက် လွတ်သွားသဖြင့် သူတစ်ပါး၏အဆိပ်ဖြင့် ထိန်းချုပ်မှုကို ခံလိုက်ကြရ၏။

ဆက်လက် အသက်ရှင်ရန်အတွက် အဆိပ်ဖြေဆေး လိုအပ်နေကြလေသည်။

အဆိပ်ဖြေဆေးရရန်အတွက် ထိုလူစေခိုင်းသော အလုပ်ကို လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ လုပ်နေရ၏။

သုံးရက်လျှင် တစ်ကြိမ် အဆိပ်ဖြေဆေးကို ကြိုယူလာ၍ ဘုံကျောင်းပျက်တွင် လာပေးသည်။

ထိုအချိန်တွင် လိုအပ်သော ညွှန်ကြားစေခိုင်းမှုကိုလည်း ပြုလုပ်လေသည်။

ထိုလူသည် မည်သူ ဖြစ်မည်နည်း။

သူတို့လည်း မသိပါချေ။

သူတို့သိသည်မှာ ထိုလူသည် မျက်နှာဖုံးစွပ်ထားခြင်းပင် ဖြစ်သည်။

ခေါင်းငုံ့လျက် ငြိမ်သက်စွာ ရပ်နေကြစဉ်. . .

"ရှပ်"

ညင်သာသော ခြေသံတစ်ချက် ထွက်ပေါ်လာ၏။

ကိုယ်ဖော့ပညာ အလွန်ထက်မြက်သူ၏ တိုးညင်းသော ခြေသံ ဖြစ်လေသည်။

ကွမ်းကြိုးခက်တို့လို အဆင့်မြင့်သိုင်းသမားများပင် အသံသဲ့သဲ့မျှသာ ကြားရလောက်အောင် တိုးညင်းသော ခြေသံ



ဖြစ်လေသည်။

ခြေသံသည် အခန်းဝတွင် ရပ်သွားလေသည်။

အရပ်ထောင်ထောင်မောင်းမောင်းနှင့် ရွှေချက်နှာဖုံး တပ်ဆင်ထားသော လူတစ်ယောက်သည် အခန်းဝသို့ ဘွားခနဲ ရောက်ရှိလာသည်။

သားနားသပ်ရပ်သော ပိုးထည်ဝတ်စုံဖြင့် ခန့်ထည်လှပေသည်။

ထိုလူသည် မည်သည့်လက်နက်ကိုမျှ လွယ်ပိုးထားခြင်း မရှိချေ။

ကွမ်းကြိုးခက်နှင့် သေမင်းလက်ဝါးတို့အား မမှုသော ပံစံမျိုးဖြင့် တည်ငြိမ်စွာ ရပ်နေခြင်းဖြစ်သည်။

ထိုလူက ကွမ်းကြိုးခက်နှင့် သေမင်းလက်ဝါးတို့အား စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုနေသည်။

အတန်ကြာမှ. . .

ကွမ်းကြိုးခက်အား ကြည့်ကာ. . .

"ကွမ်းကြိုးခက်"

အောင်မြင်ခန့်ညားသော လေသံ ထွက်ပေါ်လာ၏။

ကွမ်းကြိုးခက် မော့ကြည့်လိုက်သည်။

"အမိန့်ရှိပါ"

ရွှေရောင်မျက်နှာဖုံးရှင်၏စကားသံ ထွက်ပေါ်လာသည်။

"ပေးထားတဲ့ တာဝန်တွေကို ဘယ်လောက်အထိ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပြီးပြီလဲ"

ကွမ်းကြိုးခက်က လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးလိုက်သည်။

ထို့နောက်. . .

အဖြေပေးလိုက်၏။

"အားလုံး အဆင်သင့် ဖြစ်နေပါပြီ သခင်ကြီး"

ရွှေရောင်မျက်နှာဖုံးရှင် ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ လောင်းကစားဝိုင်း၊ တာဝန်ခံ ရှမ်းဖုံးနဲ့ အပျော်ဂေဟာ တာဝန်ခံ လိုင်ဖုန်းတို့ကို ပေးရမယ့် အဆိပ်ဖြေဆေးကို မင်းကို ပေးလိုက်မယ်၊ သူတို့ကို ဆက်လက်ထိန်းချုပ်နိုင်အောင် စီစဉ်ပါ၊ ယန်ယိထင်းမရှိတဲ့ နောက်ပိုင်းမှာ သူ့ကိုယ်စား မင်းက တာဝန်ခံ ဖြစ်ကြောင်း သူတို့သိအောင် လုပ်ပါ၊ အမိန့်မနာခံတဲ့လူ၊ အာခံချင်တဲ့လူကို ဖြေဆေး မပေးနဲ့"

ဟု ခပ်ပြတ်ပြတ် ပြောလာသည်။

ကွမ်းကြိုးခက် ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ သခင်ကြီး"

ထို့နောက်. . .

ခန်းမအတွင်း ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

ရွှေရောင်မျက်နှာဖုံးရှင်၏ စူးရှသော မျက်လုံးများက ဝတ်စုံနက်ဝတ်ဆင်ထားသော သေမင်းလက်ဝါးထံ ရောက်ရှိသွားလေသည်။

သေမင်းလက်ဝါးကား တုတ်တုတ်ပင် မလှုပ်ချေ။



ငြိမ်သက်စွာ ခေါင်းငုံ့နေ၏။

"သေမင်းလက်ဝါး"

ရွှေရောင်မျက်နှာဖုံးရှင်က တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်လေသည်။

သေမင်းလက်ဝါး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ချက်ချင်းပင် မော့ကြည့်ကာ. . .

"အမိန့်ရှိပါ"

ရွှေရောင်မျက်နှာဖုံးရှင်က. . .

"မင်း ဒဏ်ရာရလာသလား"

ဟု မေးလာသည်။

သေမင်းလက်ဝါး မျက်နှာကွက်ခနဲ ပျက်သွား၏။

သို့သော်. . .

ချက်ချင်းပင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဟား. . . ဟား. . . ဟား"

ထိုစကားကြောင့် ရွှေရောင်မျက်နှာဖုံးရှင်က သဘောကျစွာ ရယ်မောလိုက်လေသည်။

အတန်ကြာမှ. . .

သူက ရယ်မောရာမှ ရပ်တန့်ကာ စကားစလိုက်လေသည်။

"ဓားကွေးက ဒီလောက်တောင် စွမ်းလား"

သေမင်းလက်ဝါး ခေါင်းယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကျုပ်ကြောင့် ဒဏ်ရာရသွားတဲ့ သံလက်ဝါးတို့ အပြတ်ရှင်းမလို့ လုပ်တုန်း မားကွေးယီကျန်းက အလယ်ဝင် တိုက်ခဲ့လို့ ဒဏ်ရာရခဲ့တာပါ"

သူက တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလာလေသည်။

"တကယ်တမ်း ယှဉ်ပြိုင်ရင် သိုင်းကွက်နှစ်ဆယ်အ တွင်း သူ့ကို ကျုပ်ရှင်းပစ်နိုင်ပါတယ်"

ထိုအခါ. . .

ရွှေရောင်မျက်နှာဖုံးရှင်က သူ၏အဖြေကို မနှစ်သက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒဏ်ရာရလာတယ်ဆိုကတည်းက အားနည်းချက်တစ်ခု ရှိလို့ပဲ၊ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်မယ်လို့ ဆုံးဖြတ်ထားရင် အားနည်းချက်တစ်ခုမှ မရှိအောင် လုပ်ရလိမ့်မယ်၊ လစ်ဟာမှု တစ်ခုမှမရှိအောင် လုပ်ရလိမ့်မယ်"

ရွှေရောင်မျက်နှာဖုံးရှင်က သူ့အား စူးရဲစွာ စိုက်ကြည့်လိုက်လေသည်။

ထို့နောက်. . .

အေးတိအေးစက် စကားသံဖြင့် ဆိုလာသည်။

"နောက်တစ်ကြိမ် ဒီလိုပဲ ပေါ့ဆဦးမယ်ဆိုရင်တော့ ဒီပေါ့ဆမှုအတွက် ပြန်လည်ပေးဆပ်ရမှာက မင်းအသက်ပဲ"

"ဟင်"

ထိုစကားကြောင့် သေမင်းလက်ဝါးမှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

ချက်ချင်းပင် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူးလို့ ကျုပ်ကတိပေးပါတယ်"

အာမခံစကား ပြောကြားလိုက်သည်။

မျက်နှာဖုံးရှင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

သူက ကွမ်းကြိုးခက်နှင့် သေမင်းလက်ဝါးတို့အား တစ်ချက်ဝေ့ကြည့်ရင်း ပြောလိုက်သည်။

"ကဲ. . . သေမင်းလက်ဝါး၊ ဒီနေ့တော့ ကျုပ်က မင်းတို့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ်သာ မပေါ့ဆနဲ့၊ မင်းတာဝန်က ဝမ်းရှ ဒီမြို့က ထွက်မသွားအောင် လုပ်ဖို့ရယ်၊ ဝမ်းရှတို့ ယန်ကျူးမေက အထင်လွဲသည်ထက် လွဲအောင်ရယ်၊ နောက်ပြီး ဇာမဏီအာမခံဌာန လုံးဝပြိုကွဲပျက်စီးသွားအောင် လုပ်ပေးဖို့ပဲ၊ ကိုယ့်တာဝန် ကိုယ်ကျေပါစေ"

သေမင်းလက်ဝါး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ရွှေရောင်မျက်နှာဖုံးရှင် လက်ဝေ့ယမ်းလိုက်၏။

"ကောင်းပြီ၊ မင်းတို့သွားနိုင်ပြီ"

ကွမ်းကြိုးခက်နှင့် သေမင်းလက်ဝါးတို့က မျက်နှာဖုံးရှင်အား ဦးညွှတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

ဘုံကျောင်းပျက်အတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားကြလေသည်။

ရွှေရောင်မျက်နှာဖုံးရှင်က ကွမ်းကြိုးခက်တို့အား ကြည့်ကာ ဘုံကျောင်းပျက်ထဲ၌ ကျန်ရစ်ခဲ့လေသည်။

ထိုစဉ်. . .

ရွှေရောင်မျက်နှာဖုံးရှင် နောက်ကျောဘက်မှ တံခါးသည် ဝုန်းခနဲ ပွင့်သွားပြီး လူတစ်ယောက် ထွက်လာလေသည်။

ထိုသူကား. . .

☆ ☆ ☆



## ထိပ်တိုက်

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။

ဝမ်းရှု၏ပြုစုပေးမှုကြောင့် လောက်ဝှီးမှာ အလွန်ပင် သက်သာလာလေပြီ ဖြစ်သည်။

ထို့အပြင်. . .

ယီကျန်း၏အတွင်းဒဏ်ရာမှာလည်း လုံးဝပျောက်ကင်းသွားပြီ ဖြစ်သည်။

လောက်ဝှီးနှင့် ယီကျန်းတို့သည် မိမိတို့အား ရန်သူတုသဘောမထားဘဲ ကယ်တင်ခဲ့သော ဝမ်းရှုအား အလွန်ပင် လေးစားနေမိသည်။

သို့သော်. . .

သူတို့သည် ဝမ်းရှုအား သတ်ရမည့် အလုပ်ကို လက်ခံခဲ့ပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်. . .

သူတို့နှစ်ယောက်စလုံး အကြံအိုက်နေကြသည်။

အတန်ကြာမှ. . .

ယီကျန်းက စကားဆက်လိုက်သည်။

"ကျုပ်တို့ကို အခုလို ကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားကို သတ်ရမယ့် အလုပ်ကို လက်ခံပြီး ဖြစ်နေတယ်"

ဝမ်းရှက သတ်ပြင်းချလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ လူတွေဟာ ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်နေကြတာပဲလို့ ကျုပ်နားလည်ပါတယ်"

လောက်ဝှီး ပြုံးလိုက်သည်။

"ခင်ဗျားရဲ့ စိတ်ဓာတ်ကိုတော့ ကျုပ်တို့ တကယ်ပဲ လေးစားသွားပြီဗျာ"

ဝမ်းရှ ပြုံးလိုက်သည်။

"တဲ့. . . ကျုပ်ကို ခွင့်ပြုပါဦးဗျာ"

စကားဆုံးလျှင် ဝမ်းရှသည် ထိုနေရာမှ ထွက်ခွာလာခဲ့လေသည်။

သူ၏ခြေလှမ်းများသည် မြို့အနောက်ဘက်သို့ ဦးတည်လျှောက်လှမ်းလာသည်။

မူလက သူဆုံးဖြတ်ထားခဲ့သည့်အတိုင်း ဈေးဟောင်းပစ္စည်းအရောင်းဌာနပိုင်ရှင် မုကျင်းထံသို့ သွားခြင်း ဖြစ်ပေသည်။

☆ ☆ ☆



ဝမ်းရှက မုကျင်း၏အိမ်သို့ ရောက်ခဲ့ဖူး၍ အခက်အခဲမရှိဘဲ ရောက်ရှိလာလေသည်။

"ဦးလေးမုကျင်း. . . ဦးလေးမုကျင်း"

ဝမ်းရှက မုကျင်းအား လှမ်းခေါ်လိုက်သည်။

သို့သော် အတွင်းဘက်မှ တုံ့ပြန်သံ မကြားရပေ။

"ဦးလေးမုကျင်း. . . ဦးလေးမုကျင်း"

ဝမ်းရှက ဒုတိယအကြိမ် အော်ခေါ်လိုက်သည်။

ယခုတစ်ကြိမ်. . .

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သို့သော် မုကျင်း၏တုံ့ပြန်သံကား မကြားရချေ။

အကြိမ်ကြိမ် အော်ခေါ်သော်လည်း တုံ့ပြန်သံ မကြားရသဖြင့် ဝမ်းရှက မုကျင်း၏အိမ်ထဲသို့ လှမ်းဝင်သွားလိုက်သည်။

အိမ်အတွင်း၌ မုကျင်း မရှိပါချေ။

အခြား မည်သူမျှလည်း ရှိဟန် မတူချေ။

ဝမ်းရှက မုကျင်း၏အိပ်ခန်းဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

အိပ်ရာထက်တွင် မုကျင်း မရှိချေ။

မုကျင်း မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

ဝမ်းရှက အနောက်ဘက် အဆောင်သို့ လျှောက်သွားလိုက်၏။

အနောက်ဘက် အဆောင်တွင်လည်း မုကျင်းအား မတွေ့ရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှက အိမ်ရှေ့သို့ ပြန်လျှောက်လာ၏။

အိမ်ဂေဟာအား အစောင့်အရှောက်မဲ့စွာဖြင့် ပစ်ထားပြီး တခြားရပ်ဝေး နေရာများသို့ မုကျင်း ထွက်သွားလိမ့်မည် မဟုတ်ဟု တွေးလိုက်မိ၏။

အထူးသဖြင့်. . .

ယခုလို ညဘက်တွင် တစ်နေရာသို့ သွားနေခဲ့လျှင်လည်း ပြန်လာသင့်သော အချိန် ဖြစ်လေသည်။

မုကျင်း ပြန်လာမည့်အချိန်ကို စောင့်ရင်း ဝမ်းရှက ဧည့်ခန်းအတွင်းသို့ ဟိုသည်လျှောက်ကြည့်မိလေသည်။

ထိုသို့ ကြည့်မိသည့်အတွက် သူ့တွင် အကျိုးကျေးဇူးများစွာ ဖြစ်သွား၏။

ကျောက်ပြားတစ်ချပ်ဖြင့် ဖုံးအုပ်ထားသော်လည်း အနည်းငယ် လွဲချော်နေသဖြင့် အဝကျယ်အပေါက်တစ်ခုကို မြင်တွေ့ရခြင်း ဖြစ်သည်။

"ဝေါ"

"ကျွီ"

ဝမ်းရှက ကျောက်ပြားကို တွန်းဖယ်လိုက်၏။

ထိုအခါ. . .

မြေအောက်သို့ ဆင်းသည့် လှေကားထစ်များကို တွေ့လိုက်ရလေသည်။

☆ ☆ ☆



မြေအောက်ခန်းသို့ ဆင်းသော တံခါးပေါက်ကို တွေ့လိုက်ရသဖြင့် ဝမ်းရှ အံ့သြသွားလေသည်။

"ဟင်"

သူ အလွန်ပင် စိတ်ဝင်စားသွားသည်။

မုကျင်းနှင့် မြေအောက်ခန်းသို့ ဆင်းသော လျှို့ဝှက်ပေါက်တို့ မည်သို့ ဆက်စပ်နေသနည်း။

ဝမ်းရှ စူးစမ်းလိုစိတ်များ ဖြစ်လာသည်။

"အို. . . ဘာပဲဖြစ်ဖြစ် ဆင်းကြည့်ရင် ကောင်းမယ်"

ဝမ်းရှသည် တစ်ကိုယ်တည်း ရေရွတ်ရင်း မြေအောက်သို့ ဆင်းသည့် လှေကားအတိုင်း သတိကြီးစွာထားပြီး ဆင်းလာလေသည်။

အုတ်လှေကားထစ်များ အဆုံးသို့ ရောက်သောအခါ မြေအောက်ခန်းတစ်ခုသာ မဟုတ်ဘဲ ရှည်လျားသော ဥမင်လိုဏ်ခေါင်းတစ်ခု ဖြစ်ကြောင်း တွေ့ရသည်။

ဝမ်းရှ အံ့သြသွားသည်။

အဘယ်ကြောင့်ဆိုသော် လိုဏ်ခေါင်းတစ်လျှောက်တွင်လည်း ဆီမီးခွက်များ စီစီရီရီ ထွန်းညှိထားသည်ကို တွေ့ရခြင်းကြောင့် ဖြစ်၏။

လိုဏ်ခေါင်းမှာလည်း အလွန်ပင် ရှည်လျားလွန်းလှပေသည်။

ထိုရှည်လျားသော လိုဏ်ခေါင်းတစ်လျှောက်လုံး ဆီမီးခွက်များ ထွန်းညှိထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်. . .

သူ့အနီးအနားရှိ ဝန်းကျင်တစ်ခုလုံးမှာ အနည်းငယ် လင်းကျင်းနေ၏။

"ဟင်း"

ဝမ်းရှ သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက်. . .

မျက်နှာအား လက်ဝါးဖြင့် ပွတ်သပ်ကာ အတန်ကြာ စဉ်းစားနေမိ၏။

ယခု. . .

မြေအောက်ဥမင်လိုဏ်ခေါင်း၊ ဓားဝယ်မည်ဆိုပြီး မဝယ်ဖြစ်သော မုကျင်း။

ဓား ဝယ်သွားသူ။

ဇာမဏီအာမခံဌာနပိုင်ရှင် ယန်ယိထင်း သေဆုံးသွားသောအဖြစ်။

ဇက်ရာဖြင့် လဲကျနေသော ယန်ယိထင်း၏ဘေးနားတွင် တွေ့ရသော သူ၏လက်နက် ဖြစ်သည့် သံမဏိဓားပျော့။

ထို့အပြင်. . .

သူ့အား အထင်လွဲမှားပြီး တိုက်ခိုက်သော ဝတ်စုံနီဝတ်ဆင်ထားသူများ။

သူ ဆက်မစဉ်းစား လိုတော့ချေ။

သူ့ခေါင်းများ ရှုပ်ထွေးလာ၏။

သူတွေ့ကြုံခဲ့သည့် အခြေအနေအားလုံးသည် သူ၏



စိတ်အတွေးအာရုံများ အားလုံးကို ရှုပ်ထွေးစေလေသည်။

ထို့ကြောင့်. . .

သူဆက်မတွေးတော့ခြင်း ဖြစ်သည်။

ယခု. . .

သူ မုကျင်းအား လာရောက်ရှာဖွေသည်။

မုကျင်းအား မတွေ့ရဘဲ မြေအောက်လိုဏ်ခေါင်းကိုသာ တွေ့ရ၏။

သူက ထိုလိုဏ်ခေါင်းအတိုင်း ဆက်၍ လျှောက်သွားရမည်လော။

သို့မဟုတ်. . .

အပေါ်သို့ဘဲ ပြန်တက်ရမည်လော။

သူ မည်ကဲ့သို့ ပြုလုပ်ရမှန်း မသိအောင် ဖြစ်နေပေသည်။

လိုဏ်ခေါင်းအတိုင်း ဆက်လိုက်သွားလျှင် မည်သို့ ဖြစ်လာမည်နည်း။

မည်သူနှင့် ရင်ဆိုင်ရမည်နည်း။

မည်သို့သော အန္တရာယ်မျိုးနှင့် ကြုံတွေ့လာရမည်နည်း။

ကံကြမ္မာ အလှည့်အပြောင်းမှာ မည်ကဲ့သို့ ရှိလာမည်နည်း။

"ဟင်း"

ဝမ်းရှ သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းတစ်ချက်ကုတ်လိုက်မိ၏။

သူ ဆက်မစဉ်းစားချင်တော့ပေ။

သို့သော်. . .

လတ်တလော ချန်အန်းမြို့၌ ဖြစ်ပွားနေသော အဖြစ်အပျက်များသည် မှုကျင်းနှင့်သော်လည်းကောင်း၊ မြေအောက်လိုဏ်ခေါင်းနှင့်သော်လည်းကောင်း တစ်နည်းနည်းနှင့် ဆက်နွယ်ပတ်သက်လိမ့်မည်ဟု ယုံကြည်မိ၏။

သူ့သံသယက ပိုမိုခိုင်မာလာ၏။

ထို့ကြောင့်. .

သူက လိုဏ်ခေါင်း၏ အတွင်းဘက်သို့ ဆက်လတ်လျှောက်သွားလိုက်၏။

လိုဏ်ခေါင်းမှာ ရှည်လျားလွန်းလှသည်။

အနိမ့်အမြင့် အကွေ့အကောက်လည်း များပြားလာသည်။

ဝမ်းရှုက ဆက်လျှောက်လာခဲ့သည်။

သူက ဘေးဘက်တွင် အခန်းရှိလိုရှိညား ရှာကြည့်လိုက်၏။

သို့သော်. . .

မြေအောက်လိုဏ်ခေါင်းတစ်လျှောက် မြေအောက်ခန်းတစ်ခန်းမျှ မတွေ့ရချေ။

မည်သည့် ပစ္စည်းပစ္စယမျှလည်း သူ မတွေ့ရပါချေ။

မည်သည့် အကွေ့အကောက်တွင် ဟန့်တားသူနှင့်



တွေ့မည်၊ မည်သည့် နေရာတွင် တိုက်ခိုက်ခြင်း ခံရမည်လဲဟု တွေးမိသည်။

ထို့ကြောင့်. . .

ဝမ်းရှုသည် ခြေလှမ်းတိုင်းကို သတိထား၍ လျှောက်လှမ်းလာခဲ့သည်။

မကြာမီ. . .

သူသည် ဥမင်လိုဏ်ခေါင်း အဆုံးသို့ ရောက်ရှိလာသည်။

ထိုအခါ. . .

အပေါ်သို့ တက်သည့် လှေကားတံခါးကို တွေ့လိုက်ရသည်။

သူက မတက်သေးချေ။

အပေါ်သို့ မျှော်ကြည့်လိုက်၏။

ဤနေရာသည် ဥမင်လိုဏ်ခေါင်း၏ ခရီးလမ်းဆုံး ဖြစ်ပေသည်။

ယခု. . .

ဝမ်းရှုသည် ဤလိုဏ်ခေါင်းမှာ တစ်နေရာမှ တစ်နေရာသို့ လျှို့ဝှက်စွာ သွားလာနိုင်ရန် ဖောက်လုပ်ထားခြင်းပင် ဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်သည်။

လျှို့ဝှက်ချက် တစ်ခုခုတော့ ရှိရမည်ဟုလည်း သိလိုက်၏။

သူက လှေကားထစ်များအတိုင်း လှမ်းတက်သွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ထိုအခါ. . .

သူ၏ရှေ့တွင် တံခါးတစ်ချပ်ကို တွေ့ရလေသည်။

သူက တံခါးကို တွန်းဖွင့်လိုက်သည်။

"ဝုန်း"

"ကျွီ"

တံခါးပွင့်သွားလေသည်။

ဝမ်းရှ အပေါ်သို့ တက်လိုက်သည်။

ထိုအခါ. . .

သူ့အား စူးစိုက်၍ ကြည့်နေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရလေတော့သည်။

☆ ☆ ☆



ည. . .။

ညသည် ပို၍ သိပ်သည်းလာသည်။

လေနုလေအေးများကလည်း တသုန်သုန် တိုက်ခတ်နေလေသည်။

ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်နေ၏။

ဘုံကျောင်းပျက်အတွင်း၌ လူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် စူးရဲစွာဖြင့် အမြန်အလျှံ စိုက်ကြည့်နေကြလေသည်။

ထိုအတူ. . .

သူတို့သည် လုံးဝ မလှုပ်ရှားကြဘဲ ငြိမ်သက်နေကြ၏။

မုန်တိုင်းမလာမီ လေ၏တိတ်ဆိတ်ငြိမ်သက်ခြင်းမျိုး ဖြစ်လေသည်။

ထိုမျက်နှာချင်းဆိုင် ရပ်နေသော သူနှစ်ယောက်မှာ ဝမ်းရှနှင့် ရွှေရောင်မျက်နှာဖုံးစွပ်ထားသူတို့ပင် ဖြစ်လေသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ငြိမ်သက်စွာ စိုက်ကြည့်နေ၏။

သို့သော်. . .

သူတို့နှစ်ယောက်သည် လိုအပ်လျှင် တိုက်ခိုက်နိုင်ရန်အတွက် အတွင်းအားများကို စုစည်းထားလေသည်။

တစ်ယောက်က တိုက်ခိုက်လာလျှင် တစ်ယောက် တုံ့ပြန်နိုင်ရန် ပြင်ဆင်ထား၏။

မည်သို့ဆိုစေ၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် အချိန်ကြာမြင့်သည့်တိုင်အောင် တိုက်ခိုက်ခြင်း မရှိဘဲ ငြိမ်သက်မြဲ ငြိမ်သက်နေ၏။

ထိုအခါ. . .

နောက်ဆုံးတွင် တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်တော့သော ဝမ်းရှုက ရွှေရောင်မျက်နှာဖုံးနှင့်လူကို လှမ်းမေးလိုက်၏။

ထိုမေးခွန်းမှာ. . .

"ခင်ဗျားက ဘယ်သူလဲ"

ဟူသော မေးခွန်းမျိုး မဟုတ်ပါချေ။

ရွှေရောင်မျက်နှာဖုံးနှင့်လူ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှု၊ မုကျင်း၏အိမ်နှင့် ဆက်သွယ်ထားသော လှို့ဝှက်လိုဏ်ခေါင်းကို ဆက်စပ်ကြည့်ရှုမှုဖြင့် ရွှေရောင်မျက်နှာဖုံးစွပ်နှင့်လူသည် မည်သူ ဖြစ်နေကြောင်း သိနေသောကြောင့်ပင် ဖြစ်သည်။

သူမေးလိုက်သည်မှာ. . .

"ခင်ဗျား ဘာကြောင့် ကျုပ်နာမည်ကို အသုံးချနေရတာလဲ"

ယန်ယိထင်းအား သတ်ခဲ့သည့် ကိစ္စတွင် သူသတ်သည်ဟု ထင်အောင် ပုံမှားရိုက်ခဲ့သောကြောင့် မေးခြင်း ဖြစ်ကြောင်း ရွှေရောင်မျက်နှာဖုံးရှင်က နားလည်လိုက်၏။

သို့သော်. . .

အခြေအနေအရ အမှန်အတိုင်း ပြောရန် မသင့်သေးဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်. . .



နားမလည်ဟန်ဖြင့် မေးလိုက်သည်။

"မင်း ဘာတွေ လာမေးနေတာလဲ၊ ငါနားမလည်ဘူး"

ဝမ်းရှု ရှေ့သို့ တိုးလိုက်သည်။

ထို့နောက်. . .

ရွှေရောင်မျက်နှာဖုံးရှင်အား ကြည့်လိုက်ပြီး ခံပြင်းစွာဖြင့် ပြောလိုက်လေသည်။

"ခင်ဗျားဟာ လူယုတ်မာပဲဗျ။ ကိုယ်လုပ်တဲ့ ပြဿနာကို ကိုယ်ဖြေရှင်းရဲရတယ်ဗျ၊ ဘာမှမဟုတ်တဲ့ အသုံးချပြီး ရှောင်မထွက်ရတော့ဘူး"

ထိုအခါ. . .

ရွှေရောင်မျက်နှာဖုံးနှင့်လူ၏ မျက်လုံးများ နီရဲလာလေသည်။

သူက ဝမ်းရှုအား စိုက်ကြည့်လိုက်သည်။

"တော်စမ်း မင်း ငါ့ကို ပြောစရာ မလိုဘူး၊ ငါ့အလုပ်ကို ငါနားလည်တယ်၊ မင်းပြဿနာကို မင်းဘာသာ ရှင်းပါ"

ဝမ်းရှု နှာခေါင်းရှုံ့လိုက်သည်။

"ဘာပြဿနာလဲ၊ အဲသည် ပြဿနာက ခင်ဗျားလုပ်ကြံတဲ့ ပြဿနာပဲ၊ ကျုပ်လုပ်ထားတဲ့ ပြဿနာမှ မဟုတ်တာ"

ရွှေရောင်မျက်နှာဖုံးနှင့်လူ ခေါင်းခါယမ်းလိုက်သည်။

"ဒါက မင်းအပြောပဲကွ၊ ယန်ကျူးမေကတော့ သူ့အဖေကို သတ်တာ မင်းပဲလို့ သိနေတာ၊ သူ့အဖေဘေးမှာ တွေ့တဲ့ဓားကလဲ မင်းရဲ့လက်နက်ပဲ မဟုတ်လား၊ သည်တော့ မင်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောပြော ယုံမှာမဟုတ်ဘူး"

ဝမ်းရှ၏နှုတ်ခမ်းပေါ် တွင် လှောင်ပြုံးတစ်ခု ဖြစ်ပေါ်လာသည်။

ရွှေရောင်မျက်နှာဖုံးနှင့်လူကို မျက်တောင်မခတ်တမ်း စိုက်ကြည့်လိုက်သည်။

ထို့နောက်. . .

အေးစက်စက်လေသံဖြင့်. . .

"ခင်ဗျားက ဘာကြောင့် ဇာမဏီအာမခံဌာပိုင်ရှင် ယန်ယိထင်းကို သတ်ရတာလဲ"

ဟု မေးလိုက်သည်။

ရွှေရောင်မျက်နှာဖုံးနှင့်လူက စကားပြန်မပြောပါချေ။ ပါးစပ်ပိတ်ထား၏။

ဝမ်းရှ ဒေါပွသွား၏။

သူက ရှေ့တိုးကာ. . .

"ခင်ဗျား မဖြေဘူးလား"

ဟု ရွှေရောင်မျက်နှာဖုံးရှင်နှင့်လူအား အော်ငေါက်လိုက်သည်။

ရွှေရောင်မျက်နှာဖုံးရှင်က နေမြဲတိုင်းနေ၏။

ဝမ်းရှက. . .

"ခင်ဗျားကို မေးနေတယ်လေ"

ဟု အော်ငေါက်လိုက်ပြန်သည်။

ထိုအခါ. . .



ရွှေရောင်မျက်နှာဖုံးနှင့်လူက လှုပ်ရှားခြင်း စတင်သာလေသည်။

သူသည် သူ၏လက်နှစ်ဖက်ကို ဆန့်တန်းထားလိုက်လေသည်။

ခြေတစ်ဖက်ကို ကွေးညွတ်လိုက်၏။

တစ်ဆက်တည်း ကျန်ခြေတစ်ဖက်ကို ဆန့်တန်းထားလိုက်၏။

ထို့နောက်. . .

ခြေတစ်ဖက်ကို ကွေးညွတ်လျက် ခြေတစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး လက်နှစ်ဖက်ကို နိမ့်ချည်မြင့်ချည် လှုပ်ရှားလိုက်လေသည်။

"ဟင်"

ထိုအခြင်းအရာကို မြင်လိုက်ရသောအခါ ဝမ်းရှ အံ့သြသွား၏။

ထိုသိုင်းကွက်ကို သူသိထား၏။

ဤသိုင်းကွက်မျိုးသည် သိုင်းလောကတွင် မြင်တွေ့ရခဲလှသော စွန်အစာသုတ်သိုင်းကွက် ဖြစ်လေသည်။

သာမန်တွင် ရိုးစင်းသော သိုင်းကွက် ဖြစ်သည်ဟု ထင်ရသည်။

သို့သော်. . .

အတွင်းအားအလွန်ကောင်းသော လူက အသုံးပြုသောအခါ ကြောက်မက်ဖွယ်ရာ ကောင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှကခန္ဓာကိုယ်ကို အသာပင် နှိမ့်ချလိုက်လေသည်။

သူ့ဘက်ကလည်း မျက်နှာဖုံးရှင်အား တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

ရွှေရောင်မျက်နှာဖုံးရှင်က ဝမ်းရှအား ကြည့်လိုက်၏။

ထို့နောက်. . .

သူက မဲ့ပြုံးပြုံးလိုက်၏။

"မင်းသိပ်သိချင်တဲ့ မေးခွန်းကို ငါအဖြေမပေးနိုင်ဘူး။ တမလွန်ရောက်မှပဲ ယန်ယီထင်းကို မေးပေတော့"

ဟု ပြော၏။

တစ်ဆက်တည်းပင်. . .

"ယား"

ဟု ညာသံပေးလိုက်၏။

"ဝှီး. . . ဝှီး"

ရွှေရောင်မျက်နှာဖုံးနှင့်လူက မာန်သွင်းကာ အော်ဟစ်လိုက်သည်။

ထို့နောက်. . .

ဆန့်တန်းထားသော လက်နှစ်ဖက်သည် အရှိန်အဟုန်ပြင်းစွာ ပြေးကပ်သွားရာ ကျယ်လောင်သော လေတိုးသံများ ထွက်ပေါ်လာသည်။

"ဟူး"

"ဝှီး. . . ဝှီး"

"ဝှီး. . . ဝှီး"



တစ်ဆက်တည်းပင်. . .

မျက်နှာဖုံးရှင်၏ခန္ဓာကိုယ် မြောက်တက်သွား၏။

သူက ဝမ်းရှအား ခုန်အုပ်လိုက်သည်။

"ဟူး"

ဤသို့ တိုက်ခိုက်မည်ကို ဝမ်းရှက ကြိုတင်မျှော်လင့်ထားသည်။

ထို့ကြောင့် သူက ခန္ဓာကိုယ်ကို ရှေ့သို့ ငိုက်ချလိုက်လေသည်။

ဘေးဘက်သို့လည်း လှိမ့်ရှောင်လိုက်သည်။

ထို့နောက်. . .

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အလွတ်မပေးတြတော့ဘဲ ပြင်းထန်စွာ တိုက်ခိုက်နေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## အသုံးချခံရသူ

ဝမ်းရှသည် မျက်နှာဖုံးရှင်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေ၏။

မျက်နှာဖုံးရှင်မှာ ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်နေသည်။

သူ၏ သိုင်းကွက်များသည် ထူးခြားထက်မြက်ပြီး ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေ၏။

အမှန်တော့ ဝမ်းရှမှာ ဓားသမားတစ်ယောက် ဖြစ်လေသည်။

ဓားပညာတွင် ပြိုင်ဘက်ကင်းသူ ဖြစ်သော်လည်း သူ၏ 'လက်နက်မဲ့' ပညာကား ဓားပညာကဲ့သို့ ပြိုင်ဘက်ကင်း အဆင့်မျိုး မရှိခဲ့ပါချေ။

ထို့ကြောင့် မျက်နှာဖုံးရှင်နှင့် ယှဉ်ပြိုင်လိုက်သောအခါ အခက်ကြုံတွေ့သွားရခြင်း ဖြစ်သည်။



မျက်နှာဖုံးရှင်၏ လက်နက်မဲ့ သိုင်းပညာကလည်း အလွန်ထူးခြားထက်မြက်နေသည် မဟုတ်ပါလား။

သူ၏သိုင်းကွက်များက ဝမ်းရှအား ကောင်းကောင်းကြီး ဒုက္ခပေးနေတော့သည်။

ဝမ်းရှ၏တစ်ကိုယ်လုံး ချွေးများ စို့စွဲလာလေသည်။

မျက်နှာဖုံးရှင်အား ပြန်လည်တိုက်ခိုက်ဖို့ မဆိုထားနှင့် ခုခံရန်ပင် တစ်စထက်တစ်စ ခဲယဉ်းလာနေပြီ မဟုတ်ပါလား။

"မထူးတော့ဘူး သူ့သေကိုယ်သေ ရင်ဆိုင်ရတော့မှာပဲ"

ဝမ်းရှ အံကြိတ်လိုက်သည်။

လက်ဝါးနှစ်ဘက်၌ အတွင်းအား စုစည်းကာ အကြောက်အကန် ရန်ဆိုင်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုသည်လည်း အလွန်ပြင်းထန်လာလေတော့သည်။

"ဟား. . . ဟား. . . ဟား"

မျက်နှာဖုံးရှင် ဟဟားဟား ရယ်မောလိုက်လေသည်။

"မင်း ဘယ်ဆိုးလို့လဲ၊ ဒါပေမယ့် လက်နက်မဲ့သိုင်းပညာမှာ ကျုပ်ကို မယှဉ်နိုင်သေးပါဘူး"

ဟု ပြောရင်း သိုင်းကွက်ပြောင်းလဲလိုက်ရာ ချက်ချင်းပင် အထက်စီး အနေအထားသို့ ရောက်ရှိသွားတော့သည်။

ဝမ်းရှမှာ ပြန်လည်တိုက်ခိုက်ဖို့ မဆိုထားနှင့် မနည်းပင် ခုခံနေရတော့သည်။

မျက်နှာဖုံးရှင်၏ တိုက်ကွက်များက ခပ်စိပ်စိပ် ရေပက်

www.burmeseclassic.com

www.burmeseclassic.com



မဝင် ဖြစ်လာလေသည်။

ဝမ်းရှ သတိထားနေသည့်တိုင်အောင်. . .

"သွားစမ်း"

မျက်နှာဖုံးရှင်က ဂုက်ကြီးတစ်ကောင်ပမာ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ဝေ့ယမ်းရိုက်ထုတ်လိုက်လျှင်. . .

"ဝုန်း"

ဝမ်းရှ လွင့်စဉ်သွားလေတော့သည်။

"ဟား. . . ဟား. . . ဟား"

မျက်နှာဖုံးရှင်က ဟားတိုက်ရယ်မောလိုက်သော်လည်း ဆက်၍ တိုက်ခိုက်ခြင်းမပြုဘဲ နောက်ဆုတ်လိုက်၏။

ထိုသို့ ဆက်၍ တိုက်ခိုက်ခြင်း မပြု၍လည်း ဝမ်းရှ ကံကောင်းသွားခြင်း ဖြစ်လေသည်။

ဝမ်းရှ တပျာကယာ လူးလိမ့်ထလိုက်သည်။

နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို သုတ်ရင်း မျက်နှာဖုံးအား ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေ သည်။

မျက်နှာဖုံးရှင် ခေါင်းခါယမ်းလိုက်သည်။

"မင်း ကျုပ်ကို မယှဉ်နိုင်ပါဘူးလေ"

ဝမ်းရှက. . .

"စိတ်ချ၊ ကျုပ်က ခင်ဗျားကို အနိုင်ရအောင် တိုက်ခိုက်သွားမှာပဲ"

ရှေ့တိုးပြီး မျက်နှာဖုံးရှင်အား တိုက်ခိုက်လိုက်လေသည်။



"ဟူး"

မျက်နှာဖုံးရှင်က ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်တိမ်းလိုက်လေသည်။

မျက်နှာဖုံးရှင်သည် ဝမ်းရှ၏မြင်ကွင်းမှ ရုပ်ခနဲ ပျောက်ကွယ်သွားလေသည်။

"ဟင်"

ဝမ်းရှ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုအချိန်မှာပင် သူ၏နောက်ကျောဘက်မှ အေးစိမ့်သော စကားသံ ထွက်ပေါ်လာလေသည်။

"ကျုပ်သတ်ပစ်ချင်တယ်ဆိုရင် မင်း အချိန်မရွေး သေဆုံးသွားနိုင်တယ်ဆိုတာ မှတ်ထားပါ"

ဝမ်းရှ၏တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။

သူသေဆုံးသွားရတော့မည်ဟုလည်း ခံစားလိုက်ရ၏။

သို့သော် မျက်နှာဖုံးရှင်က တိုက်ခိုက်လာခြင်း မရှိချေ။

"မင်းဟာ ငါ့အတွက် အသုံးဝင်နေသေးတယ်၊ မင်းကို အသုံးချပြီး ငါလုပ်ချင်တာတွေ လုပ်ရဦးမယ်၊ ဒါကြောင့် မင်း အသက်ရှင်နေရဦးမယ်"

ဝမ်းရှ အော်ပြောလိုက်သည်။

"ကျုပ်ကို အခုချက်ချင်း သတ်ပစ်လိုက်စမ်းပါ၊ ကျုပ် မကြောက်သေးဘူးဗျ"

မျက်နှာဖုံးရှင် ရယ်မောလိုက်သည်။

"မပူပါနဲ့လေ၊ ကျုပ်ကအတွက် အဟန့်အတား အနှောင့်

www.burmeseclassic.com

www.burmeseclassic.com



အယုက် ဖြစ်လာပြီ ဆိုတာနဲ့ မင်းသေရမှာပါ"

ဝမ်းရှသည် လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ချာခနဲလှည့်ပြီး တဟုန်ထိုး တိုက်ခိုက်ဖို့ အားယူလိုက်သည်။

မျက်နှာဖုံးရှင်က. . .

"ခုတော့ အသက်ရှင်ခွင့် ရနေသေးတာ ကံကောင်းတယ် မှတ်ပေတော့"

သူ၏စကားသံက အနည်းငယ် အလှမ်းကွာသွားသည်ဟု ဝမ်းရှ ထင်မှတ်လိုက်၏။

ဝမ်းရှ ချာခနဲ နောက်လှည့်လိုက်သည်။

ထိုအခါ. . .

ဘာကိုမှ အမှုမထားဘဲ ဘုံကျောင်းထဲမှ တစ်လှမ်းချင်း လှမ်းထွက်သွားနေသော မျက်နှာဖုံးရှင်အား တွေ့လိုက်ရလေသည်။

ဝမ်းရှ ငေးငိုင်သွားသည်။

မျက်နှာဖုံးရှင်အား ငေးမောကြည့်နေလိုက်မိသည်။

မျက်နှာဖုံးရှင်မှာ တလှမ်းချင်း လှမ်းသွားရင်း ဘုံကျောင်းအပြင်ဘက် အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

☆ ☆ ☆



ည. . .။

ညသည် မှောင်မည်းတိတ်ဆိတ်နေသည်။

လရောင် မရှိသဖြင့် မှောင်မိုက်နေသည်။

ကောင်းကင်ပေါ်၌ ကြယ်ကလေးများကတော့ လင်းလက်နေပါသေး၏။

ညက မှောင်မိုက်နေသဖြင့် မြို့တွင်းရှိ လမ်းများပေါ်၌ လူသွားလူလာပြတ်ကာ လူရှင်းနေပြီ ဖြစ်သည်။

လူနေအိမ်များ၊ ဈေးဆိုင်များလည်း တံခါးပိတ်၊ မီးမှိတ်ထားကြပြီ ဖြစ်လေသည်။

ယန်ဂေဟာ. . .။

ယန်ဂေဟာ၌မူ ဆန့်ကျင်ဘက်အသွင် မီးရောင်များ ထိန်ထိန်လင်းနေ၏။

မီးလင်းနေသကဲ့သို့ အစောင့်များကလည်း တာဝန်အတိုင်း စောင့်ကြပ်နေကြလေသည်။

ယန်ဂေဟာ သခင်မလေး ယန်ကျူးမေလည်း အနားယူနိုင်ခြင်း မရှိသေးပါ။

သောကဝေဒနာ ဖိစီးနှိပ်စက်မှုကြောင့် အိပ်စက်၍ မရအောင် ဖြစ်နေပါတော့သည်။

ဖခင်ကြီး လုပ်ကြံခံရချိန်မှစ၍ စားမရ အိပ်မရအောင် ဖြစ်နေခဲ့ခြင်းပင်။

ဤသည်ကို ပုဖျောက်က မကြည့်ရက်တော့ပါ။

သူက သခင်မလေး ယန်ကျူးမေအား ဖျောင်းဖျနှစ်သိမ့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

"သခင်မလေး ပင်ပန်းလှပါပြီ၊ အနားယူလိုက်တာ အကောင်းဆုံး ဖြစ်မှာပါ၊ တော်ကြာ သခင်မလေးပါ ဖျားနာပြီး အိပ်ရာထဲ လဲသွားမှာကို စိုးရိမ်ရပါတယ်"

ထို့အတူ ဒေါ်လေးစုကလည်း နှစ်သိမ့်လေသည်။

"အိပ်လည်းမအိပ်၊ စားလည်းမစား၊ ကြာရင် ဒုက္ခရောက်သွားပါလိမ့်မယ် သခင်မလေး၊ သခင်ကြီး အခြေအနေက တိုးတက်ကောင်းမွန်နေပြီပဲ၊ သည်လောက်လည်း စိုးရိမ်မနေပါနဲ့တော့နော်"

ယန်ကျူးမေက ဘယ်သူပြောပြော အနားယူဖို့ကိုလက်မခံဘဲ ငြင်းဆန်နေခဲ့လေသည်။

"ကျွန်မအနားယူလို့ မဖြစ်သေးဘူး"

သူမသည် ဖခင်ကြီးကို ကြည့်လိုက်၊ အိမ်ရှေ့သို့ သွားကာ သမားတော်ကြီးကို မျှော်လိုက်ဖြင့် ဗျာများနေပါတော့သည်။

ဝေဒနာခံစားနေရသော ဖခင်ကြီးအား တွေ့မြင်ရချိန်၌ သူမ ခံပြင်းနာကျည်းစွာ တက်ခေါက်မိလေသည်။

တစ်ကြိမ်တခါမျှ မတွေ့ဖူး၊ မမြင်ဖူးသော 'သံမဏိမားပျော့' ဝမ်းရှုကိုလည်း ဒေါသထွက်၍ မဆုံး ဖြစ်ရလေသည်။

"တောက်. . . ရှင့်ကို ကျွန်မသတ်ပစ်မယ်ဆိုတာ မှတ်ထားပါ"

ဟု ထပ်ကာတလဲလဲ ကြုံးဝါးမိလေသည်။

အကယ်၍ သူမ၏ဖခင်ကြီးသာ သေဆုံးသွားခဲ့မည်ဆို



ပါလျှင် သို့မဟုတ် ဖခင်ကြီး ဝေဒနာ သက်သာပျောက်ကင်းပြီး လူကောင်းပကတိ ပြန်ဖြစ်သွားမည် ဆိုပါလျှင်။

"ဝမ်းရှု၊ ရှင့်ရဲ့ခေါင်းနဲ့ ရှင့်ကို ပြန်သတ်ပစ်မယ်"

ဟု ကြုံးဝါးမိပြန်တော့သည်။

ယန်ကျူးမေတစ်ယောက်ထဲ ဗျာများနေစဉ် ပုဖျောက်က အလျင်စလို ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

"သခင်မလေး သမားတော် သွားပင့်တဲ့ အဖွဲ့က. . ."

သူ၏စကားမဆုံးမီ ယန်ကျူးမေက ဝမ်းသာအားရ ကြားဖြတ်မေးလိုက်လေသည်။

"သမားတော်ကြီး ပါလာတယ် မဟုတ်လားဟင်"

ပုဖျောက် ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်သွားလေသည်။

ယန်ကျူးမေက. . .

"သမားတော်ကြီး ပါလာတယ် မဟုတ်လား"

ဟု ထပ်မေးလိုက်သည်။

ပုဖျောက် မျက်နှာပျက်သွားကာ ဦးခေါင်းလည်း ခါယမ်းလိုက်လေသည်။

"ဘယ်လို ဖြစ်တာလဲ"

ယန်ကျူးမေ၏အသံက မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ပုဖျောက်က. . .

"စန်းထင်းတို့က ခြိမ်းခြောက်ပြီး ခေါ်လာတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီး လိုက်လာတယ်လို့ ပြောပါတယ် သခင်မလေး ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲရှင့်"

"သ. . . သမားတော်ကြီးဟာ. . ."

ပုဖျောက်၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားပြန်လေသည်။

ယန်ကျူးမေက. . .

"ဦးလေးပုဖျောက် ဘယ်လို ဖြစ်နေတာလဲ၊ သမားတော်ကြီး ပါလာပြီဆိုရင် အမြန်ဆုံးခေါ်ခဲ့လေ၊ ဖေဖေ့ကို ဆေးကုပေးဖို့ ဘယ်လောက် အရေးကြီးနေတယ်ဆိုတာ ဦးလေးသိတဲ့အတိုင်းပဲ"

ပုဖျောက်က. . .

"သ. . . သမားတော်ကြီးက ဆေး. . . ဆေးကုသပေးနိုင်တော့မှာ မဟုတ်ပါဘူး"

"ရှင်"

ယန်ကျူးမေ မျက်လုံးပြူးသွားလေသည်။

"ဘာဖြစ်လို့ ဆေးကုမပေးနိုင်တာလဲ ပြောပါဦး"

ပုဖျောက်က. . .

"သမားတော် သွားပင့်တဲ့အဖွဲ့ကို မြို့အဝင်မှာ ဝတ်စုံနက်တစ်ယောက်က တိုက်ခိုက်ခဲ့ပါတယ်၊ ဝတ်စုံနက်ရဲ့လက်ချက်နဲ့ အဖွဲ့သားအားလုံး အသတ်ခံလိုက်ရပါတယ်"

"ဒါ. . ."



"စန်းထင်းတစ်ယောက်ပဲ ဒဏ်ရာတွေနဲ့ ထွက်မြေးလွတ်မြောက်လာပါတယ်"

"သမားတော်ကြီးကကော"

"သမားတော်ကြီးလည်း ဝတ်စုံနက်လက်ချက်နဲ့ သေဆုံးသွားပါပြီ"

"တောက်"

ယန်ကျူးမေ ဒေါသချောင်းချောင်း ထွက်သွားတော့သည်။

ဝမ်းရှ၏ သံမဏိဓားပျော့ကိုလည်း တင်းကြပ်စွာ ဆုပ်ကိုင်လိုက်လေသည်။

သူမ ငှားရမ်းထားသည့် ကြေးစားနှစ်ယောက်ကို မေးလိုက်၏။

"ဓားကွေးယိကျန်းနဲ့ သံလက်ဝါးလောက်ဗွီးတို့ဆီက တော ဘာသတင်းများ ကြားသေးသလဲ"

ပုဖျောက်က. . .

"ခုချိန်အထိတော့ ဘာသတင်းမှ မကြားသေးပါဘူး"

ယန်ကျူးမေက. . .

"အဲသည် ကြေးစားနှစ်ယောက်က ဝမ်းရှကို သတ်ပစ်နိုင်ပါ့မလား"

ပုဖျောက်က. . .

"သူတို့က ဝမ်းရှကို မသတ်နိုင်ရင်တော့ ဝမ်းရှက သူတို့ကို သတ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျူးမေ တွေဝေသွားလေသည်။

ပုဖျောက်လည်း ခေါင်းငုံ့ထားလိုက်သည်။

သူက ယန်ကျူးမေ အခက်ကြုံနေသည်ကို စာနာနား လည်ပြီး သူကိုယ်တိုင်လည်း ဘာမှမတတ်နိုင်သဖြင့် စိတ်မ ကောင်း ဖြစ်နေမိလေသည်။

ထိုစဉ်. . .

ပုဖျောက်က အမှတ်မထင် ယန်ယိထင်းအား ကြည့် လိုက်မိ၏။

ထိုတဒင်္ဂအချိန်အတွင်း အခန်းတွင်း၌ အပ်ကျသံကြား ရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ယန်ယိထင်းကလည်း မလှုပ်မယှက် ရှိနေသည်။

ယန်ယိထင်းထံမှ အသက်ရှူသံ မကြားရတော့ပါ။

တုတ်တုတ်မျှလည်း မလှုပ်ဘဲ ငြိမ်သက်နေခြင်းကြောင့်

"ဒုက္ခပဲ၊ အသက်မှ ရှိသေးရဲ့လား"

ပုဖျောက် အလန့်တကြား ဖြစ်သွားလေသည်။

ရှေ့သို့ ဆတ်ခနဲ တိုးကာ သေသေချာချာ စစ်ဆေးကြည့် လိုက်သည်။

ယန်ယိထင်းမှာ အသက်ကင်းမဲ့ကာ တောင့်တောင့်ကြီး ဖြစ်နေပြီတကား. . .

"ဟာ"

ပုဖျောက် ဗလုံးဗထွေး အော်လိုက်လေသည်။

ယန်ကျူးမေလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။



"ဦးလေးပုဖျောက်၊ ဖေဖေ ဘာဖြစ်လို့လဲဟင်"

မေးရင်း ရှေ့တိုးလာလေသည်။

ပုဖျောက်က. . .

"သ. . . သခင်ကြီး"

"ဖေဖေ ကွယ်လွန်သွားပြီ ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် သခင်မလေး"

"ဖေဖေ"

ယန်ကျူးမေ မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ချုံးပွဲချ ငိုကြွေးလိုက်လေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်သောမိန်းကလေး

တစ်ညတာ အချိန် ကုန်ဆုံးသွားတော့မည် ဖြစ်သည်။

အရှေ့ဘက်တွင် ရောင်နီများ သန်းလာနေပြီ ဖြစ်သည်။

ထိုအချိန်တွင် မိန်းကလေးတစ်ယောက်သည် ဖြို့လယ် လမ်းအတိုင်း ခပ်သွက်သွက် လျှောက်လာနေ၏။

သူမသည် ဓားတစ်လက်ကို ကျောပိုးထားပြီး တင်းမာ ခက်ထန်သော မျက်နှာထား ရှိနေသည်။

ထိုမိန်းကလေးကား ဒေါသပေါက်ကွဲနေသော ယန်ကျူး မေ ဖြစ်လေသည်။

သူမသည် မိုးမလင်းသေးမီ ဓားတစ်လက် ကျောပိုးကာ လမ်းမပေါ်သို့ အဘယ်ကြောင့် ရောက်ရှိလာပါသနည်း။

အမှန်တော့. . .

ယန်ကျူးမေသည် ဖခင်ကြီး သေဆုံးသွားပြီဟု သိလိုက် ရချိန်၌ သတိလစ်မေ့မြောသွားခဲ့လေသည်။



သူမ ပြန်လည်သတိရလာသောအခါ အိပ်ခန်းထဲရှိ ကု တင်တစ်လုံးပေါ်၌ ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

သူမသတိရလာသည်နှင့် ဖခင်ကြီး သေဆုံးသွားပြီဖြစ် သော အသိဝင်ရောက်လာလေသည်။

သူမ ကုတင်ပေါ်မှ ချက်ချင်းဆင်းလိုက်သည်။

အခန်းထဲမှ လှမ်းထွက်လိုက်သောအခါ ဖခင်ကြီး၏ အသုဘကိစ္စ ဆောင်ရွက်နေကြသော ပုဖျောက်တို့အား တွေ့ လိုက်ရလေသည်။

ဖခင်ကြီးအား ကောင်းမွန်စွာ သဂြိုလ်နိုင်ရေးအတွက် စိတ်ပူစရာ မလိုတော့ပါ။

သူမသည် ဆုံးဖြတ်ချက်တစ်ခုချကာ ဖခင်ကြီးအား စိတ် ထဲမှ ရှိခိုးဦးချလိုက်သည်။

ထို့နောက် ပုဖျောက်တို့ မရိပ်မိအောင် အိမ်ဂေဟာ အနောက်ဘက်သို့ ထွက်လာခဲ့လေသည်။

ဤနေရာ၌ သူမ ရှိနေ၍လည်း အကြောင်းထူးမည် မဟုတ်ပါ။

ဝမ်းရှကို ရှာဖွေသုတ်သင်နိုင်မှ အကြောင်းထူးလိမ့်မည် မဟုတ်ပါလား။

ပုဖျောက်က သူမအား တားဆီးမည်ကို သိထား၍ ဘယ် သူမှ မသိအောင် တိတ်တဆိတ် ထွက်သွားဖို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ဝမ်းရှ၏သံမဏိဓားပျော့ကို ယူပြီး ချက်ချင်းထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရာမှ လမ်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတော့သည်။

သူမ၏ခြေလှမ်းများ သွက်လက်မြန်ဆန်နေသည်။

ဝမ်းရှ တည်းခိုနေထိုင်မည်ဟု ယူဆထားသည့် တည်းခိုခန်းဆီသို့ ဦးတည်ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဝမ်းရှအား အသေသတ်ဖို့ကလွဲပြီး အခြားဘာကိုမျှ သူမ မသိတော့ပါ။

ရုတ်တရက်. . .

"ဟဲ့"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး မလှမ်းမကမ်းသို့ လူတစ်ယောက် ရောက်ရှိလာကာ ယန်ကျူးမေအား လမ်းပိတ်ထားလိုက်လေတော့သည်။

☆ ☆ ☆

ရုတ်တရက် လူတစ်ယောက် ရောက်ရှိလာပြီး လမ်းပိတ်ထားလိုက်သဖြင့် ယန်ကျူးမေ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုလူသည် အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ် ရုပ်ဖျက်ထားလေသည်။

ယန်ကျူးမေက. . .

"ဒါက ဘာသဘောလဲ"

ဝတ်စုံနက်က. . .



"လမ်းပိတ်ထားတာလေ"

ယန်ကျူးမေက. . .

"လမ်းဖယ်ပေးပါ"

ဝတ်စုံနက် ရယ်မောလိုက်သည်။

"လမ်းပိတ်ထားပါတယ်ဆိုမှ လမ်းဖယ်ပေးဖို့မှ မဟုတ်တာ၊ တစ်ခုတော့ ရှိတယ်၊ မင်း ဘာမှ မထိခိုက်ချင်ဘူး၊ အေးအေးဆေးဆေး ထွက်သွားချင်တယ်ဆိုရင်တော့ မင်းရဲ့ကျောပေါ်က ဓားကို ထားခဲ့ရလိမ့်မယ်"

"ဘာ"

"မင်းရဲ့ဓား ငါ့ကို ပေးပါ"

"ဘာကြောင့် ပေးရမှာလဲ"

"မင်းရဲ့ကျောပေါ်က ဓားဟာ ငါ့ရဲ့ဓား ဖြစ်နေလို့ပေါ့"

"ဟင်"

ယန်ကျူးမေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဝတ်စုံနက်အား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ရှင့်ရဲ့ဓား ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ရှင်ဟာ ဝမ်းရှပေါ့"

"ဟုတ်တယ်"

ဝတ်စုံနက်က သူ့ကိုယ်သူ ဝမ်းရှဟု ဝန်ခံလိုက်လေ၏။

ယန်ကျူးမေ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းရှဆိုရင် သေဖို့သာ ပြင်ထားပေတော့"

ယန်ကျူးမေက တိုက်ခိုက်ရန် တန်ပြင်လိုက်စဉ်မှာပင် ရယ်မောသံတစ်ချက် ထွက်ပေါ်လာလေသည်။

ရယ်သံဆုံးသွားလျှင် ယန်ကျူးမေနှင့် ဝတ်စုံနက်တို့ နှစ်ယောက်ကြားသို့ လူတစ်ယောက် ရောက်ရှိလာလေတော့သည်။

☆ ☆ ☆

ရယ်သံက ချိုလွင်နေ၏။

ယန်ကျူးမေ၏ ဒေါသစိတ်များ ရယ်သံကြောင့် လျော့ကျသွားရသည် ဆိုနိုင်၏။

ရောက်ရှိလာသူမှာ မိန်းကလေးတစ်ယောက် ဖြစ်သည်။

ဝမ်းရှနှင့် ပတ်သက်ခဲ့ပြီး ဝမ်းရှအား ကူညီနိုင်ရန် ကြိုးစားနေသော ယဉ်ယဉ် ဖြစ်လေသည်။

ဝတ်စုံနက် မကျေမနပ် ဖြစ်သွားလေသည်။

"မင်းက ဘာဝင်ရှုပ်ချင်တာလဲ"

ယဉ်ယဉ်က. . .

"ကျွန်မက ရှင့်ကို မေးစရာ ရှိလို့ပါ"

"ဘာ"

"ရှင်က ဝမ်းရှ ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့် မျက်နှာဖုံးချွတ်ပြီး ရှင့်မျက်နှာကို ပြပါလားရှင်"



"မင်း. . ."

"ဝမ်းရှဟာ သူရဲကောင်းတစ်ယောက်ပါ။ သတ္တိမရှိ သူ့ရဲဘောကြောင်ပြီး မျက်နှာမပြဝံ့တဲ့ လူတစ်ယောက်မှ မဟုတ်တာရှင့်"

ယဉ်ယဉ်၏စကားကြောင့် ဝတ်စုံနက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ယဉ်ယဉ်က. . .

"ရှင်က ဝမ်းရှဆိုရင် မျက်နှာပြဝံ့ရမှပေါ့"

ယန်ကျူးမေလည်း ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ရှင်မျက်နှာပြဝံ့ရမှာပေါ့။ ရှင်က ဝမ်းရှ ဟန်ဆောင်ထားတဲ့ လူတစ်ယောက်ဆိုရင် ဘယ်လိုလုပ်မလဲ ရှင့်"

ဝတ်စုံနက်က ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား၊ ကျုပ်က မျက်နှာဖုံးချွတ်ပြရမယ်၊ ဟုတ်လား၊ ကောင်းပြီ"

မျက်နှာဖုံး ချွတ်မလို့နှင့် လက်ကို မြှောက်လိုက်သည်။

သို့သော် မျက်နှာဖုံးစွပ်ကို မချွတ်ဘဲ ယဉ်ယဉ်အား တိုက်ခိုက်လိုက်လေသည်။

"ဟူး"

ယဉ်ယဉ်သည် ဝတ်စုံနက်က တိုက်ခိုက်လာမည်ကို နိုးမိထားသည့်အလား အသာအယာပင် ရှောင်တိမ်းပေးလိုက်လေသည်။ တစ်ဆက်တည်းပင်. . .

"ရှင်က မျက်နှာဖုံးစွပ် ချွတ်မပြရဲဘူး။ ကျွန်မကို တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်လိမ့်မယ်ဆိုတာ ကျွန်မရိပ်မိတာပေါ့ရှင်၊ ရှင်ဟာ ဝမ်းရှမဟုတ်ဘဲ ဟန်ဆောင်ထားတဲ့ လူတစ်ယောက်ဆိုတာလဲ ကျွန်မရိပ်မိတာပေါ့"

ဝတ်စုံနက် ဒေါသထွက်နေ၏။

ယဉ်ယဉ် ကြားဝင်လာသဖြင့် ယန်ကျူးမေထံမှ ဓားကိုရယူဖို့ အနှောင့်အယှက် ဖြစ်သွားသည် မဟုတ်ပါလား။

"သေဖို့ ပြင်ထား"

အော်ငေါက်ကာ ယဉ်ယဉ်အား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

သူ၏လက်ဝါးမှာ ညိုမည်းနေသည်။

ယဉ်ယဉ် လွတ်ခနဲ ပြောလိုက်သည်။

"ရှင်ဟာ 'သေမင်းလက်ဝါး'ပဲ၊ ဝမ်းရှမှ မဟုတ်တာဘဲ"

မှန်ပေသည်။ ဝတ်စုံနက်မှာ သေမင်းလက်ဝါး ဖြစ်နေပါတော့သည်။

ဝတ်စုံနက်က မြေပေါ် ခြေဆောင့်လိုက်ပြီး. . .

"အေး. . . ဟုတ်တယ်၊ ငါက အဆိပ်လက်ဝါးပဲ သေဖို့သာ ပြင်ပေတော့"

ဟု အော်ငေါက်ကာ အဆိပ်လက်ဝါးကို အသုံးပြုပြီး တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ယန်ကျူးမေက. . .

"ကျွန်မလည်း ရှိသေးတယ်ရှင့်"

အော်ငေါက်ရင်း ဓားဆွဲကာ ဝင်ရောက်တိုက်ခိုက်လိုက်



လေသည်။

ဝတ်စုံနက်မှာ ယဉ်ယဉ်ကို အာရုံရောက်နေရတား ယန်ကျူးမေက ဝင်ရောက်တိုက်ခိုက်လိုက်သဖြင့် ထင်ရာမစိုင်းနိုင်ဘဲဖြစ်သွား၏။

ဝတ်စုံနက်က ယန်ကျူးမေအပေါ် အာရုံရောက်သွားသည့် တဒင်္ဂအချိန်လေးမှာပင် ယဉ်ယဉ်က လျှပ်တပြက် တိုက်ခိုက်လိုက်လေသည်။ ဝတ်စုံနက် ရှောင်တိမ်းနိုင်ခြင်းမရှိဘဲ. . .

"ဂုန်း"

အဝေးသို့ လွင့်စဉ်သွားလေသည်။

"သေပေတော့"

ဒေါသတကြီး ဖြစ်နေသော ယန်ကျူးမေက ဓားဖြင့် ပစ်ပေါက်လိုက်လေသည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ဗျာများသွားသော ဝတ်စုံနက်မှာ မြေပေါ်လဲကျရာမှ ကပျာကယာ ပြန်လည်ခုန်ထလိုက်ချိန်တွင် ယန်ကျူးမေ ပစ်ပေါက်လိုက်သော ဓားက တိုးဝင်လာသည် ဖြစ်သော်လည်း အနည်းငယ် နောက်ကျသွားရကား ဓားသည် ဝတ်စုံနက်၏ရင်ဝ၌ ထိုးဖောက်စိုက်ဝင်သွားတော့သည်။

"အား"

ဝတ်စုံနက်(ဝါ)သေမင်းလက်ဝါး စူးရှစွာ အော်ဟစ်ရင်း မြေပေါ် ပြန်လည်လဲကျကာ မလှုပ်မယှက် ငြိမ်သက်သွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



သေမင်းလက်ဝါးသည် ရှုပ်ဖျက်ကာ ဝမ်းရှအသွင် ယန်ဆောင်ပြီး ယန်ကျူးမေထံမှ မဏာရ်ဓားပျော့ကို ရယူဖို့ ကြိုးစားခဲ့သော်လည်း ယဉ်ယဉ် ရောက်လာသဖြင့် မရမှုမလှ အရေးနိမ့်သွားတော့သည်။

ယဉ်ယဉ်က ယန်ကျူးမေတို့ စိုက်ကြည့်လိုက်ပြီး. . .

"ကျွန်မက ရှင့်အဖေ ယန်ယိထင်းကို သတ်တဲ့ တရားခံဟာ ဝမ်းရှ မဟုတ်ဘူးဆိုတာ ရှင်းပြချင်တယ်၊ ကျွန်မရှင်းပြတာကို ရှင်နားထောင်မလား"

ဟု မေးလိုက်လေသည်။

ယန်ကျူးမေ မျက်မှောင်ကုပ်သွား၏။

"ကျွန်မကတော့ ကျွန်မအဖေကို သတ်တဲ့လူဟာ ဝမ်းရှလို့ပဲ သိထားတာရှင်"

"ကျွန်မ ရှင်းပြမှာပါ"

"ကောင်းပြီလေ"

ယဉ်ယဉ်မှာ ရန်သူ မဟုတ်ဟု နားလည်မိသဖြင့် ယန်ကျူးမေက သဘောတူလိုက်လေသည်။

ယဉ်ယဉ်က. . .

"သိုင်းလောကမှာ ထင်ရှားတဲ့ ဆားအဘိုးအို ညီနောင်နှစ်ယောက်ရဲ့မြေး ဆားထင်းဟာ အစ်ကိုဝမ်းရှရဲ့ ကျော်ကြားမှုကို ကျော်လွှားချင်တာနဲ့ စိန်ခေါ် ယှဉ်ပြိုင်ခဲ့တယ်၊ အစ်ကိုဝမ်းရှက အမျိုးမျိုး ရှောင်တိမ်းခဲ့ပေမယ့်. . ."

ဝမ်းရှနှင့် ဆားထင်းတို့ ယှဉ်ပြိုင်ဖြစ်ခဲ့ပုံ၊ ဆားထင်း သေ



သွားပုံ၊ ဆားထင်းအတွက် အဘိုးအို နှစ်ယောက်က ဝမ်းရှကို ဆုံးမရန် လိုက်ရှာပုံ၊ ဝမ်းရှက နောက်ထပ် ပြဿနာများ မဖြစ်ပေါ် ရလေအောင် သိုင်းလောကကို ကျောခိုင်းကာ ဇာတ်မြှုပ်လိုက်ပုံများကို ရှင်းပြလိုက်လေသည်။

ယန်ကျူးမေက. . .

"ဝမ်းရှက ဆားအဘိုးအို နှစ်ယောက်ကို ရှောင်တိမ်းရင်း ကျွန်မတို့ နယ်ထဲကို ရောက်လာတာပေါ့ ဟုတ်လား"

ယဉ်ယဉ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဝမ်းရှက သူ့ရဲ့ ထင်ရှားလှတဲ့ မရဏာဓားပျော့ကိုပါ ရှောင်ချပြီး သိုင်းလောကနဲ့ ပတ်သက်တဲ့ထိရှအားလုံးကို မေ့ပစ်ဖို့ စီစဉ်ခဲ့တာ၊ ဒါပေမယ့် သူ့ရဲ့မရဏာဓားပျော့အကြောင်းကို သိနေတဲ့ လူတစ်ယောက်က ပြဿနာရှာပြီး ဝမ်းရှအပေါ် အပြစ်ပုံချခဲ့တာပါပဲ"

ယဉ်ကျူးမေသည် ယဉ်ယဉ် ရှင်းပြသည့် စကားများကို နားထောင်ပြီးလျှင်. . .

"ဒါဆို ဝမ်းရှဟာ ဓားစာခံ ဖြစ်ခဲ့ရတာပေါ့"

ဟု ပြောလိုက်သည်။

ယဉ်ယဉ်က. . .

"ဟုတ်ပါတယ်၊ သူဟာ မမျှော်လင့်ဘဲ အခက်အခဲတွေနဲ့ ကြုံတွေ့ခဲ့ရပြီး ဒုက္ခရောက်ခဲ့ရတာပါ၊ ရှင်က သိုင်းလောကထဲ ထွက်ပြီး သတင်းစုံစမ်းကြည့်ရင် ဝမ်းရှဟာ ဘယ်လိုလူစားမျိုးဆိုတာ သိရပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ယန်ကျူးမေ သက်ပြင်းချလိုက်လေသည်။

သူမ အနည်းငယ် စဉ်းစားပြီးလျှင်. . .

"ကျွန်မ အဖေကို သတ်တာ ဝမ်းရှု မဟုတ်ဘူးဆိုရင် ဘယ်သူ ဖြစ်မလဲ"

ယဉ်ယဉ်က. . .

"ကျွန်မတို့နှစ်ယောက် လက်တွဲပြီး လျှို့ဝှက်လူသတ်ကောင်ကို ဖော်ထုတ်သွားကြတာပေါ့ရှင်"

"ကောင်းပြီ၊ ကျွန်မလက်ခံတယ်"

ယန်ကျူးမေလည်း ကူညီမည့်သူ ရှိလာသဖြင့် ဝမ်းသာအားရ လက်ခံလိုက်လေတော့သည်။

☆ ☆ ☆

ဝမ်းရှုသည် ဘုံကျောင်းထဲမှ စိတ်ပျက်လက်ပျက် ထွက်လာခဲ့လေသည်။

ခေါင်းငိုက်စိုက်ချတာ ထွက်လာရင်း တစ်နေရာသို့ အရောက်တွင် တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်းရှု သတိဝင်လာသည်။

တိုက်ခိုက်သံများ ထွက်ပေါ်လာရာဆီသို့ ပြေးလွှားသွားလိုက်လေသည်။

မကြာပါချေ။ တိုက်ပွဲ ဖြစ်ပွားနေရာသို့ ရောက်ရှိသွားပြီး ကွမ်းကြုံးခက်နှင့် ဆားညီနောင်တို့ တိုက်ခိုက်နေကြခြင်းဖြစ်ကြောင်း တွေ့လိုက်ရလေသည်။



ကွမ်းကြုံးခက်၏လက်ချက်ဖြင့် ဆားအဘိုးအိုညီနောင်မှာ ဒဏ်ရာကိုယ်စီဖြင့် လဲကျနေကြပြီ ဖြစ်လေသည်။

"ရပ်လိုက်"

ဝမ်းရှုက ဟန့်တားလိုက်သည်။

ဆားအဘိုးအို ညီနောင်အား ကွမ်းကြုံးခက်က သတ်ပစ်တော့မည် ဖြစ်ရာ ဝမ်းရှုလည်း လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ဝင်ရောက်ဟန့်တား တိုက်ခိုက်လိုက်ရလေတော့သည်။

ကွမ်းကြုံးခက်မှာ သိုင်းပညာတော်သူ ဖြစ်သည်။

သို့သော်. . .

ဝမ်းရှုနှင့်ယှဉ်လျှင် တစ်ဆင့်နိမ့်ကျနေရကား ဝမ်းရှုနှင့် ရင်ဆိုင်လိုက်ရာ သိုင်းကွက်နှစ်ဆယ်ကျော်လျှင် အရေးနိမ့်သွားတော့သည်။

အခြေအနေ မဟန်မှန်းသိလျှင် ကွမ်းကြုံးခက်က ထွက်ပြေးသွားရန် ဟန်ပြင်လိုက်၏။

ဝမ်းရှုက ဆားအဘိုးအိုညီနောင်ဘက်သို့ လှည့်လိုက်ချိန်၌ ကွမ်းကြုံးခက်သည် တကယ်တမ်း ထွက်မပြေးဘဲ အငိုက်ဖမ်းကာ တိုက်ခိုက်လိုက်ရာ ဝမ်းရှုလည်း ပြန်လည်တိုက်ခိုက်လိုက်ရတော့သည်။

ယခုတစ်ကြိမ်. . .

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက် ဆယ်ကွက်ခန့် အရောက်တွင် ဝမ်းရှ၏လက်ချက်မိကာ

"အား"

ကွမ်းကြိုးခက် စူးရှစွာ အော်ဟစ်ရင်း မြေပေါ် လဲကျသွားလေတော့သည်။

☆ ☆ ☆

ကွမ်းကြိုးခက်မှာ မြေပေါ် လဲကျကာ မလှုပ်မယှက် ဖြစ်နေ၏။

ဆားအဘိုးအို ညီနောင်က လှူးလိမ့်ထလိုက်ကြလေသည်။ နှစ်ဦးသား ဝမ်းရှကို ကြည့်လိုက်ကြသည်။

ဝမ်းရှက. . .

"ဦးတို့ကို ဘယ်သူကမှ ဒုက္ခမပေးနိုင်တော့ပါဘူးဗျာ"

ဆားလောက်က သက်ပြင်းချလိုက်သည်။

"ဝမ်းရှ၊ ငါတို့က မင်းကို အထင်လွဲခဲ့ကြတယ်၊ သည်ကနေ့ မင်းသာ အချိန်မီ ရောက်မလာဘူးဆိုရင် ငါတို့ ညီအစ်ကို နှစ်ယောက်စလုံး သေဆုံးသွားရမှာပဲ"

ဆားလောက်အော့က. . .

"တကယ်တော့ ငါ့မြေး ဆားထင်းဟာ မာနကြီးပြီး ခေါင်းမာတဲ့ လူတစ်ယောက်ဆိုတာ အစကတည်းက ငါတို့သိထားပါတယ်၊ သူကသာ ရန်မစခဲ့ဘူး၊ ဒုက္ခမပေးခဲ့ဘူးဆိုရင် ခုလို ဖြစ်မှာ မဟုတ်ဘူးဆိုတာ ငါတို့ နားလည်ပါတယ"



သူတို့နှစ်ယောက်၏စကားကို ကြားလိုက်ရသောအခါ ဝမ်းရှ ဝမ်းသာသွားလေသည်။ ဆားလောက်တာက. . .

"ဝမ်းရှ၊ ငါ့မြေး ဆားထင်းဟာ အသက်ရှင်နေဦးမယ်ဆိုရင် တစ်ချိန်မဟုတ်တစ်ချိန် ပြဿနာပေါ် လာဦးမှာပဲ၊ သူသေဆုံးသွားတာပဲ ကောင်းပါသေးတယ်၊ ငါတို့ကလည်း သည်မြေးတစ်ယောက်ပဲ ရှိတာဆိုတော့ မင်းကို စိတ်ဆိုးမိခဲ့ကြတာပါ"

ဆားလောက်အော့က. . .

"ငါတို့မြေးအတွက် ရုတ်တရက် ဒေါသဖြစ်မိပြီး မင်းကို ရန်သူအဖြစ် သတ်မှတ်လိုက်ပေမယ့် မင်းက ဘယ်လိုမှ သဘောမထားဘဲ ငါတို့ကို ချောင်ရှားခဲ့တယ်၊ မင်းရဲ့စိတ်သဘောထား မွန်မြတ်လှပါတယ်ကွာ"

ဝမ်းရှက. . .

"ကျွန်တော်ဟာ ဦးတို့နှစ်ယောက်ကို ကြည်ညိုလေးစားပြီး ဆားထင်း သေဆုံးသွားရတဲ့ ကိစ္စအတွက် ယူကြုံးမရ ဖြစ်ခဲ့ရပါတယ် ခင်ဗျာ"

ဆားလောက်တက. . .

"အင်း. . . ငါတို့ကြောင့် မင်းဘယ်လောက် ဒုက္ခရောက်ခဲ့ရတယ်ဆိုတာကို ငါတို့သိပြီးပါပြီ၊ ငါတို့ကို ခွင့်လွှတ်ပါကွာ"

"ဟာ ကိစ္စမရှိပါဘူး၊ ကျွန်တော် ဒုက္ခရောက်နေရတာဟာ ဦးတို့ကြောင့် မဟုတ်ပါဘူး၊ မသမာသူတစ်ဦးကြောင့်ပါ၊ သူ့ကိုလည်း ဖော်ထုတ်ဆုံးမသွားဖို့ ကျွန်တော် ကြိုးစားနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့အချင်းချင်း စာနာနားလည်မိကြရာ ရန်ငြိုးရန်စများလည်း ပြေပျောက်သွားလေတော့သည်။

ဆားလောက်တတို့သည် ဒဏ်ရာများ ရထားသဖြင့် ဆေးဝါးကုသရဦးမည်ဖြစ်ရာ ဝမ်းရှကို နှုတ်ဆက်ကာ ထွက်သွားကြတော့သည်။

ဝမ်းရှမှာ ပခုံးပေါ် ထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ကျသွားသည်ဟု ခံစားနေရလေတော့သည်။

☆ ☆ ☆

BURMESE CLASSIC



## လျို့ဝှက်လူသတ်သမား

ယဉ်ယဉ်နှင့် ယန်ကျူးမေတို့က အတူလက်တွဲကာ လျို့ဝှက်လူသတ်သမားအား ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်ကြပြီး ပြန်လာခဲ့ကြလေသည်။

မိုးလင်းသွားပြီး နေအတော်မြင့်လာပြီဖြစ်သည်။

ယန်ကျူးမေသည် ရှေ့မှ လှမ်းလာနေသူနှစ်ဦးကို တွေ့မြင်လိုက်ရလျှင် ဝမ်းသာသွားလေသည်။

ထိုလူနှစ်ဦးမှာ ယီကျန်းနှင့် လောက်ဝိုးတို့ဖြစ်နေကြသည် မဟုတ်ပါလား။

ယန်ချူးမေက. . .

"ရှင်တို့နှစ်ယောက် ကျွန်မနဲ့လိုက်ခဲ့ပါ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောက်တိုးက. . .

"သခင်မလေးက. . ."

"ကျွန်မက ဦးလေးမုကျင်းရဲ့ဆိုင်ကို သွားမလို့၊ ပြဿနာတွေအားလုံးဟာ ဦးလေးမုကျင်းရဲ့ဆိုင်က အစပြုခဲ့တာဖြစ်ကြောင်း အဖြစ်မှန်သိရအောင် ဦးလေးမုကျင်းနဲ့ သွားတွေ့မလို့ရှင့်"

"ကောင်းပြီလေ၊ သွားကြတာပေါ့"

လောက်တိုးတို့ သဘောတူလိုက်ကြလေသည်။

ထို့နောက် သူတို့အားလုံး မုကျင်းထံသို့ ဦးတည်သွားလိုက်ကြလေသည်။

☆ ☆ ☆

မုကျင်း၏ဆိုင်က မဖွင့်ဘဲ ပိတ်ထား၏။

ထို့ကြောင့် ဆိုင်နံဘေးရှိ ခြံဝင်းထဲမှ မုကျင်း၏အိမ်သို့ ယန်ကျူးမေတို့ သွားလိုက်ကြလေသည်။

ခြံဝင်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် လဲကျသေဆုံးနေသူ တစ်ဦးကို တွေ့လိုက်ရလေသည်။

ထိုလူကား မုကျင်း ဖြစ်နေပါတော့သည်။

ယန်ကျူးမေ ခံပြင်းသွားလေသည်။

"ဦးလေးမုကျင်းလည်း လုပ်ကြံခံလိုက်ရပြီ"

ထိုစဉ်. . .



"ဟုတ်တယ်၊ မင်းတို့ပဲ ကျန်တော့တယ်"

အေးစိမ့်နေသောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေသည်။

အားလုံးက အသံထွက်ပေါ်လာရာသို့ ကြည့်လိုက်ကြရာ အိမ်ထဲမှ လှမ်းထွက်လာသူ တစ်ဦးကိုတွေ့လိုက်ရလေသည်။

ထိုလူကား မျက်နှာဖုံးရှင် ဖြစ်နေပါတော့သည်။

"လျှို့ဝှက်လူသတ်သမား"

ယခုတစ်ကြိမ် ယဉ်ယဉ်နှင့် ယန်ကျူးမေတို့ ပြိုင်တူရေရွတ်လိုက်ကြခြင်း ဖြစ်လေသည်။

မျက်နှာဖုံးရှင်က. . .

"ကျုပ် စိတ်ပြောင်းသွားပြီ၊ အားလုံးကိုရှင်းပြီး ကျုပ်သည်ကထွက်သွားတော့မယ်။ မင်းတို့အတွက်တော့ စိတ်မကောင်းပါဘူး"

ယန်ကျူးမေက. . .

"ကျွန်မတို့က ရှင့်ကို ကြောက်နေမယ်များ ထင်နေသလား"

သူမသည် လောက်တိုးတို့အား မျက်ရိပ်ပြလိုက်လေသည်။

လောက်တိုးနှင့်ယီကျန်းတို့လည်း ဓားဆွဲထုတ်ကာ မျက်နှာဖုံးရှင်ထံ ခုန်ဝင်သွားကြလေသည်။

"သေဖို့ပြင်ထား"

"လဲကျလိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တက်ညီလက်ညီ တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

ကြေးစားများပီပီ သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

မျက်နှာဖုံးရှင်မှာ လောက်ဝိုးတို့၏ တိုက်ခိုက်မှုခံရကာ လဲကျသွားတော့မည်ဟုပင် ထင်ရလေသည်။

သို့သော်. . .

"မင်းတို့ သေချင်ပြီထင်တယ်"

မျက်နှာဖုံးရှင်က အော်ငေါက်ကာ ပြန်လည်တိုက်ခိုက်လိုက်လျှင် လောက်ဝိုးနှင့်ယီကျန်းတို့ ကံဆိုးသွားကြတော့သည်။

မျက်နှာဖုံးရှင်က သူတို့ထက် သိုင်းပညာအဆင့် ပို၍မြင့်မားနေသည် မဟုတ်ပါလား။

"အား"

"အမယ်လေး"

လောက်ဝိုးနှင့် ယီကျန်းတို့ လဲကျသွားကြလျှင် ယန်ကျူးမေအထိတ်တလန့် ဖြစ်သွားလေတော့သည်။

"ရှင်. . . ရှင်"

"ဟား. . . ဟား. . . ဟား. . . မင်းတို့ ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား။ ကျုပ် ဘယ်သူလဲဆိုတာကော သိချင်ကြသေးသလား"

မျက်နှာဖုံးရှင်က မျက်နှာပေါ်မှ မျက်နှာဖုံးကို ဆွဲချွတ်လိုက်လေသည်။



ယန်ကျူးမေ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး. . .

"ရှင်. . . ရှင်. . . ရှမ်းဖုံး"

ဟု ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်မိလေတော့သည်။

☆ ☆ ☆

ရှမ်းဖုံးသည် ယန်ယီထင်း၏ အားထားရသော မုကျင်း၏လက်ထောက်ဖြစ်သည်။

ယန်ယီထင်း၏ လက်အောက်၌ မထင်မရှား အမှုထမ်းနေသူဖြစ်သည်။

ယန်ကျူးမေက. . .

"ရှင်က ဘာကြောင့် သည်လိုလုပ်ရတာလဲ"

ရှမ်းဖုံးက. . .

"မင်းအဖေနဲ့ မုကျင်းကိုရှင်းပြီး ရှိသမျှ ပစ္စည်းဥစ္စာအားလုံးကို အပိုင်စီးဖို့ပေါ့။ ကျုပ်ဟာ ဝမ်းရှရဲ့လက်ချက်နဲ့ မြို့ကွဲခဲ့ရတဲ့ အရိုးဖြူဂိုဏ်းက လူတစ်ယောက်ပဲ၊ ကျုပ် ထွက်ပြေးရှောင်တိမ်းလာခဲ့ပြီး သည်မြို့မှာ ဇာတ်မြုပ်နေခဲ့တာ၊ တစ်နေ့ ကြီးပွားချမ်းသာအောင် ဘယ်လိုလုပ်ရမလဲတွေးပြီး အရိုးဖြူဂိုဏ်းချုပ်ရဲ့သိုင်းကျမ်းက သိုင်းပညာတွေကို လေ့ကျင့်နေခဲ့တာ"

ရှမ်းဖုံးသည် အရိုးဖြူဂိုဏ်း ပြိုကွဲသွားသောအခါ ဂိုဏ်းချုပ်၏သိုင်းကျမ်းကို ရယူပြီး ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

ဤမြို့ကလေးသို့ ရောက်လာပြီး မုကျင်း၏လက်

www.burmeseclassic.com



အောက်၌ အလုပ်လုပ်ကိုင်ရင်း ဇာတ်မြုပ်နေလိုက်သည်။

တစ်ဘက်တစ်လမ်းမှလည်း အရိုးဖြူသိုင်းပညာကို လေ့ကျင့်နေခဲ့သည်။

ဝမ်းရှက မမျှော်လင့်ဘဲ ဤမြို့တလေးသို့ ရောက်ရှိလာပြီး ယန်ယီထင်းနှင့် ကွမ်းကြုံးခက်တို့ ဝမ်းရှကို အသုံးချကာ တစ်ယောက်ကိုတစ်ယောက် အကောက်ကြံကြရာတွင် ရှမ်းဖုံးက ကြားဝင် အခွင့်ကောင်းယူခဲ့ခြင်း ဖြစ်ပါတော့သည်။ ရှမ်းဖုံးက

"ကျုပ်က ဝမ်းရှကော ယန်ယီထင်းနဲ့ ကွမ်းကြုံးခက်တို့ကိုကော ရှင်းပစ်နိုင်အောင် စီစဉ်ခဲ့တာ၊ အခု မင်းတို့အလှည့်ပဲ၊ ပြီးရင်တော့ ဝမ်းရှပေါ့"

ထိုစဉ်. . .

"ကျုပ်ကို အရင်ဆုံး ရင်ဆိုင်ကြည့်ပါဦးဗျာ"

စကားသံနှင့်အတူ ဝမ်းရှရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

☆ ☆ ☆

ဝမ်းရှသည် လျှို့ဝှက်လူသတ်ကောင်ရှမ်းဖုံးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

အဖြစ်မှန်သိသွားသော ယန်ကျူးမေက သံမဏိဓားပျော့အား ဝမ်းရှကို ပြန်ပေးလိုက်ပြီဖြစ်သည်။

သံမဏိဓားပျော့ကို ပြန်လည်ကိုင်ဆောင်ခွင့်ရလိုက်



သော ဝမ်းရှမှာ ရှမ်းဖုံးကို အမှုထားလိမ့်မည် မဟုတ်ချေ။

ရှမ်းဖုံးက. . .

"ကျုပ်ဟာ အရိုးဖြူဂိုဏ်းချုပ်ရဲ့ မွေးစားသားအဖြစ် ထင်တိုင်းကျဲနိုင်ခဲ့ပေမယ့် မင်းကြောင့် အသက်လုမြေးခဲ့ရတယ်၊ မင်းကို ဒုက္ခပေးရမှ ကျုပ်ကျေနပ်နိုင်မယ်၊ သတိသာထားပေတော့"

ဟု ကြုံးဝါးကာ စတင်တိုက်ခိုက်လိုက်လေသည်။

ဝမ်းရှကလည်း သံမဏိဓားပျော့ကို အသုံးပြုကာ ပြန်လည်ရင်ဆိုင်လိုက်၏။

သံမဏိဓားပျော့ကို ကိုင်ဆောင် အသုံး ပြုလိုက်ရသည်နှင့် ဝမ်းရှ၏သိုင်းပညာမှာ အံ့မခန်းထူးခြား ပြောင်းလဲသွားလေသည်။

ရှမ်းဖုံးက အစွမ်းကုန် ကြိုးစားပါသော်လည်း ဓားရိပ်များသည် သူ၏တစ်ကိုယ်လုံး ဖုံးလွှမ်းထားလိုက်ပြီး နောက်ဆုံးတွင်. . .

"အား"

ဓားချက်မိသွားသော ရှမ်းဖုံး အသံနက်ကြီးဖြင့် အော်ဟစ်ရင်း အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရှက သံမဏိခြေချင်းများကို ဆုပ်ကိုင်ထားပြီး မားမား မတ်မတ် ရပ်နေ၏။

ယန်ကျူးမေနှင့်ယဉ်ယဉ်တို့ ဝမ်းသာသွားကြ၏။

"အစ်ကို"

နှစ်ယောက်သား လွှတ်ခနဲ ခေါ်လိုက်မိကြသည်။

သို့သော်. . .

ယဉ်ယဉ်က ဝမ်းရှထံ ပြေးသွားလိုက်၏။

ယန်ကျူးမေကား. . .

ယန်ကျူးမေ မလှုပ်မယှက် ရပ်နေ၏။

သူမ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ် ခံစားနေရလေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com